www.burmeseclassic.com

ပညာရွှေတောင်စာအုပ်တိုက်

# တစ်ခါက သေပါပြီ ညများ

## မောင်ညိုမှိုင်း
(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

ပညာရွှေတောင်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

ညီမှိုင်း ၊ မောင် (သန်လျင်)　　　　၈၉၅ . ၈၃

တစ်ခါကသေပါပြီညမျာ း　/　မောင်ညီမှိုင်း(သန်လျင်)
။ - ရန်ကုန်၊

ပညာရွှေတောင်စာအုပ်တိုက် ၊ ၂၀၁၀ ။
၂၀၇ - စာ၊　　၁၈.၅ စင်တီ x ၁၂.၅ စင်တီ

(၁) တစ်ခါကသေပါပြီညမျာ း

တစ်ခါကသေပါပြီညမျာ း

မောင်ညီမှိုင်း(သန်လျင်)

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၁၀၂၁၀၇၀၀
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၀၁၂၀၁၁၀
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၁၀ပြည့်နှစ် မတ်လ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုဇော်မောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ယမိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ဆွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းဆိုပ်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၁၂၀၀ - ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မောင်သိန်းညိုမှိုင်း (သန့်လျှင်)

## တစ်ခါက သေပါပြီ ညများ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀/၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

BURMESE CLASSIC .com

## စာရေးသူ၏ အမှာစကား

### လရောင်မျှော်ကြာတစ်ပွင့်

မှန်သောစကားကိုဆိုရလျှင် ကျွန်တော် ဟာသလုံးချင်း ဝတ္ထုရှည်များရေးရန် အစီအစဉ်မရှိသေးပါ။ ထို့နည်းတူ ပရဝိဇ္ဇာဥ်လောကနောက်ခံ ဂမ္ဘီရ လုံးချင်းဝတ္ထုရှည်များလည်း ရေးရန် ရည်ရွယ်ချက် လုံးဝ မရှိခဲ့ပါ။

ကျွန်တော်က ဘဝနာခဲ့သူသာဖြစ်သည်။ ဘဝတစ်ခုလုံး ထောင်းထောင်းကြေအောင် လောကဓံရဲ့ အနှိပ်စက်ခံရသူဖြစ်၍ ဘဝဝတ္ထုများကို အစဉ်တစိုက်ရေးချင်သည်။

သို့နှင့် ထောင်းထောင်းညက်ကြေဘဝထဲမှ ရင်နှင့်ရင်းခဲ့သည့် ဝတ္ထုတိုကလေးများ အတော်အတန် ပေါ်ထွက်ခဲ့ဖူးပါသည်။

ချစ်စွာသော စာဖတ်သူများ ဖတ်မိကြပါလိမ့်မည်လား မသိ။

တစ်နေ့- စာရေးဆရာ ဆရာဖိုးကျော့နှင့် မဂ္ဂဇင်းတစ်တိုက်မှာ မမျှော်လင့်ဘဲ ဆုံကြသည်။ ဒီတော့မှ ကျွန်တော်လေးစားခဲ့ရသော နိုင်ငံကျော် စာရေးဆရာ ဆရာဖိုးကျော့မှန်းသိရ၍ ဝမ်းသာခဲ့ရသည်။

ဆရာဖိုးကျော့က ဒီမှာ ကျွန်တော့်ကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီမှိုင်းရဲ့ ဘဝဝတ္ထုတိုတွေကို . . . . မှာ ဖတ်ခဲ့ရတယ်။ အဲဒါ တကယ့်ဖြစ်ရပ်တွေလားဟင်"

"ဟုတ်ပါတယ် ဆရာ"

"ဒီအကြောင်း ဆရာကြီးဦးချစ်ဖေ (မဟာဝိဇ္ဇာ) ကလည်း ပြောတော့ ပြောဖူးသားဗျာ။ ဖြစ်နိုင်ရင် အဲဒီအကြောင်းတွေကို သိပ်မရေးပါနဲ့လား ကိုညီမှိုင်းရာ"

BURMESE CLASSIC .com

"ဘာလို့လဲ ဆရာ"

"ဖတ်ရတာ ရင်ထဲမှာနင့်ပြီး စိတ်မကောင်းလွန်းလို့ပါ"

ဩော်- ဆရာဖိုးကျော့ရင်ထဲသို့ ကျွန်တော်တို့မိသားစု ဘဝဝေဒနာ ကူးစက် ဝင်ရောက်သွားခဲ့ရှာသလား။ ကျွန်တော် စိတ်မကောင်း။

နောက်ပိုင်း ဘဝဝတ္ထုတိုကလေးများကို အကြောင်းကြောင်းကြောင့် အရေးကျဲခဲ့ရသည်။ သို့သော် အတိုလုံးချင်း နှစ်အုပ်စာ သီးသန့်ရခဲ့သည်။ မကြာခင် နှလုံးသားကျောက်ပျဉ်ပေါ်က သနပ်ခါးအနှစ်ကလေးများ ပါးပြင်မှရင်ညွန့်များဆီသို့ ရောက်လာပါတော့မည်။ အားလုံး အသင့်ဖြစ်နေပါပြီ။

အဲဒီကနေမှ အကြောင်းကြောင်းငဲ့ပြန်ပြီး ဂမ္ဘီရဝတ္ထုလိုင်းဘက်သို့ ရောက်သွားခဲ့ရပြန်၏။ ပရဝိဉာဉ်လောကနောက်ခံ လုံးချင်းများ ရေးဖြစ်ခဲ့ပြန်သည်။ (၁၀)အုပ် ထွက်ပြီးပြီ။

သည့်နောက် ဟာသဝတ္ထုတိုကလေးများကို သောကြာစာစောင်၊ မြို့တော်မဂ္ဂဇင်း၊ မဟောသဓာမဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းတို့မှာ ရေးဖြစ်ခဲ့ပြန်သည်။

အလွမ်းနှင့်ရင်ကွဲဆို့နင့်စရာ ဖြစ်ရပ်များကို ဖြစ်နိုင်လျှင် အရည်ဖျော်အမှုန့်ခြေ၍ ဂင်္ဂါမြစ်ရေလယ်၌ အိုးလိုက်မျှောပစ်ချင်ပါသည်။

သို့နှင့် ရယ်ပြုံးစရာ ဆေးနည်းတို့ကို ဖော်၍စားကြည့်မိ၏။ တစ်နေ့ 'ပညာရွှေတောင်' စာအုပ်တိုက်မှ အယ်ဒီတာချုပ်





ဆရာဦးအောင်မြတ်က 'ဟာသလုံးချင်းရေးပါ ဆရာ'ဟု တိုက်တွန်းခဲ့ပြန်၏။ အစစအရာရာ ဘက်စုံကူညီပံ့ပိုး၏။

ကျွန်တော် ကံကောင်းသည်ဟုဆိုရမည်လား၊ အခွင့်အရေးကောင်းရသည်ဟု ဆိုရပေမည်လား။ ဟာသလုံးချင်း စမ်း၍ စ, ရေးဖြစ်သည်။

ဟာသ အတတ်ပညာကို တတ်လွန်းလှ၍မဟုတ်။ ကျွန်တော့်ဘဝ ပတ်ဝန်းကျင် အစိတ်အပိုင်းအချို့သည် ဂီတသဘင်အနုပညာဝန်းကျင်မှာ ဖြစ်တည်ခဲ့ဖူးသည်။ ချစ်စွာသော ဇာတ်သမား သူငယ်ချင်းများ၊ တပည့်များ၊ ဆရာများနှင့် ကပွဲပျော်ပွဲတွေ အတော်အတန် ဖန်တီးခဲ့ဖူးသည်။

ထိုဇာတ်ခုံလောကဝန်းကျင်မှ ရင်တုန်ချင်စရာကောင်းလှသော ဟာသအချို့ကို ရခဲ့သည်။ ၎င်းဟာသများကို ဝတ္ထုတိုမှသည် မွမ်းမံဆွဲဆန့်၍ ဟာသဝတ္ထုရှည်အဖြစ် မွေးကြည့်ပါသည်။

ကျွန်တော်သည် မိမိဘဝပတ်ဝန်းကျင်နှင့် မထိတွေ့ဘူးသော လောကအကြောင်းကို မည်သည့်ရသနှင့်ဖြစ်ဖြစ် မရေးချင်ပါ။ ကျွမ်းဝင်ထိတွေ့ဖူးသည့်အထဲက ဘဝရင်ခုန်သံများကို ရယ်စရာနှော၍ တတ်စွမ်းသမျှ ပြန်ပြောပြခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်က ဆရာသမားများကို ချစ်သည်။လေးစားသည်။ နွဲ့ဆိုးဆိုးသည်။ လုပ်ဖော်ကိုင်ဖက် အနုပညာသည်များကို ခင်တွယ်သံယောဇဉ်ကြီးသည်။ တပည့်များကို ချစ်သည်။ သူတို့ အနွံအတာကို ခံခဲ့သည်။

ထိုဆရာသမားများ၊ သူငယ်ချင်း၊ ရေးဖော်လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များကို အကြောင်းပြု၍ သီးသန့်လိုင်းတစ်လိုင်း ရယူကာ အမောပြေ ပြုံးစရာ၊ မြူးစရာ၊ ရယ်စရာ ဝတ္ထုတိုရှည်များကို မတတ်တတတ်နှင့် ရေးကြည့်မိခြင်း ဖြစ်ပါသည်။

လက်ရာမြောက် အရည်ကောင်း ပတ္တမြားပွင့်ကို ရွှေငှားဟပ်ပေါ်တင်၍ 'ဒါ ကျုပ်ရဲ့ ပြည်တန်ပတ္တမြားလေဗျာ' ဟု ထုတ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကြွားဝါခြင်း မဟုတ်ပါ။

ကျောက်စရစ်ခဲ ဖွေးဖွေးလေးများကို နှံ့သာရည်လေးအုပ်၍ လေးစားချစ်ခင်ရပါသော စာဖတ်သူများရဲ့ နှလုံးသားရင်ဘတ်ပေါ်သို့ ဖွဖွလေးတင်ပြခြင်းသာ ဖြစ်ပါသည်။

အကယ်၍များ ကျောက်စရစ်ဖွေးဖွေးလေးများသည် ချစ်ခင်လေးစားအပ်သော စာဖတ်သူများရဲ့ မေတ္တာလရောင် အနှစ်ဖြာနေရောင်ကြောင့် တောက်ပရွှန်းလက်၍ . . .

ပုလဲလိုလို
ပယင်းလိုလို
စိန်လိုလို ဖြစ်နေခဲ့သည်ရှိသော် . . .

နှစ်သက်ရာ နားမှာ နားတောင်းအဖြစ် ပန်ဆင်ကြပါ။

နှစ်သက်ရာ လှသောလက်မှာ လက်စွပ်ကွင်း၍ ဆင်ယင်ကြပါ။

နုမွတ်သော လည်တိုင်ကြော့ကြော့မှာ လည်ဆွဲရတနာအဖြစ် အလှဆင်ကြပါ။

သို့မဟုတ်ပါဘဲ. . .

ကျောက်စရစ်ဟာ ကျောက်စရစ်ခဲပါပဲဟု နှလုံးပိုက်ခဲ့ကြပါက ကျောက်စရစ်လမ်းခင်း၍ ရွှေခြေဖြင့်နင်းပြီး ပိုလှသောတောက်ပသော၊ ရနံ့သင်းသော ပန်းတော ပန်းဥယျာဉ်များရှိရာသို့ အပြုံးများဖြင့် လျှောက်လှမ်းကြပါလေ။

စာဖတ်သူအားလုံးကို အစဉ် လေးစားချစ်ခင်မြတ်နိုးလျက် ဟာသဇာတ်ခုံပေါ်မှာ ကျွန်တော် မကတတ် က,တတ်ဖြင့် ကြိုးစားပြီး ဦးရွှေရိုးအက က,ကြည့်ပါဦးမည်။

(နှလုံးစိတ်ဝမ်း အေးချမ်းပျော်ရွှင်ကြည်နူးကြပါစေ)

မောင်ညိုမှိုင်း (သန်လျင်)

✤ ✤ ✤



## ဘတ်'သောသူသည် တောက်ပြောင်၏

ကျွန်ုပ်သည် ယခုတစ်လော ကံဇာတာဂြိုဟ်စီးနေ၏။

ဘယ်မျှလောက်ထိ ဂြိုဟ်စီးသနည်းဟူ ကိုယ့်ချေးကိုယ် လန့်၏။ ဒွါရမှ မြွေထွက်လာသည်ဟုထင်ပြီး အိမ်သာမှဆင်းပြေးခဲ့ရ၏။

အထူးသဖြင့် နှလုံးသားရေးရာကိစ္စများမှာ နောက်ကောက်ကျခဲ့ရဖူးများ၍ ဟက်တက်ကွဲရုံမက အစိတ်စိတ်အမြွာမြွာ ကွဲနေ၏။

အစိတ်စိတ်အမြွာမြွာက နည်းသေး၏။ ငါးခူစဉ်းကောသကဲ့သို့လည်းကောင်း၊ ဝက်သားစဉ်းကောသကဲ့သို့ လည်းကောင်း တောက်တောက်စဉ်း ဖြစ်နေ၏။

ကျွန်ုပ် အကြောင်းရှိက ကိုးကွယ်ဆည်းကပ်ရာဖြစ်သော ဖေ ဒကာစိန် (အမှန်မှာ ဖေဒလူလိမ်အစစ် ဖြစ်သည်) မြေအောက်အဝီစိဇောက်ထိုးပြန် ဆရာကြီး ဦးပွေးဆင့်က ကျွန်ုပ်၏လက်ဝါးနှစ်ဖက်ကို ပုလင်းဖင်ကွဲ (မှတ်ချက်။မှန်ဘီလူး မဟုတ်ပါ။ မှန်ဘီလူးကို ကျွန်ုပ်ကဝယ်၍ လှူခဲ့ပါသော်လည်း ဆရာကြီး မြေအောက်အဝီစိဇောက်ထိုးပြန် ဦးပွေးဆင့်သည် ဘိုင်ကျသောနေ့၌ ပါတာနီကုလားကို သုံးဆယ့်ငါးကျပ်နှင့် ရောင်းစားပစ်သည်ဟု ကြားသိရသည်။ စကားချပ်) ဖြင့် သေသေချာချာ ကြည့်ပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသား အခြေအနေ ဘယ်လိုရှိပါသလဲ ဆရာကြီး"

"အင်း- နှလုံးသားလမ်းကြောင်းပေါ်မှာ သမုဒ္ဒရာခံနေတယ်ကွယ့်"

"ဗျာ-ကျွန်းခံတာ မဟုတ်ဘူးလား ဆရာကြီးရယ်၊ဟင်. . ."

"ဒီလိုရှိတယ် မောင်မှိုင်းရဲ့၊ အဟမ်း. . . အဟမ်း. . ."

ဆရာကြီးဦးပွေးဆင့် (အချို့က ဥပွေးဆင့်ဟုလည်းကောင်း၊ အုပွေးဆင့်ဟုလည်းကောင်း၊ အူးပွေးဆင့်ဟုလည်းကောင်း ခေါ်ကြပါသည်။ စကားချပ်) သည် သူ့ဝသီခေါ်မည်လား၊ အိုက်စကရင်ခေါ်မည်လား၊ မသိ၍ နည်းနည်းမေးလိုက်သည်နှင့် နှုတ်ခမ်းမွေးကို လက်နှင့်သပ်ပြီး 'အဟမ်း' သည်မှာ ဗေဒင်မေးသူ မပြန်မချင်းဖြစ်၏။

အဟမ်း လုပ်တိုင်း သူ့ပါးစပ်အာခံတွင်းမှ လင်းတပုပ်စော်နံ၍ ကျွန်ုပ်နှာခေါင်းကို လက်ကိုင်ပဝါနှင့် အုပ်ထားရ၏။

"ဒီလိုကွ၊ အဟမ်း အဟမ်း- ဘယ်လိုလဲဆိုတော့၊ အဟမ်း"

"အမိန့်ရှိပါ ဆရာကြီး"

"အဟမ်း အဟမ်း အဟွတ်၊ အဲဒါက အဟွတ် အဟမ်း"

"ဆ. . . ဆရာကြီး"

"အဟမ်း-ဘာ. . . ဘာလဲ၊ အဟွတ်"

"ဒီနေ့ ဆရာကြီး အဟမ်းလုပ်လို့ပြီးမှာလားဟင်"

"အဟမ်း. . . အဟွတ်- နောက် လေးငါးခါဆို ပြီးပါပြီကွ၊ အဟွတ် - ရေခဲချောင်းသွားစားလိုက်လို့ပါ။ အဟမ်း. . . အဟွတ် . . . အဟွတ်. . . အ. . . ဟမ်း - ဒီလိုကွ၊ မင်းရဲ့လက်ဖဝါးပေါ်ကာ အဟမ်း-နှလုံးသားလမ်းကြောင်းမှာက ကျွန်းခံနေတာ မဟုတ်ဘူး။ ကျွန်းထက်ကြီးတဲ့ သမုဒ္ဒရာခံနေတာ"

"ဘယ်. . . ဘယ်လို သမုဒ္ဒရာလည်း ဟင်. . . ဟင်"

"အတ္တလန္တိတ် သမုဒ္ဒရာလောက်ကို ရှိနေတာ"





"ဗျာ"

"ဒါကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကံမကောင်းဘူး။ ကိုယ်ကချိန်လိုက် လင်နောက်လိုက်။ သူကပြေးလိုက်၊ ကိုယ်ကလိုက်။ လျှောက်ပြန်သံပေး ပြန်ပြေး ခွေးဟောင်၊ ခြေအေးဝမ်းရောင်. . . ဝမ်းရောင်မကဘူး၊ ဝမ်းဖောဝမ်းနာအပြင် နှာခေါင်းဒူလာပါ ကျလိမ့်မယ်"

"ဆ. . . ဆ. . . ရာကြီး ခင်ဗျာ"

"ဘာတုံးကွယ့်"

"ဟို. . . ဟို နှာခေါင်းဒူလာဆိုတာ ဘယ်လိုရောဂါပါလဲခင်ဗျာ"

"အိမ်း - ဒီလိုရှိသကွ။ ယောကျ်ားမှာ ဒူလာ၊ မိန်းမမှာ မီးယပ်၊ ဘုန်းကြီးမှာ အစာအိမ်၊ မယ်သီလရှင်မှာ ဇက်ကြောတက်တဲ့။ ကြားဖူးလား"

"ဟင့်အင်း"

"အင်း. . . မင်းဟာ လည်မလိုလိုနဲ့ အတော်တုံးတဲ့ စာရေးဆရာပဲ မောင်မှိုင်း။ အဲဒါတောင် မင်းစာအုပ်တွေ ရောင်းကောင်းတယ်လို့ ကြားတာ ဆရာကြီး အလွန် စိတ်ထိခိုက်တယ်။ မင်းလို နားဝေတိမ်တောင် အူကြောင်ကြောင် ပေါ်သွပ်သွပ်ကို အကျယ်ဝိတ္ထာရ ချဲ့နေရင် ငါမောပြီး လျှာထွက်လို့ နတ်ရွာစံဖွယ်ရှိမယ်။ မှတ်ထား၊ နှာခေါင်း ဒူလာဆိုတာ ကြက်ငှက်တုပ်ကွေးတို့၊ ဆားရောဂါတို့၊ အချိုမှုန့် ရောဂါတို့လို နောက်ဆုံးပေါ်ရောဂါပဲ။ ကိုးဆယ့်ခြောက်ပါး အလွန်ကိုးဆယ့်ရှစ်ပါးမြောက်ရောဂါပဲ။ မိန်းမလိုချင်လျက်နဲ့ မရတဲ့လူ မယားပစ်ပြေးလို့ တငိုငိုတရီရီနဲ့ ကျန်ရစ်တဲ့လူ၊ အငေါ်လွန်ပြီး ခွေးကိုက်, ခွပစ်, ခဲနဲ့အထုခံရသူ၊ သံပုံးတီး နှင်ထုတ်ခံရသူ။ ဟို မင်းနဲ့တွဲဖက် သူငယ်ချင်း ဘယ်သူ ပုသိမ် မောင်သောင်းဂွင်တို့,မင်းကြည်လှိုင်တို့လို လူစားမျိုးများ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ရောဂါမျိုးပဲ။ မိန်းမမြင်ရင် နှာခေါင်းက နှာပုပ်ရည်တွေ တသွင်သွင်စီးကျပြီး နှာခေါင်း ဘယ်ညာယမ်းပြီး တုန်တဲ့ ရောဂါ၊ တဆစ်ဆစ်ကိုက်တဲ့ရောဂါ၊ အဲဒီရောဂါကို 'နှာခေါင်းဒူလာ' ရောဂါလို့ ခေါ်တယ်။ အဲဒီ ရောဂါအကြောင်း ကမ္ဘာ့နိုင်ငံပေါင်းစုံ ကျန်းမာရေးညီလာခံမှာ ဆရာကြီး စာတမ်းဖတ်ဖို့ အခုရေးနေတယ်"

"အင်္ဂလိပ်လိုပဲလား ဆရာကြီး"

အမြင်ကကတ်လာတော့ ရွဲ့ပြီးမေးလိုက်တာပေါ့။

"အို- အင်္ဂလိပ်လိုရေးတာ အဆင့်နိမ့်သကွယ့်"

သိသားပဲ။ အင်္ဂလိပ်လို အေ (A) ကိုရေးပြရင်တောင် လှည်းထောက်လို့ပြောတဲ့ အဘိုးကြီးဥစ္စာ။ ဘုန်းကြီးကျောင်း သုံးတန်းတောင် သူ ခိုးချလို့ အောင်တာလို့ ဦးပဥ္စင်းကျောက်အိုး ပြောတာကို ကျွန်ုပ် ကြားဖူး၏။

"ဒါ. . . ဒါဖြင့် ဘယ့်နှာနဲ့ ရေးမှာလဲဟင်"

"ကလယ်တစ်ဝက်၊ အီသီယိုပီးယားသာသာတစ်ဝက် ရောပြီးရေးမယ်။ ညီလာခံကျရင် ပါဠိနဲ့ဟောမယ်"

"ဆ. . . ဆရာကြီး အချိန်တောင် ပြည့်တော့မယ်နော်"

ကြာလျှင် ကျွန်ုပ် ရူးသွားနိုင်၏၊ သို့မဟုတ် သူနှင့်ရော၍ သွပ်ချောင်ချောင် ဖြစ်သွားနိုင်၏။ ယခု နာရီဝက်ခန့် ဗေဒင်မေးသည့်အချိန်တိုအတွင်းမှာပင် တစ်သက်နှင့်တစ်ကိုယ် မကြားဘူးသော စကားနှစ်မျိုးကို ကြားခဲ့ရ၏။

ပထမ -

နှလုံးလမ်းကြောင်းမှာ သမုဒ္ဒရာခံနေသည်တဲ့။

သမုဒ္ဒရာတောင် ပေါ့သေးသေး မဟုတ်။

အတ္တလန္တိတ်သမုဒ္ဒရာတဲ့။

မြတ်စွာဘုရားရှင် ကယ်တော်မူပါ ဘုရား။



ဒုတိယ -

နှာခေါင်းဒူလာတဲ့။

"ပြန်တော့မလို့လား။ နှာခေါင်းဒူလာရဲ့ နောက်ဆုံးလားရာဂတိကို နားမထောင်တော့ဘူးလား"

"နောင် ကြုံ. . . ကြုံမှပဲ နားထောင်ပါရစေ ခင်ဗျား"

"အိမ်းအိမ်းအိမ်း-ဒါဆိုလည်း ပြန်ပေါ့၊ ပြန်ပေါ့၊ မပြန်ခင် ဗေဒင်ဟောခလေးတော့ မေ့မသွားလိုက်ပါနဲ့ မောင်မှိုင်းရယ်"

"ဘယ်. . . ဘယ်လောက်လဲ ဆရာကြီး"

"ကိုယ့်လူရင်း သားတပည့်များမို့ လျှော့ယူပါတယ်ကွယ်။ သူစိမ်းဆို နာရီဝက် တစ်ထောင်ယူပါတယ်၊ မင်းတို့တော့ တစ်ထောင့်ငါးရာပဲ ပေးခဲ့ပါ"

"ဗျာ- ဂစ်. . . ဂစ်. . . ဂစ်"

"မောင်မှိုင်း၊ မောင်မှိုင်း တက်သွားပြီလား။ အို- မတက်နဲ့၊ မတက်နဲ့နော်။ အဲဒီ အတက်ရောဂါကို ချက်ချင်းပြန်ကျအောင် ကုရရင် နောက်ထပ် ငါးရာထပ်တိုးရလိမ့်မယ်။ သတိ. . . သတိထား"

"ဂိ. . ."

"ကျသွားပြီလား"

"ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျာ"

"ဘယ်လိုလုပ်ပြီး ကျသွားသလဲကွယ်။ ဆရာတောင် အံ့ရောသဟ"

"လန့်ပြီးကျသွားတာပါ ဆရာကြီးခင်ဗျာ။ ဆရာကြီးက"

"ဘာတုံးကွယ့်၊ ဗေဒင်ကြည့်ပြီး အူကြောင်ကြောင်တော့ မလုပ်နဲ့နော်။ မင်း မြေအောက် အဝီစိ ဇောက်ထိုးသုံးကြိမ်ပြန် ဆရာ ပွေးဆင့်အကြောင်း ကြားဖူးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိ. . . သိပါတယ် ဆရာကြီးရယ်။ ဟို တစ်. . . တစ်ထောင်ပဲ ပါလို့၊ နောက်နေ့ကျမှ ငါး. . . ငါးရာကျပ် လာပေးပါ့မယ် ခင်ဗျာ နော်. . . နော်"

"မင်း ငါ့ကို မပတ်နဲ့နော်"

"မပတ်ရဲပါဘူး ဆရာကြီးခင်ဗျား"

"နက်ဖြန်ခါ လာမပေးရင် ငါ ဆေးဖယောင်းတိုင် ထွန်းပြီး စီရင်လိုက်မှာ"

"မ. . . မလုပ်ပါနဲ့ ဆရာကြီးခင်ဗျာ။ မနက် ကိုးနာရီအရောက် လာပေးပါ့မယ် ခင်ဗျာ"

"မင်းတို့ပုသိမ်သောင်းဂွင်တို့၊ မင်းကြည်လှိုင်တို့၊ စိတ်ဓာတ်မြသန်းတို့၊ နားလေး အောင်ဆွေမွန်တို့က ဗေဒင်မေးပြီး ဟောခပေးခါနီးကျရင် အိမ်မှာပိုက်ဆံတွေမေ့ကျန်ခဲ့လို့တို့၊ ကားပေါ်မှာ ခါးပိုက်နှိုက်ခံရလို့တို့လုပ်ပြီး လမ်းစရိတ်တောင် ဗေဒင်ဆရာဆီက ပြန်လိမ်ယူတဲ့ ကောင်တွေကွ။ အေးလေ၊ ငါးရာတော့ လူသိရှင်ကြား မှတ်ထားရမှာပေါ့"

သည့်နောက် မြေအောက်အဂီစိဇောက်ထိုး သုံးကြိမ်ပြန် ဖေဒကစိန် အမှောင့်ပယောဂအထူးကု ကိုးသချိုင်းဆရာကြီး ဦးပွေးဆင့်သည် ငေါက်ခနဲထကာ အိမ်ရှေ့မှာ ထောင်ထားသည့် သုံးထပ်သား သင်ပုန်းကြီးပေါ်တွင် မြေဖြူနှင့် အောက်ပါစာကို ချက်ချင်း ရေးလိုက်လေသည်။

'ဆရာကြီး ဦးပွေးဆင့် ရရန်အကြွေးစာရင်း'

စာရေးဆရာ မောင်မှိုင်းထံမှ ကျန်ငွေ ငါးရာကျပ်တဲ့။

ဘုရား ဘုရား. . . ရှက်စရာကောင်းလိုက်ပါဘိ။ လက်ရေးကြီးကြီးနှင့် လူတိုင်း မြင်အောင်ရေးထား၏။ သို့နှင့် ကိုယ့်အထက်က ဘယ်သူများ အကြွေးစာရင်းရှိသေးလဲဟု သိချင်၍ မျက်မှန်လေး ပင့်ပြီး ဖတ်လိုက်သောအခါ -





(၁) ပုသိမ်မောင်သောင်းဂွင်
ဗေဒင်ကြည့်ခ ငါးရာကျပ်၊
လမ်းစရိတ်ချေးငွေ ဆယ့်ငါးကျပ်
မှတ်ချက်။ နှစ်လကြာပြီ ဖြစ်သည်။

(၂) စိတ်ဓာတ်မြသန်း
ပုဆိုးငှားသွားသည်။ သုံးလကြာပြီ၊ အမြန်လာပို့ပါရန်။

(၃) မောင်လွမ်းနွယ် (အောင်လံ)
သူဖိနပ်အစုတ်ထားခဲ့ပြီး ကျွန်ုပ် (ဆရာကြီး ဦးပွေးဆင့်၏ ကတ္တီပါပုံတော်ဖိနပ်ကို ခပ်တည်တည် မှားစီးသွားသည်။) တစ်ပတ်ပြည့်သည့်နေ့ ဖိနပ်လာမပို့လျှင် ရတနာဒီပံ ဆေးဖယောင်းတိုင် ထွန်းမည့်အကြောင်း သိစေအပ်ပါသည်တဲ့။

မြတ်စွာဘုရား ကယ်တော်မူပါဘုရား၊ သူ့နိုးတစ်ဘုတ်ကား အလွန် ကြောက်စရာကောင်းလှ၏။ ဘာပဲဖြစ်ဖြစ် နက်ဖြန်ချေးငှားပြီး လာပေးမှ။ မတော် ဆေးဖယောင်းတိုင် ထွန်းလိုက်ပါက သရဲလိုလို၊ တစ္ဆေလိုလို၊ ဘီလူးလိုလို သတ္တဝါများ အိပ်ရာမှနှိုးပြီး အကြွေးလာတောင်းခိုင်းလျှင် ကိုယ်ကျိုးများနည်းနိုင်သည်။

ဩော် - ဒါကြောင့် အစ်ကိုကြီး မောင်လွမ်းနွယ် ကတ္တီပါပုံတော်ဖိနပ်အသစ်နဲ့ ရှိုးကောင်းနေတာကိုး။

ဆရာကြီး ဦးပွေးဆင့်ကို မလိမ့်တစ်ပတ်လုပ်ရဲသူများတွင် စိတ်ဓာတ်မြသန်းနှင့် မောင်လွမ်းနွယ်ကား အာဂ လူလည်များပေတည်း။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## လက်ခုပ်တောမှာ ပျော်တယ်ဆိုတဲ့ မောင့်ရေ မောင်ရေ

ကျွန်ုပ်သည် ဆရာကြီး အဝိစိဇောက်ထိုးပြန် ဦးပွေးဆင့် ပောကြားချက်အတိုင်း အချစ်ရေးမှာ လွန်စွာ 'နိမ်းပေး' ဖြစ်သည်ကား ကာလအတန်ကြာပြီ ဖြစ်၏။

အချစ်ကြောင်းဝဲခဲ့ရသည့် မျက်ရည်သည် စိတ်ဓာတ်မြသန်းကြီး၏ခြေထောက်မှ ဝဲထက် ပိုများ၏။

နှလုံးသားအက်ကွဲဒဏ်ရာကြောင့် ဖြစ်ပေါ်ခဲ့ရသော ရှိုက်သံများကား တစ်ထောင့်တစ်ညပုံပြင်ထက် များပြားရှည်လျား၏။

ထိုမျက်ရည်နှင့် ရှိုက်သံများကို ကုလားပဲခြမ်းနှင့် ဂေါ်ဖီထုပ်လိုး၍ ဟင်းချိုချက်ပြီး တိုက်သည်ရှိသော် ဖိတ်စာငါးရာ လူကုန်သောက်လည်း ကျန်နေဦးမည်သာ ဖြစ်၏။

ကျွန်ုပ် ဇာတ်ကခဲ့သည်။

ပြဇာတ်မင်းသမီးနှင့် ကျွန်ုပ် ညားအံ့ဆဲဆဲ ဖြစ်နေချိန်၌ တပည့်လုပ်သူက ကြားဖြတ်ခုတ်၍ ခိုးပြေးသွားခဲ့သဖြင့် ကြက်ငှက်တုပ်ကွေးလိုလို၊ ဆားစ်ရောဂါလိုလို ဖြစ်ပြီး အိပ်ရာထဲလဲခဲ့ဖူး၏။

ထမင်းရောင်းသည့် ဒေါ်ချစ်ပုသမီးနှင့် တုစုံချွေးသိပ်ပါစို့ ကွယ် ဖြစ်အံ့နီးနီးမှာ လူလွန်မသား စိန်အေးကြူတို့အဖွဲ့ ဝင်နှောက်၍ အဘွားကြီးရဲ့ သစ်တိုသားခုံဖိနပ်စာမိပြီး အိမ်ပြင် မထွက်ရဲတာ





လနှင့်ချီခဲ့၏။

နောက်ဆုံးရည်းစားကို သွားချိန်းတွေ့ပြန်တော့ ရည်စားအခန်းနှင့် ယောက္ခထီးအခန်းမှားပြီး ရှူဖတ်နှင့်ပေါက်မိရာက ယောက္ခထီးမျက်နှာသွားမှန်ပြီး သူခိုး၊ သူခိုးအော်သဖြင့် အသက်လုပြေးခဲ့ရပြီ။ ချစ်သူက သူမနှင့်မညားခင်မှာတောင် သူမ၏ဖအေကို ရက်ရက်စက်စက် ခဲနှင့်ထုရဲလျှင် ညားပြီးပါက သူမကိုရော သူမအဖေကိုပါ မောင်းဆုံထဲထည့်ထောင်းမည့် ယောက်ျားဟု အထင်လွဲမှားပြီး သေခန်းရှင်ခန်းဖြတ်ကာ ယောက်ျားလက်ငင်း ကောက်ယူသွားခဲ့သည်။

အချစ်ကြောင့် ကြေကွဲဝမ်းနည်းခဲ့ရသော နှလုံးသားမြို့ရိုး (မြို့ရိုး မဖြစ်နိုင်၊ အရိုးစုများဟုဆိုလျှင် သင့်လျော်ပေလိမ့်မည်) တူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ (ဆရာငြိမ်းကျော်ခင်ဗျာ၊ ရောက်ရာဘုံဘဝမှ သည်းညည်းခံပါရန် အထူးမေတ္တာရပ်ခံပါသည် ခင်ဗျား) ကို လော်စပီကာတပ်၍ ဖတ်ပြရလျှင် နားဆင်ရသူများ မျက်ရည်မြစ်ထဲမှာ လက်ပစ်ကူးရချေလိမ့်မည်။

ရှိစေတော့။

အချစ်စစ် အချစ်မှန်တို့မည်သည် သိမ်မွေ့၏။ နက်နဲ၏။ ဂမ္ဘီရဆန်၏။

ကျွန်ုပ်၏အချစ်ကို ကျွန်ုပ်၏အချစ်နှင့် ထပ်တူညီသော နှလုံးသားတစ်ခုက တစ်နေ့နေ့ တစ်ချိန်ချိန် လာရောက်ပန်းတော်ဆက်လိမ့်မည်။

ထိုအချိန် နေ့ရက်များကို ကျွန်ုပ် ဆံပင်ဆေးဆိုး၍ စောင့်မည်။ ဝိဇ္ဇာဆရာကြီး ဦးမင်းကြည်လှိုင်၏ ဂေါ်ဇီလာတစ်ထောင်အားတိုးဆေးကြီး မှီဝဲပြီး အသက်ကိုဆွဲဆန့်ထားမည်။

အို-အချစ်စစ် အချစ်မှန်တို့၊

မောင့်နှလုံးသားအား ဥပေက္ခာမပြုကြကုန်လင့်။

ကျွန်ုပ် မောင်းတင်၍ အသင့်ရှိနေပါသည်။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်, ဝက်ဘ်ဆိုက်မှဖြစ်စေ၊

စာတိုက်မှဖြစ်စေ၊

အောင်သွယ်များမှဖြစ်စေ ဆက်သွယ်ကြကုန်လော့။

ကျွန်ုပ်ဘဝ၏ နောက်ဆုံးထွက်သက်ကို မားမနှင့်ယှဉ်တွဲ၍ ငိုရှိုက်သူမပါ ကြေးစည်တဒူဒူနှင့် ဘုန်းကြီးငါးပါး ပြုံးပြုံးကြီး ရှေ့က ကြွသည့် ဇာတ်လမ်းနှင့် နိဂုံးကမ္ပတ် ပြည့်ဖုံးကားမချပါရစေနှင့်။

ကျွန်ုပ်သည်- ဗယ်လင်တိုင်းဒေးခေါ် ချစ်သူများနေ့ ရောက်တိုင်း ရွှေတိဂုံဘုရား ဗုဒ္ဓဟူးဂြိုဟ်ထောင့်၌ ဆုတောင်း၏။ အင်းစိန် လာဘမုနိ ကျောက်တော်ကြီးဘုရား၌လည်း သစ္စာပြု၏။ ဆူးလေ ဘိုးဘိုးကြီးအား လိမ္မော်သီးသုံးလုံးကပ်၍ အဓိဋ္ဌာန်ပြု၏။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့အား နေ့စဉ်တိုင်တည် ၏။ ထိုထိုသော ကောင်းမှုကုသိုလ်ကံ စေတနာအကျိုးကြောင့်ပေလား မသိ၊ နားလေးစာရေးဆရာ မောင်ဆွေမွန်နှင့် အချုပ်ထဲ နှစ်ညအိပ် ခဲ့ရ၏။

ဖြစ်ပုံကား ဒီလို -

ဤကိစ္စကား၊ ဤစနက်ကား စိတ်ဓာတ်မြသန်းကြီးရဲ့ ကောင်းမှုကြောင့် ဖြစ်၏။

စိတ်ဓာတ်မြသန်းကား ခုနစ်ရက်သားသမီးများကို မည်သို့ မည်ပုံ ဒုက္ခပေးရမည်ကို အချိန်ပြည့်တွေးနေသူတည်း။

မြန်မာနိုင်ငံတော်လုံးဆိုင်ရာ မိန်းမမရလျှင် သေရတော့ မည့် ဆန့်ငင်ဆန့်ငင် စာရင်းတွင် ကျွန်ုပ်နှင့် နားလေးစာရေးဆရာ မောင်ဆွေမွန်သည် ထိပ်ဆုံးမှပါဝင်ကြ၏။

ကျွန်ုပ်တို့နှစ်ဦးနောက်၌ -

ပုသိမ်မောင်သောင်းဂွင်၊ မင်းကြည်လှိုင်နှင့် စာရေးဆရာ ကြည်တင့်နိုင် ပါဝင်၏။ အဲဒီ အမျိုးကောင်းသားများနောက်မှ ကပ် ၍ ခိုးကြောင်ခိုးဝှက် ကတ်တီးမူးလဲ လိုက်ပါချင်သူကား မကြီးမငယ် ခေါင်းဖြူစာရေးဆရာ ဦးတက်လူ ဖြစ်၏။





အဲဒီ ဦးတက်လူခေါ် မောင်တက်လူအား ကောင်မလေး တစ်ယောက်နှင့် မိတ်ဆက်ပေးဖူး၏။

သူကား သူ့ကိုယ်သူ လူပျိုကြီး၊ မိဘများက မိုးကုတ်မှ ကျောက်တွင်းသူဌေးများဟုဆို၏။

ကျွန်ုပ်သိသလောက် (ဆေးလိပ်ဖင်စီခံမဂ္ဂဇင်း)မှာ သူအယ် ဒီတာလုပ်နေစဉ်က မျက်နှာမှာ ကျောက်များဗရပွဖြစ်နေသည်ကို မထင်မရှားမြင်ရခဲ့၏။

သူသည် အသက်(၅၀)ကျော်မှာ ကျောက်များကို ဖုံးကွယ်ရန် ဝိုင်အိုလက်ပေါင်ဒါ၊ မုတ်ကျွန်းဆရာလှ ဆေးသနပ်ခါးနှင့် မဖောက် ထုံး သုံးမျိုးစပ် ထူထူလိမ်းပြီး ဂိုက်ပေးနေချိန် ဖြစ်၏။

သို့သော် သူ့ထက်လျှင်သူတစ်ယောက်သည် ယမပြည်မှငရဲ သက်ကြွေ၍ (ဆေးလိပ်ဖင်စီခံမဂ္ဂဇင်းသို့)အယ်ဒီတာအဖြစ်ရောက် လာ၏။

ထိုသူကား အခြားမဟုတ်၊ ကြည့်လိုက်လျှင် ကလေးမသာ ရုပ်မျိုးနှင့် ကိုကြည်တင့်နိုင်တည်း။ ကိုကြည်တင့်နိုင်သည် တစ်ခါ တစ်ရံ ဝက်ခေါင်းသုပ်ရောင်းသည့် တရုတ်ပေါက်ဖော်နှင့်လည်းတူ ၏။ တစ်ခါတစ်ရံ လှေသူကြီးနှင့်လည်းတူ၏။ တစ်ခါတစ်ရံ ပူ ဖောင်းသည်နှင့်လည်းတူ၏။ အသားဖြူဖြူ ဝဝပုပု၊ မျက်စိမှေးမှေး။ သူကလည်း ဆရာတက်လူတက်သော၏။ ပုဆိုးကို ရင်ခေါင်းအထိ တက်ဝတ်ပြီး လူပျိုကြီးထဲမှာ ရေမရောတာ သူပဲရှိသည်ဟု အလ ကားနေရင်း လေထန်ကုန်းမှာသော်လည်းကောင်း၊ လေအန်ကုန်း မှာသော်လည်းကောင်း၊ ဆေးလိပ်ဖင်စီခံမဂ္ဂဇင်း၌လည်းကောင်း ကြွေးကြော်၏။

တစ်နေ့သောအခါ 'လက်ခုပ်ပွင့်'အမည်ရှိ သူငယ်မလေးနှင့် မောင်တက်လူကို မိတ်ဆက်ပေး၏။ ကိုမောင်တက်လူကား လက်ခုပ် ပွင့်ကလေးကိုကြည့်၍ သွားရည်တောက်တောက်ကျရှာ၏။ မကျ ခံရိုးလား အရပ်ကရို့။ နည်းနည်းလွန်းလွန်းကြီးမဟုတ်၊ အယ်စ



www.burmeseclassic.com

www.burmeseclassic.com



တုံကြီး ဖြစ်၏။ အယ်စတုံကြီးက သေး,သေး၏။ ဂွယ်စတုံကြီးဖြစ်၏။ အဲဒီ ဂွယ်စတုံကြီးကို မောင်ကြည်တင့်နိုင် မြင်သည်ရှိသော် သိဝိမင်းကဲ့သို့ ရူးချာချာ၊ ပေါ်တောတောဖြစ်သွား၏။ များမကြာမီ မောင်လွမ်းနွယ်နှင့်ကျွန်ုပ်ချွန်ပေးလိုက်သောအခါ အဲဒီမောင်ကြည်တင့်နိုင်ခေါ် (ဝက်ခေါင်းသုပ်သည်ကလေးသည်) ဂွယ်စတုံကြီးနှင့် အိုကေသွားလေ၏။

သို့ကလို အဆင်ပြေသွားသည့်အချိန်မှစ၍ မောင်တက်လှသည် ပဥ္စင်းဝတ်၏။ (ကံနိမ့်နေ၍ဟုဆို၏။) ဝက်ခေါင်းသုပ်သည် မောင်ကြည်တင့်နိုင်ကား မြောက်ကြွမြောက်ကြွနှင့် မကြာခဏ ခလုတ်တိုက်လဲ၏။ ရွှေ့သွားနှစ်ချောင်းကျိုး၏။ ကျိုးသွားသည်သွားနှစ်ချောင်းနေရာမှာ အိုရုပ်မပေါ်စေရန် လမုသားကို သွားပုံသွင်း၍ ညှပ်ထား၏။ ခမျာ- အများသူငါလို ရွှေသွား၊ ငွေသွား၊ ကျောက်သွား မစိုက်နိုင်ရှာ။ ပုဆိုးတောင် မောင်သီလပုဆိုး ခဏဆိုပြီး ယူဝတ်သွားသည်မှာ သုံးနှစ်ကြာခဲ့ပြီဟု ကြားရ၏။

အဲဒီ မောင်ကြည်တင့်နိုင်သည် ငါလိုလူ ဇမ္ဗူမှာမရှိဟု အထင်ရောက်ကာ မြန်မာပြည်အနှံ့ဘုရားဖူးထွက်၏။ (အမှန်ကား ရန်ကုန်ဝန်းကျင်ရှိ မယ်လမု၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကမ္ဘာအေး စသည့်ဘုရားများသို့ ကားခမေ့ချင်ယောင်ဆောင်၍စီးပြီး ရွှေလက်တွဲခြင်းသာဖြစ်၏။)

ပြီးလျှင် ပုဂံရောက်သည်ဟု ပြော၏။ ပဲခူးရွှေမော်ဓော ရောက်သည်ဟု ပြော၏။ အင်းလေး ဖောင်တော်ဦးရောက်သည်ဟု ပြော၏။ ကျွန်ုပ်ကျေးဇူးရှင်အား မထီမဲ့မြင်လုပ်၏။ သရော်တော်တော်ပြုံးပြ၏။ တစ်နေ့က သန်လျင် မွေးနေ့ဆွမ်းကျွေးမှာ သူ့ ဂျပန်ရော်ဘာဖိနပ်အစုတ်နှင့် သူများကတ္တီပါ ပိန်းတန်းဖိနပ် လဲစီးသွားသည်ဟု ကြားရ၏။

ရှိစေတော့။ ကျွန်ုပ်သည် ပျော်သည်။ ကျေနပ်သည်။ ကျွန်ုပ်၌ ဖူးစာရေးမင်ရည်ကျဲပါသော်လည်း သူတစ်ပါး မင်ရည်ပျစ်ရန်





အကျိုးငှာ ကျွန်ုပ်ပုံပိုးခွင့်ရလျှင် ဤကား အာဝါဟ ဝိဟာဟ ဒါန ကုသိုလ်ပါရမီမည်သည်ဟု ကျွန်ုပ်သုံးလုံးပိုက်၏။ အဲလေ-မှားလို့၊ နှလုံးပိုက်၏။

မောင်ကြည်တင့်နိုင်ကား။ ယခုနေ ဝမ်းလျှော၍ အနိစ္စရောက်သည့်တိုင် မျက်ရည်ဖြိုင်ဖြိုင်ကျမည့်သူရှိနေသည်ကို ကျွန်ုပ်မြင်ရသောအခါ မောင်တက်လှလို စိတ်နာ၍ ဘုန်းကြီးမဝတ်။ သာမုခေါ်ရင်း မောင်ကြည်တင့်နိုင် မြန်မြန်အနိစ္စရောက်ပါစေဟု ကျိတ်၍ဆုတောင်းနေမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ပြုံးနှင်းဆီတစ်ပွင့်ကို ခူးခါလင်ဖို့ ကြံရွယ်တုန်းကကွယ်

သို့ကလိုနှင့် နောင်အခါ

ကျွန်ုပ်သည် မိန်းမခိုးရန်အဖော်လာခေါ်လျှင် မကြောက်မရွံ့ လိုက်ပါကူညီဆောင်ရွက်ခဲ့၏။

'ရည်းစားစာရေးပေးစမ်းပါ ဆရာမှိုင်းရယ်'ဟု ရိုရိုကျိုးကျိုးလာရောက်မေတ္တာရပ်ခံလျှင် ရည်းစားစာများ အခမဲ့ရေး၍ ကူသိုလ်ပြု၏။ 'အောင်သွယ်လေး လုပ်ပေးစမ်းပါ ကိုမှိုင်းရယ်'ဟု အဘိယာစကပြုလာလျှင် ရှူးသလိုလို ပေါသလိုလိုနှင့် မငြိုငြိုအောင် လျှော်ပေး၏။ ဤအတတ်ပညာများအတွက် ကျွန်ုပ်မှာ ကံ့ကူလက်လှည့်ငယ်ဆရာ၊ အဲလေ-ကြီးဆရာတစ်ဦးရှိခဲ့၏။

ထိုသူကား -

စာရေးဆရာ စိတ်ဓာတ်မြသန်းဆိုသော ဒုက္ခအိုးသူကြီး ဖြစ်ပေ၏။ သူမြှောက်ပင့်ပေး၍ တစ်ခါသော် ညိုချောကောင်မလေးတစ်ယောက်ကို စာလိုက်ပေးဖူး၏။ ရည်းစားစာကို ဆရာကြီး စိတ်ဓာတ်မြသန်းက ရေးပေး၏။ ကောင်မလေးက မယူသောအခါ ဆရာကြီး စိတ်ဓာတ်မြသန်း သွန်သင်သည့်အတိုင်း ဆွဲခြင်းထဲသို့ ပစ်ထည့်ခဲ့ရာ သုံးစောင်တိတိမြှောက်ခဲ့၏။

သုံးစောင်မြှောက်ပြီးသောအခါ -





ရပ်ကွက်လူကြီးများထံမှ ဆင့်ခေါ်စာရောက်လာရကား လူကြီးချင်း စေ့စပ်ကြောင်းလမ်းစကား ပြောတော့မည်အမှတ်ဖြင့် ဝတ်ကောင်းစားလှများဝတ်၍ မျက်နှာကိုပေါင်ဒါထူထူရိုက်ပြီး သွားသောသကာလ-

"လာဟေ့၊ မောင်မှိုင်း"

"ဉက္ကဋ္ဌကြီးတို့ ခေါ်တယ်ဆိုလို့ခင်ဗျ၊ ဘာကိစ္စများပါလိမ့်"

ကျွန်ုပ်က မသိချင်ယောင်ဆောင်၍ မေးလိုက်ခြင်း ဖြစ်သည်။ကျွန်ုပ် ရပ်ကွက်ကောင်စီစာရေးထံမှ ကြို၍သိသင့်သလောက်သိပြီးပြီ။

ဟိုတစ်နေ့ စာလာပေးကတည်းက မေးခဲ့ပြီးဉစ္စာ။

"မောင်ဘူ၊ ဘာအကြောင်းလဲကွ"

"ဉက္ကဋ္ဌကပြောတော့ သားရေးသမီးရေးကိစ္စလို့ ပြောတယ် အစ်ကိုမှိုင်း"

"အိမ်းအိမ်း-လာခဲ့မယ်လို့ ပြောလိုက်"

သို့ကလို ကြို၍ ရိပ်ဖမ်းသံဖမ်း သိပြီးသား။ မဟုတ်မှလွဲရော ညိုချောမလေး မခင်သန့်စင်ရဲ့ကိစ္စပဲ ဖြစ်ပေလိမ့်မည်။

အကြောင်းမူ သူမကို ရည်းစားစာသုံးစောင်ပေးခဲ့ဖူးသည် မဟုတ်လား။ စိတ်ဓာတ်မြသန်းကြီး၏ ရည်းစားစာအကျိုးကားယနေ့ည ဒက်ထိ အကျိုးကျေးဇူးပြုတော့မည်ကိုတွေး၍ ရင်တွေခုန်လိုက်ပါဘိသနဲ့။ ကျေးဇူးလည်းတင်လိုက်ပါဘိသနဲ့။

ဉက္ကဋ္ဌရုံးခန်းအတွင်းသို့ ကြည့်လိုက်သောအခါ ညိုချောမလေး မခင်သန့်စင်ကိုလည်း တွေ့ရကား ငွေဝန်းစန္ဒာလမင်းကြီးကို တွေ့လိုက်ရသကဲ့သို့ ကျွန်ုပ်ရင်သည် ချမ်းမြေ့လိုက်ပါဘိခြင်း။

(သာဓု၊ သာဓု၊ သာဓု)

ဒါနှင့် အတူ သူမရဲ့နံဘေးမှာ မောင်ဗမာဘကွန်းလောင်းနီးနီး၊ ကမ္ဘာ့ဟဲဗီးဝိတ်အလေးမ,ချန်ပီယံ အာနိုးလောက်နီးနီး ထွားကျိုင်း သန်မာလှသော ကျွန်ုပ်သူငယ်ချင်း အုန်းသော်င်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရ၏။

ယင်းအပြင် -

ညိုချောလေးနှင့် မျက်နှာချင်းဆင်တူလှသော အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးကိုလည်း တွေ့လိုက်ရ၏။

ရုံးခန်းအပြင်ဘက်၌ ဝါးရင်းတုတ်ပိုင်းကိုယ်စီ၊ အုတ်ခဲကျိုးကိုယ်စီ၊ သားရေခွကိုယ်စီကိုင်ပြီး တောက်ခေါက်နေကြသည့် ကာလသား ငါးယောက်ခန့်ကိုလည်း မြင်ရ၏။

အနီကာလသား လူကြမ်းများကို ရပ်ကွက်လူကြီး ဦးစံဖူးက နားချဖျောင်းဖျနေ၏။

"ဘာကိစ္စလဲ ဥက္ကဋ္ဌကြီး"

ရပ်ကွက်ဥက္ကဋ္ဌကြီး ဦးစံရသည် ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်ရင်း -

"မင်း ဟိုမိန်းကလေးကို သိသလား"

မြတ်စွာဘုရား - တဲ့တိုးကြီးပါလား။ အားနာစရာကောင်းလိုက်ပါဘိ။ ကျွန်ုပ် မည်သို့ပြောရပါမည်နည်း။

"သိလားလို့ မေးနေတယ်လေ"

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ"

"ဘယ်လို သိတာလဲ"

"အဲအဲအဲ၊ ဟို. . . ဟိုဒင်း ခင်ဗျာ။ အဲ့ဒါလေ၊ အဲ. . ."

"ယောက်ျားပဲ ရဲရဲပြောပါ"

ကြည့်လိုက်တော့ ညိုချောလေး (ခင်သန့်စင်)က မျက်နှာကြီးငုံ့လို့။ သူ့နံဘေးမှ ဗလကြီးအုန်းသောင်က မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် ကျွန်ုပ်ကိုအစိမ်းစားမည့်နှယ် ကြည့်နေ၏။

"ဟိုဒင်း. . . အဟို-အဲအဲအဟဲ"

"ဥက္ကဋ္ဌကြီး၊ကျွန်တော်တို့ကတော့ ဖြင်းချင်နေပြီခင်ဗျ"

အလို-ချစ်သူငယ်ချင်းကြီး အာနိုးအုန်းသောင်ကား မပြောစဖူး ကျွန်ုပ်ကိုကြည့်ရင်း လက်မောင်းအကျီကိုပင့်ကာ





ကြွက်သားများညှစ်ပြရင်းက ထောက်ခံလိုက်သော် -

"နေ. . . နေပါ မောင်အုန်းသောင်၊အဘတို့ရှင်းပေးပါ့မယ်။ ဒီမှာ မောင်မှိုင်း၊ ဒီစာသုံးစောင်က ဘယ်သူ့စာလဲ သိလား"

ဥက္ကဋ္ဌကြီးဦးစံရက စာသုံးစောင်ကိုဖြန့်ပြ၏။ ယင်းစာကား ကျွန်ုပ် ညိုချောလေး (ခင်သန့်စင်)ကို ဈေးအပြန်မှာ လိုက်ပေးသည့် ရည်းစားစာများတည်း။

ကျွန်ုပ် ဘာမှမပြောနိုင်။ ကြည့်ရတာ တကယ်ယူခိုင်းမလို့ များ လာရောက်နားဖောက်ကြရော့သလား။ ကျွန်ုပ် ရှက်သလိုလို ဖြစ်နေ၏။

"ဒီစာသုံးစောင်ဟာ မင်း ဟိုမိန်းကလေး ခင်သန့်စင်ဆိုသူကို ဈေးအပြန်မှာလိုက်ပေးတဲ့စာပဲ။ မင်းစာအကြောင်း မင်းသိမှာပေါ့။ မသိသေးရင် ငါ နည်းနည်းဖတ်ပြမယ်၊ နားထောင်"

"ဥ. . . ဥက္ကဋ္ဌကြီး ခင်. . . ခင်ဗျား၊ ဟိုဟို. . ."

"အဟမ်း- ဗုဒ္ဓဂုဏ် အဟံဝန္ဒာမိ၊ ဓမ္မဂုဏ် အဟံဝန္ဒာမိ၊ သံဃဂုဏ် အဟံဝန္ဒာမိပါ နှမလေး ခင်သန့်စင်"

"ဝါးဟားဟားဟား"

"နောက်ဆုံးပေါ် ရည်းစားစာပဲဗျ"

ရုံးခန်းထဲ ဧည့်စာရင်းတိုင်ရန် ရောက်နေကြသည့် လူများကပါ ဥက္ကဋ္ဌဖတ်ပြနေသည့် ကျွန်ုပ်၏ရည်းစားစာနိဒါန်းကို ကြားကြသောအခါ စတင်၍ ရယ်ကြတော့၏။

သည်မှာ ဥက္ကဋ္ဌက ဆက်၍ဖတ်ပြ၏။

"ကမ္ဘာကြီးလုံးတယ်လို့ သူရှူးတွေက ဇွတ်ပြောနေကြပေမင့် တကယ်တော့ ဟောဒီကမ္ဘာကြီးဟာ ဘိန်းမုန့်လို အပြားဝိုင်းဝိုင်းကြီးပါ နှမလေး ခင်သန့်စင်"

"ဒီကောင် ဘယ်လိုကောင်လဲကွ ဟေ၊ ရေးပုံနဲ့ဟ"

"ငပေါနေမှာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားစာလား၊ ပထဝီသင်ခန်းစာသစ်လားဗျ။ ဆက်ပါဦး ဥက္ကဋ္ဌ"

"အဲဒီ ကမ္ဘာအပြားကြီးပေါ်မှာ နှမလေးကို ရုတ်ခြည်းတွေ့လိုက်ရသည့်နေ့မှစ၍ ကိုကိုမှိုင်းနှလုံးသားကို ဝေလငါး အဟပ်ခံရသလိုဖြစ်ပြီး ပြုတ်ကျလို့ မင်းနောက်ပါသွားခဲ့ရတယ်"

"မိုက်တယ်ဗျာ"

ဒါက ကုလားမူတူးဆာမိက ရှုးကြောင်မှူးကြောင် ထောက်ခံချီးကျူးသည့်စကား။

"ကောင်းခန်းရောက်နေပြီ ဥက္ကဋ္ဌရဲ့၊ ဆက်ပါခင်ဗျ အဟတ်"

"ဖတ်ပါ့မယ်၊ အနှိုင်းစွ အမြဲမရှိ. . ."

"အလဲ့- တယ်လာပါကလား၊ ပြီးတော့ရော. . ."

"ဒုက္ခ- ချမ်းသာ၏. . ."

"ဝါးဟားဟားဟားဟား"

"လုပ်ချက်ကတော့ ကမ်းကုန်ပဲကို မောင်မှိုင်းရ-ဟင်၊ ဟားဟားဟား"

"အနတ္တကား၊ အဆိုတော် အနဂ္ဂ၏ အစ်ကိုတည်း. . ."

"ဟား ဟား ဟား ကြောင်ပါ့ကွာ".

ကျွန်ုပ်သည် နားထောင်ရင်း ဇောချွေးများ ပြန်လာ၏။ နဖူးမှ ဆီးကင်းခန့်ရှိသော ချွေးသီးများ ခြေမပေါ် ပြုတ်ကျ၏။ ရင်ဘတ်ပေါ် ပြုတ်ကျ၏။ ရည်းစားစာရေးပေးကူညီသည့် စိတ်ဓာတ်မြှသန်းကိုလည်း လည်ပင်းညှစ်ပြီး အစိမ်းလိုက်ဝါးစားပစ်ချင်နေ၏။

"မမြဲသော လောကကြီးမှာ ရတဲ့အချိန်လေး မည်းချင်၏။ အဲလေ-မြဲချင်ပါဘိ နှမရယ်။ နှမတော်လေးရဲ့ တုံ့ပြန့်အချစ်ကို ကိုချစ်ကိုကိုမှိုင်း ဂေါ်ဇီလာက ပြဟ္မာကြီးကို မျှော်သကဲ့သို့ စောင့်မျှော်နေပါ့မယ်။

နှမလေးက မုန်းတယ်လို့ပြောတဲ့နေ့ဟာ ကိုကိုမှိုင်း ဘုန်းကြီး





ငါးပါးနဲ့ သပိတ်သွတ်ရက်လည်မယ့်နေ့ပါပဲ။

မျှော်နေမယ်။

ကွင်းစကွင်းပိတ် (အချုပ်ထဲမှ)

ပုံ

သီရိသုမေ့ ဝဏ္ဏကျော်ထင် ချစ်ကိုကိုမှိုင်း

"ဝါးဟားဟားဟား"

"အဟီး ဟီး ဟီး"

"အဟာစ် ဟာစ် ဟာစ် ဟာစ်"

"ခစ် ခစ် ခစ် ခစ်. . . အဟွတ် အဟွတ်"

"ဟဲ့ချောင်း ဟဲ့ချောင်း- ဟဲ ဟဲ အဟွတ်"

လှိုက်လှိုက်လှဲလှဲ ဝါးလုံးကွဲရယ်သံများ လှောင်ပြောင်သံများ၊ သရော်သံများသည် ရပ်ကွက်ရုံးခန်းအတွင်းအပြင်မှာ စီစီညံသွား၏။ ဖြစ်နိုင်လျှင် ကျွန်ုပ် ဤနေရာတွင် ပွဲချင်းပြီး သေပစ်လိုက်ချင်သည်။ ရက်စက်ပါပေ့ စိတ်ဓာတ်မြှသန်းရယ်။

"မောင်မှိုင်း"

"ခင်. . . ခင်ဗျာ"

"ဘာပြောချင်သေးသလဲ၊ နောက်ထပ်နှစ်စောင်ကို ဖတ်ပြရဦးမလား"

ဒီမှာ အပြင်က နားထောင်နေကြသည့် ပုသိမ်မောင်သောင်းဂွင်နှင့် မင်းကြည်လှိုင်တို့လူစုက အော်တော့သည်။

"ဖတ်ပါ၊ ဖတ်ပါ ဥက္ကဋ္ဌကြီး။ တက္ကသိုလ်ဘုန်းနိုင်ဝတ္ထုထက်ကောင်းတယ်၊ ဖတ်ပါခင်ဗျ"

"နောင်လာနောက်သားများ အတုယူရအောင် ဖတ်ပြပါဗျို့"

"ဘယ်လိုလဲ မောင်မှိုင်း"

"မ. . . မဖတ်ပါနဲ့၊ ငှက်. . . ငှက် အဲ ဥက္ကဋ္ဌကြီးရယ်"

"မင်း ဒီမိန်းကလေးကို ဒီစာပေးတာ ဝန်ခံသလား"

"ဟုတ် ဟုတ်ကဲ့ ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးရော မိန်းကလေးရဲ့ မိဘညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းကပါ မကျေနပ်လို့ ငါတို့ကို လာတိုင်ခဲ့တာပဲ။ အဲဒီတော့ မင်းစာထဲကအတိုင်း အချုပ်ထဲသွားမလား"

"မလုပ်ပါနဲ့ ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ"

"ဒါဖြင့် ငါတို့အပြစ်ပေးတဲ့အတိုင်း ခံယူမလား"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"ကဲ- ဒီဘက်က တရားလို မခင်သန့်စင်နဲ့ မိဘများရော ကျွန်တော်တို့ သူ့ကို သင့်သလို အပြစ်ပေးဆုံးမပေးပါ့မယ်။ ကျေနပ်ပါသလား ခင်ဗျာ"

"နောင်ကို ဒီလိုမဟုတ်တရုတ်တွေရေးပြီး မနှောင့်ယှက်နိုင်အောင် ခံဝန်လက်မှတ်ပါထိုးခိုင်းပါ ဥက္ကဋ္ဌကြီး"

ဤကား ချစ်လှစွာသော မခင်သန့်စင်ရဲ့ဖခင် နှုတ်ခမ်းမွေးကားကားကြီးနှင့် လူကြီးရဲ့စကား ဖြစ်၏။

"ကျွန်မကတော့ ဒင်းလိုကောင်ကို အချုပ်ထဲပို့ပြီး ထောင် (၁၀)နှစ်လောက်ကျတာ မြင်ချင်တာပဲ ဥက္ကဋ္ဌကြီးရှင့်"

ဤချစ်ဖွယ်သောစကားကား ခင်သန့်စင်ရဲ့မိခင် ရာဝင်အိုးခန့်ကိုယ်လုံးရှိသော ပါးအစ်အစ်ဖောင်းဖောင်းနှင့် မိန်းမကြီးရဲ့ မေတ္တာစကားဖြစ်၏။

"ကျွန်တော် တစ်ခုပြောပါရစေ ဥက္ကဋ္ဌကြီးခင်ဗျ"

ဒီမှာ အာနိုးလိုလို၊ မောင်ဗမာလိုလို ဗလကြီးနှင့်အုန်းသောင်က အင်္ကျီလက်ပင့်ပြီး ထရပ်၍ပြောလိုက်သည်။

"မောင်က ဒီကလေးများနဲ့ ဘယ်လိုတော်စပ်လို့ပါပဲကွယ့်"

"ဒါ- ဒါ ကျွန်တော့်နှမ လေးဝမ်းကွဲပါခင်ဗျ"

"ဩော် ဩော်-ပြောပါ ပြောပါ၊ ဘာများ ပြောချင်လို့ပါလဲ"

"နောက်တစ်ကြိမ် ကျွန်တော့်နှမကို ဒီလို ကျက်သရေမင်္ဂလာမရှိတဲ့စာမျိုးလိုက်ပေးခဲ့ရင် ဒီကောင့်ကို အဝတ်ဖွပ်





သလို ဖွပ်ပစ်ရမှာပဲ ဥက္ကဋ္ဌကြီး"

ရက်စက်လိုက်ပါဘိ အုန်းသောင်ရယ်. . .။

သူနှင့် ကျွန်ုပ်သည် ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်၏။ အနုပညာလုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့ဖူး၏။

ခုတော့ ကြည့်စမ်း -

နှမလေးဝမ်းကွဲကို ရည်းစားစာပေးလို့တဲ့။ နောင်ဆို အဝတ်ဖွပ်သလို ကျွန်ုပ်ကို ဖွပ်မည်တဲ့။

သူငယ်ချင်းရယ်- ငါ မင်းနှမဝမ်းကွဲမှန်း လုံးဝ မသိလို့ပါ။ ငါ မင်းနှမကို အရိုးပူအောင်ချစ်တာပါ။ ရှိစေတော့၊ ကံကြမ္မာဖန်လာပုံ မကောင်းမှတော့ အချစ်ကြီးသူတို့ရဲ့နှလုံးသား သံချေးတက်ပါစေတော့။

ရွှံ့ပုပ်စဉ်ပါစေတော့။

အမုန်းတွေ ငါ့ခေါင်းပေါ် ဒလဟော။ ရွာချကြပါစေတော့။

"ကိုင်း- အပြစ်ဒဏ်ချမှတ်မယ်၊ နားထောင်။ အဖ ဦး. . .၊ အမိ ဒေါ်. . . ၏သား၊ မှတ်ပုံတင်အမှတ်. . . ကိုင်ဆောင်သူ မောင်ချစ်ကိုကိုမှိုင်းသည် မခင်သန့်စင်အမည်ရှိ မိန်းမပျိုလေးကို အရှက်တကွဲ စိတ်ဆင်းရဲမှုဖြစ်အောင် စာပေးသည့်အတွက် (၆)လ အတွင်း ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ပြုရမည့်အပြင် နက်ဖြန် မိုးလင်းသည်နှင့် ရုံးခန်းရှေ့မှ မြက်များကိုနုတ်၍သန့်ရှင်းရေးလုပ်ရန် အပြစ်ဒဏ်ပေးလိုက်သည်"

သို့နှင့် သူတို့အားလုံး ပြန်သွားကြသည်။

ပုသိမ်မောင်သောင်းဂွင်နှင့် မင်းကြည်လှိုင်က သာခုံ သုံးကြိမ် အကျယ်ကြီးအော်ခေါ်၍ အော်ပြောသွားသေးသည်။

'နက်ဖြန်ခါ မနက်ကျရင် ငါတို့ လက်ဖက်ရည်ကျွေးကျွန့်ကျောက်စရစ်ခဲကြော်။ လာပို့မယ် မောင်မှိုင်းရေ' တဲ့။

ပြောရလျှင် -



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ကောင်စီရုံးမှအပြန် ကျွန်ုပ် စိတ်ဓာတ်မြသန်းကြီးကို မြေလှန်၍ရှာခဲ့သည်။ မြို့ထဲရှိ လက်ဖက်ရည်ဆိုင်၊ ကာတင်ခုံ၊ ရုပ်ရှင်ရုံ၊ ဘိလိယက်ခုံနှင့် ဗွီဒီယိုရုံများပါမကျန် အနံ့လိုက်ရှာခဲ့သည်။

ခါးကြားမှာ သစ်သားမျဉ်းလုံးကို ဖွက်၍ကို လိုက်ရှာတာ။

သင်းကိုတွေ့လျှင် ကျွန်ုပ် စိစိညက်ညက်ကြေအောင် နှက်ပစ်မည်။ သင်း ကျွန်ုပ်ကို ဤနှယ် ဒေါက်ပြုတ် အရှက်ကွဲအောင်လုံးဝ မလုပ်သင့်။ ကျွန်ုပ်သည် သူ့ကိုယုံကြည်အားကိုးစွာဖြင့် ဆရာတင်၍ ရည်းစားစာရေးခိုင်းခြင်း လက်ဖက်ရည်ဖိုးနှင့် အရက်ဖိုးလည်း အများကြီးပေးထားပြီး ဖြစ်၏။

မူလ ကျွန်ုပ်ကို သူရေးပြီးဖတ်ပြတုန်းက ရည်းစားစာသုံးစောင်စလုံး ဤသို့ ပြောင်ချော်ချော် ပျက်တက်တက်။ ပေါက်တတ်ကရ အူကြောင်ကြောင်စာ မဟုတ်။ အလွန်နားထောင်လို့ ကောင်း၏။ စာသားထဲမှာ တက္ကသိုလ်ဘုန်းနိုင်၏ စွယ်တော်ရွက်လည်းပါ၏။ ပန်းတနော်ဝင်းသိန်း၏ ဒန့်သလွန်ရွက်လည်းပါ အဲလေ-ယောင်လို့ ကဗျာလည်းပါသည်။

ပြဇာတ်မင်းသား လူငယ်ကြည်နိုင်၏ 'ဒိုင်' တွေလည်းပါသည်။ ကျွန်ုပ် နားဆင်ကြားနာရစဉ်က စိတ်ဓာတ်မြသန်းကို အဲလွန် ချီးကျူးခဲ့၏။ စာပေဗဟုသုတနှင့် ပြည့်စုံပါပေ၏။ ရင်အငွေ့နှလုံးသားကိုယ်စားပြုချက်ကို နားလည်နိုင်စွမ်းရှိပါပေ၏ဟု အတန်တန်ချီးကျူးခဲ့၏။

ခင်သန့်စင်လေးနှင့် ကျွန်ုပ် အဆင်ပြေသွားခဲ့လျှင် ရခိုင်ပိုးလုံချည်နှင့် တိုက်ပုံအင်္ကျီ ဝယ်ကန်တော့ပါဦးမည်ဟု ကတိများပင် လိုလိုလားလား ပေးခဲ့၏။

"ရခိုင်ပိုးလုံချည်နဲ့ တိုက်ပုံက နောက်မှထားပါကွာ။ လောလောဆယ် အရက်ဖိုးနှစ်ရာသာ အရင်ချီးမြှင့်ပါ မောင်မှိုင်းရာ"





"နှစ်ရာ လောက်မှာလား"

"အားနာလွန်းလို့ပါကွာ၊ အမြည်းဖိုး တစ်ရာလောက် ထပ်လိုသေးတာပေါ့"

"ရော့- သုံးရာယူသွား။ နောင်လည်း ကောင်းကောင်းလေးရေးပေးဗျာ။ ရှယ်နော်ရှယ်"

"စိတ်ချပါ မောင်မှိုင်းရာ၊ တော်ရုံလူဆို ငါရေးမပေးပါဘူး။ မင်းမို့လို့ရေးပေးတာပါ။ သနားလို့ပါ။ မင်းကလည်း မိန်းမအရမ်းလိုချင်၊ မိန်းမတွေကလည်း မင်းကိုမကြိုက်။ ဒီတစ်ချီမင်း ကျိန်းသေစွံပါပြီ မောင်မှိုင်းရာ"

ကျွန်ုပ် ပိုက်ဆံနှိုက်၍ရေတွက်နေစဉ် သူက စာသုံးစောင်ကို စာအိတ်ထဲမှာ သေသေချာချာထည့်၍ ကော်နှင့်ကပ်ပြီး ကျွန်ုပ်ကို ပေးလိုက်သည်။

အဲဒီအချိန် တစ်ငုံလေးမှာပဲ ကျွန်ုပ်ခံလိုက်ရခြင်း ဖြစ်သည်။

သူသည် ထိုတစ်ငုံသောအချိန်တိုကလေးအတွင်း စောစောက ဖတ်ပြသည့် ရည်းစားစာ ရှယ်များကို ဖွက်လိုက်ပြီး ကျွန်ုပ်ကိုယ်ကျိုးနည်း ချောက်ကျစေမည့် မဟုတ်တယုတ်စာများကို ထည့်၍ ကော်ပိတ်ပေးလိုက်ခြင်း ဖြစ်မှန်းကို ယခုမှ သဘောပေါက်လိုက်သောအခါ . . .

သင်းကို ကျွန်ုပ် မြေလှန်၍ရှာ၏။

အပေါင်းအသင်းများတွေ့တိုင်း မေး၏။

အချို့က 'နယ်ကို ခရီးထွက်သွားသည်၊ သုံးနှစ်ကြာမည်။ မောင်မှိုင်းကို ပြောလိုက်ပါ၊ မင်္ဂလာဆောင်ဖြစ်ရင် သူမလာနိုင်ပါ' ဟုကြိုမှာသွားခဲ့သည်တဲ့။

ကိုတက်လူနှင့်တွေ့တော့ တစ်မျိုးကြားရပြန်သည်။

"စိတ်ဓာတ်မြသန်းက ပြောတယ်။ နက်ဖြန်ကစပြီး မြင်းမော တောင်မှာ (၄)လ ဘုန်းကြီးဝတ်မယ်တဲ့။ ကြည့်တ[illegible]နိုင်ပါ ပါမယ်လို့ ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောက်- နေနှင့်ဦးပေါ့ စိတ်ဓာတ်ရာ၊ တွေ့ရင်တော့လား ကွာ-ဟင်း။

နောက်ဆုံး မောင်လွမ်းနွယ်ထံမှ ခိုင်မာသောစကားကို ကြားရပြန်သည်။

"စိတ်ဓာတ်ကြီးရဲ့အစ်မက သူ့မောင်ကို မိန်းမပေးစားမလို့ အညာကိုခေါ်သွားတယ်။ သူနဲ့ပေးစားမယ့် မိန်းမက နားရွက်နှစ်ဖက် မပါဘူး။ အင်္ဂလိပ်ခေတ်လက်ကျန် ဒေါ့ဂျစ်ကားသုံးစီးပါတယ်လို့ ကြားရတယ်။ မင်းကောင် စိတ်ဓာတ်မြသန်းကလည်း နားမပါရင်နေ၊ ကားပါရင်ယူပျော်တယ်ဆိုပြီး မင်းကြည်လှိုင်ဆီက ဂေါ်ဇီလာတစ်ထောင် အားတိုးဆေး (၅)ပုလင်းဝယ်ပြီး လိုက်သွားတယ်။ နေပါဦး၊ ကိုယ့်လူက ဘာတွေဖြစ်လို့ မြသန်းကိုသိပ်တွေ့ချင်နေရတာလဲ"

သို့နှင့် ကျွန်ုပ်က အစ်ကိုကြီးမောင်လွမ်းနွယ်ကို ဖြစ်ပျက်ပုံအလုံးစုံအား မျက်ရည်စမ်းစမ်းနှင့် ပြောလိုက်သောအခါ အစ်ကိုကြီး မောင်လွမ်းနွယ်က အားရပါးရအော်ရယ်လေ၏။ ရယ်ရင်းရှူးရှူးများထွက်တော့၏။

"စိတ်ဓာတ်မြသန်းကြီးအကြောင်း မင်းမသိဘူးလား မောင်မှိုင်းရာ-ဟင်။ ဒီငနဲကြီးက (၇)ရက်သားသမီး ဘယ်သူ့ကိုမှ ကောင်းကျိုးပေးတာ မဟုတ်ဘူး။ နားလေးမောင်ဆွေမွန်တုန်းကလည်း သူလုပ်လို့ အချုပ်ထဲက မနည်းသွားပြောရွေးယူရတာဥစ္စာ။ ဒီမှာ နောင်ကို ရည်းစားစာကောင်းကောင်းစစ်စစ်မှန်မှန်လိုချင်ရင် အခြားလူ ရေးမခိုင်းနဲ့"

"ဒါဖြင့် ဘယ်သူ့ရေးခိုင်းရမလဲ"

"ဟာ- ငါရေးပေးမှာပေါ့ကွ"

သို့ကလို စကားကိုကြားလိုက်ရသောအခါ ကျွန်ုပ် ချက်ချင်းပဲ သင်းကြီးကိုပါ နှုတ်မဆက်ဘဲ ဒေါသထွက် စိတ်တိုတိုနှင့် ပြန်လှည့်လာခဲ့လိုက်သည်။





ဘာထူးမည်နည်း။

စိတ်ဓာတ်မြသန်းနှင့် သင်းကြီး (မောင်လွမ်းနွယ်) သည် နှစ်ကိုယ့်တစ်စိတ်တည်း။ ပုလင်းတူ ဘူးဆို့တည်း။

(၇)ရက်သားသမီး သူတို့ကြောင့် ကိုယ်ကျိုးနည်းလေချောက်ကျလေ၊ သူတို့အသက်တစ်ရက် ပိုရှည်သည်ဟု အသံလွှင့်ထားကြသည့် ဗြိုဟ်မင်းများ ဖြစ်ကြလေသောကြောင့်တည်း။

တစ်ခုတော့ အားကိုးရဖွယ် လမ်းစ,မြင်တာရှိသည်။

အခြားမဟုတ်. . .

ဆရာကြီး စိတ်ဓာတ်မြသန်း အသေရရ၊ အရှင်ရရ ပိုးနေသည့် မိန်းကလေးတစ်ဦး။ သူမနာမည်က မြမျက်ချယ်။ သာမန်မဟုတ်။ အငြိမ့်မင်းသမီး၊ ပြဇာတ်မင်းသမီး။

သူလို ပြိတ္တာကိုယ်လုံးနှင့် မိန်းကလေးမြမျက်ချယ်ကား လားလားမှမထိုက်တန်။ အသေရလျှင် ဖဲဝိုင်းထောင်၍ အကောက်ကောက်မည်၊ အရှင်ရလျှင် ခိုင်းစားမည်ဆိုသော ရည်ရွယ်ချက်နှင့် ဇွတ်တရွတ် မကြိုက်မှန်းသိပါသော်လည်း အရှက်နည်းနည်းနှင့် မျက်နှာပြောင်တိုက်ပိုးနေ၏။

ကျွန်ုပ်နှင့် အလွန်ခင်၏။ အနုပညာမောင်နှမများကိုး။ သူပိုးနေသည့် မင်းသမီးမြမျက်ချယ်အိမ်သို့ ကျွန်ုပ်သွားလည်လျှင် သင်းကြီးက လုံးဝမကြိုက်။

ကျွန်ုပ်နှင့်ပြိုင်မှာစိုး၍ ကျွန်ုပ်မှာအနူရောဂါရှိသည်၊ မျိုးရိုးမှာအရူးရောဂါ (ဖကစ်ဇိုဖရီးနီး ဟစ်တီးယား) ရှိသည်၊ ကျွန်ုပ် အမေကလင်(၇)ယောက်ရဖူးသည်နှင့် မဟုတ်ကဟုတ်က ချွန်တွန်း၏။

သူမထံမှာ သင်းအကြောင်းစုံစမ်းလျှင် သဲလွန်စရနိုင်သည်။ ကျွန်ုပ်ကား သင်းကို လုံးဝကမ္ဘာမကြေ။ မြတ်နိုးလှစွာသော ကောင်မလေးနှင့် အသိုင်းအဝန်းရှေ့မှာ ကျွန်ုပ် အရှက်ကွဲအကျိုးနည်းအောင် သင်း ရည်းစားစာနှင့် ဒုက္ခပေးခဲ့သည်။ ကျွန်ုပ်အသည်းကွဲရပြီ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ဘယ်လိုမှ စုံစမ်း၍၊ ရှာ၍မရသေးလျှင် သင်းပိုးနေသည့် အငြိမ့်မင်းသမီး၊ ပြဇာတ်မင်းသမီးကို အရပိုး၍ သင်းရဲ့အသည်းကို ပြုတ်ကြော်၊ ဖုတ်ကင်၊ ဖောက်တောက်စဉ်း၊ အစိမ်းကြော်လုပ်၍ ကျွန်ုပ် အောင်ပွဲခံနိုင်အောင် ကြံစည်အံ့။

✧ ✧ ✧



## ဖနောင့်စာ

ဒုက္ခသုက္ခများကို ဂိုယာရေမွှေးဆွတ်၍ လက်ဆောင်ပေးလေ့ရှိသော စနေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်မင်းတို့သည် ကျွန်ုပ်အား ဖောက်သည်အရင်းခေါက်ခေါက်အဖြစ် အမြဲတမ်းဦးစားပေးလေ့ရှိ၏။

ယခုလည်း အဲဒီ ဂြိုဟ်မင်းများနှင့် ဆွေမျိုးတော်စပ်လေ့ရှိသော ဆရာသမားတို့သည် ကျွန်ုပ်အား အာနိုးအုန်းသောင် လက်စားချေခွင့်ရရန်အလို့ငှာ ရွှေစာလုံးဖိတ်စာနှင့် ရောက်လာခဲ့လေ၏။

တစ်နေ့သော် . . .

ဆရာရင်းသမားရင်း စာရေးဆရာ ပန်းတနော်ဝင်းသိန်းထံမှ လူကြုံစာရောက်ရှိလာ၏။

မောင်မှိုင်း -

စားရရချင်း အမြန်လာခဲ့။

ပွဲကြီးပွဲကောင်းတစ်ခု လုပ်စရာရှိသည်။

ပန်းတနော် ဝင်းသိန်း

ပွဲကြီးပွဲကောင်းဆိုပါကလား။ ဝါးတီးလား၊ ဖိုက်ပွဲလားမသိ။ ဝါးတီးပွဲဆိုလျှင် ဝမ်းကြိုနုတ်၍သွားရမည်။ ဖိုက်ပွဲ၊ နှက်ပွဲ၊ ဆော်


www.burmeseclassic.com

www.burmeseclassic.com



ပလော်တီးပွဲဆိုသော် ဘကြီးဘုန်းကြီးထံမှ တစ်ပွဲတိုးထုံးမန်းကို သုံးရက်စာကြို၍ ယူသွားရချေမည်။

သို့နှင့်-

အနန္တောအနန္တငါးပါးအား ဦးထိပ်ထား၍ ကိုယ့်ဆရာရှိရာ သန်လျင်မြို့ ပြည်တော်သာတိုက်ခန်းသို့ ရောက်လာခဲ့လိုက်သည်။

ကျွန်ုပ်ရောက်သွားသောအခါ ဆရာ ပန်းတနော် ဝင်းသိန်းနှင့်အတူ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာကြီး အဘဦးချစ်သန်းမြင့် (ချစ်သန်းမြင့်) ကိုပါ ယမကာပုလင်းသုံးလုံးထောင်၍ အမြည်းပေါင်းစုံနှင့် မှိဝဲလျက်ရှိနေသည်ကိုလည်း တွေ့ရ၏။

အလွန် ဝမ်းသာဖွယ်ကောင်းပေစွ။

"ဆရာ"

"လာဟေ့- မောင်မှိုင်း၊ မင်းရောက်လာတာ အတော်ပဲဟေ့"

"သောက်. . . သောက်ရမှာလား၊ ဆ. . . ဆရာ"

"ဟ- သောက်ဖို့ခေါ်တာပေါ့ကွ"

"အား. . . အားနာစရာကြီး. . . ဆ. . . ဆရာရယ် အဟီး"

"လန်ဒူးကွာ-ဖွီ"

ဆရာဦးချစ်သန်းမြင့် (အဘ) က ကျွန်ုပ်အခွက်နှင့် အချိုးကို မြင်သည့်နှင့် 'လန်ဒူးပဲ'ဟု ရေရွတ်ရင်း အမြည်းကိုကောက်ဝါး၍ ပြုံးပြုံးကြီးကြည့်နေရှာ၏။

ကျွန်ုပ်အဖို့ကား ရေငတ်တုန်းရေတွင်းထဲကျ၊ အဲအဲ-ပင်လယ်ထဲကျသကဲ့သို့လည်းကောင်း၊ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသကဲ့သို့လည်းကောင်း၊ ဘုန်းကံဖွံ့ဖြိုး (ကြီးမားမဟုတ်) သူ များအနေဖြင့် အရာရာသည် တောင့်ဟာဂိတ်ကူး ချင်ခြင်းတပ်သည်နှင့် လိုတိုင်းရ၊ တ,တိုင်းဖြစ်သကဲ့သို့ လည်းကောင်း ပြည့်စုံလျက်ရှိပေစွဟု ကိုယ့်သီလနှင့်မေတ္တာတန်ခိုးကို ယုံကြည်လျက် အားနာပါးနာ ရှက်ရွံ့ဟန်ကလေးလုပ်ပြီး (မသိလျှင် ဆရာသမားများ ကျေနပ်စေရန် အိမ်ဖြည့်ဝင်သည့်သဘောမျိုးလိုလိုဟန်နှင့်)





တစ်ခွက်ဝင်ကစ်လိုက်၏။

"ပွဲကြီးပွဲကောင်းဆို ဆရာ။ ဘာများလဲဟင်၊ ရင်တောင်တုန်ချင်ရဲ့ဗျာ"

"ဒီလိုကွ၊ တပည့်ကြီးရ"

ဆရာ ပန်းတနော်ဝင်းသိန်းက သို့ကလို အစချီရင်း ရမ်ပုလင်းကိုငှဲ့၏။

"ပြောလေ ဆရာ"

"ရော့ကွာ၊ နောက်တစ်ခွက်ချလိုက်ပါဦးကွ"

"အား. . . အားနာစရာကြီး ဆရာရယ်"

"လန်ဒူးကွာ- ဖွီ"

ကျွန်ုပ်က ဆရာဝင်းသိန်းကမ်းပေးသည့်ခွက်ကို ကတုန်ကယင်ဟန်နှင့်ယူ၍ မော့လိုက်သောအခါ အဘချစ်သန်းမြင့်က သူ လန်ဒူးနှင့် ထပ်၍ ဂုဏ်ပြု၏။

"ဒီလိုကွ- မောင်မှိုင်းရ။ ဒီနှစ် စာဆိုတော်နေ့နဲ့ ရှေ့ဆင့်နောက်ဆင့် (xxxxx)ကျောင်းအတွက် ရန်ပုံငွေ ဇာတ်က မလို့ကွ"

"ဘယ်သူတွေ ပါဦးမှာလဲ ဆရာ"

သို့ကလိုမေးရခြင်းမှာ အကြောင်းရှိ၏။ ဆရာပန်းတနော်ဝင်းသိန်းသည် ထိုအချိန်က မြို့နယ်မှာ စာပေလုပ်သား အတွင်းရေးမှူးဖြစ်ပြီး အစစအရာရာ ဦးဆောင်နိုင်သူဖြစ်၏။

သို့နှင့်သန်လျင်မြို့နယ် စာပေလုပ်သားအဖွဲ့ကြီးသည် စာဆိုတော်နေ့နီးလာလျှင် ကိုယ့်နည်းကိုယ့်ဟန်နှင့် ရန်ပုံငွေရှာကြ၏။

ကိုယ့်ချွေးနဲ့စာ၊ အကြံဉာဏ်၊လုပ်အားနှင့် စုပေါင်းညီညာလုပ်ကိုင် ရန်ပုံငွေရှာခြင်း ဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်တို့ ကျိုက်ဒေးယျုံဘုရားကွင်းမှာ စတင်၍ ပဒေသာကပွဲ ရုံသွင်းကပြကြ၏။ တစ်နှစ်များ အောချ[illegible]လာက် အောင် ဝက်ဝက်ကွဲ စည်ကားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်က (အဘ) ဆရာဦးချစ်သန်းမြင့် အဆက်အသွယ်မျက်နှာအကူအညီဖြင့် ရုပ်ရှင်နယ်၊ ဂီတနယ်၊ သဘင်နယ်မှ နာမည်ကြီး သရုပ်ဆောင်များပါဝင်ပြီး ကြီးကျယ်လှသော စင်တင်ပဒေသာကပွဲကြီးကို ငုင်းကွင်းမှာ နှစ်ရက်တိတိ ကပြခဲ့ကြသည်။

ထိုအချိန်က -

မြန်မာ့ရုပ်ရှင်လောကမှာ အလွန် နာမည်ကျော်ကြားလှသော အချောဆုံး အလှဆုံး ရုပ်ရှင်မင်းသမီး မေဝင်းမောင်လည်း ပါဝင်၏။

ဒါနှင့်အတူ မင်းသား(ဦး) အောင်လွင်၊ ကျော်စွာဝင်း၊ လင်းအောင်၊ အကယ်ဒမီ နွဲ့နွဲ့မူ၊ ဒါရိုက်တာ မောင်သောင်း (ရှမ်း)တို့အဖွဲ့၊ လေးလေးသာဆန်းတို့အဖွဲ့၊ ဆရာမောင်ယဉ်ကျော်နှင့် ဇကေရီ ကျော်ကျော်တို့အဖွဲ့၊ ရုပ်ရှင်သရုပ်ဆောင်နေသွေးတို့အဖွဲ့၊ အမေဒေါ်မေနွဲ့၏(အမေနှင့်သမီးများအဖွဲ့)တို့အပြင် မြန်မာ့အသံမှ အဆိုတော်များ ပါဝင်ကြ၏။

တီးဝိုင်းကလည်း ရှယ်။ စန္ဒရားလှထွတ်ရဲ့ ခေတ်ပေါ်တီးဝိုင်းနဲ့။ အစ်ကိုကြီး ကိုမင်းနောင်လည်းပါသည်။ ဒီတုန်းက အစ်ကိုကြီးရဲ့ဇနီးချောက အခမ်းအနားအစီအစဉ် ကြေညာပေးခဲ့သည်။

ဇာတ်ခုံကလည်း အပျံစား။

ဒီတုန်းက ဇာတ်ခုံကို သန်လျင် ရေနံလုပ်ငန်းမှ စာပေဝါသနာရှင် အင်ဂျင်နီယာ ဦးအောင်ကြည်က သံပိုက်များ၊ အသားများနှင့် အခိုင်အခံ့ကို တာဝန်ယူဆောက်လုပ်၏။ ဇာတ်ရုံကား အမိုးဖွင့်၊ ဘေးပတ်လည်ထရံကာ၊ ဝင်ကြေးပေးဇာတ်ရုံကြီး ဖြစ်သည်။

နောက်ခံပန်းချီကားကြီးကား ပေ(၄၀)×ပေ(၆၀) အရှည်ရှိ သုံးထပ်သားဆက် ရင်ခွဲလျှောက်လမ်းပြေး ပန်းချီကား။ မြဝတီမင်းကြီးဦးစ စစ်ထွက်ရင်း စစ်နားခိုက် ကလောင်နှင့်ကဗျာစပ်နေသည့်ပုံ။ လက်ရာရှင်က နာမည်ကျော် ပန်းချီဆရာ၊ ရုပ်ပြရေးဆရာ





လေးကိုလှမြင့်ထွဏ်း။

ပါဝင်သရုပ်ဆောင်သူ စေတနာရှင် အနုပညာရှင်များအတွက် စားရေးသောက်ရေးကို သန်လျင်မြို့နယ် သတင်းထောက်ကြီး ဦးမွေး (ဟံသာဝတီအိုးတော်၊ ယခုကွယ်လွန်)က တာဝန်ယူ၏။ စင်တင်ကပြမည့် ဇာတ်လမ်းများကို စာရေးဆရာ (ရွှေ့သို့စာစောင် အယ်ဒီတာ) ဆရာ ပန်းတနော်ဝင်းသိန်းက ရေး၏။ ဆရာဦးချစ်သန်းမြင့်က ရန်ကုန်သို့သွား၍ မေဝင်းမောင်တို့ကို ဇာတ်ချပေးရသည်။ တိုက်ပေးရသည်။

ကျွန်ုပ်ကား အလွန် ကံကောင်းသူ ဖြစ်၏။

နာမည်ကျော် ရုပ်ရှင်မင်းသမီး မေဝင်းမောင်နှင့် မောင်နှမအခန်းမှာ ပါဝင်ကပြရ၏။

အဲဒီတုန်းက ‘အညတြခေါင်စု မောင်ပံသု’ အမည်ရှိ စာရေးဆရာဘဝ သရုပ်ဖော်ပြဇာတ်နှင့် ‘သာအိုးနှင့်သူ၏သားသမီးများ’ ဟာသပြဇာတ်ကို ကျွန်ုပ်၊ အဘချစ်သန်းမြင့်၊ ဆရာပန်းတနော်ဝင်းသိန်းတို့ ပါဝင်သရုပ်ဆောင်ရကာ နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ သရုပ်ဆောင်များ ပါဝင်ကြသည်မို့ ညစဉ်ပရိသတ် ပြည့်လျှံပြီး ရုံထရုံပွင့်၍ ရုံဖွင့်ပေးရသည်။ ရလိုက်သည့် ဝင်ငွေကလည်း သောက်သောက်လဲဖြစ်၏။ (တကယ်လည်း ကျွန်တော်တို့ ဇာတ်ခုံနောက်ပိုင်းမှာ သောက်သောက်လဲ ဖြစ်ခဲ့၏။ သန်လျင်မြို့ ရောက်ကာစစာရေးဆရာ ကိုကျော်မင်းနိုင်ပင် အဆစ်ပါလိုက်သေး၏)

ဆိုရလျှင် -

ကျွန်တော်တို့အဖွဲ့က စာပေဟောပြောပွဲ (စာဆိုတော်နေ့အတွက်) အဲဒီလို ဟိတ်ဟန်ကြီးစွာ ရန်ပုံငွေရှာခဲ့ဖူး၏။ သုံးခဲ့၏။ စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ နှစ်စဉ်လုပ်ခဲ့ကြ၏။

နောင်အခါ ကျွန်ုပ်တို့သုံးဦး၏ဇာတ်ပိုးကို သိရှိသွားကြသော



www.burmeseclassic.com

www.burmeseclassic.com



နေ့ကလေးထိန်းကျောင်းမှ ဆရာမကြီးတစ်ဦးသည် သူ့ကျောင်းရန်ပုံငွေအတွက် ကြိုတင်ကုလားထိုင်လက်မှတ်ရောင်း အစီအစဉ်ဖြင့် ပဒေသာကပွဲကြီးတစ်ခု ပြုလုပ်ပေးပါရန် ဆရာပန်းတနော် ဝင်းသိန်းအား ယုံကြည်စွာ အပ်နှံခဲ့လေသည်။

"ပြောပါဦးဆရာရဲ့၊ ဘယ်သူတွေပါကြမှာလဲ-အေ့"

"အဲ- ဘယ်သူတွေပါမလဲဆိုတော့. . . အေ့- ရာမဦးအုန်းမောင်တို့၊ ရေကျော်ရာမအဖွဲ့လည်း ပါမယ်ကွ"

"မေ. . . မေ ဝင်းမောင်တို့၊ အ. . . အဖွဲ့ရော ပါဦးမလား ဆရာ"

သို့ကလို မေးလိုက်တော့ အဘဆရာဦးချစ်သန်းမြင့်က ငယ်တပည့်အကြောင်းသိသူမို့ သောက်ရင်းတန်းလန်းမှ ကျွန်ုပ်ကို ဖနောင့်နှင့်ပေါက်ရန်ရွယ်လိုက်သည်။

"ရုပ်ရှင်နဲ့ဂီတနယ်ကတော့ မပါတော့ဘူးကွ-အေ့။ ကုန်ကျစရိတ်က သိပ်ကြီးရင် အမြတ်မရဘဲ ဆရာမကြီးလက်ကောက်ချွတ်ရောင်းနေရဦးမယ်။ ပြီးခဲ့တဲ့ စာဆိုတော်ကပွဲကတောင် မင်းတို့ငါတို့သောက်တဲ့ အရက်ဖိုးတင် အိမ်တစ်လုံး ဆောက်လို့ ရတာ မင်းသိသားဥစ္စာ။ ဒီရုပ်ကွက် (အောင်မင်္ဂလာနဲ့ ဒါရိုက်ကာရုပ်ကွက်) က ဒေသခံ အနုပညာရှင်အဖွဲ့ တစ်ဖွဲ့လည်းပါမယ်ကွ။ အဲဒါ ငါနဲ့ ဖိုးချစ် (ဆရာပန်းတနော် ဝင်းသိန်း၊ဆရာပွင့်လန်း(သတ္တုတွင်း)၊ ဆရာ သန်လျင်ရန်နောင်တို့က အဘဦးချစ်သန်းမြင့်ကို ဖိုးချစ်ဟုအမြဲခေါ်လေ့ရှိ၏။ စကားချပ်) အဲဒါ ငါအားလုံးစီစဉ်ပြီးပြီ။ မင်းတို့ ငါတို့ ကဖို့၊ ဇာတ်တိုက်ဖို့ ရှိတယ်"

"နေပါဦး ဆရာရဲ့။ ဒီပွဲခွင်မှာ ဘာဇာတ်ကမှာလဲ"

"ဦးအုန်းမောင်တို့၊ ရေကျော်မောင်မောင်တို့က ရာမမင်းသား လေးတော်တင်ခန်းကို ပထမပိုင်းမှာကမယ်။ အဲဒီမှာလည်း မင်းတို့က ခုနစ်ပြည်ထောင်မင်းသားများ လေးတော်





ဝင်ပြိုင်ရာမှာ ဝင်ကူညီပေးရမယ်"

"ဖြစ်ပါ့မလားဆရာ"

"ဖြစ်ပါတယ်၊ မင်းတို့မျက်ခွက်က နဂိုကတည်းက ပြောင်ပြီးသားပါ"

"ဆ. . . ဆရာ၊ စိတ်. . . စိတ်ချရင် ပြီးရောလေ"

"သရုပ်ဆောင်တာတော့ မင်းရော၊ အုန်းသောင်ရော မြဟန်ပါ ငါစိတ်ချတယ်။ စိတ်မချတာ တစ်ချက်ပဲရှိတယ်"

"ဘာများပါလိမ့် ဆရာရယ်"

"တောင်ရှည်ပုဆိုးတွေကို ရာမဦးအုန်းမောင် ဇာတ်အဖွဲ့က မင်းတို့ကို အကျအနဆင်ပေးမှာ။ အရေးကြီးတာက ပွဲပြီးရင် တောင်ရှည်ပုဆိုးတွေကို ပြန်မအပ်ဘဲ မချွဲမိ အရက်ဆိုင်မှာ ပေါင်မသောက်ဖို့က အဓိကအချက်ပဲ"

"ဟာဗျာ၊ ဆ. . . ဆရာကလည်း လုပ်. . . လုပ်ပါ့မလား ဆ. . . ဆရာရယ်"

"အေးလေ၊ လုပ်တဲ့အကြိမ်ပေါင်းကလည်း မင်းရော ဖိုးချစ်ပါ မနည်းဘူး မဟုတ်လား"

"ဖွီ- လန်ဒူးပဲကွာ။ ဝင်းသိန်းရာ၊ မင်းကတော့လုပ်ပြီ။ ဟား ဟား ဟား ဟား"

အဘဦးချစ်သန်းမြင့်က သောက်ရင်းတန်းလန်းမှ ရယ်လိုက်သည်မှာ တံတွေးပါသီး၏။

"စိတ်ချပါ ဆရာ၊ ဒီတစ်ခါ ပေါင်မသောက်ပါဘူး။ ဟို . . . ဟို အပြတ်ရောင်းစား. . ."

"တယ်- ငါပြောရင်းကနေ့ ကန်လိုက်ရရင်လား။ တိရစ္ဆာန်ကောင်-ဟင်း"

"ကန်တော့၊ ကန်တော့-ဆရာရယ်။ နောက်တာပါခင်ဗျာ-အေ့၊ နောက်ပြောင်တာပါ ခင်. . . ခင်ဗျ။ ဇာတ်က ဒါပဲလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသေးတယ် နောက်တစ်ဇာတ်။ မင်းတို့ငါတို့ စာရေးဆရာတွေ ဇာတ်ခုံပေါ်မှာကဖူးသူတွေချည်း သီးသန့်သရုပ်ဆောင်ရမယ့်ဇာတ် ရှိသေးတယ်"

"ဘာဇာတ်များပါလိမ့် ဆရာရယ်"

"အောင်မြေသာစံဇာတ်"

"ဟဲ. . . ဗီးကြီးပါလား ဆရာ"

"ဟဲဗီးတွေလုပ်တာ ဥစ္စာ၊ ဟဲဗီးမှာပေါ့ကွ။ ဟုတ်ဘူးလား ဖိုးချစ်"

ကျွန်ုပ်ဆရာကား အရက်တစ်ခွက်ကို လှစ်ခနဲမော့လိုက်ပြီးနောက် သူ့ရင်ဘတ်သူ လက်ဝါးနှင့် သုံးလေးချက်ပုတ်၍ ပြောရင်းက သောက်ဖော်သောက်ဖက် အဘဦးချစ်သန်းမြင့်ကို သေဖော်ဆွယ်လိုက်၏။

"ဒါ. . . ဒါပေါ့၊ ဒါပေါ့၊ အဟွတ်. . . အဟွတ် မြန်မာပြည်မှာ ချစ်သန်းမြင့်နဲ့ ဝင်းတနော် ပန်းသိန်း. . ."

"ပန်းတနော် ဝင်း. . . . သိန်းပါ ဆ. . . ရာ"

"အေးအေး ချစ်သန်းမြင့်နဲ့ ပန်းတနော်ဝင်းသိန်း ဆိုတာ သာမညမှ မ. . . မဟုတ်တာ၊ အေ့အေ့အေ့. . ."

'ဟုတ်တာပေါ့ဆရာ'ဟု ကျွန်ုပ် မထောက်ခံရဲ။

အကြောင်းကား ဟုတ်တာပေါ့ ဆရာရယ်ဟု ယောင်ယောင်မှားမှားနှင့်များ ထောက်ခံမိလျှင် အဲဒီ ဆရာရင်းသမားရင်း နှစ်ယောက်သည် 'နမူနာကြည့်'ဆိုကာ ဖိုးစိန်နှင့်အောင်ဗလ သီချင်းများကို ခုနစ်သံချီဟစ်၍ အသံပြဲကြီးများဖြင့် အော်ဆိုကြမည်။

ပြီးနောက် ဖိုးစိန်က ဒီလိုကတာ. . .

စိန်အောင်မင်းက ဒီလို လှမ်းတာ. . .

ရွှေမန်းတင်မောင်က ဒီလို ဟစ်တာနှင့် မူးပြီး မဟုတ်က ဟုတ်က ကကြိုးကကွက်များကို တစ်ညလုံး၊ တစ်နေ့လုံး က,ပြကြလိမ့်မည်။





အခန့်မသင့်လျှင်တစ်ယောက်က မင်းသားဖိုးစိန်လုပ်၍၊ တစ်ယောက် မင်းသမီး အောင်ဗလလုပ်ကာ ပန်းသလားမေပျို နှစ်ပါးသွားသီချင်းကို မလဲမချင်း ကကြ၊ ဆိုကြပေလိမ့်မည်။

ယခင်ကလည်း ဒီနည်းအတိုင်း ကခဲ့ကြရကား။ သောက်ဖော်သောက်ဖက်များက လမ်းမှာ သူတို့နှစ်ဦးတည်းကို ပစ်ထားခဲ့ပြီး ဆိုက်ကားစီး၊ မြင်းလှည်းစီးပြီး ပြေးခဲ့ကြရဖူးပြီ။

သို့ကလို အကြောင်းသိနေ၍ မထောက်ခံဘဲ ကျွန်ုပ်ကအသာငြိမ်နေလိုက်ရကား အလွန်က,ချင်နေရှာသော အဘဦးချစ်သန်းမြင့်ခမျာ ပုဆိုးတပြင်ပြင်နှင့် မရိုးမရွဖြစ်နေရှာလေသည်။

"အဲဒီ အောင်မြေသာစံ သီချင်းကြီးသရုပ်ဖော်မှာ ငါနဲ့ကိုအောင်သန်းပု က ဝန်ကြီးလုပ်မယ်၊ မင်းဆရာ ချစ်သန်းမြင့်က ပခန်းမင်းသားကြီး၊ မင်းက ပခန်းမင်းသားကြီးရဲ့လက်စွဲ ဝါဝါက နန်းတွင်းအဆိုတော်၊ အုန်းသောင်နဲ့ မြဟန်က မြို့တော်ဝန်နောက်လိုက်၊ လူကြမ်း ထောင်အမှုထမ်း မင်းမှုထမ်းပေါ့ကွာ"

ဒီမှာ ကျွန်ုပ် ရင်အနည်းငယ် တုန်သွားခဲ့၏။

အကြောင်းကား အာနိုးအုန်းသောင် ပါဝင်သောကြောင့်တည်း။ အာနိုး အုန်းသောင်ကား သူ့နှမလေးဝမ်းကွဲကို ကျွန်ုပ်ကစာသုံးစောင်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်ကိုအမှုန့်ချေမစ်မည်ဟု ကြုံးဝါးထားသူ။

"ဆ. . . ဆရာ"

"ဘာတုံးကွ"

"အာ. . . အာနိုး အုန်းသောင်အစား ဒိပြင်လူ ထည့်လို့မရဘူးလားဟင်"

"ဘာဖြစ်လို့လဲ"

"ဟို. . . ဟိုဒင်း၊ အဲအဲ. . ."

ကျွန်ုပ်ကား ကျွန်ုပ်၏အရှက်တကွဲ အကျိုးနည်းကိစ္စကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြုရန်ခက်နေ၏။ စိတ်ဓာတ်မြဲသန်းကြီး နှိပ်စက်၍ အကျိုးနည်းခဲ့ရသည့်ကိစ္စကို ဆရာသမားများသိလျှင် ငါတို့လိုပညာရှိများရှိလျက်သားနဲ့ စိတ်ဓာတ်မြဲသန်းလို ဒုက္ခအိုးသူကြီးကိုမှ အားကိုးရကောင်းလားဟု အပြစ်ပြောဦးမည်။

"ဒီလိုရှိတယ် မောင်မှိုင်းရ။ အာနိုးအုန်းသောင်က ဗလကောင်းတော့ ထောင်မှူး အာဏာသားလိုဇာတ်ရုပ်မျိုးနဲ့ အံကိုက်လို့ကွ"

သို့နှင့် ကျွန်ုပ်လည်း အတွန့်အကွန့်မတက်ရဲတော့ဘဲ ငြိမ်နေလိုက်ရ၏။ နောင်ခါလာနောင်ခါချေးဟု သဘောထား၍ မီးစင်ကြည့်ကမည်ဟု ပိုင်းဖြတ်လိုက်၏။

"ရှင်ဘုရင်နေရာကော ဘယ်သူလုပ်မှာလဲဆရာ"

"ဒီဇာတ်လမ်းက ရှင်ဘုရင်ခံ့ညားဖို့ အရေးကြီးတယ်ကွ။ လောလောဆယ် ရှင်ဘုရင်နေရာ ဘယ်သူ့ကိုလျာထားရမှန်း မသိသေးဘူး"

"ဆရာ ပွင့်လန်းရော"

"သူက မင်းတို့ ငါတို့လို ဇာတ်ရူးတွေနဲ့ မပေါင်းဘူးတဲ့"

"ဒါဆို ဆရာ သန့်လျှင်ရန်နောင်ကို သုံးကြည့်ပါလား"

ဆရာသန့်လျှင်ရန်နောင်ကား လူပျိုစစ်စစ် ရေမရောကြီးဖြစ်၏။ ထိုစဉ် လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းမှာ မုဆိုးဝတ္ထုများရေးနေ၏။

သူသည် အရက်လည်းမသောက်။ ဖဲလည်းမရိုက်။ မိန်းမလည်းမပိုး။ မိန်းမမြင်လျှင် ဘာကြောင့်မှန်းမသိ ထမင်းစားရင်းတန်းလန်းနှင့်ပင် ပန်းကန်ချပြီး အိမ်နောက်ဖေး ဝင်ပြေးပုန်းသူဖြစ်၏။

သူများပြောသံကြားအရ ပထမဦးဆုံးရည်းစားက သူ့ကိုပတ်၍ နောက်တစ်ယောက်နှင့် လိုက်ပြေးသွားသဖြင့် ထိုအချိန်မှစပြီး မိန်းမများကို လုံးဝစိတ်နာသွားသည်ဟု ကြားရဖူး၏။ သူခြေမနှင့်လက်မကိုပါ ဓားနှင့်ခုတ်ဖြတ်မည်လုပ်၍ ဆွမ်းခံကြွသော ဦးပဥ္စင်း





တစ်ပါးက မနည်းတရားချရသည်ဟုလည်း ကြားရ၏။

အချို့ပြောတော့လည်း ကြွေးရှင်မိန်းမ၊ အချို့က သူ့ထံမှ အကြွေးရစရာရှိသည်ကို ကြာလွန်း၍ သည်းမခံနိုင်သည့်အဆုံး လူတောသူတောထဲအထိ အော်တောင်း၊ လက်ဆွဲတောင်း၊ တိုက်ပုံချွတ်ယူမည်ကြံ့ုးဝါး၍ ၎င်းအကြွေးများ ကျေပြီးသည့်အချိန်ကစပြီး ဒီတစ်သက် အတူနေနှမလေးမှလွဲပြီး ဘယ်မိန်းမမှ စကားမပြော၊ မျက်နှာမကြည့်ဟု ဘုရားမှာအဓိဋ္ဌာန်သစ္စာပြုခဲ့သည်ဟုလည်း ကြားရပြန်သည်။

(ယခု ဆရာသန့်လျှင်ရန်နောင် အနိစ္စရောက်သွားခဲ့ပြီ)

သူ့အသုဘမှာ ရပ်ထဲရွာထဲက မိန်းမကြီးငယ်ရွယ်ပုနုများစွာနှင့် နောက်ဆုံးလက်ကျန်ကြွေးမရရှာသည့် မိန်းမကြီးများလိုက်ပို့သည်ကို ခများမသိရှာခဲ့။ သိများသိလျှင် ဒေါသများပေါက်ကွဲပြီး ချက်ချင်း ခေါင်းထဲမှ ပြန်ထ,လာလေမလား မသိ။

"ထားပါလေ။ ရှင်ဘုရင်လုပ်မည့်သူက အေးအေးဆေးဆေး ရှာတာပေါ့။ နောက်ခံတီးဝိုင်းကရော အိုကေရဲ့လား ဆရာ"

"အိုကေတယ်။ ဆရာ တယောဦးကိုကိုကြည်ကို မေတ္တာရပ်ခံပြောထားပြီးပြီကွ"

"ဆရာကြည်တို့ဝိုင်းဆို သိပ်ကောင်းပေါ့ ဆရာ။ ဘယ်နေ့စတိုက်မလဲ"

"အင်္ဂါနေ့ညစ,တိုက်မယ်။ သောက်ကွာ၊ ရေးပြီးသား ဒိုင်ယာလော့လည်း သောက်ပြီးရင် မင်းယူပြီးကျက်ထားနှင့်"

သို့နှင့် ဆရာတပည့်သုံးယောက် ဇာတ်ကောင်များ ဇာတ်ဝင်ခန်းပြောရမည့် စကားများကို စဉ်းစားလိုက်၊ တစ်ခွက်မော့လိုက်၊ စာရွက်များပေါ် ချရေးလိုက်၊ နောက်တစ်ခွက်မော့လိုက်၊ အသံထွက်ရွတ်လိုက်၊ နောက်တစ်ပုလင်းဖွင့်လိုက်နှင့် ထိုနေ့ညက စာရွက်နှစ်ရွက်မပြည့်သော်လည်း သန်းခေါင်ကျော်သောအခါ [illegible]ငါးပုလင်း ပြောင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဘဦးချစ်သန်းမြင့်လည်း ခါးပုဆိုးကွင်းသိုင်းနှင့် အိပ်တော်မူနေပြီး အိပ်ရင်းတန်းလန်း ပါးစပ်မှယောင်၍ စကားတွေ ပြောနေသည်။

“မြ. . . မြ”

“မြလေး၊ ကိုယ့်အချစ်”

သူယောင်နေသည်။ ပါးစပ်မှ ‘မြလေး၊ ကိုယ့်အချစ်’နှင့် ပြောရင်း ငုတ်တုတ်ငိုက်နေသည့် ဆရာပန်းတနော်ဝင်းသိန်းပါးကို ပွတ်၍ ညှုနေ၏။

“မြလေး၊ မြလေးကို အစ်ကိုက (၁၀)နှစ်သမီးကတည်းက ချစ်. . . ချစ်ခဲ့ရတာပါ မြလေးရယ် ဂွိ. . .”

မြလေးတဲ့။

အခုမိန်းမကိုပြောနေသလား၊ ငယ်ရည်းစားကို လွမ်းနေသလားမသိ။ ကျွန်ုပ်၏ဆရာ ပန်းတနော်ဝင်းသိန်းကား အဘချစ်သန်းမြင့်အနီးရှိ ထိုင်ခုံကိုမှီရင်း မျက်လုံးနှစ်လုံးပြူးလျက် တောင့်တောင့်ကြီး။ ဖြုန်းဆို ငုတ်တုတ်သေနေပြီမှတ်၍ ‘ဆရာ၊ ဆရာ’ ဟုလှုပ်နှိုးလိုက်သောအခါ ‘ဟော’ဆိုပြီး ကျွန်ုပ်ပေါ်သို့ ပြုတ်ကျလာသဖြင့်-

ထိုနေ့ညက ကျေးဇူးရှင် ဆရာဦးဝင်းသိန်းကိုဖက်ပြီး ကျွန်ုပ်ပါ မူးမူးနှင့်အိပ်ပျော်သွားခဲ့လေသည်။

ပျော်စရာကောင်းလေစွ။

အိပ်မက်ထဲတွင် ကျွန်ုပ်နှင့်ရုပ်ရှင်မင်းသမီးချောလေး မေဝင်းမောင်တို့ နှစ်ပါးသွားကနေသည်။ သို့ကလို ပျော်ရွှင်ကြည်နူးမြူးထူးစွာ နှစ်ပါးခွင်ကနေစဉ် ဆရာပန်းတနော်ဝင်းသိန်းနှင့် အဘချစ်သန်းမြင့်တို့က တောင်ရှည်အကွက်ကြီးများဝတ်၍ လူရွှင်တော်လုပ်ရရှာသည်ဟု အိပ်မက်မက်၏။

ထိုအိပ်မက်ဆန်းကို နံနက်မိုးသောက် အလင်းရောက်သည်ရှိသော်၊ အဲလေ-မှားလို့၊ ဘွာဘွာခင်ဗျ။

အမှန်က ဆွမ်းခံကြွသည့်ကိုယ်တော် တံခါးခေါက်မှသုံးယောက်သား လန့်ဖျပ်နိုးလာကြတာလည်း ဖြစ်သည်။



ဘုန်းတော်ကြီး ဦးကုမာလသည် ခုမှရှူးကြောင်မူးကြောင်နှင့် နိုးလာကြသည့် ကျွန်ုပ်တို့သုံးဦးကိုမြင်သည်ရှိသော် -

“ဒီနေ့လည်း ကန်တော့ဆွမ်းပဲ မဟုတ်လား ဒကာဝင်းသိန်း”

“မှန်. . . မှန်လှပါဘုရား။ ညက တပည့်တော်ကို ဟို. . .”

ဘုန်းတော်ကြီးမှာ အကြောင်းသိဖြစ်နေရကား ဆရာဝင်းသိန်းစကားကို ဆုံးအောင်နားမထောင်ဘဲ လျှင်မြန်စွာပြန်လှည့်၍ လှေကားမှ ဆင်းတော်မူရှာသည်။

(အခြားအိမ်ကြွသည်ကမှ မဟုတ်သော်လည်း ပဲပြုတ်ဆွမ်းလေး ရနိုင်ပေမည်။ ကျွန်ုပ်ဆရာကား လောင်းစရာဆွမ်းမရှိသော်လည်း ရောင်းစရာပုလင်းအခွံလွတ်များက ငါးလုံးရှိ၏တည်း။)

သုံးယောက်စလုံး ဘုန်းကြီးပြန်ကြွသွားသည်နှင့် မျက်နှာမသစ်ဖြစ်ကြတော့။ တစ်ယောက်ကိုတစ်ယောက် ငေါင်တောင်တောင် ငူစင်းစင်းနှင့်သူစိမ်းပြင်ပြင်ကြည့်ကြကာ နားထင်ကိုနှိပ်ကြ၏။ ဇက်ကိုစမ်းကြ၏။ တကျွတ်ကျွတ် စုတ်သပ်၏။

(သနားစရာလေးတွေ. . .)

ဒိနောက် ခေါင်းကိုက်ပြေ လက်ကျန်အရက်တစ်ပိုင်းကို မောနင်း‘ဂွပ်’ကြပြီးသည်ရှိသော် ဒီဇယ်နှင့်အင်္ကျီဝိုင် အထည့်ခံရသော အင်ဂျင်များပမာ သွေးကြောလေကြောများ လှုပ်လှုပ်ရှားရှား ရှိလာကြ၏။

မျက်နှာမှာ အရက်ပန်းအပြုံးဖူးများ ဖူးပွင့်လာကြ၏။

သည်မှာ ကျွန်ုပ်က ညကအိပ်မက်အကြောင်းအား ဆရာနှစ်ယောက်ကို နံနက်မိုးသောက် မင်္ဂလာစကားအဖြစ် ပြောပြလိုက်သောအခါ ကျေးဇူးရှင်ဆရာနှစ်ယောက်ကား ကျွန်ုပ်ကို ဝိုင်းဆဲ၍ ဖနောင့်နှင့်ပေါက်လိုက်ကြသည်မှာ ပုလင်းနှစ်လုံးကွဲ၏။

“မတန်မရာ ပြောတယ်။ ခက်တယ်၊ တကယ်ဆို ငါတို့ နှစ်ယောက်နဲ့ တွဲကပြီး မင်းက ကားဆွဲလုပ်တယ်ဆိုရင် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



နံနက်ချိန်ခါမှာ ဒီစကားဟာ အယူတော်မင်္ဂလာဦးနိုးရဲ့ ပညာပိုင်းအရကြည့်ရင် စုတ်ရောလာဘ်ရောဝင်မယ့်ကိန်း။ ခုတော့ သေဟ . . . သေဟ. . . ငမိုက်သားရ"

❖ ❖ ❖



## မြို့တွန်အောင် ကမည့်မင်းသား

ယခု ကျွန်တော်တို့ ပရိသတ်အားအားရပါးရ ဖျော်ဖြေတင်ဆက်ရန် စီစဉ်ထားသည့် 'အောင်မြေသာစံ' ဇာတ်လမ်း၏ နောက်ကြောင်းရာဇဝင်ကို စာဖတ်သူများ ကြိုတင်သိရှိထားမှသာလျှင် လွမ်းစရာ၊ သနားစရာကောင်းသောဇာတ်၏ ရယ်စရာကောင်းသော ဖြစ်ပုံဒုက္ခများကို သိရှိနားလည်နိုင်ကြပေလိမ့်မည်။

အောင်မြေသာစံ သီချင်းသည် တောင်လားပတ်ပျိုး ဖြစ်၏။ ၎င်းသီချင်းဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကား ဤသို့ရှိလေ၏။

ဘိုးတော်ဘုရားလက်ထက်မှာ ပခန်းမင်းသားကြီး မဟာဓမ္မရာဇာသည် အိမ်ရှေ့စံသားတော်ကြီး ဖြစ်လေ၏။

ပခန်းမင်းသားကြီး မဟာဓမ္မရာဇာသည် ဖခမည်းတော် (ဘိုးတော်ဘုရား) မနှစ်သက်သည့် အပြုအမူအချို့ပြုလုပ်သည့်အတွက် ခမည်းတော်ဘုရားက အမျက်တော်ရှကာ အထက်မြစ်ညာ သစ်တောနှင့်တောင်များ ထူထပ်သည့် မဲဇာလိုအရပ်မျိုးကို ပြစ်ဒဏ်ခတ်၍ ပို့လိုက်သည်။

အဲဒီမှာ ပခန်းမင်းသားကြီးသည် နေပြည်တော်ကို လွမ်းဆွတ်သတိရသည့်အတွက် သူနေရသည့် ရောက်ရှိနေသည့် ပတ်ဝန်းကျင်သဘာဝ နေပြည်တော်အလွမ်းကို 'အောင်မြေသာစံ' အစချီ



www.burmeseclassic.com

www.burmeseclassic.com



တောင်လားပတ်ပျိုးဖွဲ့သီ၍ ရွှေနန်းရှင်ဘုရားထံ ဆက်သွင်းခဲ့သည်။

သားတော်ကြီး ပခန်းမင်းသား ဆက်သွင်းသည့် အောင်မြေသာစံသီချင်းကို ဖခမည်းတော်ဘိုးတော်မင်းတရားကြီး ရွှေနားတော်ဆင်လိုက်ရသောအခါ သနားတော်မူပြီး ရွှေစိတ်တော်ပြေ၍ နောင်တရ အမှားမြင်နေသည့် သားတော်ကို နေပြည်တော်သို့ ပြန်ခေါ်သည့်ဇာတ်လမ်း ဖြစ်သည်။

အလွမ်းလည်းပါသည်။ ကြည်နူးပျော်ရွှင်စရာလည်းပါသည်။ အသိပညာပေးလည်း ပါသည်။ ဇာတ်လမ်းကောင်းဖြစ်၏။

ဖော်ပြပါဇာတ်လမ်းကို ဆရာပန်းတနော်ဝင်းသိန်း ကိုယ်တိုင် ဇာတ်ညွှန်းဖွဲ့၍ ဒါရိုက်တာလုပ်သည်။

ကံကောင်းထောက်မစွာဖြင့် အလွန်အရေးကြီးလှသော ရှင်ဘုရင် (ဘိုးတော်ဘုရား) သရုပ်ဆောင်နေရာတွင် နိုင်ငံကျော်မည့် သရုပ်ဆောင်ကောင်းတစ်ဦးကို ကျွန်ုပ်တို့ ကံကြီးလှစွာ၊ ထူးခြားစွာ ရရှိခဲ့၏။

အဲဒီပုဂ္ဂိုလ်ကို ရလိုက်သည့်အချိန်၊ ဇာတ်ကမည့်အချိန်မှစ၍ အလွန်သနားစရာ ကြေကွဲရင်နင့်ဖွယ်ရာ ဇာတ်လမ်းသည် ကကြိုးကကွက် ကကြိုးကကြောင် အိုးနင်းခွက်နင်းဖြစ်ကာ သောသောညံအောင် ရယ်ခဲ့ရသော ဟာသဇာတ်တော်ကြီး မမျှော်လင့်ဘဲ ဖြစ်ခဲ့ရလေသည်။

ဖြစ်ပုံကား ဤသို့တည်း။

ဆိုခဲ့သည့်အတိုင်း ဂီတပညာရှင် ဆရာ တယောဦးကိုကိုကြည်နှင့်အဖွဲ့က နောက်ခံဂီတကို တယော၊ ဂီဟာ၊ မောင်း၊ ဒုံမင်း၊ ဗုံ စသည်တို့ဖြင့် တာဝန်ယူကူညီပံ့ပိုး တီးခတ်ပေး၏။

နောက်ခံအဆိုရှင်ကား ဆရာကြည်၏ဇနီးချော စာရေးဆရာမလည်းဖြစ်၊ ရေဒီယိုအဆိုတော်လည်းဖြစ်သည့် အစ်မကြီး သန်လျင်မညိုသန့်က သီဆိုပေး၏။





ကျွန်ုပ်တို့ တစ်နေ့ ဆရာကြည်အိမ်သို့ရောက်သော် -

အိမ်ရှေ့မှာ ပန်းချီဆရာ လူရွယ်တစ်ဦး ပန်းချီရေးနေသည်ကို တွေ့ရ၏။ သူ့ပုံစံကား အရုပ်ခြောက်ပေကျော်ခန့်ရှည်၏။ နှုတ်ခမ်းမွေးကားကား၊ ကျောပေါ်ဝဲကျနေသည့် ဆံပင်ရှည်ဖားလျားနှင့် ပိန်လိုက်သည်မှာလည်း ဝါးခြမ်းပြားထောင်ထားသလိုလို၊ ငါးဖောင်ရိုးခြောက်လိုလိုရှိ၏။

ဒါ့အပြင် သွားကလည်း ခေါလိုက်သမှ ကနားဖျင်းထိုးထားသကဲ့သို့ရှိ၏။ ပါးစပ်ပြပုံကား ရယ်လိုက်လျှင် နားရွက်ကို တက်ချိတ်၏။

သူကား အခြားမဟုတ်။

လွန်ခဲ့သည့် နှစ် (၂၀) ဟိုမှာဘက်ကာလ ရန်ကုန်ပန်းချီလောကနှင့် ရုပ်ပြပေါ်ဦးစခေတ်မှာ လျှမ်းလျှမ်းတောက် အလွန်နာမည်ကြီးလှသော လူရွယ်ပန်းချီဆရာ ကိုလှမြင့်ထွဏ်းဖြစ်၏။ ခမျာကြီးကား အဆိုတော် အစ်မကြီး မညိုသန့်၏မောင်လည်း ဖြစ်၏။ တစ်နည်း ဂီတပညာရှင်ဆရာကြီး တယောဦးကိုကိုကြည်၏ ချစ်လှစွာသော ယောက်ဖလည်းဖြစ်ရှာပေသည်။

၎င်း၏ တစ်မူထူးခြားလှသော ကြန်အင်ရုပ်လက္ခဏာကို ဒါရိုက်တာ ဆရာပန်းတနော် ဝင်းသိန်း ရုတ်ခြည်းမြင်သည်ရှိသော် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဓာတ်ပုံနှင့် တူလွန်းလှပေစွဟု ရွှေသဘောတော်ကျပြီး ကိုလှမြင့်ထွဏ်းအား ရှင်ဘုရင်ခန်းမှာ ဝင်သရုပ်ဆောင်ရန် စည်းရုံးတော့သည်။

"ကို. . . ကို. . . ဝင်းသိန်း၊ ကျွန်တော် ဇာတ်ခုံပေါ် တစ် . . . တစ်ခါမှ မတက်ဖူးဘူး ခင်ဗျ"

ခမျာသည် လူရိုးလူအေးကြီးပီပီ ရိုးသားစွာ ပြောရှာ၏။

"မတက်ဘူးလည်း ကိုယ်ရော၊ ချစ်သန်းမြင့်ရော၊ မောင်မှိုင်းရောပါနေတာဥစ္စာ။ ပြီး မင်းယောက်ဖနဲ့ မင်းအစ်မလည်း ရှိနေတာပဲ။ လုပ်ပါကွာ ငါ့ညီရာ၊ ရှင်ဘုရင်ခန်း တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ရာ အရေးတကြီးလိုနေလို့ပါ။ မင်းက ခံ့ညားတယ်ကွ။ မသိရင် အလောင်းမင်းတရားကြီး ဝင်စားနေသလိုပဲ"

ဆရာဦးဝင်းသိန်းကား အဲဒီပန်းချီဆရာကို မြှောက်၏။ ပင့်၏။ ပို့၏။

"မလုပ်ပါရစေနဲ့ ကိုဝင်းသိန်းရာ၊ ကျွန်တော် စကားလည်း မ. . . မပြောရဲဘူးဗျ"

ဟိုက သူ့အကြောင်းသူသိလို့ လုံးဝမလုပ်ပါစေနဲ့ဟု အတန်တန်ငြင်းရှာပါသည်။ ဒါပေသိ ကျွန်ုပ်တို့၏ ဒါရိုက်တာအာစရိက လွတ်သဘောကျနေရကား နောက်ဆုံး ကိုလှမြင့်ထွဏ်း၏ယောက်ဖနှင့်အစ်မလုပ်သူတို့က -

"မောင်လေးရယ်၊အစ်မတို့လည်းရှိနေတာဥစ္စာ။ကိုဝင်းသိန်းကိုအားနာစရာကြီး။ ဇာတ်ဝင်ခန်းက ဘယ်နှခန်းလဲ ကိုဝင်းသိန်း"

"အားလုံးပေါင်း နှစ်ခန်းတည်းပါ မညိုသန့်ရာ"

"ကိုင်း- ကိုင်း၊ ဝင်ကူညီလိုက်ပါကွယ် မောင်လေးရယ်"

"ခက်တာပဲဗျာ"

"မခက်ပါဘူးကွာ။ အစ်ကိုတို့လည်း ဝိုင်းသင်ပေးမှာပေါ့"

ဆရာဦးကိုကိုကြည်ကလည်း ဝင်၍ကူပြောပေးသည်။ သို့နှင့် သူဂိလာနပုတ်သင်ညိုကြီးကဲ့သို့ ခေါင်းလေးကြီးကို ညိတ်ရှာရကား . . .။

ဤဇာတ်ကြီး ဟီးဟီးထ ကျော်စောထင်ရှားတော့မည်ဟု ဆရာဦးဝင်းသိန်းက လက်ခမောင်းခတ် ကြွေးကြော်လေသည်။

ဒီလိုနှင့် လူစုံတက်စုံ သရုပ်ဆောင်ဇာဟ်ကောင်များလည်း ပြည့်စုံသောအခါ ဆရာဦးဝင်းသိန်းနေသည့် ပြည်တော်သာ တိုက်ခန်းအတွင်း ဇာတ်တိုက်ကြတော့သည်။

ညဉ့်နက်သန်းခေါင်အထိ တံခါးပိတ်၍တိုက်ကြ၏။ ဒီဇာတ်မှာ ရှင်ဘုရင်ခန်းက အဓိကကျသည်မို့ ဆရာပန်းတနော်ဝင်းသိန်း





က ဦးစွာ ရှင်ဘုရင်စကား နဘေလင်္ကာများကို အသံနေအသံထားနှင့် ကိုလှမြင့်ထွဏ်းအား ဂရုတစိုက်သင်ပေး၏။

"မှတ်ထားကွ လှမြင့်ထွဏ်းရ၊ မင်းထွက် စည်တော်တီးပြီးတာနဲ့ ဆိုင်းတီးလုံးကိုချမယ်။ ဒီမှာ မင်းက ရာဇပလ္လင်ပေါ်ကနေ အောက်ကခစားနေတဲ့ ဝန်မင်းများကိုကြည့်ပြီး ပြောရမယ့်စကားနဲ့ လေယူလေသိမ်းက ဒီလိုကွ။

. . . တရားဓမ္မ၊ လောကသုံးလီ၊ ပညာရည်မြင့်၊ ဇာနည်ကဝိန် သုခမိန်ဟု ဉာဏ်ရှိန်ဖြိုးမောက်၊ ထိန်ထိန်တောက်သည့် လေးယောက်သူမွန် ပြည်တော်ဝန်တို့. . . မှတ်မိတယ်နော်"

"အင်းအင်း"

"အဲဒီကျရင် ကိုအောင်သန်းပု၊ ခင်ဗျားတို့ ကျုပ်တို့က ဘုရားလို့ ခပ်ကျယ်ကျယ်သံပြိုင်အော်ပြီး လက်နှစ်ဖက်မြှောက်ခံစားရမယ်။ ဟုတ်လား"

"ဟုတ်"

စောစာပေမှ ကိုအောင်သန်းပုကား။ တကယ့်ကို အရုပ်ပု၏။ ထိပ်လည်းပြောင်၏။ ပါဝါများသော မျက်မှန်ကြီးကို တပ်ထား၏။ ရှေ့ပြောင်နောက်ကွက် ဘေးမရှိ ဦးခေါင်းကိုပွတ်ရင်း သွေးကြွနေ၏။

"ကိုင်း- ကိုလှမြင့်ထွဏ်း၊ နားလည်သဘောပေါက်ရင် ဒီစာသားကြည့်ပြီး ရွတ်ကြည့်စမ်း"

ဒီမှာပဲ လူပျိုကြီး ပန်းချီဆရာ ကိုလှမြင့်ထွဏ်းသည် ဆရာဝင်းသိန်း လှမ်းပေးသည့် စာရွက်ကို ကတုန်ကယင်ကိုင်ရင်း စာရွတ်ဆိုတော့သည်။

"ရာဇဓမ္မ. . ."

"အင်း- မဆိုးဘူး။ ရာ. . . ဇ. . . ဓ. . . မ္မလို့ အသံကိုဆွဲပြော"

"ရာ. . . ဇ. . . ဓ. . . မ္မ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဆက်ဆက်"

"ကောလ. . . သုံးလီ"

"လခွေး-လောကသုံးလီပါကွ၊ ပြန်ဆို"

"လောက . . . သုံး. . . လီ"

"အင်း. . . မှန်တယ်၊ ရှေ့ကိုဆက်. . . ဆက်"

"ပညာရည်ဖြင့် . . . ဇာနည်. . . ကဝေ"

"ဟာ- ဇာနည်ကဝိန်ကွ၊ ကဝိန်ဆိုတာ ပညာရှိကို ပြောတာ။ ကဝေက စုန်းဟ - လခွီးမှပဲ"

"ဆော. . . ဆောရီးဗျာ"

ကိုလှမြင့်ထွဏ်းသည် နဖူးမှချွေးသီးများကို လက်ညှိုးနှင့် သပ်ချ၏။ သူ့နှုတ်ခမ်းမွေးကိုလည်း ပွတ်၏။ နှာခေါင်းကိုလည်း ခဏခဏ နှိုက်၏။ ဒါကို ဒါရိုက်တာ မြင်သည်ရှိသော် -

"လှမြင့်ထွဏ်း"

"ဗျာ- ကိုဝင်းသိန်း"

"မင်း ဇာတ်ခုံပေါ်ရောက်ရင် ချွေးသုတ်တာ၊ နှုတ်ခမ်းမွေးကိုဆွဲတာ၊ နှာချေးနှိုက်ပြီး ပွတ်တာတို့ မလုပ်နဲ့နော်"

"အင်းပါဗျာ- ဒီမှာ ဇာတ်တိုက်တုန်းမို့ လုပ်တာပါ"

"ဒါဆို နောက်အပိုဒ်ကိုကူးကွာ"

"ဇာနည်ကဝိန်. . . သူ့ထမိန်ဟု"

"သုခမိန်ကွ. . . သုခမိန်"

"အဲအဲ ဆောရီးဗျာ၊ အစမို့ပါ ကိုဝင်းသိန်းရာ။ ဘာတဲ့၊ ဇာနည်ကဝိန်၊ သုခမိန်ဟု၊ ဉာဏ်ရှိန်ဖြိုးမောက်၊ ထိန်ထိန်ပျောက်"

"တောက်၊ တောက်။ ပျောက်မဟုတ်ဘူး၊ မဟုတ်ဘူး"

"ခင်ဗျားလက်ရေးက မပီသလို့ဗျ၊ အဲ-ထိန်ထိန်တောက်သည့် လေးယောက်သူမွန် ပြည်တော်ဝန်တို့. . ."

"ကိုအောင်သန်းပု၊ ကျုပ်တို့ဝင်ကြစို့။ ဖိုးချစ်နဲ့ မောင်မှိုင်း လိုက်ဖြည့်"

"ဘုရား ဘုရား၊ အား. . . ဟားဟားဟား"

ကျွန်ုပ်တို့သုံးယောက်မှာ အာခံတွင်းနှင့် ရင်ခေါင်းအတွင်း ယမကာအတော်များများ ဝင်ထားရကား 'ဘုရား ဘုရား' ကို အသံကုန်ဟစ်လိုက်သောအခါ တိုက်ခန်းသည် လျှောင်လှုပ်တော်လည်းသကဲ့သို့ တုန်ခါ၍သွားလေသည်။ ဦးဝင်းသိန်းနှင့် လှမြင့်ထွဏ်းမှာ လန့်၍ နားကိုလက်နှစ်ဖက်နှင့် ပိတ်ထားကြလေသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ အရမ်းကိုကောင်းတာပဲ။ ဒါ. . . ဒါပေမယ့် အ. . . အသံနည်းနည်းလျှော့ကြပါ ဖိုးချစ်တို့ရာ-နော်"

"ဘာ. . . ဘာဖြစ်လို့လဲ၊ ပန်းတနော်ကြီးရ. . . အော့"

"ခဲ. . . ခဲနဲ့ ပစ်. . . ပစ်မှာစိုးလို့ပါ ဖိုးချစ်ရာ။ တိုးတိုးလုပ်ကြပါကွာ"

ဒီလိုနှင့် ပန်းချီဆရာ ကိုလှမြင့်ထွဏ်းကို ရှင်ဘုရင်လေယူလေသိမ်း စကားလုံးသာမက အိုက်တင်ပါလေ့ကျင့်ပေးပြီး ကျွန်ုပ်တို့အဖွဲ့ ဇာတ်တိုက်လိုက်ကြသည်မှာ သန်းခေါင်လည်းရောက်၊ အရက်ပုလင်းအားလုံးလည်းပြောင်၊ လူတွေလည်း လေးဖက်ကျသူကျ၊ ဇက်ကျိုးသူကျိုး ဖြစ်နေကြချေပြီ။

ဒီမှာ ကိုအောင်သန်းပု (စောစာပေ)က ဗုန်းဗုန်းလဲမကျခင်မှာ မျက်လုံးမပွင့်တပွင့်နှင့် သူ့ကျက်စာကိုအော်၍ ရွတ်လိုက်သည်။

"ရွှေတွင်း၊ ငွေတွင်း၊ မယင်း၊ ဒုတ္ထာ၊ ဇာဂနာ၊ ကရဝေး၊ လေးညှင်း၊ ဇဝက်သာ၊ ရှိန်း ခို. . . ခို. . ."

မကြာလိုက်၊ ဇဝက်သာနှင့် ရှိန်းခိုအရောက်မှာ လဲကျသွားရှာလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## ပခန်းမင်းသားလောင်း ပြည်တော်ဝင်ခန်း

သို့နှင့် အမှုထမ်းရပ်ကွက်မှာနေသော ဆရာ အဘဦးချစ်သန်းမြင့်လည်း ညည့်နက်သန်းခေါင်တိုင် ဇာတ်တိုက်နေရသည်မို့ သူ့အိမ်ကို လုံးဝ မပြန်ဖြစ်တော့။

ကျွန်ုပ်မှာလည်း ထန်းပင်ကုန်းရပ်ကွက်မှာနေသူမို့ ပြန်ရမှာဝေး၍မပြန်တော့။ ဇာတ်ဆရာ ဦးဝင်းသိန်းနှင့် သူ့မိန်းမ မဝါဝါကနေ့စဉ် ချဉ်ရည်ဟင်း၊ ကုလားဟင်း၊ ပဲဟင်းများဖြင့် တစ်နေ့တစ်မျိုးနာမည်ကျော်သရုပ်ဆောင်များကို ချက်ပြုတ်ကျွေးမွေး၊ အသောက်ကလေး အသောက်ကြီးများပါမကျန် ဒါနဝတ္တုအစုစုတို့ကို ပြုလေသည်ရှိရကား အဘဦးချစ်သန်းမြင့် အပါအဝင် ကျွန်ုပ်တို့အားလုံးနှလုံးစိတ်ဝမ်း အေးချမ်းလျက်ရှိကြလေသည်။

အရက်ဖြူကား အစိုးရအရောင်းဆိုင်မှ ကြိုဝယ်ထားသည်သာမက ဇာတ်တိုက်ရင်းပြတ်သွားလျှင် ကိုအောင်မောင်းတို့ အရပ်ထဲကဆိုင်မှာ အကြွေးယူ၍ နှိပ်ကြ၏။

ဒီလိုနှင့် ဇာတ်တိုက်ရက် (၁၀)ရက်ခန့်ရလာ၏။

ဇာတ်ဝင်ဇာတ်ထွက်စကားများ ကိုယ်စီအလွတ်မရသေးသော်လည်း အသောက်များသဖြင့် ကျွန်ုပ်ဆရာ ပန်းတနော်ဝင်းသိန်းနှင့် အဘဦးချစ်သန်းမြင့်တို့သည် မျက်နှာကြီးများ ပွလာ၏။





နားရွက်များထူ၍ ကားလာ၏။

အဘဦးချစ်သန်းမြင့်ကား စားကောင်းသောက်ကောင်း၍ ပေါင်ချိန်ပင်တိုးပြီးဝဖီးလို့ (အမှန်ကား အာဟာရကြောင့် ဝလာကြသည်မဟုတ်။ ဘီအီးနှင့်ချက်အရက်များကြောင့် ကိုယ်ရောင်ကိုယ်ဖောဖြစ်လာကြခြင်းဖြစ်၏။ ဒါကို ဝ,လာသည်ဆိုပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ချီးကျူးကာ ဆေးခန်းကိုလုပ်ကျွေးရန် အသင့်ဖြစ်နေကြခြင်းသာဖြစ်၏။)

သို့နှင့် (၁၀)ရက်ခန့်အကြာ -

တစ်ည။

ဇာတ်တိုက်နေစဉ် ချာတိတ်ကလေးနှစ်ယောက် တိုက်ခန်းတံခါးဝသို့ ရောက်လာ၏။

"ဦး- ဒါ စာရေးဆရာ ပန်းတနော်ဦးဝင်းသိန်း အခန်းပါလား ခင်ဗျာ"

ဒီမှာ အခန်းတံခါးဝအနီး ထိုင်နေသည့် အဘ ဦးချစ်သန်းမြင့်က မူးကြောင်ရူးကြောင် မျက်လုံးအစုံဖြင့် ချာတိတ်နှစ်ယောက်ကို လှမ်းကြည့်ပြီး -

"ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျား။ ဒါ ဝင်းတနော် ပန်းသိန်း၊ အဲ. . . အဲ ပန်းတနော် ဝင်းသိန်း အခန်းပါ၊ ဘာကိစ္စရှိသလဲ၊ အမိန့်ရှိပါခင်ဗျာ"

အသက် (၁၂)နှစ်ခန့်ရှိသော ချာတိတ်ကလေးနှစ်ယောက်က အဘဦးချစ်သန်းမြင့် အပြောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းက -

"ကျွန်တော်တို့ကို မမှတ်မိတော့ဘူးလားဟင်"

ဒီလို ချာတိတ်နှစ်ဦးက အဘဦးချစ်သန်းမြင့် မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်သည်ရှိသော် အဘဦးချစ်သန်းမြင့်က မျက်ခုံးပေါ် လက်ဝါးတင် ငုံ့ကပ်ကြည့်ရင်းက -

"အေး- မြင်ဖူးသလိုလိုတော့ ရှိသားကွယ်။ မင်းတို့က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကလဲ။ ဘယ်သူ့သားသမီးတွေလဲ၊ ပွင့်လန်းသားတွေလား”

“အဖေ- ကျွန်တော်တို့ အဖေသားအရင်းခေါက်ခေါက်တွေပါ။ ကျော်စိုးနဲ့ ခင်မောင်စိုးလေ အဖေရဲ့”

“ဟော- ငါ့. . . ငါ့သား။ ကျော်စိုးနဲ့ ခင်မောင်စိုး။ အမယ်လေး သားတို့ရဲ့၊ အဖေ မင်းတို့ကို လွမ်းလှချည်ရဲ့ကွယ်။ ဟီး ဟီး ဟီး. . .”

ဘာမပြော ညာမပြော သားနှစ်ယောက်မှန်း ချက်ချင်းသိသောအခါ သူ့ထုံးစံအတိုင်း မူးမူးနှင့်သားနှစ်ယောက်ကိုဖက်၍ အားရပါးရ ငိုတော့လေသည်။

ကျွန်ုပ်တို့အားလုံးကား အဘဦးချစ်သန်းမြင့်အကြောင်း သိပြီးသား။ (သူက သိပ်မူးသွားလျှင် တွေ့ရာလူ အသက်ကြီးကြီးကို ကွယ်လွန်သူ သူ့အဖေနှင့် တူလှချည်ရဲ့လို့ပြောပြီး ထိုလူကို ဖက်ငို နေကျကိုး။)

တစ်ကြိမ်မှာလည်း. . .

ပေါင်မုန့်ရောင်းသည့် တရုတ်ပေါက်ဖော်ကြီးကို မူးမူးနှင့် ကွယ်လွန်သူ သူ့ဖခင်ကြီးနှင့် ချွတ်စွပ်တူလို့ ‘အနှမ့်ကိုသတိရတယ် ပေါက်ဖော်ကြီးရဲ့’ ဆိုပြီး ပေါင်မုန့်ဆိုင်ရှေ့မှာ အားရပါးရငိုသည်။

တရုတ်ပေါက်ဖော်ကြီးက ဈေးမျှမရောင်းနိုင်ရှာဘဲ ‘တိတ်ပါကွယ်’ ဟုချော့သည်။ ချော့လေငိုလေ ဖြစ်နေရကား တရုတ်ပေါက်ဖော်ကြီးသည် စိတ်မရှည်တော့ဲ သူ့ကိုတွန်းလှဲပစ်လိုက်၏။ အဲဒါ မြေကြီးပေါ်မှ လူးလိမ့်ကုန်းထပြီး ‘အဖေရေ၊ အို အဖေရဲ့’ ဆိုကာ ရင်ဘတ်ကို လက်ဝါးနှင့်ရိုက်၍၊ ထု၍ ဟာစ်ပြီးငိုပြန်၏။

သို့နှင့် ကျွန်ုပ်နှင့် ဆရာဦးဝင်းသိန်းတို့က ‘ပေါက်ဖော်ကြီးဒါ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ။ ဘာလို့တွန်းလှဲရတာလဲ’ ဟု မေးသည်ရှိသော် -

“မီလှဲလို့ မီရဘူး ကွန်ဝင်းတိန်း။ မိုးလင်းကတီးက ဝ,ဈေးဦးတစ်ပြားမှ မပေါက်သေးဘူး။ တူလာငိုတော့ အရပ်က





ဝ,တေသလိုလို၊ ဝ,မီးမတေသလိုလို ထင်ပြီး မေးကုန်ကြပြီလေ။ မြန်မြန်ခေါ်တွားပါ ကွန်ဝင်းတိန်း။ ကြာရင် ဝ,ပေါင်မုန့်လှိုးတဲ့ဓားနဲ့ တူဟိုဒင်း၊ အဲအဲ-လီပင်းကို ဖြတ်မီလိမ့်မယ်။ ခေါ်တွား၊ခေါ်တွား”

တရုတ်ပေါက်ဖော်ကြီး လက်လွန်ခြေလွန်မလုပ်ခင် မဟာပထဝီမြေကြီးပေါ် တုံးတုံးလဲ့ပြီး ရိုက်ကြီးတငင်ငိုနေသည့် အဘချစ်ကို ကျွန်ုပ်တို့ ဆရာတပည့်က ဆွဲထူချော့မော့၍ ခေါ်ခဲ့ရသည်။ ဒါတောင် ဆွဲထူနေရင်းမှ လုပ်လိုက်သေး၏။

“အို- အဖေရဲ့၊ ခုတော့ သားမိုက်ကြီးကို စိမ်းကားပြီပေါ့ ဟီးဟီး”

ကျွန်ုပ် နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ပေါင်မုန့်သည်တရုတ်ကြီးသည် နားနှစ်ဖက်အတွင်းသို့ ပေါင်မုန့်များဖွဲ့၍ ဆိုသွင်းရင်းက ပေါင်မုန့်လှီးဓားကို ထောင်ပြနေရကား အလွမ်းသမားကြီးကို တရကြမ်းတွန်း၍ စက်ကွင်းလွတ်အောင် ခြေကုန်တင်ခဲ့ရ၏။

ပြောရလျှင် ကျွန်ုပ်၏ဆရာသခင် အဘချစ်ကား သို့ကလိုလူဇော်လူရွှတ်တည်း။ ယခုလည်း ဆရာဦးဝင်းသိန်း၏ တိုက်ခန်း၌ သောင်တင်နေသည်မှာ ဘယ်လောက်ကြာနေပြီကို စဉ်းစားသာ ကြည့်တော့။

သားအရင်းခေါက်ခေါက် နှစ်ယောက် မျက်စိရှေ့မှောက်ရောက်ပြီး ပက်ပင်းတွေ့ရသည့်တိုင် ဘယ်ကလဲ၊ ဘယ်သူ့သားလဲဟု မေးရသည့်အဖြစ်။

သို့နှင့် မောင်ကျော်စိုးနှင့် မောင်ခင်မောင်စိုးကလေးနှစ်ယောက်ကို အထဲသို့ခေါ်လိုက်သည်။ ကလေးနှစ်ယောက်ကား ချောချောလေးများဖြစ်၏။ အဘချစ်သန်းမြင့်နှင့် မျက်နှာကျသိပ်မတူ။ သူတို့မိခင်နှင့် မျက်နှာကျတူပုံရသည်။ မေးသွယ်သွယ်၊ မိန်းမချောချောသူလေးများ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူကလေးများ လွန်စွာကံကောင်း၏။ ဤသို့ မိခင်၏ ကြန်အင်လက္ခဏာ လွှမ်းမိုးခြင်းသည် သူတို့နောင်ရေးအတွက် အမှန်တကယ် စိတ်ချရ၏။ မတော် ဆရာချစ်နှင့် ခွဲမရအောင်တူခဲ့သည်ရှိသော် မရှယ်မတိုင်ခင်ပင် ရင်လေးဖွယ်ရှိပေစွ။

(ယခုအခါ မောင်ကျော်စိုး၊ မောင်ခင်မောင်ဝင်း၊ မောင်ခင်မောင်စိုးတို့သည် ပညာတတ်အရာရှိများ၊ နိုင်ငံရပ်ခြားလုပ်ငန်းလုပ်ကိုင်သူများအဖြစ် မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးလျက်ရှိလေ၏။ အဘချစ်လည်း ယခင်လိုသိပ်မမိုက်တော့။ မငိုတော့။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှာ နာယကဖြစ်၍နေလေသည်။)

"နေစမ်းပါဦး သားတို့ရယ်၊ ဘယ်လို အရေးတကြီးကိစ္စရှိလို့ ညကြီးမင်းကြီး မင်းတို့နှစ်ယောက်တည်း လာခဲ့ရတာလဲ ဟင်"

"စာပေးခိုင်းလိုက်လို့ အဖေ"

"ဟေ- စာ၊ ဘယ်သူဆီက စာများပါလိမ့်။ ရုပ်ရှင်ကောင်စီကများလား"

"ကြွေးရှင်ဆီကလည်း ဖြစ်နေဦးမယ် ဖိုးချစ်"

"ဖွီ - လန့်ဒူးကွာ၊ ဖွ ဖွ"

ဒါနှင့် မောင်ခင်မောင်စိုး လှမ်းပေးသည့်စာကို ဖွင့်၍ဖတ်တော့၏။

"ဖိုးချစ် ခပ်ကျယ်ကျယ် ဖတ်လက်ွာ. . ."

ဆရာဦးဝင်းသိန်းက တစ်ခွက်မော့ရင်းမှ လှမ်းအော်လိုက်ရကား အားလုံးကြားရအောင် ဤသို့အော်၍ ဇာတ်သံနှင့်ဖတ်လေသော်ကား -

သို့၊ ကိုချစ်သန်းမြင့် -

ကျွန်မ စာရေးအကြောင်းကြားလိုက်သည်။ ရှင်နှင့်ကျွန်မသည် အနှစ် (၂၀)ခန့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာသည်ကို ရှင်အပါအဝင် မြန်မာတစ်နိုင်ငံလုံး သိ၏။ ရှင့်





ကြောင့် ရင်သွေး (၇)ယောက် အဖတ်တင်နေပါ၏။ ဒါကြောင့် ရှင့်မှာ တရားဝင်ဇနီးမယားရှိနေသေးသည်ကို အမှန်တကယ် ယုံကြည်ပါလျှင် ယခုလာသည့် သားနှစ်ယောက်နှင့် ချက်ချင်းပြန်လိုက်ခဲ့ပါ။

ဇနီးမယားမရှိဟုထင်လျှင် ရောက်ရာအရပ်မှာပဲ အပြီးတိုင်ခေါင်းချပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ရေးထိုးပေးလိုက်ပါရန်-

(ပုံ) မသန်းမျှစ်

မူလပထမ ဇနီးကြီး

အသက် (၅၃)နှစ် (၂)လနှင့် (၃)ရက်။

"ဟင်- ဟင် ဖိုးဝင်းသိန်း"

"ဘာ- ဘာလဲ ဖိုး. . . ဖိုးချစ်၊ ဘာလဲ"

"လက်. . . လက်စသတ်တော့ ငါ့မှာ မိန်း မိန်းမ ရှိနေတာပါကလား။ ကြည့်စမ်း၊ မင်းတို့နဲ့ပေါင်းပြီး ငါ. . . ငါမေ့မေ့နေလိုက်တာ။ ဟုတ်ပ့ါကွာ၊ ငါ့မိန်းမ မသန်းမျှစ်ကို ပြောလာတုန်းက ဝင်းသိန်းတို့ဆီ ခဏလေးသွားဦးမယ်လို့ ပြောလာတာကွ။ အခု ဘယ်နှရက် အဲအဲ-(၁၀)ရက်ရှိနေပြီ။ သန်းမျှစ်ကို အားနာလိုက်တာ၊ အခုချက်ချင်း၊ ပြန်မယ်ဟေ့"

အဲဒီနောက် လက်ကျန်ယမကာ လက်သုံးလုံးခန့်ကို အချမ်းပြေ လမ်းလျှောက်ကောင်း၊ အိမ်ရောက်လျှင် မျက်နှာပွင့်ဆိုပြီး ကောက်မော့တော့သည်။

ဒီနောက် သူ့သားနှစ်ယောက်၏ အထိန်းအတွဲနှင့် ပခန်းမင်းသားကြီး (ဘဦးချစ်သန်းမြင့်) တကယ့်ကို သူ့အိမ် (ပြည်တော်) ဝင်သွားခဲ့လေပါသည်ခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## စုန်းနှင့်အမလေး နှစ်ပါးသွားည

ဒီလိုနှင့် (xxxxx) ရန်ပုံငွေကပွဲကြီး ကမည့်ညကို ရောက်တော့သည်။ အာဇာနည်ကုန်း ကျောက်တိုင်ကွင်းမှာ ဇာတ်စင်ကလည်း ဟီးလို့။ ကုလားထိုင်ကလည်း ကြိုတင်ရောင်းချပြီးမို့ ခုံတိုင်းစေ့ လူအပြည့်ထိုင်နေကြသည်။ ခုံမရရှိသူများကား ဇာတ်စင်နံဘေးနှစ်ဖက်မှာလည်းကောင်း၊ နောက်ဆုံးမှလည်းကောင်း ရပ်၍ကြည့်ရှုအားပေးကြ၏။

သို့နှင့် ပွဲဦးအစမှာ ဆရာကြီး ရာမဦးအုန်းမောင်နှင့် မင်းသား ရေကျော်ကိုမောင်မောင်တို့အဖွဲ့ရဲ့ ရာမမင်းသား လေးတော်တင်ခန်း အကသရုပ်ဖော် စ၍ထွက်၏။

ကြည့်ရခဲ မြင်ရခဲ ဇာတ်ကွက်မို့ ပရိသတ်ငြိမ်၏။ ပြိုးပြက်တောက်ပသော ဝတ်ဆင်တန်ဆာနှင့် တကယ့်ကို မဟာဆန်လှသောဇာတ်ကွက်မို့ လည်းကောင်း၊ ဝါရင့်သမ္ဘာရင့် ပညာရှင်များရဲ့ ကကြိုးကကွက် သရုပ်ဆောင်ချက်များကြောင်း လည်းကောင်း ရာမ၊ လက္ခဏာ၊ ဒသဂီရိ၊ မယ်သီတာ၊ ဘိုးတော်၊ ခုနစ်ပြည်ထောင်မင်းသားများရဲ့ သဘာဝ၊ ဟာသ၊ ဘယာနက၊ သိင်္ဂါရ ကကွက်များကား လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အောင်ပွဲခံ၍ ပြီးသွားခဲ့လေသည်။





ပြီးနောက် ရင်သွေးငယ်များရဲ့ ချစ်စရာ ယိမ်းအကများ ဝင်ကြသည်။ ၎င်းနောက် ကျွန်ုပ်တို့ ပတ္တမြားမဟာသဘင်ရဲ့ အောင်မြေသာစံ ရာဇဝင် တေးသရုပ်ဖော်ဇာတ်လမ်းတိုအလှည့်ရောက်တော့သည်။

သည်မှာ ဆရာပန်းတနော်ဝင်းသိန်းရဲ့ဇနီး မဝါဝါက အစီအစဉ်ကို သာယာချိုမြိန်သော အသံနှင့် ကြေညာလိုက်သည်။

"လေးစားအပ်ပါသော နွေပွဲလာပရိသတ်အပေါင်းတို့ရှင့်၊ ယခုအချိန်ကစပြီး အောင်မြေသာစံ သီချင်းကြီးသရုပ်ဖော် ရာဇဝင်ဇာတ်လမ်းကို စတင် ကပြအသုံးတော်ခံပါတော့မယ်။ ဒီဇာတ်လမ်းမှာ ဘိုးတော်မင်းတရားကြီးအဖြစ် ပန်းချီဆရာ ကိုလှမြင့်ထွဏ်း၊ ဘိုးတော်ဘုရားရဲ့ သားတော် ပခန်း မင်းသားကြီးအဖြစ် စာရေးဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ ချစ်သန်းမြင့်၊ ဝန်ကြီးများအဖြစ် စာရေးဆရာ ပန်းတနော် ဝင်းသိန်း၊ စောစာပေ ကိုအောင်သန်းပု၊ အပျိုတော်အဖြစ် မဝါဝါ၊ မြင့်မြင့်နွယ်၊ ပခန်းမင်းသားကြီး လက်စွဲအဖြစ် မောင်ချစ်ကိုကိုမှိုင်း၊ ထောင်အမှုထမ်း ပါးကွက်သားများအဖြစ် အာနိုး အုန်းသောင်နှင့် ဟဲပီးမြဟန်တို့က ပါဝင်သရုပ်ဖော်ထားကြပြီး နောက်ခံဂီတကိုတော့ ဂီတပညာရှင်ဆရာဦးကိုကိုကြည်နှင့် စာရေးဆရာမ ဒေါ်ညိုသန့်(သန့်လျှင်)တို့က ပါဝင်ကူညီ အားဖြည့်ပေးကြပါတယ်။ ရှုစားတော်မူကြပါရှင်"

မကြာခင် -

မီးရောင်များမှိန်ကျသွားသည်။ နောက်ခံတေးဂီတ ဆရာကြည်တို့တီးဝိုင်းမှ မင်းထွက်စည်ကို တီးလိုက်သည်။ နက်ပြာရောင်ကတ္တီပါ ပြည်ဖုံးကားကြီးသည် မီးရောင်အောက်မှာ လိပ်၍တွန့်၍တက်သွားသည်။

နောက်ခံ နန်းတွင်းကားရှေ့၌ ပန်းချီဆရာ ကိုလှမြင့်ထွဏ်း



www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ကြိုက်လက်ရာ ရာဇပလ္လင်ကို ပြိုးပြိုးပြက်ပြက် တွေ့မြင်ရသည်။

သုံးထပ်သားကို စိတ်ကြိုက်ထွင်းပြီး ပန်းချီရေး၊ ငွေရောင်ရွှေရောင်ပြားများကို ညှပ်ကပ်လို့ စာရေးစားပွဲကို ထောက်ခံထား၊ ကပ်ထားသည့် ရာဇပလ္လင်ဖြစ်၏။

အနီရာဇပလ္လင်ပေါ်မှာ ပန်းချီဆရာလှမြင့်ထွဏ်းသည် ရာမဇာတ်မှ ဆရာကြီးဦးအုန်းမောင်နှင့် ရေကျော်ကိုမောင်မောင်တို့ အကျအနဆင်ပေးထားကာ ချိတ်တောင်ရှည် ရွှေဖလားရောင်နှင့်။ စလွယ်ဗောင်းများနှင့်။

ချိတ်တောင်ရှည် ရှေ့အမြိတ်ကို ဖြန့်ချ၍ ငွေရောင်ပြားကပ်ထားသည်။ ကုက္ကိုသားသန်လျက်ကြီးကို ကိုင်ထားပြီး နှုတ်ခမ်းမွေးကားကားနှင့် ခံ့ညားစွာထိုင်နေ၏။

နှုတ်ခမ်းမွေးကား အတုမဟုတ်။ ပင်ကိုအစစ်မို့ ကြည့်လိုက်လျှင် အလောင်းဘုရား ဦးအောင်ဇေယျ ပန်းချီမာတ်ပုံထဲက ရုပ်ရည်နှင့်လွန်စွာတူ၏။ (ကွာသည်ကား အရပ် အတိုအရှည်နှင့် ကိုယ်လုံးကိုယ်ပေါက်ပဲ ဖြစ်၏။ အလောင်းမင်းတရားကြီး အစစ်ဂဝလရှိ၏။ ကျွန်ုပ်တို့ ပန်းချီဆရာ မင်းတရားကြီးက တီဘီရောဂါသည်လိုလို၊ ကမ္ဘာ့ဒွာန်းအရိုးစုလိုလိုနှင့် လေတိုက်လျှင် ရာဇပလ္လင်ပေါ်မှ လွင့်သွားမှာ စိုးရိမ်ရ၏။ စကားချပ်)

ဆရာဦးဝင်းသိန်းက သူ့ကိုပွဲမထွက်ခင်ကတည်းက ကြိုပြောထားသည့်စကားတစ်ခွန်းရှိ၏။

"လှမြင့်ထွဏ်း၊ အောက်ကိုဆင်းပြီး လုံးဝ မတ်တတ်မရပ်နဲ့နော်"

"စိတ်ချပါ ကိုဝင်းသိန်း၊ ကျုပ်သဘောပေါက်ပါတယ်ဗျ"

"နည်းနည်း ပက်ထားဦးမလား"

"မလုပ်ပါရစေနဲ့ဗျာ။ မူးနေရင် စာတွေမေ့ကုန်မယ်။ ခုတောင် စာရွက်တွေချပြီး ကြည့်ရွတ်ရမှာဗျ"





သို့ကလို အမှာပါးရခြင်းကား အကြောင်းရှိ၏။

ရှင်ဘုရင်လုပ်သည့် ကိုလှမြင့်ထွဏ်းသည် အရပ်အလွန်မြင့်၏။ မရှိဘူးဆို သင်းအရပ်က (၆)ပေကျော်ခန့် မြင့်၏။ ဒူးဆန့်၊ လက်ဆန့်၊ ခြေဆန့်လည်း ရှည်၏။

သူ့အရပ်နှင့် အံကိုက်မည့်ပုဆိုးသည် ဘယ်ဈေးတန်းမှာမှ ရှာ၍မရ။ သို့ဖြစ်၍ အမြဲတမ်းဘောင်းဘီရှည်ပဲ ဝတ်နေရလေ့ရှိ၏။ ယခုလည်း အဘဦးအုန်းမောင်တို့ ရာမဇာတ်အဖွဲ့မှ ချိတ်တောင်ရှည်ကို ငှား၍ဝတ်သည်ရှိသော် တောင်ရှည်သည် အာဖြခြောက်လိုကိုယ်လုံးကို လုံလုံခြုံခြုံ ပတ်မိပါသော်လည်း ရှည်လွန်းသော ခြေသလုံးရိုးနှင့် ဒူးခေါင်းကို လုံအောင်မဖုံးနိုင်ရှာ။ ထို့ကြောင့် တောင်ရှည်ဆင်ယင်ပြီးသောအခါ တောင်ရှည်အောက်နားသည် သင်း၏ ဒူးခေါင်းကို လုံတယ်ဆိုရုံမျှသာ ဖုံးနိုင်ပြီး ခြေသလုံးပလွေရိုးနှစ်ချောင်းကို ဘောလုံးကန်ခြေအိတ် အကျားနှစ်ခုစွပ်၍ထားရ၏။ သို့ဖြစ်၍ မတော် ရာဇပလ္လင်ပေါ်မှ ဆင်းပြီး ရပ်လိုက်မည်ရှိသော် ဘုတ်တိုးရုပ်သေးရုပ်လို မြင်ရမှာစိုး၍ ကြိုသတိပေး ပြောထားရခြင်းဖြစ်သည်။

နောက်တစ်ချက် ရှင်ဘုရင်ကိုလှမြင့်ထွဏ်းသည် စာကျက်ဉာဏ် ထိုင်းလွန်းလှ၏။ ယခု ဇာတ်ခုံခွင်ထဲရောက်သည့်တိုင် သူပြောရမည့် ကျက်စာ နဘေလင်္ကာများကို လုံးဝအလွတ်မရသေး။

သို့ဖြစ်သောကြောင့် ပန်းချီရေးသည့် စက္ကူအဖြူစာရွက်ကြီးများပေါ်မှာ လက်ရေးကြီးကြီးဖြင့် သူပြောရမည့် စကားများကိုရေးပြီး သူထိုင်သည့်ရာဇပလ္လင်ရှေ့ တစ်မြင်သာသာမှာ စာရွက်သုံးရွက် တန်းစီချထားလိုက်သည်။

ယခု ကတ္တီပါပြည်ဖုံးကားကို ဖွင့်လိုက်ပါပြီ။

ဆရာဦးဝင်းသိန်းတို့ ပန်းတနော်နယ်သား ဦးမောင်သိန်းက ဆလိုက်မီးထိုးလုပ်ရကား ဆလိုက်မီးရောင်သည် ရှင်ဘုရင်ကို လှမြင့်ထွဏ်းကိုယ်ပေါ်သို့ ပြိုးပြက်ဝင်းလက်၍ ကျရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော် မိတ်ကပ်ဖွေးဖွေးနှင့် ခမျာကြီးသည် မျက်လုံးအစုံပြာပြီး ကြမ်းပြင်ပေါ်မှစာကို မနည်းငုံ့ကြည့်နေရရှာ၏။

သူ့ရှေ့မှာတော့ အနီရောင်ဝတ်စုံနှင့် ပညာဗလအမတ်ကြီး (ဆရာပန်းတနော်ဝင်းသိန်း) နှင့် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော ပညာစက္ကအမတ်ကြီး (စောစာပေ-ဦးအောင်သန်းပု)တို့က ဝန်အုပ်ဆောင်းများ၊ သိုရင်း ရင်ဖုံးအကျီလက်ရှည် လက်ဖားဖား၊ နှုတ်ခမ်းမွေးအတုကားကား ကိုယ်စီနှင့် ရှေ့တော်မှောက် ခေါင်းငုံ့ခစားနေကြသည်။

ဒီမှာ ရှင်ဘုရင်ကိုလှမြင့်ထွဏ်းက ဆလိုက်မီးရောင်ကို လက်ထဲကသန်လျက်နှင့် ကာလိုက်ပြီး -

"ရာဇမဟ္မ၊ လောကသုံးလီ၊ ပညာရည်ဖြင့် ဇာနည်ကဝိန်၊
သုခမိန်ဟု ဉာဏ်ရှိန်ဖြိုးမောက်၊ ထိန်ထိန်တောက်သည့်
လေးယောက်သူမှုန် ပြည်တော်ဝန်တို့"

"ဘုရား၊ ဘုရား"

ဝန်ကား နှစ်ပါးပဲရှိရှာ၏။ ကျန်နှစ်ပါးက လူရှာ၍မရ၊ ရပြန်တော့လည်း ကျွန်ုပ်တို့အဖွဲ့နှင့် မတွဲရဲတဲ့။ သို့ဖြစ်၍ လေးယောက်အသံပြည့်ရန် တိုင်ဖုံးကြားမှ ကားလည်းဆွဲ၊ မီးလည်းထိုးလုပ်နေသည့် ပန်းတနော်သား ဦးအောင်သိန်းနှင့် စာရေးဆရာ သန်လျင်ရန်နောင်တို့က အသံကုန်ဝင်ကူအော်ပေးရ၏။

ဆရာပန်းတနော်ဝင်းသိန်းကား ကိုလှမြင့်ထွဏ်းကို ကြည့်၍ မဆိုးဘူးဟု ကျိတ်ချီးကျူးနေ၏။

"ရွှေထီး ရွှေနန်း ရွှေကြငှန်းကို သိမ်းမြန်းစိုးအုပ် ဘုရင်တစ်
ဆူဟု တိုင်းပြည်သူတို့က သမုတ်ခဲ့ကြသော . . ."

အဲဒီအချိန်မှာ မြောက်ပြန်လေက ခပ်ပြင်းပြင်းတစ်ချက်ဝှေ့လိုက်သောအခါ ကြမ်းခင်းပေါ်က စာရွက်များငုံ့ကြည့်ပြီး ခပ်တည်တည် မှင်မောင်းနှင့် ရွတ်နေရသော အထောက်အကူပြု စာရွက်ကြီး သုံးရွက်သည် လေပြင်းနှင့်လိုက်ပါပြီး နှစ်ရွက်က ပွဲခင်းထဲ





သို့ လွင့်စဉ်ကျသွားရာ ကုလားလေးနှစ်ယောက် ရသွားပြီး အားရဝမ်းသာ ဖင်ခုထိုင်လေ၏။ တစ်ရွက်ကား သစ်ရွက်ရော်ရီ ကြန္ဒနီလို လေဟုန်ကိုစီး၍ မိုးပျံပူဖောင်းအလား ကောင်းကင်သို့ လွင့်တက်သွားလေသည်။

ပရိသတ်ကား ရှင်ဘုရင်လုပ်သူ ကိုလှမြင့်ထွဏ်း စာရွက်များငုံ့ကြည့်ပြီး ခပ်တည်တည်ရွတ်နေသည်ကို သိသွားကာ ဒုက္ခတော့ရောက်ပြီဟေ့ဟု ရယ်ကြ ပြောစမြုံကုန်ကြတော့၏။

လေတိုက်၍ စာရွက်များစ,လွင့်လွင့်ချင်း ဝန်မင်းပညာဗလ (ဆရာ ပန်းတနော် ဝင်းသိန်း)က လှမ်းဆွဲလိုက်သော်လည်း မမီလိုက်။

ထိုအချိန်မှစ၍ ကိုလှမြင့်ထွဏ်း ဘာပြောလို့ပြောရမှန်း မသိတော့။ ပလ္လင်ပေါ်မှာ 'အင်း- အဲ' ဖြစ်နေသည်။ တောင်ကြည့်မြောက်ကြည့်လုပ်နေသည်။ အချိန်က အတန်ကြာသွား၏။

ဒီမှာ ဆရာပန်းတနော်ဝင်းသိန်းက -

"ဆက်ပြောလေ၊ ဆက်ပြော. . ."

အားကိုးဖွယ်ကောင်းလှသော ရှင်ဘုရင် ကိုလှမြင့်ထွဏ်းက သနားစဖွယ် အူကြောင်ကြောင်နှင့် -

"ကျုပ်. . . ကျုပ်၊ ဘာပြောရမှာလဲ ကိုဝင်းသိန်း။ စာရွက်
တွေ လေ. . . လေထဲပါသွားပြီဥစ္စာ"

"ဝါးဟားဟားဟား. . ."

အသံက မိုက်ထဲဝင်သွား၍ ပရိသတ်က ရယ်ကြတော့၏။

"ရတဲ့ဟာ စဉ်းစားပြောကွာ"

ဆရာဦးဝင်းသိန်းက စိတ်တိုတိုနှင့် ကျိတ်၍ပြောလိုက်သည်။ သို့နှင့် ခမျာ ပလ္လင်ပေါ်မှာ စဉ်းစားလို့မရသည့်အဆုံး မထူးပါဘူးဆိုပြီး အတန်တန်ပြောထားသည့်ကြားမှ ပလ္လင်ပေါ်က သူဆင်းတော့သည်။

သူ မတ်တတ်ရပ်လိုက်သောအခါ ပရိသတ်က ပို၍ရယ်ကြ

www.burmeseclassic.com



တော့၏။

အကြောင်းကား သူတောင်ရှည်ပုဆိုးသည် အုံးဖုံးရုံမျှသာရှိပြီး ခြေသလုံးဂိလာန ပလွေရိုးနှစ်ဖက်ကို ဘောလုံးကန်ခြေအိတ် အကျားကြီး စွပ်ထားသည်ကို ပရိသတ်များမြင်ကြသည်ရှိသော် -

"ဂိုး- တင်အောင်ကွ"

"ခင်မောင်ထွန်းကွ"

"မဟုတ်ဘူး၊ ဘဌေး ဘဌေး"

နာမည်ကျော် ဘောလုံးသမားများအမည်ကိုအော်၍ ခေါ်ဆိုကြလေသည်။ သို့နှင့် ပရိသတ်ကရယ်ကြပြန်၏။ ပရိသတ်ရယ်လေ၊ သူချွေးပြန်လေ။ သို့နှင့် သန်လျက်ကိုကိုင်ပြီး တောင်နှင့်မြောက် လမ်းလျှောက်၍ စဉ်းစားပြန်သည်။

မကြာခင် သူ့ရွှေနှုတ်တော်မှ စကားလုံးဒိုင်ယာလော့ အချိုးကျကျကောင်းစွာ ထွက်ပေါ်လာခဲ့တော့သည်။

"ဒီလိုရှိတယ် မင်းကြီးများရဲ့"

"မှန်လှပါ၊ ဗျာဒိတ်တော်ဦးတင် နားဆင်လျက်ရှိကြောင်းပါဘုရား"

ဝန်မင်းနှစ်ပါးက သူစကားဆက်နိုင်ရန် ဝမ်းသာအားရထောက်ပေးကြသည်။ သူကဆက်၍ မိန့်သည်။

"ဒီလိုရှိတယ် မင်းကြီးများရဲ့"

ဒုက္ခ။ အရေးထဲ နှစ်ကျော့ပြန်ကျော့နေပြန်သည်။ ဒီတော့ အမတ်ကြီး ဦးဝင်းသိန်းက ဖြည့်ပေးရပြန်သည်။

"မှန်လှပါဘုရား။ ကာလံ၊ ဒေသံ၊ အင်္ဂါ၊ ခနံ လမ်းမှန်ကျင့်ထုံးကို အရှင်မင်းကြီး မပြတ်ကျင့်သုံးလျက်ရှိသည်ကို ဘုရားကျွန်တော်မျိုးများ သိရှိကြောင်းပါဘုရား။ ဟုတ်ရဲ့လား၊ ဒီဘက်က ပညာစက္ကအမတ်ကြီးရဲ့"

ဆရာပန်းတနော် ဝင်းသိန်းကလည်း ပါးနပ်သည်။ ကိုလှမြင့်ထွဏ်း အချိုးမကျဖြစ်နေသည်ကို ရိပ်မိ၍ ပညာစက္ကအမည်ခံ





စောစာပေ ဦးအောင်သန်းပု ဘက်လှည့်၍ အလှည့်ပေးလိုက်သည်ရှိသော် ဦးအောင်သန်းပုကလည်း မခေ။ သူ့မိန်းမအကြောင်း သူတွေးနေရာမှ လန့်ဖျပ်ပြီး -

"ဟုတ်ပါ့၊ မှန်ပါ့ ပညာဗလအမတ်ကြီးခင်ဗျား။ အဟမ်း အဟွတ်၊ ကိုယ်တော်သည် မင်းအဆက်ဆက်တို့ လိုက်နာကျင့်သုံးအပ်သော မင်းကျင့်တရား (၁၀)ပါး၊ သင်္ဂဟတရား (၄)ပါး၊ အပရိဟာနိယတရား (၇)ပါး၊ ရာဇဂုဏ် (၈)ပါး၊ လောကပါလတရား (၄)ပါး သဘောကျင့်ဝတ်များကို အနည်းငယ်မျှ ယုတ်လျော့မှုမရှိ။ ကျင့်ကြံ အုပ်ချုပ်တော်မူနေသည်လည်း ဘုရားကျွန်တော်မျိုးများ အသိပါပဲဘုရား"

ကောင်းလိုက်တာ။ ဝန်မင်းကြီးများ မှင်ကောင်း၊ လေယူလေသိမ်း ကောင်းလွန်းလှ၍ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းကလည်း သဘောများကျနေ၏။ အဘရာမ ဦးအုန်းမောင်ကလည်း ခေါင်းတညိတ်ညိတ်။

နောက်ပိုင်းထွက်မည့် ပြဇာတ်အဖွဲ့မှ သရုပ်ဆောင်များကလည်း အံ့သြငေးမော၍ ငြိမ်သက်စွာ နားထောင်ကြည့်ရှုနေကြ၏။

သည်မှာပဲ ရှင်ဘုရင် ကိုလှမြင့်ထွဏ်းက ဒိုင်ယာလော့ကို ဆက်ဝင်လိုက်သည်။

"အိမ်း-ဒီလိုရှိတယ် မင်းကြီးများရဲ့ အဟဲ"

"ဝါးဟားဟားဟား"

"ဒီညတော့ ဒီလိုရှိတယ်။ မင်းကြီးများရဲ့နဲ့ မိုးလင်းလိမ့်မယ် တူတယ်ဟေ့"

"ကောင်းလိုက်တဲ့ ဒိုင်ယာလော့ကွာ၊ မထပ်ဘူးဆရာ အဟီး ဟီးဟီး"

ဒီမှာ ဝန်လုပ်တဲ့ဦးဝင်းသိန်းက ရွှေနားကုန်းတိုးပြီး ခပ်တိုးတိုးပြောလိုက်တယ်။

"ရွှေ့ဆက်ပါတော့ကွာ- တောက် "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ- ဘာပြောရမှန်းကို မသိတာဗျ၊ ဟူး"

သည့်နောက် အသားလွတ် လမ်းချည်းလျှောက်နေရာက အကြံဉာဏ်ကောင်းရသွားပုံရရဲ့။ ဖြုန်းဆို ညာလက်မှာ ကိုင်ထားသည့် ကုက္ကိုသားသန်လျက်ကြီးကို ဘယ်ဘက်ချိုင်းကြားညှပ်ပြီး ရပ်လိုက်တော့၏။

"ဟ. . . ဟ လှမြင့်ထွဏ်း၊ သန်လျက်ဆိုတာ ချိုင်းကြားမညှပ်ရတော့ဘူးဟ"

"ဟင်- ဟုတ်လား"

"ဝါး ဟား ဟား ဟားဟား"

"ကောင်းတဲ့ဇာတ်ကွာ၊ ရှားရော"

ဒီမှာလည်း သူက 'ဟင် ဟုတ်လား' ဆိုပြီး သန်လျက်ကို အရိုးကမကိုင်ဘဲ အဖျားကပြောင်းပြန်ကိုင်ပြန်သည်။ ဒါရိုက်တာဆရာ ပန်းတနော်ဝင်းသိန်းကား အကြီးအကျယ်စိတ်ညစ်၍ သေချင်နေရှာ၏။

ပခန်းမင်းသားကြီးလုပ်သည့် အဘဦးချစ်သန်းမြင့်နှင့်ကျွန်ုပ်လက်စွဲကြီးကား တိုင်ဖုံးကြားမှ ရယ်လို့မဆုံး။ ဗိုက်ကြောများ နာလာ၏။ ဆရာကြီးဦးအေးမောင် (ပန်းတနော်)က နယ်လှည့် ကဖို့ကောင်းသည်ဟု ချီးမွမ်း၏။

"မင်း. . . မင်းကြီးများ"

"ဘုရား. . ."

ဆရာပန်းတနော်ဝင်းသိန်းနှင့် ဦးအောင်သန်းပုတို့က အခြေအနေ ပြန်ထိန်းနိုင်ကောင်းရဲ့ဟု ယူဆပြီး အားရဝမ်းသာ ဘုရားဆိုသည်ကို လိပ်ခေါင်းထွက်ခမန်း ထူးလိုက်ကြသည်။

"အမိန့်တော်မှတ်မယ်ဗျာ"

"မိန့်တော်မူပါဘုရား"

"ငါ့သားတော်ကြီး ချစ်သန်းမြင့်သည်. . ."

"မဟုတ်ပါဘူးဟ။ ပခန်းမင်းသား၊ ပခန်းမင်းသား။ သေ





လိုက်ပါတော့ကွာ"

"ဩော်- အေးအေး၊ ငါ့သားတော်ကြီး ပခန်းမင်းသားသည် ငါခမည်းတော်ဘုရားရဲ့စကား နားမှမထောင်ဘဲ ရိုင်းပျမိုက်မဲနေသည့်အတွက် ယခုအချိန်ကစ၍ အမိန့်တော်များ မှတ်လိုက်သည်။ ဟို. . . ကို ပို့စေ"

မြတ်စွာဘုရားရှင် ကယ်တော်မူပါဘုရား။ ဟိုကိုပို့စေတဲ့။ ဘယ်ကိုပို့ရမှာလဲ။ တာဝတိံသာကြေးတိုက်ထဲလား၊ ငရဲပြည်လား။ ဘယ်နေရာမှန်းမသိ။ သူကား သူ့စကားဆုံးသွားပြီမို့ သူ့ဘာသာသူ ကျေနပ်ပြီး နဖူးမှချွေးသီးများကိုသုတ်လို့။

ဒီမှာ ဆရာဦးဝင်းသိန်းက အသာထောက်ပေးလိုက်၏။

"မှန်ပါ ဘယ်အရပ်ကို ပို့ရပါမည်လဲ အရှင်မင်းကြီးဘုရား"

အဲဒီမှာ သူကျန်ရစ်ခဲ့သည့် အဓိကစကားကို သတိရသွားပုံရသည်။ မျက်လုံးကျယ်ပြီး စဉ်းစားလိုက်၏။ နဂို တိုက်ထားစဉ်က ပြောရမည့်၊ ပို့ရမည့်ဒေသအမည်ကို ထူပူနေ၍ ခေါင်းထဲမှာ မေ့တော့တော့ ဖြစ်နေသည်။

သို့နှင့် တောင်နှင့်မြောက် သုံးလေးခေါက်လမ်းလျှောက်ပြန်သည်။ခြေသလုံးခြေအိတ်ထဲမှာ ပုရွက်ဆိတ်ဝင်နေသဖြင့် သန်လျက်အဖျားနဲ့ ထိုးပြန်၏။ ဒုက္ခ. . .။ ပြီး-ကျောကုန်းမှယား၍ တစ်ဖန် သန်လျက်အဖျားနှင့် ထိုးခြစ်ပြန်၏။

ဒီလိုနှင့် ရုတ်ခြည်း ပြန်သတိရသွားခဲ့ပြီး သန်လျက်ကို မြှောက်တဲ့ခါ -

"မင်းကြီးများ"

"ဘုရား. . ."

"ဘုရား. . ."

"ပို့ရမည့်နေရာကား မညှာတို့အိမ်ကိုဗျား. . ."

တစ်ခါတည်း ဒုက္ခကိုရောက်တော့သည်။အချို့ဇာတ်ကြောင်းသိသူ၊ ရာဇဝင်နောက်ခံသိသူ ပရိသတ်များက ကိုက်၍ရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂန္ဓဝင်ဇာတ်တော်ကြီးကား ဒီပုံအတိုင်းဆို ပစ်ရချေတော့မည်။

ဒါရိုက်တာ ဆရာဦးဝင်းသိန်းကား သင်းကိုရှေ့ဆက်ပြောခိုင်းလျှင် ဒီထက်ဆိုးဝါးနိုင်သည်ကို သိမြင်သဘောပေါက်သွား ကာ ကိုအောင်သန်းပုကို မျက်စပစ်လိုက်ပြီး-

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

နှစ်ဦးသား ပြိုင်တူလက်အုပ်ချီ၍ သို့ကလိုပြောလိုက်သည်ရှိသော် ကတ္တီပါလိုက်ကာကြီးသည် မီးရောင်များမှိန်၍ ကျလာရမည်ဖြစ်၏။

သို့သော် မီးရောင်လည်းမလျော့. . .။

ကားလိပ်လည်း မကျ. . .။

သို့နှင့် တိုင်ဖုံးကြားသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အလိုလေးလေး- သူ့လူယုံ ပန်းတနော်သားကြီး ကားဆွဲနှင့် မီးထိုးတာဝန်ခံဦးအောင်သိန်းသည် အကြောင်ကျား စာရေးဆရာလူပျိုကြီး ကြွေထူ သန်လျင်ရန်နောင်နှင့် စကားလက်ဆုံကျပြီး ရယ်မောနေကြ၏။

ဒီမှာပဲ ဦးဝင်းသိန်းက မိုးပေါ်ကကားလိပ်ကို လက်ညှိုးထိုးပြလိုက်သည်။ ဒါကို လူယုံကြီး ပန်းတနော်သား ဦးအောင်သိန်းက မမြင်။ ဆရာ သန်လျင်ရန်နောင်က မြင်သွားပြီး ဘာလဲဟုမေးဆတ်ပြသည်။

ဦးဝင်းသိန်းက လက်မကိုအောက်စိုက်ပြ၍ ကားချဟုအထာပြလိုက်သည်ရှိသော် သန်လျင်ရန်နောင်က ဦးအောင်သိန်းကို လက်တို့၍ ပြောလိုက်သည့်သကာလ. . .

ဦးအောင်သိန်းလည်း ဇာတ်ဝင်ခန်းပြီးနေမှန်း ချက်ချင်းသတိရလိုက်ပြီး ကားလိုက်ကာကြိုးကို ဖြည်းဖြည်းလျှော့မချဘဲ စိုးရိမ်ကြီးစွာဖြင့် ကြိုးစုံတစ်ခါတည်း လွှတ်ချလိုက်သည်ရှိသော် -

"ဝုန်း"

"အမယ်လေးဗျ"





"ဝါးဟားဟားဟားဟား"

"ကောင်းလှချည်လားကွာ"

"မိတယ်ဟေ့၊ ရှီး. . .ရှီး"

"ဝမ်းစမိုး. . . .ရှီး. . ."

ကတ္တီပါကားလိုက်ကာ အောက်ဝါးတန်းသည် အခန့်မသင့်ချင်လို့ပဲလား၊ အံကိုက်ချင်လို့ပဲလား၊ ဒါမှမဟုတ် ပွဲသိမ်းကောင်းချင်လို့ပဲလား မသိ။ ပညာဗလဝန်မင်း သရုပ်ဆောင် ဒါရိုက်တာ ဆရာဝင်းသိန်း အုပ်ဆောင်းပေါ်သို့ တည့်တည့်မတ်မတ် ဒါရိုက်ကျသည်ရှိသော်. . .

'ဝုန်း'နှင့် 'အမယ်လေး' တို့နှစ်ပါးသံပြိုင်ထွက်ပြီး ဝန်ခေါင်းစွပ်လည်း ဝါးတန်းအရှိန်နှင့် ဖိနှိပ်ဝင်ကာ ဦးဝင်းသိန်းမျက်နှာကိုစွပ်ပြီး နှာခေါင်းပေါ်မှာတစ်၍ ခမျာ လေးဖက်လဲကျရှာလေသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## နန်းရွှေတောင်မြင့် နှုတ်ကာယ်စံရာ

ဆရာဦးဝင်းသိန်းအား ကျွန်ုပ်နှင့် ဆရာဦးချစ်သန်းမြင့်၊ ကားဆွဲဦးအောင်သိန်းတို့က ကတ္တီပါကန့်လန့်ကာ(ကားလိပ်)တန်းဝါး အောက်မှ ဆွဲထုပြီး ဝန်ခေါင်းစွပ်ကိုမနည်းချွတ်ပေးရ၏။ ဒါတောင် နှာခေါင်းနှင့်ခံပြီးတစ်နေလို့။ နို့မို့ လည်ပင်းထိစွပ်နိုင်၏။

ကိုယ့်ဆရာကား စကားမပြောနိုင်။ မျက်စိအတက်စူးသော စစ်တကောင်းကြက်ဖကြီးကဲ့သို့ ချာချာလည်နေ၍ အကင်းပါးသော ဆရာဦးချစ်သန်းမြင့်က ခါးကြားမှာဝှက်ထားသည့် ဘရန်ဒီပုလင်းပြားကိုဖွင့်ပြီး ကိုယ့်ဆရာပါးစပ်ထဲ အလျှင်အမြန် လောင်းချလိုက်၏။

ကိုယ့်ဆရာကလည်း တဂွပ်ဂွပ်သောက်ရှာ၏။ သို့နှင့် ပုံမှန်ပြန်ဖြစ်ပြီး သတိကောင်းစွာရသည်ရှိသော် မျက်လုံးအစုံကိုပွတ်ပြီး တောင်မြောက်ဝဲယာ ကျီးကန်းတောင်းမှောက် လိုက်ရှာကြည့်ပြီး သကာလ. . .။

"လှ မြင့် ထွဏ်း. . . ထွဏ်းရော့ကွ"

"ကျုပ် ဒီ. . . ဒီမှာဗျ ကိုဝင်းသိန်းရ"

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ လှမြင့်ထွဏ်းရာ-ဟင်"

"ဘာလုပ်မိလို့လဲဗျ"





"မင်း ပခန်းမင်းသားကြီးကို ဘယ်ပို့ခိုင်းလိုက်လဲ"

"မညာတို့ဆီကိုလေဗျာ"

"သေလိုက်ပါတော့ လှမြင့်ထွဏ်းရာ။ မညာတို့ဆီကို မဟုတ်ဘူးကွ၊ အထက်မြစ်ညာ၊ မြစ်ညာအရပ်။ မညာက သန်လျင်ဈေးထဲက တညင်းသီးဆားရည်စိမ်ရောင်းတဲ့ မိန်းမကြီး။ တောက်-သွားပါပြီကွာ. . ."

"သိဘူးလေဗျာ။ စာရွက်တွေက အားလုံးလေလွင့်ပါသွားတော့ ကျုပ်လည်း ဘာပြောလို့ပြောရမှန်း မသိတော့ဘူး။ အဲဒါ သတိရတာပြောချလိုက်တာပဲ။ အခု ပြန်ထွက်ပြောရမလား"

"တော်ပါတော့ မောင်မင်းကြီးသားရာ၊ ကိုင်း- နောက်တစ်ခန်းထွက်၊ မြန်မြန်လုပ်"

နောက်တစ်ခန်းကား ပခန်းမင်းသားကြီးကို မဲဇာလို့ခေါ်နိုင်လောက်သည့် မြစ်ညာ တောခေါင်ခေါင် တောင်ဝန်းဝန်း အရပ်သို့ ပို့သည့်အခန်းဖြစ်သည်။ ထိုနေရာမှာ အမျှားစာဖတ်ပရိသတ်တို့အား ပခန်းမင်းသားကြီး (အဘဦးချစ်သန်းမြင့်) အခြေအနေနှင့် စပ်လျဉ်း၍ ကြိုရှင်းပြထားမှ တော်ပေလိမ့်မည်။

အဘဦးချစ်သန်းမြင့်သည် တော်တော့်လေးကို ဝရှာ၏။ သူကား စားကောင်းသောက်ကောင်းသူမို့ အဖွဲ့သားများအားလုံးထဲမှာ အသားအရေစိုပြည်ပြီး ဝဝဖိုင့်ဖိုင့်၊ သားသားနားနား၊ ခံ့ခံ့ညားညား ရှိနေ၏။

အခက်အခဲတစ်ခုကား သူဝတ်ရသည့် မင်းသားကြီးဝတ်စုံကိစ္စ ဖြစ်သည်။ သူဝတ်ရသည့် မင်းသားကြီးဝတ်စုံသည် ဆရာကြီးရာမဦးအုန်းမောင်ဇာတ်မှ မင်းသားငယ်တစ်ဦး၏အင်္ကျီဖြစ်၏။

ဆိုရလျှင် ရာမကဇာတ်အဖွဲ့မှ မင်းသားများသည် ကိုယ်လုံးသွယ်၍ အင်္ကျီပါအရွယ်အရ သေးငယ်ကြ၏။ မင်းသားငယ်များ ပေကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမင်းသားတစ်ဦး၏ မင်းသားဝတ် အပေါ်အင်္ကျီနှင့် တောင်ရှည်ပုဆိုးကို ဆရာဦးချစ်သန်းမြင့်မှ ယူငှား၍ ဝတ်ဆင်သည်ရှိသော် ဘယ်ဘက်ချိုင်းကြားမှာ လက်သုံးလုံးခန့် ဟနေ၏။ ကျွန်ုပ်၏ဆရာ ပခန်းမင်းသား အဘချစ်ကိုယ်လုံးက ဝဖိုင့်၍အင်္ကျီနှင့်မတော်။

ဒါ့အပြင် ဗိုက်ကလည်း စူပွက် ပူထွက်နေ၍ မင်းသားအင်္ကျီအောက်နားသည် တို၍လန်နေရကား ကလေးပေါက်စန ဝဝကစ်ကစ် အင်္ကျီခါးတို ချက်ပေါ်ဝတ်သကဲ့သို့ ရှိနေ၏။

ချိုင်းကြားဟ,နေသည့် အခြေအနေကား သမိန်ပရမ်းနှင့် စီးချင်းထိုးသည့် တရုတ်ဂါမဏိသူရဲကောင်း ချိုင်းကြားသံချပ်ဝတ်အင်္ကျီ ချုပ်ရိုးပြုတ်၍ ချိုင်းမွေးအတိုင်းသား မြင်ရသကဲ့သို့ ရှိနေ၏။

သို့နှင့် ချိုင်းနှစ်ဖက်ဟ,နေသည့်နေရာနှင့် ဗိုက်သားနေရာကို အာမခံချိတ်ကြီးလေးချောင်း အရေးပေါ်ရှာ၍ ဟိုဘက်နှစ်ချောင်း၊ ဒီဘက်နှစ်ချောင်း တွယ်ချိတ်လိုက်မှ မသိမသာကြည့်ကောင်းပြီး ဟန်ကျပန်ကျ နည်းနည်းရှိသွား၏။

"ဖိုးချစ် သိပ်မလှုပ်နဲ့နော်။

ချိတ်ပြုတ်ရင်ပြုတ်၊ မပြုတ်ရင် မင်းတစ်ကိုယ်လုံးနဲ့ အင်္ကျီပြဲသွားမယ်။ ပြဲရင် မင်းတာဝန်ပဲ၊ ငါနဲ့မဆိုင်ဘူး"

"သိတယ် ဝင်းသိန်း ငါသိတယ်။ ဟိုကောင် အာနိုးအုန်းသောင်နဲ့ ဟဲဗီးမြဟန် ဖြည်းဖြည်းသက်သာ လုပ်ကြနော်"

"စိတ်. . . ချပါ ဆရာ"

အာနိုးအုန်းသောင်ကား ကျွန်ုပ်ကို တစ်ချက်စွေကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ပြောနေ၏။ ဒီလိုနှင့် ဒုတိယမြောက် အခန်းကို ထွက်တော့၏။

ပခန်းမင်းသားကြီးအား မင်းမိန့်ဖြင့် မြစ်ညှာမဲဇာပို့သည့် အခန်း ရာဇဝင်မှာ ဘယ်လိုပို့ရသလဲမသိ။

ဒီမှာတော့ ဇာတ်နာအောင်၊ မင်းသားကို ကရုဏာသက်





အောင် အာဏာပါးကွက်သား တစ်ဖြစ်လဲ (ဟဲဗီးအလေးသမား) မြဟန်နှင့် အာနိုးအုန်းသောင်တို့က မာန်ထန်နှင့် ဟိန်းဟောက်တွန်းထိုး၍ ကြမ်းပြသည်။

ပခန်းမင်းသားကြီး၏ငယ်ကျွန် ကျွန်ုပ် လက်စွဲကြီးကိုလည်း အာနိုးနှင့်ဟဲဗီးတို့က နားပန်များကျင်းတော့သည်။

ဆရာဦးချစ်သန်းမြင့်ခမျာ ငမူးနှစ်ကောင်က သွားဟုတွန်းလိုက်လျှင် ဖြည်းဖြည်းချင်း ကိုယ်လုံးကို [illegible]ရသည်။ အကြောင်းရင်းကား ချိတ်လေးချောင်းပြုတ်မှာနှင့် ငှားထားသည့် မင်းသားအင်္ကျီပြဲမှာစိုးရိမ်၍ ဖြစ်သည်။

စုတ်ပြဲလျှင် တန်ရာတန်ကြေးလျော်၊ အသစ်ဝယ်ပေးရလိမ့်မည်။ ခမျာကြီးကား အရက်ဖိုး၊ အမြည်းဖိုးကိုသာ အကုန်အကျခံချင်ခံမည်။ သို့ကလို အလျော်ပေးဖို့ဆို လုံးဝမစဉ်းစားချင်။ သို့ဖြစ်၍ သမ္မုဒ္ဒေရွှတ်ပြီး သတိနှင့်ထိန်း သရုပ်ဆောင်နေရသည်။

ပခန်းမင်းသားကြီး၏အင်္ကျီကိစ္စကို ငဲ့ညှာရသောအခါ အာဏာပါးကွက်သား အမှုတော်ထမ်း ဟဲဗီးမြဟန်နှင့် အာနိုးအုန်းသောင်တို့သည် လက်စွဲတော်ငယ်ကျွန်ကြီး ကျွန်ုပ် (မောင်ချစ်ကိုကိုမှိုင်း)ကို အသားကုန် ဗျင်းတော့၏။

"ကျွတ်. . . ကျွတ်ကျွတ်"

နာလိုက်ဘိသနဲ့ အုန်းသောင်၏လက်သံကား ဇာတ်တိုက်စဉ်ကထက် ဒီညကျမှ ပို၍လက်ကျပြင်းနေ၏။

ငနဲသည် မူးလည်းမူးနေသည်ကိုး။ အဲဒီလိုလက်သံပြောင်ရခြင်းကား အတိတ်နောက်ခံအကြောင်းကို အမှုပြု၍ အားထည့်ရခြင်းလည်း ဖြစ်ပေသည်။

ဘာကြောင့်မူ ကျွန်ုပ်သည် သူ့နှမဝမ်းကွဲညိုချောလေးကို လွန်ခဲ့သည့်လက ရည်းစားစာပေးခဲ့ရကား ရုံးရောက်ခံဝန်ပြုခဲ့ရပေသကိုး။

သို့ကလို အကြောင်းသင့်၍ ခွင့်ကြုံသောအခါ နှမအငြိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ပီပြင်စွာ၊ ထင်ရှားစွာ၊ မာန်ပါစွာ ကောင်းကောင်းကြီး ဗျင်းလေ၏။

ကံကောင်းလှပေစွ။ (ကျွန်ုပ် မဟုတ်၊ အာနိုးဖြစ်၏။)

ပို၍ကံကောင်းရခြင်းကား အာနိုးအုန်းသောင်သည် ဟဲဗီး မြှဟန်ကို ချက်အရက်တစ်ပိုင်းတိုက်၍ သူ့နှက်သကဲ့သို့ နှယ်ရန် သွေးထိုးပေးသည်ရှိသော် ထိုညက ကျွန်ုပ်သည် ပခန်းမင်းသားကြီး အင်္ကျီကိုငုံ၍ သူ့ကိုယ်စား ငဖယ်တေသလို၊ ငရုတ်သီးထောင်းသလို၊ မဆလာကြိတ်သလို၊ အသားများ ဖွပ်လမွတ်ကြေလုနီးပါး ဖြစ်ခဲ့ရလေသည်။ (သာဓု သာဓု သာဓု အာနိုး အုန်းသောင်)

ဒီလိုနှင့် တတိယဇာတ်ဝင်ခန်းသို့ ရောက်လာ၏။

ပခန်းမင်းသားကြီး (ဦးချစ်သန်းမြင့်)က မြစ်ညှာအရပ်ဒေသရဲ့ သဘာဝကို စကားအလင်္ကာနှင့်ဖွဲ့၍ ကျွန်ုပ်ငယ်ကျွန်ကြီးအား တိုင်တည်၏။

ကာလကြာပြီဖြစ်၍ ရွှေမြို့တော်ရွှေနန်းနှင့် ဘဘုရား ချစ်သူ သင်္ဂဟများကို လွမ်းဆွတ်သတိရကြောင်း နောင်တသံနှော၍ မြည်တမ်းငိုချင်းချသည်။

အလွန်သနားစရာကောင်း၏။ မျက်ရည်တကယ်ကျရှာ၏။ သူ့သရုပ်ဆောင်ချက်ကိုကြည့်၍ ပရိသတ်က သနားကြ၏။ တော်လိုက်တာဟု ချီးမွမ်းကြ၏။ တော်သည်ဟု ဆိုလောက်ကြပေမည်ပေ့။ ကျွန်ုပ်ဆရာကား အရည်ကလေးပက်ထားရကား အရည်ဝင်လျှင် အလကားနေငိုလေ့ရှိသည့် သူ့ဝသီအတိုင်း ယခု စင်ပေါ်မှာ လွမ်းခန်းငိုချင်းတို့ တကယ်မျက်ရည်ကျပြလေသတည်း။

"ကိုယ်တော်ကြီးဘုရား"

"ဘာတုံးကွယ့်၊ ငယ်ကျွန်ကြီးရဲ့"

"ရွှေမြို့တော်ကြီးကိုလွမ်း၊ ဖခမည်းတော်ဘုရားနဲ့ မယ်တော် ဆွေတော်မျိုးတော်များကို ဒီလောက် လွမ်းဆွတ်သတိရနေမှတော့ ကိုယ့်နောင်တ၊ ကိုယ့်အလွမ်း ခံစားချက်ကို တေးက





ဗျာသီချင်းဖွဲ့ပြီး ရွှေနားတော်ဆက်သွင်းပါလား ကိုယ်တော်ကြီးဘုရားရဲ့။ ကိုယ်တော်ကြီးဘုရားလည်း ဂီတသမားဥစ္စာ. . ."

"အိမ်း - အိမ်း မောင်မင်းရဲ့ အကြံပြုလျှောက်တင်ချက်သည် လွန်စွာပဲ သင့်မြတ်လျော်ကန်လှပေတယ်ကွယ့်။ ကိုယ်တော်ကြီး ကြိုးစားရေးဖွဲ့မယ် မောင်မင်းရဲ့. . ."

"အောင်မြေသာစံ. . . သောင်ယံသဲက ပုလဲလိုလို. . ."

ဒီအချိန်မှာ စပေ့ါလိုက်က ပခန်းမင်းသားကြီး (အဘဦးချစ်သန်းမြင့်)ရဲ့ ကိုယ်ပေါ်ကို စက်ဝိုင်းပုံထိုးကျ။ စဉ်းစားလိုက်၊ ပေရွက်မှာရေးခြစ်လိုက်၊ စောင်းနှင့်အသံညှိလိုက်။ အသံထွက်၍ ရွတ်ဆိုလိုက်။ ဒီလိုနှင့် စပေ့ါလိုက်မီးရောင် တဖြည်းဖြည်း ကျဉ်း၍သေး၍ မှိန်ပြီး မီးမှောင်ကျသွား. . .။

လက်ခုပ်သံများက တဖြောင်းဖြောင်း။

ချီးကျူးသံများ၊ အားရကျေနပ်သံများက ဟိုမှဒီမှ အန္တအပြား။

စတုတ္ထမြောက်အခန်း -

ရွှေနန်းရင်ပြင် ပြခန်း ဖြစ်သည်။ ဘိုးတော်ဘုရား (ကိုလှမြင့်ထွဏ်း) သည် ရာဇပလ္လင်ပေါ်မှာ ခံ့ညားစွာစံတော်မူ၏။ သူ့နံဘေးအောက်ဝန်းရံ၍ ဝန်မင်းများ၊ ရံရွေတော်များ၊ အပျိုတော်များ၊ ယပ်တောင်ကိုင်များ၊ ပျပ်ဝပ်ခစားလျက်ရှိနေ၏။

သူ (ကိုလှမြင့်ထွဏ်း)ကား ဘယ်နံရောအခါကမှ မိန်းကလေးခပ်ချောချောများ ဝန်းရံခစား အနီးနားရှိသည်ကို မကြုံဘူး။ ယခု မိတ်ကပ်အဖွေးသား ကိုယ်လုံးကိုယ်ပေါက် လှလှချောချော အပျိုတော်၊ ရံရွေတော် မိန်းမပျိုများ သူ့ဝန်းကျင်မှာ ရိုရိုသေသေ ခစားနေသည်ကို မြင်ရသော် နှုတ်ခမ်းမွေးကို သပ်၍ပြုံးတော်မူ၏။ ကျေနပ်ပီတိဖြစ်နေ၏။

သူ့အစ်မ (မညိုသန့်)က သူ့မောင်လူပျိုသိုးကြီးအား၍ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ကောင်မလေးချောချော တစ်ယောက်နှင့်ညားလျှင် ကောင်းမှာ ပဲဟုတွေးနေ၏။(နို့မို့ အိမ်ပေါ်မှာ တင်ကျွေးထားရပေသည်ကိုး။)

"လေးပါးကဝိ ဆန္နိုင်းညီ ပဏ္ဍိတန်ဆောင် မယ်အခေါင်တို့"

"ဘုရား. . . ဘုရား"

"ယနေ့အဖို့ ရှေ့တော်မှောက်သို့ တင်လျှောက်ဖွယ် အရေး ကိစ္စအဝဝကို အမြန်တင်လျှောက်ကြလေရော့ ဝန်မင်း တို့. . ."

ဒီမှာ ဆရာပန်းတနော်ဝင်းသိန်း (ပညာဗလ)က-

"မှန်ပါဘုရား၊ ယနေ့အဖို့ အရှင်ရှေ့တော်မှောက် အရောက် တင်သွင်းရမည့် အရေးကိစ္စကတော့ မြစ်ညာရောက် အရှင့် သားတော် ပခန်းမင်းသားရဲ့ အရေးကိစ္စပါပဲ ဘုရား"

"အလို- ငါ့သားတော်ကြီးက ဘယ်အရေးကိစ္စများဆိုသတုံး မောင်မင်းတို့ရဲ့"

"မှန်ပါ၊ သားတော်ကြီး ပခန်းမင်းသားသည် သူ့အမှားသူမြင် ၍ နောင်တများလည်း ရနေပါပြီတဲ့ဘုရား။ ယခုအခါ သူ ကိုယ်တိုင်ရေးဖွဲ့သည့် သီချင်းအား ခမည်းတော်ဘုရား ဖြစ် သူ အရှင်မင်းတရားကြီးထံ ဆက်သွင်းပါသည်ဘုရား"

"အို- ဒီလိုတဲ့လား။ မင်္ဂလာစကားပေပဲ မောင်မင်းတို့ရယ်။ အင်း- ငါ့သားတော်ကြီးသည် အမှန်တော့လည်း ဂီတ အနု ပညာသားလည်း ဖြစ်လေသကိုး မောင်မင်းတို့ရဲ့"

"မှန်ပါ့ဘုရား"

"အသိတရား အမြင်မှန်များရပြီး လိမ္မာချင်လို့ ထင်ပါရဲ့။ ကိုင်း-ကိုင်း-သားတော်ကြီးကိုယ်တိုင် ရေးဖွဲ့သည့် သီချင်း အား အဆိုတော်များက ယခုချက်ချင်း ရွှေနားတော် သွင်း သီဆိုကြစေဗျား"

ဒီလိုကျတော့လည်း ကိုလှမြင့်ထွဏ်းတို့က လွတ်ကောင်းနေ ပြန်ရော။ ပရိသတ်ကလည်း တယ်ဟုတ်ပါလားဆိုပြီး သဘောကျ





လို့။

ကောင်းမှာပေါ့။ ဒီတစ်ခါမှာတော့ သူကြည့်ရှုတ်ရမည့် စာ ရွက်များကို လေနှင့်လွင့်ပါမသွားရလေအောင် သူ့ရှေ့တစ်ပြင် ကြမ်းပြင်မှာ ဖိနှပ်ရိုက်သည့် သံမှိုများနှင့် နှက်ထားပြီး ငနဲကြီးက ပလ္လင်ပေါ်က လှမ်းကြည့်ရှုတ်နေတာကိုး။

သည်မှာ ဆရာပန်းတနော်ဝင်းသိန်းမိန်းမ မဝါဝါက ဘုရင် ရွှေနားထောင်သွင်း နန်းတွင်းအဆိုတော်ပေကိုး။ ညိုစိမ့်စိမ့်နှင့် အမြဲ ပြုံးနေသည့် မဝါဝါက စောင်းတော်ကိုပိုက်ပြီး ရှေ့ကဟန်ပြ သီဆို ဆက်သွင်းသည်။

နောက်ခံကို ဘက်ကရောင်းတီးဝိုင်းရှိ ကိုလှမြင့်ထွဏ်းရဲ့ အစ်မ သန်လျင်မညိုသန့်က နောက်ခံဆိုပေးနေသည်။

"အောင်မြေသာစံ ×××သောင်ယံထဲက ×××ပုလဲလိုလို××× ခင်းသာတဲ့ကို . . ."

ရှင်ဘုရင်ကိုလှမြင့်ထွဏ်းကား နားဆင်ရင်း ခေါင်းတညိတ် ညိတ်လုပ်၊ နောက်ခံဆရာကြည်တို့ဝိုင်းကလည်း ကောင်းမှကောင်း။ မညိုသန့်ကလည်း မြန်မာအသံသီချင်းကြီးဝိုင်းမှာ ဆိုနေကျဆိုတော့ ပြောစရာမရှိ။ ပရိသတ်ဆိုတာ အပ်ကျသံကြားရအောင် ငြိမ်နေ သည်။

"ရေညိုညို တိုးလျှိုငယ်စီးပါလို့ ×××ခရီးသာသာ လမ်းမှာ လ×××ရွှေတဲ့×××ရွှေမြစ်ညာ. . ."

"တစ်ဆင်းတက်သော် ×××တစ်ထောင်ကျော် ×××တစ်မှော် ငုံ့လျှိုး ×××တစ်ချိုတိုး ×××တစ်မိုးအောက်လျှင် ××× တစ်နေဝင် ×××တစ်ပင်မြိုင်ကြီး ×××ဂနိုင်ဘီး"

သီချင်းသံကို ရွှေနားတော်ဆင်ရင်း ရှင်ဘုရင် ကိုလှမြင့် ထွဏ်းက လှမ်းမောဟန်ပြ၊ နှစ်သက်၍ ခေါင်းတဆတ်ဆတ်ညိတ် ပြ။

(နောင်အခါ ကျွန်ုပ်ကမေး၏။ ဘာလို့ ခေါင်းတဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြနေတာလဲဟုမေးသော် အပျိုတော်လုပ်သည့် မြင့်မြင့်နွယ် ဆိုသောကောင်မလေးကို သဘောကျ၍ ခွင့်ကြုံတုန်း ခေါင်းညိတ် ခေါ်တာဟု ဆိုလေ၏။)

ဒီနောက် အဝေးကိုငေးဟန်ပြ။ ဝန်မင်းများကလည်း တစ်ယောက်ကိုတစ်ယောက် မေးဆတ်၊ ခေါင်းညိတ်ပြုကြပေ့။

"တယ်ကောင်းပဲဗျာ"

"နန်းရွှေတောင်မြင့်၊ နတ်ကယ်စံရာ၊ လွမ်းလေအောင်ဆင့် ကပ်ကာကြုံလာ၊ မလုံလေပါဘဲ၊ ရွှေရင်အုံချမ်းမြအေး. . ."

ဒီနောက် မညိုသန့်က အပိတ်ကိုဆိုလိုက်သည်။

"မလေးတုန် ချစ်ပါနဲ့၊ မှုန်နှစ်ကယ်လေး"

သဖြန်ကို အလွမ်းသံနှင့် ဟစ်လိုက်ရာ ပရိသတ်သာမက ကျွန်ုပ်တို့ပါနင့်သွား ခဲ့ရ၏။

"ရွှေပြည်တော် xxxမျှော်တိုင်းဝေး xxxရေကန်သာ ကြာတိုင်းအေး xxxရွှေ xxxပြည် xxxတော် xxxမျှော်တိုင်း xxxဝေး"

အတီးကို နှုရိလည်း သတ်လိုက်ရာ များပြားလှ စွာသော ပရိသတ်ကြီးသည် အလွမ်းကူးစက်၍ ငြိမ်သက် ကာ ဂီတမှာနစ်မြောနေကြလေသည်။

"မင်းကြီးများ. . ."

"ဘုရား. . ."

"ငါကိုယ်တော် အမိန့်တော်ချမှတ်မည်ဗျား။ သားတော်ကြီး ပခန်းမင်းသားသည် သတိသံဝေဂများရ၍ လိမ္မာသော စကားကို ဆိုခဲ့ချေပြီပဲ။ ဒါကြောင့် ဥချက်ချင်း မညာတို့အိမ် အဲလေ-မြစ်ညာအရပ်မှ နေပြည်တော်သို့ အမြန်ပြန်ခေါ် ဆောင်ကြစေ. . ."

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

❖ ❖ ❖



## ပခန်းမင်းသားကြီး ဆေးရုံဝင်ခန်း

နောက်ဆုံး ဇာတ်သိမ်းခန်းသို့ရောက်ခဲ့ချေပြီ။ သရုပ်ဆောင်ချက်များက အားပြိုင်မှု့ လျှော့တွက်၍မရတော့။

အောင်မြေသာစံ တေးသရုပ်ဖော်ဇာတ်လမ်းက အစဦးအဖွင့်မှာ ကသောင်းကနင်း အိုးနင်းခွက်နင်း ဖြစ်ခဲ့ပေ၏။ အလယ်ပိုင်းမှာ အသားကျပြီး လက်ခုပ်ဩဘာသံများ ရလာခဲ့ကြ၏။

ရှင်ဘုရင်လုပ်သည့် ကိုလှမြင့်ထွဏ်းကို အစ်မလုပ်သူ မညိုသန့်နှင့် ယောက်ဖလုပ်သူ ဦးကိုကိုကြည်တို့က ချီးကျူးကြသည်။

"ငါ့ယောက်ဖကြီးက ဒီလိုကျတော့လည်း အဟုတ်သားဟ မညိုရ"

"ကျွန်မမောင်ပဲ ဥစ္စာ၊ တော်ရမှာပေ့ါ။နော-မောင်လေးရာ"

ဒီမှာ ဖိုးသိန်းမျှောက် ကိုလှမြင့်ထွဏ်းက ဘာပြောမှတ်ပါသလဲ။

"တောင်ရှည်တိုနေလို့ အစ်မရေ။ တောင်ရှည်သာရှည်ရင် ဒီထက်ခန့်မှာ၊ ကောင်းမှာ"

အဲဒီလို ငနဲကြီးရယ်။

ဒီမှာပဲ ခြေအိတ်ငှားထားတဲ့လူက ခြေအိတ် ပြန်တောင်းလို့ မင်းတရားကြီး လှမြင့်ထွဏ်း ခြေအိတ်ကို ချွတ်ပေးလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အမြန်တောင်းနိုင်မှ။ နို့မို့ ဗယာကြော်နှင့်လဲစားကြလိမ့်မည်။

ဟော- ဇာတ်သိမ်းခန်းရောက်ပြီ။

ဝန်မင်း ဆရာပန်းတနော်ဝင်းသိန်းတို့အုပ်စုလည်း မြစ်ညာအရပ် ပခန်းမင်းသားကြီးရှိရာသို့ ရောက်လာကြပြီ။

ဒီမှာ ကျွန်ုပ် လက်စွဲကြီး ပညာခန်း၊ သရုပ်ဆောင်ခန်းပြရမည့်အလှည့် ဖြစ်၏။

"ဟဲ့ ဟဲ့ဟဲ့ လက်စွဲကြီး၊ လက်စွဲကြီး"

"ဘုရား. . . ဘုရား . . . အလို- ဝန်မင်းဘုရားတို့ပါလား။ ဘာအကြောင်းထူးများ ရှိလို့ပါလဲဘုရား"

"မင်းကိုယ်တော် ပခန်းမင်းသားကြီးရောလကွယ်"

"အခန်းထဲမှာ အိုးစည်တီးနေပါတယ် ဘုရား"

"ဟာ- ဒီကောင့်နှယ်ကွာ။ ကြံကြီးစည်ရာ အိုးစည်တီးတာများ အခန်းထဲတီးရမလားကွ။ အပြင်မှာတီးတော့ ဘာဖြစ်မှာမို့လဲ"

"ချမ်းလို့ပါဘုရား"

"သွားသွား၊ အမြန်သွားခေါ် ချေစမ်း။ ရွှေနန်းတော်က ထီးဘုရားအမိန့်တော်ပါတယ်၊ သွား"

သို့နှင့် ကျွန်ုပ်က အထိတ်တလန့်ဟန်ဖြင့် ကိုယ်တော်ကြီးကို ပြေးခေါ်ရသည်။

"ကိုယ်တော်ကြီးဘုရား၊ ကိုယ်တော်ကြီးဘုရား"

"အလို- ငယ်ကျွန်ကြီး၊ ရေးကြီးသုတ်ပျာနဲ့ ဘယ်အရေးရှိလို့လဲကွယ့်"

"မှန်. . . မှန်လှပါဘုရား။ အိမ်ရှေ့မှာ မီတာဖတ်စာရေးတွေလား၊ အိမ်ခွန် ခြံခွန်ကောက် စာရေးတွေလား မသိဘူး။ ရောက်နေကြောင်းပါဘုရား"

ကျွန်ုပ်က ဟာသပြက်လုံးများကို စ၍ဖောက်ရသည်။ သို့က





လို ပြောလိုက်သည်ရှိသော် ဆရာပန်းတနော်ဝင်းသိန်းနှင့်ကိုအောင်သန်းပုတို့က မျက်နှာရှုံ့ပြီး -

"တယ်- ခွေးတိရစ္ဆာန်ကောင်နှယ်။ ကျုပ်တို့များ မီတာဖတ်စာရေးတဲ့"

"ဟုတ်ပ့ါ ဝန်မင်းရယ်။ ဒီရောက်မှ ကျုပ်လည်း အိမ်ခွန်၊ ခြံခွန်ကောက်စာရေးဖြစ်ရရောဗျာ။ ဒီကောင်ကို ထိတ်တုံးခတ်ပြီး ကျားစာကျွေးရင်ကောင်းမလား ဝန်မင်း"

"ဒီကောင်ရုပ်က ကျားစားမယ့်ရုပ်မဟုတ်ပါဘူး ဝန်မင်းရာ။ ကျားတောင် သူက အမွေးနုတ်ပြီး အစိမ်းစားမယ့်ရုပ်ဗျ။ ထားလိုက်၊ ထားလိုက်. . ."

သို့ကာလို သူတစ်ပြန်ကိုယ်တစ်လှည့် ဟာသဖောက်လုံးလေးသုံး၊ လေးလုံးဆက်ဝင်တော့ ပရိသတ်က ပွဲကျပြီး ပျော်လာကြသည်။

"အလို- ဘိုးဘိုးတို့ပါလား။ ဒီလောက်ဝေးခေါင်လှသည့်အရပ်ကို ဘယ်အကြောင်းများကြောင့် ရောက်ရှိလာကြပါသလဲ ဘိုးဘိုးတို့ခင်ဗျား"

ဦးချစ်သန်းမြင့် (ပခန်းမင်းသား) ကြီးက ပျာပျာသလဲ ခရီးဦးကြိုလို့မေး။

"ကိုယ်. . . ကိုယ်တော်ကြီးဘုရား"

"ဟဲ့- ဒီမှာ ငါကိုယ်တော် ဘိုးဘိုးများနဲ့ စကားဆိုနေတာ ဘာကြောင့်ဝင်ပြောရတာလဲ၊ ဘာကိစ္စလဲ ငယ်ကျွန်ကြီး"

"ညှော်သည်များကို ဟို. . . ဟို မိုင် မိုင်လို တိုက် တိုက်ရမှာလား၊ အို. . . အိုဗာတင်း ဖျော်တိုက်ရမှာလား ဘုရား"

"ဝါးဟားဟားဟားဟား"

"ပြောင်လည်းပြောင်တဲ့ ငနဲဟေ့"

"ရယ်ရတယ်ကွ၊ အဟုတ် အဟုတ်"

ဒီမှာ ဆရာပန်းတနော်ဝင်းသိန်းက-

"တော်တော် ဟိုဒင်းကျယ်တဲ့ကောင်ကွာ။ မရှိတာကို ကြွား



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တာ. . .”

ဒီမှာ ကျွန်ုပ်က ဆက်ဖောက်ပြန်ရော -

“ဒါမှမဟုတ်၊ ထမင်းကျွေးမယ်ဆိုရင်လည်း အဝိုင်းခေါက်ဆွဲဆိုင်က အစိမ်းကြော်နဲ့ ကုန်းဘောင်ကြီးကြော် ကျွန်တော်မျိုး လေယာဉ်ပျံနဲ့ ပြေးဝယ်လိုက်ပါ့မယ်ဘုရား”

“ဝါးဟားဟားဟားဟား”

“တဲနဲ့နေရတာတောင် လုပ်ချလိုက်သေးသကွာ ဟားဟား”

“ဟော့ဟော့ မောင်လက်စွဲကြီး”

“ဘုရား. . . ဘိုးဘိုး”

“နေပါစေကွာ၊ နေပါစေ။ ငါတို့ လမ်းမှာစားသောက်ခဲ့ပြီကွယ့်”

“အားနာစရာဘိုးဘိုးရယ်။ ဒီမှာအလျှံအပယ်ခင်ဗျ၊ သုံးတာတောင် ဓာတ်ငွေ့စီအင်ဂျီ. . .”

“တော်ပါတော့ကွာ”

“ဒါနဲ့ လမ်းခရီးမှာ ဘာများစားသောက်ခဲ့လို့လဲ ဘိုးဘိုးရဲ့”

“ဟို- ဟို ရေ. . . ရေနဲ့ ငှက်ပျောသီး”

“ဝါးဟားဟားဟားဟား”

“ဟုတ်တယ်ဗျာ၊ ဒီမျက်နှာရှုးကြောင့် ကျုပ်တို့ပါ အူကြောင်ကြောင် ကယောင်ချောက်ချား ဖြစ်ရမလိုဖြစ်နေပြီ။ ကိုယ်တော် ပခန်းမင်းသားကြီးဘုရား”

“အမိန့်ရှိပါ ဘိုးဘိုးတို့ခင်ဗျား”

“ရွှေမြို့တော် ထီးဘုရားထံမှ အမိန့်တော်မြတ်များပါသည် ကိုယ်တော်ကြီးဘုရား”

“နာခံရန် အသင့်ရှိကြောင်းပါဘုရား”

ဒီမှာပဲ ပခန်းမင်းသားကြီး (ဦးချစ်သန်းမြင့်)နှင့် ကျွန်ုပ်က မြေပြင်မှာဒူးထောက်ပြီး လက်အုပ်ချီမိုးလို့ ထီးဘုရားအမိန့်တော်ကို နာခံလိုက်ကြသည်။





“ရွှေတွင်း၊ ငွေတွင်း၊ ဆင်မြင်းဥစ္စာ၊ ရတနာခုနစ်မျိုး ပိုင်စိုးတော်မူသော ရေမြေ့ရှင်မင်းတရားကြီး အမိန့်တော်မှတ်လိုက်သည်။ သားတော် ပခန်းမင်းသားကြီး မဟာဓမ္မရာဇာသည် ရှေ့တော်သို့ အောင်မြေသာစံပတ်ပျိုး ဆက်သွင်းသည်ကို ခမည်းတော်ဘုရား ကြားနာ နားဆင်ရသည့် အချိန်မှစ၍ ကရုဏာသက်တော်မူသည်လည်း တစ်ကြောင်း၊ သားတော်ကြီး အသိနောင်တများဖြင့် လိမ္မာရေးခြား ရှိလာသည်လည်းတစ်ကြောင်းကြောင့် အမိန့်စာရသည့် အချိန်မှစ၍ အထက်မြစ်ညာအရပ်မှသည် ရွှေမြို့တော် ရွှေနန်းတော်သို့ ပြန်လည်အခစားဝင်စေ၊ အမိန့်တော် ဘိုးတော်မင်းတရားကြီးအမိန့်”

“အို- ဝမ်းသာစရာကောင်းလိုက်သည့်စကား၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုက်သည့်စကားပါလား ဘိုးဘိုးတို့ ခင်ဗျား။ ဒါနဲ့ ဘိုးဘိုး. . .”

“ဗျာ. . . ဗျာ ဗျာ”

“ကျွန်ုပ်ဝမ်းသာလိုက်တာ ဘိုးဘိုးတို့ရယ်။ မိဘဆိုတာ သားသမီးများ ဘယ်လိုပဲဆိုးဆိုးမိုက်မိုက် အချိန်တန်တော့လည်း လုံးလုံးလျားလျား ဥပေက္ခာပြုမထားရက်ကြပါလားနော် ဘိုးဘိုး”

“မှန်ပါ၊ မိဘမေတ္တာအနန္တလို့ ဆိုကြသကိုး ကိုယ်တော်ကြီးရဲ့”

“ဘိုးဘိုးတို့ရယ်၊ ကျွန်ုပ် မိဘရဲ့ကျေးဇူး၊ မိဘရဲ့မေတ္တာအေးရိပ်၊ မိဘရဲ့အကြင်နာတရားများကို နားလည်သဘောပေါက်ပါပြီ ဘိုးဘိုးရယ်။ ဘိုးဘိုးတို့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးအနက် တစ်ပါးပါးနဲ့ ပြစ်မှားခဲ့မိသည်ရှိသော် ကျွန်ုပ်ကို သည်းခံခွင့်လွှတ်ကြပါလို့ ဦးသော်ခိုက်၍ တောင်းပန်ပါတယ် ဘိုးဘိုးတို့. . .”



www.burmeseclassic.com

www.burmeseclassic.com



"သာခုဗျာ၊ သာခု. . . သာခု"

ဒီမှာ ကျွန်ုပ်က ဟာသလုံးများ ဝင်ဖောက်ပေးရပြန်သည်။

"ဘိုးဘိုး အရှည်ကြီးနဲ့ ဘိုးဘိုးပုပုလေးခင်ဗျား"

"ဟာ- ဒီကောင်လုပ်ပြန်ပြီ ဝန်မင်းရေ။ ကိုင်းကိုင်း ဘာများ တုံး လက်စွဲကြီးရဲ့။ ဘာများ မောင်မင်းကလျှာရှည်ချင်ပြန် ပြီတုံး"

"ကျွန်တော်မျိုးလည်း ကိုယ်တော်ကြီးပြောတဲ့အတိုင်းပါပဲ ဘုရား။ အဟဲဟဲဟဲ လွန်တာရှိရင် ဝန္ဒာမိပါ ဘုရား။ အဲဒီ အတွက် ဘိုးဘိုးတူမနဲ့ . . ."

"ဟဲ့ ဟဲ့- ငယ်ကျွန်ကြီး"

"ဘွာ ဘွာပါ ခင်. . . ခင်ဗျာ၊ ဘွာ ဘွာတေးနော် အန်ကယ်။ အဲလေ-ဘကြီး၊ ဟုတ်ပေါင် ဘိုးဘိုး။ အဟဲဟဲ အဟုတ်၊ ဒီ ဒီလိုပါ ခင်ဗျား၊ ဘိုးဘိုးတူမ ရွှေမိနဲ့ ဘုရားကျွန်တော်မျိုးက ငယ်. . . ငယ်ရည်း အဲအဲ-ငယ်သူငယ်ချင်း ကျောင်းနေ ဖက်လို့ ကျောတာခင်ည အဟင်း အဟုတ် အဟွတ် ဟွတ် . . ."

"အိမ်း- အိမ်း၊ သာခုဗျာ သာခု သာခု သာခု။ ကိုင်းကိုင်း အားလုံးကို ခွင့်လွှတ်ပါတယ်ဗျာ။ ဟိုကောင်မပါပေါ့"

"အမ်မယ်လေး ဘိုးဘိုးရဲ့"

ဒီမှာ ကျွန်ုပ်ရင်ဘတ်ကိုထုပြီး ဆိုင်းနဲ့ငိုချင်းချ။

"ဝါးဟားဟားဟားဟား"

"ကိုယ်တော်ကြီး ပြည်တော်ဝင်ရန် အဆင်းပြုတော်မူပါ ဘုရား"

အဲဒီအချိန်ကစပြီး ဒုက္ခရောက်လာတော့တာပါပဲ ခင်ဗျား။ ဒီမှာ အဘဦးချစ်သန်းမြင့် (ပခန်းမင်းသားကြီး)က -

"ငယ်ကျွန်ကြီး"

"ဘုရား- ဘုရား"





"ရွှေမြို့တော် ထီးဘုရားခမည်းတော်က ကိုယ်တော်ကြီးနဲ့ မောင်မင်းကို ပြန်ခေါ်ပြီဗျ၊ ဝမ်းသာရဲ့လား ငယ်ကျွန်ကြီးရဲ့"

"မှန်ပါ၊ အလွန့် အလွန် ဝမ်းသာလွန်းလို့ ကိုယ်တော်ကြီး ဘုရား၊ ဂီတအနုပညာရှင်ကြီးလို သီချင်းတစ်ပုဒ် ဟစ်ချင်ပါ့ ဘုရား"

"အလို - မောင်မင်းကလည်း ကိုယ်တော့်လို ဘာသီချင်းများ ဆိုချင်လို့ပါလိမ့်"

"ဘုရားကျွန်တော်မျိုး လသာညများမှာ ကြွေးရှင်များကို မျှော်ကိုးပြီး ရေးစပ်ထားတဲ့ သီချင်းအသစ်ပါဘုရား။ ဘိုးဘိုး တို့လည်း ရောက်တုန်းရောက်ခိုက် နားကလောတော်မူ၊ အဲ လေ-ရွှေနားတော်ဆင်ရမယ်။ ဟောဒီလိုတဲ့ . . ."

"အပျိုကြီး ×××မမရယ် ×××မမတို့ရယ် ×××တစ်ကိုယ် တည်း ခွကျတယ် ×××ခွကျတယ်ဆိုတာ ဘိုးဘိုးတို့သိလား ဟင် ဟင်"

"တယ် - ဒီအရူးအနှမ်းကောင်နဲ့ဗျာ၊ လူကြီးတွေကိုများ"

"ကိုယ်တော်ကြီး ရပ်ခိုင်းပါကွယ်။ နားကွဲပါတော့မယ်"

"ခွကျလှတယ်၊ ဖူးစာရှင် သေနေပြီလားကွယ်။ ရင်ကျပ်တဲ့ ဖူးစားမယ်ဟာ ခွေးကိုက်လို့ တင်ပါးဆုံ ပြောင်ပါတယ်"

ကျွန်ုပ်က သီချင်းကိုအသံပြဲနှင့်အော်ဆိုပြီး ကွေးနေအောင် ကပြ။ ပရိသတ်က ရယ်ကြသည်။ ဘိုးဘိုးတို့ကား နားကိုပိတ်၍ မျက်နှာကို ရှုံ့ကြသည်။

"ကိုယ်တော်ကြီး"

"မောင်မင်း"

"အပျော်ဆုံးနေ့မို့ကွယ်၊ ကြံနှစ်ချောင်းဝယ်စားမယ်။ ကိုယ် တော်ကြီးရဲ့ချစ်တဲ့သူ မျှော်ရှာမယ်။ ဟောဒီလို လှမျက်နှာယ် . . ."

သို့ကလို ဝမ်းသာလွန်းလှတာနဲ့ ဆိုရင်းကရင်းကနေ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး (အဘဦးချစ်သန်းမြင့်)ရဲ့ ခါးနဲ့ချိုင်းကြားကို အားရပါးရ လှမ်းဖက်ပြီးအပွေ့ -

"အ. . . မ. . . လေး၊ အော့ . . ."

"ဟင်- ဟင်"

"အား - အား"

"ကိုယ်. . . ကိုယ်တော်ကြီး ဘာ. . . ဘာဖြစ်လို့လဲဟင်"

ကိုယ်တော်ကြီး အဘဦးချစ်သန်းမြင့်ဟာ ကျွန်ုပ်က သူ့ခါးကို ဖက်ပြီး မွေ့ယမ်းလိုက်သည်ရှိသော် ငယ်သံပါအောင် အော်ရင်း ထွန့်ထွန့်လူးနေတော့၏။

"ကိုယ်. . . ကိုယ်တော်ကြီး၊ ဝမ်း. . . ဝမ်းသာလို့ ငို. . . ငိုတာလား။ ဟင်ဟင်ဟင်"

"မ မ မဟုတ်ဘူး။ ချိတ် ချိတ်ပြုတ်ပြီး ငါ့ ငါ့ဗိုက်မှာ စူးစူး နေလို့ အ မယ် လေး အမေရေ။ အမ် အမယ်လေး မိန်းမရဲ့ အား အ အ. . ."

ဟိုက်- ဒုက္ခတော့ရောက်ပြီ။ ဟုတ်ပါ့ခင်ဗျား၊ ငုံ့ကြည့်လိုက်တော့ အဘချစ်ရဲ့ ဝမ်းဗိုက်သားမှာ အသာထိန်းထားသည့် အာမခံချိတ်ကြီးတစ်ချောင်းပြုတ်ပြီး လက်ဖနောင့်နှင့် ရိုက်သွင်းသကဲ့သို့ အရေပြားထဲ တန်းလန်းကြီး။

"ကျွန် ကျွန်တော် ဆွဲ ဆွဲ နုတ် နုတ်လိုက်မယ်နော် အဘ"

"နေ နေ၊ အမယ်လေး သေရချည်ရဲ့။ အဟဲ ဟဲ ဟဲ. . ."

ဒီမှာ ဆရာဦးဝင်းသိန်း (ပညာဗလ) အမတ်ကြီးက အခြေ အနေဆိုးကို ရိပ်မိသွားပြီး ခပ်တိုးတိုး သတိပေးလိုက်၏။

"ဖိုးချစ်- ဇာတ် ဇာတ်ပိတ်စကားပြောပြီး ဝင်တော့၊ မြန်မြန် လုပ်. . ."

"ဟုတ်တယ် အဘ။ သွေး သွေးတွေလည်း ထွက်နေပြီ။ မြန်မြန် ပြောပြောတော့. . ."

အဘ ဦးချစ်သန်းမြင့် (ကိုယ်တော်ကြီး) ဟာ ညာလက်က





လည်း ဝမ်းဗိုက်အရေပြားထဲ စူးနစ်ဝင်နေသည့် အာမခံချိတ်ကို အံကြိတ်၍ထိန်းကို မျက်ရည်ကျရင်းက. . .။

"အိမ်း. . ."

အိမ်းမှ သူ့ခမျာ ရှေ့မဆက်နိုင်။ ပါးစပ်ရောလက်ပါ တုန်နေ ရှာသည်။

"အိမ်း-ပြည်တော်ပြန် အန် အန်ရတော့မယ်ဆိုတော့ အား ကျွတ် ကျွတ် ကျွတ် ဝမ်း သာ လွန်း လို့ မျက်ရည်ကျ ကျတာပဲကွယ့်" (တောက်. . . ဟင်း. . .)

(မှတ်ချက်.။ ထို 'တောက်'နှင့် 'ဟင်း'ကား ဇတ်ဝင်စကားမ ဟုတ်။ ငယ်ကျွန်လုပ်သူ ကျွန်ုပ်အား အစိမ်းလိုက်ရော၊ မကျက်တ ကျက်ရော ဝါးစားချင်သဖြင့် အံကြိတ်မျက်စောင်းထိုးပြီး နာကြည်း စွာ ရေရွတ်လိုက်သည့် အာမခံချိတ်ကြီးအောက် အရေပြားမှ ထွက် ပေါ်လာသော သိဂီါရ ရသလိုက်ဖ်သံဖြစ်ချေ၏။ စကားချပ်)

"ဒါကြောင့် အောင် ဟောင် ပုဏ္ဏန်လက်မ ကက္ကဋရွှေစည် မျက်နှာဝ နှစ်ပြင်ညီရအောင် (ငါ ငါ သေ ပေ ချင် ပြီ အီးအီး)ဟဲ့ ရှာစား အောင် ရွှေ စည် ယွန်း ယွန်း ယွန်း. . ."

ကောင်းလိုက်တာ။ ဆရာကြည်တို့ဗိုင်းကလည်း ဝတ္တရား ကျေပွန်လှပါပေ၏။ အောင်ရွှေစည်ကို ယွန်းလိုက်သည်မှာ စည် တော်သံ ငြိမ့်ငြိမ့်ညောင်းညောင်းနှင့်။

ကိုယ်တော်ကြီး အဘချစ်ကလည်း ဝမ်းဗိုက်ညာဘက်နံရိုး ဝန်းကျင်မှာ စူးဝင်နေသည့် အာမခံချိတ်ကြီးကို ညာလက်နှင့် အ သာထိန်းကိုင်ရင်း အံကြိတ်၍အကြွ. . .။

ဆရာဝင်းသိန်းတို့အဖွဲ့ကလည်း လက်ဖားဖားဝန်အကျီများ ကိုမြှောက်ပြီး အရိုအသေပြု တငြိမ့်ငြိမ့် ပြည်ဝင်စည်တော်သံနှင့် အတူ ကတ္တီပါကန့်လန့်ကာ ပြည်ဖုံးကားကြီး တရွေ့ရွေ့ကျလာပြီး ကြမ်းပြင်ပေါ် လည်းရောက်ကရော. . .။

"သေဟ-ခွေး မ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း. . ."

"အမယ်လေး အဘရဲ့"

"သေဟ၊ သေဟ။ ကိုင်း ကိုင်း"

"အုန်း. . ."

"ဝုန်း"

"ဘုန်း"

"အ အ ဘရဲ့၊ အို ကျေးဇူးရှင် အဘရဲ့ ဟီး"

ဆရာဦးချစ်သန်းမြင့် (ပခန်းကိုယ်တော်ကြီး)ရဲ့ ဖနောင့်ဟာ ကျွန်ုပ်၏တင်ပါးပေါ်၊ ကျောကုန်းပေါ်သို့ ဆက်တိုက်ကျလာပြီး မှောက်လျက်လဲ။ အာနိုးအုန်းသောင်နှင့် ဟဲဗီးမြဟန်ကလည်း အဘချစ်ကို မြှောက်ပေး၊ ကျွန်ုပ်လည်း ငိုချင်းချ။

ကျေးဇူးရှင် အဘပခန်းသားကြီးကိုလည်း ညတွင်းချင်းဆေးခန်းသို့ ဆိုက်ကားငှားတင်၍ ချိတ်တန်းလန်းနှင့် ပို့လိုက်ရလေသည်။

နောင်အခါ အဘဦးချစ်သန်းမြင့်က -

"ဝင်းသိန်း၊ နောင် မင်း မင်းဇာတ်ကတော့မယ်ဆိုရင် ငါ့ ငါ့ကို လုံးဝလာမခေါ်ပါနဲ့ ဝင်းသိန်းရာ။ ငါ ငါ ရုပ်ရှင်ရိုက်လာတာ အနှစ်(၂၀)ကျော်ပြီကွ။ ဒီလိုဒုက္ခမျိုး ကသောင်းကနင်း အိုးနင်းခွက်နင်းမျိုး တစ်ခါမှ မကြုံခဲ့ဘူး။ အထူးသဖြင့် ဟိုကောင် ငမှိုင်း၊ချစ်ကိုကိုမှိုင်းဆိုတဲ့ အသုဘကောင်ပါရင် မင်းပါ ငါ့ခြံရိပ်ကို မနင်းနဲ့"

ဟူ၍ ဗိုက်ကဒက်ရာကိုစမ်းရင်း ကေဝဋ္ဋပုဏ္ဏား မဟောသဓာကို ရင်နာသကဲ့သို့ မြည်ကြွေးလေသတည်း။

(ကွယ်လွန်သွားရှာပြီဖြစ်သော ကျေးဇူးရှင်ငယ်ဆရာပန်းတနော်ဝင်းသိန်း၊ မိတ်ဆွေကိုလှမြင့်ထွဏ်းနှင့် ဆရာသန်လျင် ရန်နောင်ကိုလည်းကောင်း၊ ယနေ့တိုင် သက်ရှိထင်ရှား ပျော်ပျော်နေပြီး ကျွန်ုပ်နှင့် ဇာတ်ပိုးထ ထပိုးရှနေဆဲ အဘဆရာဦးချစ်သန်းမြင့်တို့အား သတိရစွာဖြင့်။)

✥ ✥ ✥



## ဖော့သားကြီးလည်း တိတ်တော့

ကာတွန်းဆွေမင်း (မန္တလေး)ရဲ့ ဇာတ်ကောင် မြိုင်ရာဇာတွတ်ပီကဲ့သို့ ကျွန်ုပ်မှာ သွားလေရာရာ ကံမကောင်း။

ယခုလည်း -

ယုံကြည်ချက်၊ ရည်မှန်းချက် ကောင်းကောင်းနှင့် ကျွန်ုပ်အိမ်မှထွက်လာခဲ့၏။ စိတ်ဓာတ်မြသန်း ရည်းစားစာ အရေးကောင်း (ကျွန်ုပ်ယုံမှား အားကိုးကောင်း၍) အသားညိုစိမ့်လေးအပေါ်ထားခဲ့သည့် ကျွန်ုပ်အချစ်သည် အစိတ်စိတ်အမြွာမြွာ ကွဲခဲ့ရပြီ။

အာနိုးအုန်းသောင်လည်း ဟဲဗီးမြဟန်နှင့်ပေါင်း၍ ကျွန်ုပ်ကို ခွင့်ကြုံခိုက် နှမဝမ်းကွဲအငြိုးနှင့် ဇာတ်ခုံပေါ်မှာ အားရပါးရဆော်လဘန်တော့ခဲ့၍ ပါရာစီတမော့ နေ့စဉ်သောက်နေရသည်။

ကျွန်ုပ် စိတ်ဓာတ်မြသန်းကို ကမ္ဘာမကြေ။

အခု သင်းပိုးနေသည့် အငြိမ့်မင်းသမီး မြမျက်ချယ်ရှိရာသို့ ကျွန်ုပ်လာခဲ့၏။ မြမျက်ချယ်သည် အပျိုကြီးစာရင်းဝင်နေပြီ။

ဖြစ်နိုင်လျှင် မြမျက်ချယ်ကို ရအောင်ပိုးပြီး စိတ်ဓာတ်မြသန်းကြီးကို ရင်ကွဲအသည်းကြွေအောင် လုပ်ရလျှင် ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ရကိန်းပေတည်း။

သို့နှင့် လိုင်းကားစီး၍ သာကေတရှုခင်းသာသို့ လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

လိုင်းကားပီပီ လူကကျပ်နေ၏။

"ယာဉ်စီးခလေးများ.ပေးကြပါခင်ဗျား။ ဟိုဘကြီး ရှေ့နား တိုးပေးပါ။ အကျယ်ကြီးဗျာ၊ အထဲမှာ က,ရင်တောင်ရသေးဥစ္စာ။ တိုးပါ၊ တိုးပါ၊ တိုးခပိုက်ဆံပိုမတောင်းပါဘူး"

"ဟို- ဦးလေးကြီး တိုးပါဗျ"

ကျွန်ုပ်ကား ကိုယ့်ပြောမှန်းမသိဘဲ အနီးမှအယ်စတုံကြီးကို ငမ်း၍ သွားရည်များကျနေ၏။

"ဟို သွားရည်ကျနေတဲ့ ဦးလေးကြီး၊ တိုးပါဗျ"

ဖွီ- တိရစ္ဆာန်ကောင်စပယ်ယာ။ ငမ်းကောင်း၊ ဂေါ်ကောင်း တုံး လူကိုလုပ်ချလိုက်ရာ အမြီးအနင်းခံရသကဲ့သို့ ဖြစ်ရကား အနီး ရှိ တက္ကသိုလ်ကျောင်းသားများက ရယ်ကြ၏။

"ဘယ်ကိုတိုးရမှာလဲကွ"

ကျွန်ုပ်ကလည်း အသားဖြူဖြူ ဂွယ်စတုံကြီးအနီးမှ မသွားချင်၍ ခွန်းတုံ့ပြန်လိုက်သည်။

"ဟို- အရှေ့တောင်စူးစူး၊ ဒရိုင်ဘာနောက်ကျောရောက် အောင် တိုးပါခင်ဗျ။ အကျယ်ကြီးဗျာ၊ မြို့တော်သိန်းအောင် တောင် က,လို့ရတယ်။ တိုး တိုး. . ."

"ဘယ်လိုလုပ်လာလို့ ရမှာလဲကွ၊ ကျပ်နေတာဥစ္စာ"

"ချိုမိုင်မိုင်အက,ကရင် ရပါတယ်ခင်ဗျာ၊ တိုးပါ။ ဒါနဲ့ဦးလေး ကြီး၊ မော်တော်ယာဉ်စီးခလေး လုပ်ပါဦးခင်ဗျ"

သို့နှင့် ကျွန်ုပ်သည် အမူးသမားလူငယ်တစ်ဦးအနီးသို့ ရောက်သွား၏။ ကျွန်ုပ်က ရာတန်တစ်ရွက်ပေးလိုက်သည်။ စပယ် ယာက နှစ်ဆယ်ကျပ် ပြန်မအမ်းသေး။

"ဟော့- စပယ်ယာ၊ နှစ်ဆယ်ပြန်အမ်းလေကွာ"

"အကြွေမရှိသေးလို့ပါဗျာ၊ ရရင်ပေးမယ်"

"ဘယ်တော့ရမှာလဲ"





"ဒီနှစ်ရရင် ဒီနှစ်ပေးပါ့မယ်"

"တောက်"

သို့နှင့် တိုးရွှေ့ပြီးစီးလာလို့ သန်လျင်တံတားပေါ်ရောက် တော့ ကျွန်ုပ်တင်ပါးကို လက်တစ်ဖက်က လာစမ်း၏။ ကျွန်ုပ် ကြက် သီးမွေးညင်းများ ထသွားခဲ့ရသည်။

နောက်ပြန်လှည့်ကြည့်လိုက်တော့ အမူးသမားလူငယ်။ဒယီး ဒယိုင်နှင့်။

"ဟော့ကောင်- ဘာလုပ်တာလဲကွ ဟင်"

"ဘယ်. . . ဘယ်သူ့ကို မေး မေးတာလဲ ဟင် ဟင်"

"မင်းကိုမေးနေတာ"

"ကျွန် ကျွန်တော် ဘာလုပ်လို့လဲ. . ."

"မင်း ငါ့တင်ပါးကို လာကိုင်နေတာလေ. . ."

"ဟင်- ကိုင်မိလို့လား။ ကုလားထိုင်လက်တန်း အောက်မေ့လို့ လို့ပါ။ ဒါကြောင့် ပျော့စိစိကြီးပါလားလို့ ထင်သား။ ဆော ဆောရီး"

ငနဲသားက မူးကြောင်ရူးကြောင်နှင့် ဟိုဘက်ကိုတိုး၍သွား ပြီး ကျွန်ုပ်ကို စောင်းငမ်းစောင်းငမ်း ကြည့်နေ၏။

"ဟော့- စပယ်ယာ. . ."

"ဘာတုံး ဦးလေးကြီး"

"နှစ်ဆယ်ပြန်အမ်းလေကွာ၊ ငါ ဆင်းတော့မှာ. . ."

"အကြွေမရှိဘူးသေးဗျ. . ."

"မရှိရင် ငါးဆယ်တန်အမ်း. . ."

"ကျွန်တော်နာတာပေါ့ဗျာ"

"မလိုချင်ဘူး၊ ငါဆင်းတော့မယ်"

"လိုချင်ရင် ပန်းဆိုးတန်းရောက်အောင်လိုက်ခဲ့ဗျာ"

"မင်းက ငါ့ကို ဘာကောင်အောက်မေ့လို့လဲ။ မနက် နှစ် ဆယ်၊ ညနေ နှစ်ဆယ် အသားလွတ်အရှုံးခံနေရရင် တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့လေးဆယ်၊ တစ်လကို တစ်ရာ့နှစ်ဆယ်၊ ဆယ်လကို ထောင့် နှစ်ရာကွ။ လူငါးယောက်ကို ပြန်မအမ်းရင် ခြောက်ထောင်။ အဲဒီ ပိုငွေ မင်းတို့ဘာလုပ်ပစ်လဲ၊ ပြော. . .”

“ဒါဆိုလည်းရော့ဗျာ၊ နားကို ငြီးနေတာပဲ. . .”

ဒီမှာ စပယ်ယာက ကားခေါင်မိုးမှာညှပ်ထားသည့် နှစ်ဆယ်တန်တစ်ရွက်ကို ယူ၍ပေး၏။ ကြည့်လိုက်တော့ နှစ်ဆယ်တန်က အပိုင်းပိုင်းပြတ်၍ ကြေနေ၏။ သုံးလို့မရ။

“ဟေ့ကောင်- စပယ်ယာ”

“ဘာဖြစ်ပြန်ပြီလဲဗျာ၊ ကျွန်တော်စိတ်ညစ်လာပြီဗျ”

“မင်း နှစ်ဆယ်တန်က သုံးလို့မရဘူး၊ ပြန်လဲပေး”

“မရှိလို့ ရှိတာပေးတာပါဗျာ”

“မလိုချင်ဘူး၊ ရအောင်လုပ်ပေး. . .”

“နည်းနည်းကားပိုစီးလိုက်ပါဗျာ”

“မင်း ငါ့ကိုမရွဲ့နဲ့။ ဘာကောင်အောက်မေ့လို့လဲ”

ကားတစ်စီးလုံး ကျွန်ုပ်နှင့်စပယ်ယာ ငြင်းခုံသံလွှမ်းနေသောအခါ ခရီးသည်များက စိတ်ညစ်စပြုလာ၏။ အချို့က ကျွန်ုပ်မှန်သည်ဟု ပြော၏။ အချို့က ငွေနှစ်ဆယ်နဲ့ လျှာကိုရှည်တဲ့လူဟု ဆိုကြ၏။

“မရှိလို့ မပေးတာပါဗျာ”

“မရှိရင် ငါးဆယ်တန်ပေး”

“မပေးနိုင်ဘူးဗျာ”

သို့နှင့် စိတ်တိုသောကျွန်ုပ်နှင့် ကားစပယ်ယာတို့ ကားပေါ်မှာစကားများကြသောအခါ စောစောက အမူးသမားလူရွယ်က ကျွန်ုပ်တို့နှစ်ဦးအကြားသို့ဝင်လာပြီး စပယ်ယာမျက်နှာကို ခေ့စေ့ကြည့်ကာ။

“ဟေ့ကောင်- သားကြီး တော်ကွာ. . .”

ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်ပြီး -



“ဒီဘက်က သားကြီးလည်းတော်၊ ငွေနှစ်ဆယ် ငါစိုက် စိုက်ပေးမယ်။ သောက် သောက်ထားတဲ့ အရှိန်လေး မင်း မင်းတို့ စကားများနေလို့ ဘယ်ရောက်သွားမလဲ မသိဘူး။ ကလူ ကလူ ပြန်လာ ပြန်လာ. . .”

အမူးသမား လူရွယ်စကားကြောင့် ကားပေါ်မှလူများက ရယ်ကြ၏။ အမူးသမားလူရွယ်က နှစ်ဆယ်တန်တစ်ရွက်ကို ကြားမှ ထုတ်ပေး၏။

ဒီမှာ ကျွန်ုပ် ခံပြင်းရတော့သည်။

ကြည့်စမ်း- သင်းကရှိလှရင် ကျွန်ုပ်ညီအငယ်ဆုံးအရွယ်၊ သားအရွယ် အဲဒါ ဟို စပယ်ယာကိုလည်း သားကြီးတော်ကွာတဲ့။

ပြီး-ကျွန်ုပ်ကိုလည်း ဒီဘက်ကသားကြီးလည်းတော်တဲ့။

အမူးသမားက အကြွေနှစ်ဆယ်ကိုင်ပေးပြီး သက်သက်မယ့် ကျွန်ုပ်လိုလူကို ခရီးသွားများအကြားမှာ ကျောပြနေတာပဲဖြစ်သည်။

ကျွန်ုပ် အသားများဆတ်ဆတ်တုန်နေ၏။

“ယူလေဗျာ- ဒီမှာနှစ်ဆယ်”

“ဟေ့ကောင်- မင်းက ဘာကောင်လဲ”

ကျွန်ုပ်က ဒေါသထွက်ထွက်နှင့် မေးလိုက်၏။ ဒီမှာ သူက-

“ကျုပ်က ကျုပ်ပါ”

“ဝါးဟားဟားဟားဟား”

“ခစ်ခစ် ခစ်ခစ်”

“လူ့စွာ လူချွန်တွေချည်းပဲဟေ့”

“မင်းနဲ့ဘာဆိုင်လို့လဲဟင်၊ ဟေ့ကောင်”

“ကျုပ် အရက်ကို ပိုက်ဆံပေးပြီး သောက်လာတာ ခင်ဗျားတို့နှစ်ယောက်ကြောင့်. . .”

“အကြွေရပြီမဟုတ်လား၊ ယူပြီးတိတ်တိတ်နေဗျာ”

စပယ်ယာက ဝင်ပြောပြန်၏။

“သူ့ဆီကမလိုချင်ဘူး။ မင်းဆီက လိုချင်တာ. . .”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း လူကတ်။

"ဟော့ကောင်- သားကြီး တိတ်တိတ်နေကွာ။ ဒီဘက်သားကြီးလည်း တိတ်ပါတော့-ရော့။ ခရီးသည်တွေအားနာစရာ အေ့ အေ့. . ."

အမူးသမားလူရှယ်က သူ့ကိုယ်သူ လူကြီးလုပ်၍ ကျွန်ုပ်တို့နှစ်ဦးကို ခပ်တည်တည်ဖျန်ဖြေ ဆုံးမနေ၏။ ပိုက်ဆံကိုလည်း ထိုးပေးနေ၏။

"ဒီမှာ ဟော့ကောင်ငမူး"

"အေ့- ဘာလဲဗျာ၊ နှစ်ဆယ်တန် မကောင်းလို့လား"

"ဟော့ကောင်-ငါက မင်းအဖေအရွယ်လောက်ရှိတယ်ကွ။ မင်းကများ ငါ့ကို သားကြီး တိတ်လေးဘာလေးနဲ့ မင်း မင်းအသက် ဘယ်လောက်ရှိလို့လဲ"

"ဒီလိုလား၊ ဒါကို သဘောမကျလို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ဒါ ဒါဆို ပြန်ပြင်ပြောမယ်။ ဖေ့သားကြီး တိတ်တော့"

"ဝါးဟားဟားဟားဟား"

"ဟီး ဟီး ဟီး ဟားဟားဟားဟား"

"ပိုင်တယ်ကွာ"

"ငွေလေးနှစ်ဆယ်နဲ့ လျှာရှည်ချင်တော့ ခံပေါ့"

ကျွန်ုပ်သည် မြောက်မြားလှစွာသော ရယ်သံများအကြား ဘာပြန်ပြောရမှန်း မသိ။ ရယ်သံများကား မဆုံးနိုင်။ ရှက်စရာလည်း ကောင်းလာပြီ။

"လေးကိုး ရောက်ပြီ၊ ဆင်းမယ့်လူရှိသလား"

"ဆင်းမယ်၊ ဆင်းမယ်။ ဟော့ကောင်၊ ငါဆင်းမယ်"

ကျွန်ုပ်သည် မျက်နှာထူထူပူပူနှင့် (၄၉)ဂိတ်အရပ်မှာ တိုးဝှေ့၍ ဆင်းလိုက်သည်။ လူများနေ၍ တော်တော်နှင့်တိုး၍မရ။ ထိုစဉ် ကားကထွက်ရန်လုပ်၍ အော်ရပြန်သည်။





"ငါဆင်းမယ်၊ ငါဆင်းမယ်"

ဒီမှာပဲ အမူးသမားငနဲက အသံကျယ်ကျယ်နှင့် လှမ်းအော်လိုက်တော့သည်။

"ခဏလေး ကားဆရာ၊ တစ်ယောက်ကျန်သေးတယ်။ ဖေ့သားကြီး တိုးနေတုန်း"

ဟူသတည်း. . .။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# နမ်းခါနီးမှ ရွဲ့သွားသည့်နှာခေါင်း

ကျွန်ုပ် မြမျက်ချယ်တို့အိမ်သို့ရောက်သောအခါ မင်းသမီး မြမျက်ချယ်ကို အိမ်ရှေ့မှာ ရေချိုးလျက်တန်းလန်းသွားတွေ့ရ၏။

ကျွန်ုပ် ကံကောင်းလေစွ။

တစ်နည်း- ဖေ့သားကြီး ကံကောင်းလေစွ။

"ချယ်. . ."

"ဟော - အစ်ကိုမှိုင်းပါလား၊ ဘယ်ကလှည့်လာတာတုံး"

"ချယ့်ဆီကိုလာတာ"

"ဟုတ်လား၊ အိမ်ပေါ်တက်လေ။ အစ်ကို ခဏလေးနော်"

ကျွန်ုပ်ကား အိမ်ပေါ်သို့မတက်ချင်။ ရေစိုအလှနှင့် လှချင်တိုင်းလှနေသည့် ချယ်လေးအနီးမှာရပ်၍ စကားတွေ သုံးနှစ်လောက် ပြောချင်နေ၏။

"အစ်ကိုတက်လေ"

"ဘယ် ဘယ်ကို တက်ရမှာလဲ ဟင် ဟင်"

ကျွန်ုပ်က ငှက်ဖျားတက်သံကြီးနှင့် မေးလိုက်သည်ရှိသော် ကျွန်ုပ်နှင့်စိတ်ဓာတ်မြသန်းအကြောင်းသိနေသော မြမျက်ချယ်က-

"မန်ကျည်းပင်ပေါ်တက်ပါလား အစ်ကို"

"အင်. . . အင်"



"ဟား ဟား ဟား၊ အဟင်း ဟင်းဟင်း. . . အိမ်ပေါ်ကို ပြောတာပေါ့။ ခဏလေးပါ အစ်ကိုရဲ့"

သို့နှင့် သူမရဲ့ရေစိုကိုယ်လုံးကစ်ကစ်ကြီးကို ရှိုးလိုက်ပြီးသဘာလ အိမ်ပေါ်သို့ မတက်ချင်တက်ချင်နှင့် တက်လိုက်ရာ လှေကားထစ်မှ ချော်ကျတော့၏။

"ဗုန်း"

"အင့်"

"ဟောတော့၊ အစ်ကို သေပြီလားဟင်"

"မ မသေပါဘူး၊ မေး မေး စေ့ကွဲ ကွဲ"

"အို၊ သွေးတွေထွက်လို့ပါလား"

"ရ ရပါတယ်၊ ကိုကို စွ န မမရှိ အား ကျွတ် ကျွတ်"

မေးစေ့မှသွေးများသည် ဖြာ၍ကျလာ၏။

"အစ်ကို ခဏလေး"

သူမ အိတ္တွဲ့အိတ္တွဲ့နှင့် ရေချိုးလက်စသတ်၍ နောက်ဖေးသို့ ဝင်သွား၏။ ကျွန်ုပ်လည်း မေးစေ့ကိုလက်ဝါးနှင့်အုပ်၍ အိမ်ပေါ်သို့ တက်၏။

ခဏကြာတော့ မြမျက်ချယ် အဝတ်အစားဝတ်၍ တင်ချာပုလင်းနှင့် ရောက်လာ၏။

"ပြစမ်း အစ်ကို၊ အို - အတော်များတာပဲ။ ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်"

"ချယ်ကြောင့်"

"ဟင်- ချယ်ကြောင့်. . ."

"ဟုတ်တယ်၊ ချယ်ရဲ့ အလှကို ငေးရင်း. . ."

"အို- အစ်ကိုရယ်၊ ဖြစ်ရလေ. . ."

သူမက ပါးစပ်ကလည်းပြောရင်း တင်ချာပုလင်းကိုဖွင့်၍ ဂွမ်းစနှင့်သုတ်ပေး၏။

"အား - အား. . ."

www.burmeseclassic.com

www.burmeseclassic.com



“မစပ်ဘူး၊ အား-စပ် စပ်တယ်”

“နေ-နေ၊ အသာနေ. . . မပွတ်နဲ့. . .”

ဒီနောက် ဆေးဝါလေးဆွတ်၍ ဂွမ်းစနှင့်ကပ်၏။ ၎င်းနောက် အပေါ်မှပလာစတာကပ်၏။ သူမ သို့ကလို လုပ်ပေးနေသည်ကို ခံစားရသော်ကား -

မေးစေ့မကွဲဘဲ သွား (၃၂) ချောင်းပါကျိုးသော် ကောင်းလေစွဟု ကျွန်ုပ်တွေးကာ ဆုမျှားပင်တောင်းမိလေ၏။

“ချယ်”

“အစ်ကို”

“ချယ်က သိပ်. . . သိပ်. . . ကြင်နာတတ်တာပဲနော် နော်”

“အဟင်း ဟင်း ဟင်း၊ ကိုယ့်အစ်ကိုပဲဥစ္စာ။ ပြီး-အစ်ကိုက ညီမတို့နဲ့ အနုပညာမောင်နှမ မဟုတ်လား”

“ချယ်”

“ရှင် - အစ်ကို၊ စကားသိပ်မပြောနဲ့ အစ်ကို။ သွေးထွက်မှာစိုးလို့”

“ကိ ကိစ္စ မ မရှိ တော့ပါဘူး ချယ်။ ဒါ. . . ဒါနဲ့. . .”

“ဟို ဟို ဆိတ် ဆိတ်ပါးစပ် မြသန်း လာသေးလားဟင်”

“စိတ်ဓာတ်မြသန်းလား”

“အင်း. . .”

“မလာတာကြာပြီအစ်ကို၊ သူဘာဖြစ်နေလဲဟင်”

“ချယ် မကြားလိုက်ဘူးလား”

“ဟင့်အင်း မကြားဘူး၊ ဘာဖြစ်လို့လဲ”

ခွင့်တော့ကြုံပြီ၊ ကိုမြသန်းသည် မြမျက်ချယ်ကို မရှက်တမ်းပိုးနေ၏။ သင်းလို အသားမည်းမည်း၊ ဗိုက်ရွဲရွဲ၊ မျက်လုံးပြူးပြူးလူပြောင်လူနောက်နှင့် မတော် မြမျက်ချယ် ချစ်မိကြိုက်မိသွားလျှင်ရွာနာချေမည်။

“ကြားရချက်က စိတ်မကောင်းစရာဘဲ ချယ်ရယ်”





“ပြောပါဦး အစ်ကိုရဲ့၊ ဘာဖြစ်တာလဲ. . .”

“အရက်သောက်စရာ မရှိလို့တဲ့။ သူခြေရင်းအိမ်က ကောင်မလေး ထဘီကို တံချူနဲ့လှမ်းယူပြီး မချွဲမိအရက်ဆိုင်သွားတုန်းမိသွားလို့”

“အိုး - ဖြစ်မှဖြစ်ရလေ၊ အခုရော. . .”

“အခု၊ အချုပ်ထဲရောက်နေတယ်”

“ဘုရား ဘုရား၊ လူကြားလို့မကောင်းပါလား အစ်ကိုမြသန်းရယ်. . .”

“အစ်ကို - အတန်တန်ပြောပါတယ် ညီမရယ်။ မြသန်း၊ အရက်ကို သိပ်မသောက်နဲ့လို့။ သင်းက အရက်မသောက်ရရင် မနေနိုင်တဲ့ဘဝရောက်နေတာ. . .”

“အဲဒီလောက်တောင်ပဲလား အစ်ကို”

“ဘယ်ကမှာလဲ၊ သူ့အဖေလည်း အရက်နဲ့ပျက်စီးတာ။ အရက်မသောက်ရတဲ့နေ့များ လေးဖက်ထောက်ပြီး ကြောင်လိုအော်အော်နေလို့ အစ်ကိုကသနားတာနဲ့ ဝယ်ဝယ်တိုက်ရတယ်။ အဲဒီနေ့ကလည်း အစ်ကိုမရှိလို့ဖြစ်ရတာပါချယ်ရယ်။ ဒီကောင် ကျိန်းသေ ထောင်ကျမှာပဲ”

“အာမခံ မရဘူးလားဟင်”

“ရရော ဘာလုပ်မှာလဲ။ လက်ပူးလက်ကျပ်မိတာဥစ္စာ”

“ဒုက္ခပါပဲနော်၊ အဲဒါ ဘယ်လောက်ကျနိုင်သလဲဟင်”

“အချို့ပြောတော့ (၁၀) နှစ်လို့ကြားတာပဲ”

“ဘုရား ဘုရား”

“မကောင်းတဲ့လူဟာ မကောင်းတဲ့အတိုင်း သွားကြတာပဲချယ်။ ဒါကြောင့် အစ်ကို အရက်ဆို ဝေးဝေးကရှောင်တယ်”

“ကောင်းတယ် ကောင်းတယ်၊ ညီမကလည်း အရက်သမားဆို အင်မတန်ရွံတာ၊ ကြောက်တာ”

“တကယ်လို့ သူလွတ်လာရင် သူ့ကိုအဝင်အထွက် မလုပ်စေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ချယ်"
"ဘာဖြစ်လို့လဲဟင်"
"ချယ့် ထဘီ၊ အင်္ကျီတွေ ဝင်အလစ်သုတ်မှာစိုးလို့"
"ဟုတ် ဟုတ်ကဲ့အစ်ကို၊ စိတ်ချ စိတ်ချ"
"ချယ် အယ် ဟယ်. . ."
ကျွန်ုပ်သည် သို့ကလို ချွန်တွန်းပေးလိုက်သည်ရှိသော် တကယ်ယုံကြည်သွား၏။
"ချယ်"
"ဘာ ဘာလဲဟင်"
"ဒီကောင့်မှာ မယားကြီးလည်းရှိတယ်"
"ဟင် - ဒါနဲ့၊ လူပျိုကြီးဆို"
"ဘယ်ကဟုတ်ရမှာလဲ၊ မယားကြီးက သူ့ထက် (၁၅)နှစ်ကြီးတယ်။ ကျောကုန်းမှာ ဘုကြီးနဲ့. . ."
"ဘုကြီးနဲ့. . ."
"သူမူးပြီးရိုက်လို့ ကျောရိုးကျိုးပေါင်းဖြစ်သွားတာတဲ့"
"အိုး - ရက်စက်လိုက်တဲ့လူကြီးနော်"
"အဲဒါ၊ ချယ့်ကို လာလာပိုးနေတာ။ အစ်ကိုနဲ့ချယ်နဲ့က အနုပညာမောင်နှမမို့ မဖြစ်သင့်တာဖြစ်မှာစိုးလို့ လာပြောတာ"
"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ တကယ့် လူယုတ်မာကြီးပဲနော်"
"ယုတ်မာတာတော့ ကမ်းကုန်ပဲ။ ဒါနဲ့ချယ်၊ အစ်ကိုတို့ တပို့တွဲလကျရင် ဘုရားပွဲခွင်တစ်ခွင်ရှိတယ်။ ကိုယ့်သူငယ်ချင်းသောင်းညွန့်ဦးတို့ တာဝန်ယူရမှာ။ အစ်ကို အော်ပရာရောပြဇာတ်ရောတိုက်ရဖို့ရှိတယ်။ ချယ် ဝင်ကူညီဦးနော်"
"စိတ်ချအစ်ကို၊ တခြားပွဲခွင်နဲ့ မတိုက်အောင် ကြိုပြီး ရက်ချိန်းတော့ ယူထားပေါ့"
"ချယ်. . . ဟယ်. . . ဟယ်"





ကျွန်ုပ်ကားပြောရင်း ဇာတိများပြလာ၏။ ရင်ခေါင်းထဲနှင့် လည်ချောင်းထဲမှာ ငှက်ဖျားတက်သလို ဖြစ်လာ၏။ လက်များတုန်လာ၏။

ငမ်းကြောနှင့် နောက်ပိုးကြောပူးကာ။ ဘကြီးကြောင်လို သွေးကြွလာ၏။ ကျွန်ုပ်သည် ချောမောလှသည့် ချယ်ရဲ့မျက်နှာကို အနီးကပ်မြင်နေရသောအခါ သွေးကြောများ ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်း ဖြစ်လာ၏။

"ချယ်. . . ဟယ်. . . ဟယ်"
"အစ်ကို ဘာဖြစ်နေတာလဲ၊ ငှက်ဖျားဝင်လာလို့လားဟင်"
"ဟုတ် ဟုတ်၊ အဲ အဲဟုတ်ဘူး။ ချယ် ချယ်က အရမ်းကို လှ လှတာပဲနော်"
"အို. . ."
"ဝေး. . . မြမျက်ချယ်"
"မျက်ချယ်ရေ. . . ဟေ. . . ချယ်လေး"

သို့ကလိုနှင့် ချယ့်ကို ရည်းစားစကား အကြိုစကားလုံးလေးများသွင်းရန်ဟန်ပြင်လိုက်စဉ် အိမ်ရှေ့မှ အသံပြကြီးနှင့် ခေါ်လိုက်အော်လိုက်သံကြောင့် ကျွန်ုပ်တို့နှစ်ဦး အလန့်တကြား လှမ်းကြည့်လိုက်သောအခါ -

"ဟင်. . ."
"မြ. . . သန်း. . . မြ. . . သန်း"
"ချယ်လေးရေ ကိုကိုသန်း . . . လာပြီ"
"မြ. . . သန်း"

ကျွန်ုပ်သည် ခြံဝမှအော်ပြီးဝင်လာသည့် စိတ်မာတ်မြသန်းကြီးကို မြင်လိုက်သည်နှင့် မြမျက်ချယ်တို့အိမ်ရှေ့မှ ရေထမ်းသည့် ထမ်းပိုးကိုကောက်ကိုင်ပြီး အိမ်ပေါ်မှခုန်ဆင်းလိုက်တော့၏။

"ဟင် . . . ကို မြသန်း၊ အာမခံ ရ ရ. . ."
"မြသန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ငမှိုင်း၊ မင်း . . . မင်း"

"အေး. . . မင်းကို လိုက်ရှာနေတာ၊ မြို့ကုန်ပြီ။ ဒုက္ခပေးတဲ့ကောင်၊ သေပေရော့. . ."

"အမေရေ - မြတ်စွာဘုရား ကယ်တော်မူပါ"

"ဟေ့ - မြ. . . သန်း၊ မပြေးနဲ့. . ."

မရပါ။ စိတ်ဓာတ်မြသန်းသည် ကျွန်ုပ်မျက်နှာကို ဖြုန်းစားကြီး မြင်လိုက်သည်နှင့် သူ့အကြောင်းသူသိသူပီပီ ခြံဝမှလှည့်၍ တစ်ချိုးတည်းပြေးတော့သည်။ ဖိနပ်နှစ်ဖက် ကျွတ်ကျန်ခဲ့၏။ ပြန်မကောက်တော့။

"အစ်ကိုမှိုင်း၊ အစ်ကိုမှိုင်း"

ချယ်က နောက်မှအလန့်တကြားအော်၏။

"ငမှိုင်း - ငါ. . . ငါ"

"မြသန်း၊ မင်းကို ဒီနေ့မှ မလုပ်ရရင် ငါ့ကိုယ်ငါသတ်သေမယ်။ ငမှိုင်းတဲ့ကွ။ သူခိုးဗျို့၊ သူခိုး။ ခါးပိုက်နှိုက်၊ ခါးပိုက်နှိုက်။ ရှေ့ကလူကား သူခိုး၊ ခါးပိုက်နှိုက် ဖမ်းပေး၊ ဖမ်းကြပါ. . ."

ကျွန်ုပ်ထမ်းပိုးနှင့် လိုက်မှန်းသိချေသော် တစ်ဖန် သူခိုး၊ ခါးပိုက်နှိုက်ဟု ချွန်မှန်းသိချေသော် ငနဲသားသည် အခြေအနေမကောင်းတော့မှန်း ရိပ်မိပြီး သန်လျင်သို့ပြန်သည့် လိုင်းကားပေါ်သို့ ဒရောသောပါး အမြန်ခုန်တက်ကာ လိုက်ပါသွားလေသည်။

တောက် -မမိလိုက်လို့၊ မိများမိရင် သင်းရေးပေးသည့် ရည်းစားစာတန်ဖိုးအတွက် သင်းကို ဤရေထမ်း ထမ်းပိုးနှင့် စိစိညက်ညက်ကြေမျှ ဂုဏ်ပြုလိုက်မည်ကား ကျွန်ုပ်၏သန္နိဋ္ဌာန် ဖြစ်သတည်း။

❖ ❖ ❖



## ဂေါ်ဇီလာနဲ့ပဲ အိပ်တော့မယ်တဲ့

တစ်နေ့တော့ ခပ်သွပ်သွပ်ဖြစ်နေသော ကျွန်ုပ်ထံသို့ အူကြောင်ကျားငနဲတစ်ယောက် ရောက်ရှိလာ၏။

လက်ထဲမှာလည်း ဝမ်းနူးစာ သရက်သီးငါးလုံးလည်း ပါလာ၏။ သူ့ကိုမြင်သည်ရှိသော် ကျွန်ုပ် ရင်ခုန်စပြုလာ၏။

သူကား အခြားမဟုတ်။ မော်ဒန်ဝတ္ထုတိုများ ရေးနေသည့် စာရေးဆရာ နိုင်ဝင်းဂျီတည်း။

"မောင်မှိုင်း၊ မသေသေးဘူးမဟုတ်လားဟေ့"

ကြည့်၊ အိမ်ပေါ်ရောက်သည်နှင့် နားရင်းတီးပစ်ချင်သဖွယ် စကားနှင့်နှုတ်ခွန်းဆက်၏။

"မြင်တဲ့အတိုင်းပဲ သူငယ်ချင်း၊ ဘာဒုက္ခပေးဦးမလို့လဲ"

"အဟဲ ဟဲဟဲ၊ ဆီးဝမ်းကောင်းအောင် မိုးဦးကျ လေဦးကျလေး သရက်သီးမှည့်လာပို့တာ။ ရော့. . ."

သူက သရက်မှည့်ငါးလုံးပါသော ကြွပ်ကြွပ်အိတ်ကိုလှမ်းပေးပြီး -

"ဘာချက်တုံး"

"ဘာလုပ်မလို့လဲ"

"ကြုံတုံး ဝါးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



သင်းကား သရက်သီးမှည့်ငါးလုံး (ဘယ်ကတောင်းလာသည် မသိ) နှင့် စရိတ်ကာမိရန် ဝါးဦးမည်တဲ့။

"ငါတောင် ဆွမ်းကျွေးသွားတီးမလို့ဥစ္စာ"

"ကောင်းတယ်၊ ကောင်းတယ်။ ကိုယ်လည်းလိုက်မယ်၊ ကူငွေ မပေးရဘူး မဟုတ်လား"

"အင်း"

"ဂွ"

သို့ကလို ပြောလိုက်သည်နှင့် သူ့ဗိုက်ထဲမှ ဂွိဟု စအော်မြည်လာ၏။ ဒီမှာ သူက သူ့ဗိုက်ကိုလက်နှင့်ပွတ်ရင်း နှိပ်ရင်းမှ -

"နေပါဦး သားတို့ရာ၊ ဝါးရမှာပေါ့။ ဖေကြီးကို အရှက်ကွဲအောင်မလုပ်ကြပါနဲ့ဦး။ ခဏလေး စောင့် စောင့်"

"နိုင်ဝင်းဂျီ"

"ဘာလဲသူငယ်ချင်း"

"ဘာကိစ္စနဲ့ ငါ့အိမ်ကိုလာတာတုံး"

သူသည် ဘယ်တုံးကမှ ကျွန်ုပ်ထံသို့ ယခုလို လက်ဆောင်ပစ္စည်းများ ယူမလာဘူး။ ယခု ထူးခြားနေ၏။

"အရေးကြီးတဲ့ကိစ္စရှိလို့ကွ၊ မောင်မှိုင်းရ"

"အချုပ်ထဲရောက်နိုင်သလား"

"ဖွီ- မင်းကလည်း လုပ်ကရော့မယ်။ ဒီမှာ ငါ မိန်းမခိုးတော့ မလို့. . ."

"ဟင် - မိန်းမခိုးမလို့လား"

"အိမ်း. . ."

"ဘုရားရေ- မင်းကို ကြိုက်မယ့်၊ ယူမယ့်မိန်းမ ရှိတယ်. . ."

"အံမာ- မင်းလို ကိုယ်ကချိန်လိုက်၊ လင်နောက်လိုက်။ ကိုယ်ကမှန်းလိုက် မြို့ပြောင်းလိုက် မဟုတ်ဘူး မောင်ရင်ရဲ့။ အဟဲ့ . . ."

"ကောင်မလေးက ဘယ်ကလဲ"





"ပဲခူးစုရပ်ကွက်ကကွ. . ."

"အသက်ရော ပြည့်ရဲ့လား နိုင်ဝင်းဂျီ"

"ပြည့်ပါတယ်ကွာ၊ (၂၃)နှစ်ရှိနေပြီ။ အဲဒါ မင်းကိုအကူအညီလာတောင်းတာ"

"ငါက ဘယ်လိုကူညီရမှာလဲ။ ရုံးမှာ သက်သေခံလက်မှတ်လိုက်ထိုးပေးရမှာလား"

"ဒါက - ဒုတိယအပိုင်းမောင်မှိုင်းရ၊ ပထမအပိုင်းက မိန်းမခိုးရာမှာ မင်းကူညီပေးဖို့. . ."

"ဖြစ် ဖြစ်ပ့ါမလား နိုင်ဝင်းဂျီရာ၊ တော်ကြာ. . ."

"ဖြစ်ပါတယ်။ မင်းက ကိုယ်တိုင်သာမစွံတာ၊သူများမိန်းမခိုးရာမှာ ကျွမ်းကျွမ်းကျင်ကျင် ကူညီနိုင်သူမို့ အားကိုးရတာပါ သူငယ်ချင်းရယ်။ ကိစ္စဝိစ္စပြီးသွားရင် အကျိုးနဲ့ပုဆိုးလည်း ဝယ်ကန်တော့ပ့ါမယ်။ ကျကျနနလည်း တိုက်မှာပါကွာ။ အခြေအနေက မခိုးရင်မဖြစ်လို့ပါ"

"ဘယ်လိုဖြစ်နေလို့လဲ"

"ငါ့ကောင်မလေးကို သူ့အိမ်က ယောက်ျားပေးစားမလို့ စီစဉ်နေကြတယ်။ အဲဒီလူကို သူက ကြိုက်လည်းမကြိုက်ဘူး။ ငါ့ကိုပဲ ကြိုက်နေ၊ ချစ်နေတော့ အမြန်လာခိုးဖို့ စာရေးလိုက်လို့"

"အပြင်ခေါ် ထုတ်ပြီး အခြားပြေးကြပါလားကွာ နိုင်ဝင်းရာ"

"အိမ်ထဲက အိမ်ပြင်ကို ထွက်ခွင့်မပေးလို့ပေါ့ကွာ။ ငါနဲ့ဖြစ်နေမှန်းလည်း ရိပ်မိထားတော့ ပိုဆိုတာပေါ့။ ကူညီပါသူငယ်ချင်းရာ၊ သူတစ်ပါးချစ်ခြင်းကို ကူညီရတာဟာ ကုသိုလ်တစ်မျိုးပါ သူငယ်ချင်း။ မင်းအလှည့်ရောက်ရင်လည်း ငါ အသက်စွန့်ကူညီမှာပါကွာ။ အားကိုးပါရစေ သူငယ်ချင်းရာ နော်"

ကျွန်ုပ်ကား မိမိကိုယ်၌က ဂေါ်မစွံသော်လည်း သူတစ်ပါး

www.burmeseclassic.com



မိန်းမခိုးရာမှာ နှစ်ကြိမ်လိုက်ပါဆောင်ရွက်ကူညီပေးခဲ့ဖူး၏။

ပထမအကြိမ်ကား -

နားလေး စာရေးဆရာ မောင်တင်မွန် မိန်းမခိုးစဉ်က ဖြစ်၏။ ညဥ့်သန်းခေါင်မှာ ခွေးလိုက်ကိုက်၍ ပြေးလိုက်ရတာ။ ခွေးကား သာမန်ခွေးမဟုတ်။ အင်းခွေးကြီးများဖြစ်၏။

ဒုတိယအကြိမ်ကား -

မင်းကြည်လှိုင် မိန်းမခိုးစဉ်ကဖြစ်၏။ မိန်းကလေးနှင့် ချိန်းထားသည်က ညဥ့် (၁၂)နာရီ၊ ကျွန်ုပ်နှင့်မင်းကြည်လှိုင်ကား ဝီရိယကြီးစွာဖြင့် ညဥ့် (၁၀)နာရီ မတိုင်ခင်ကတည်းက ကြည်လှိုင်၏ ကောင်မလေးခြံထဲက မန်ကျည်းပင်အောက်ရောက်နှင့်နေ၏။ ပုဆိုးခြုံ၍ စောင့်နေကြခြင်းရယ်။

ခြင်ကိုက်သည်ကို ကြိတ်မှိတ်ခံစားရင်း မန်ကျည်းပင်ကိုမှီ၍ အိပ်ပျော်သွားရာ မိုးလင်းမှနိုး၏။

နိုးတာတောင် ရိုးရိုးမနိုး၊ အလွန်သဘောကောင်းလှသော (မင်းကြည်လှိုင် ရည်းစားအိမ်မှ) ခွေးသားအုပ်မကြီး ကျွန်ုပ်တို့ပါးကို လျှာနှင့်လာလျက်မှ နိုးခြင်းဖြစ်၏။ အဘယ်ကြောင့်မူ ပါးစပ်မှသားရည်များကျနေ၍ ဖြစ်၏။

သို့နှင့် -

မနည်း ခွေးတိုးပေါက်မှ ပြေးခဲ့ရ၏။ မျက်နှာကို လျှာနှင့်မလျက်ဘဲ လည်ကုပ်များကိုက်လိုက်လျှင် သေဖွယ်ရာတည်း။

ကျွန်ုပ်တို့နှစ်ဦး၏ လုံ့လဝီရိယကို မင်းကြည်လှိုင်ချစ်သူ ချိုမြရည် ကြားသော် နောက်နေ့ သူ့အိမ်မှပေးစားသည့်ယောကျ်ားကိုပဲ ကြည်ကြည်ဖြူဖြူ ယူလိုက်သည်ဟု ကြားရ၏။

ဒိနှယ် မိန်းမခိုးရာမှာ လူစွမ်းလူစကောင်းလှသော ကျွန်ုပ်ကို အဲဒီ နိုင်ဝင်းကျီ အလေးအနက်ပြု၍ အားကိုးသမျှပြုခြင်း ကားအတော်လေး ယုံကြည်ကိုးစား၍သာ ဖြစ်ပေလိမ့်မည်။

သို့သော် ဤငနဲစကားလည်း မယုံရသေး။





သူကား အူကြောင်ကျားတည်း။

သူ့အကြောင်းကို ကျွန်ုပ် အချေးခါးမကျန် သိ၏။ သူ့ကြောင့်လည်း ကျွန်ုပ်တို့ မအူမလည်ကောင်များ မကြာခဏ ချောက်ကျရသည့် သာဓကများ၊ သမိုင်းကြောင်းများ ရှိခဲ့ဖူး၏။

"မင်းမှာ ရည်းစားရှိတာ ဟုတ်ကောဟုတ်ရဲ့လား နိုင်ဝင်းကျီ ရာ"

"ဘုရားစူး၊ မိုးကြိုးလွတ်ပါကွာ။ ဟောဒီမှာ ဓာတ်ပုံ မယုံကြည့်"

"အလိုလေး - သူလား"

"အိမ်း. . . အိမ်း"

ငနဲက ဓာတ်ပုံတစ်ပုံထုတ်ပြ၍ ဂုဏ်ယူစွာဝင့်ကြွားနေ၏။ ဓာတ်ပုံထဲက အမျိုးသမီးကား မရှိဘူးဆို၊ ကိုယ်လုံးကိုယ်ပေါက်က အာရှသံလုံးပစ်မယ် ဂျနီဖာတင်လေကိုယ်လုံးလောက်ရှိမည်။

ဓာတ်ပုံထဲမှာပင် လွှန်စွာထွားကျိုင်းလှ၏။ ကိုယ်လုံးကိုယ်ပေါက်လည်း တင်းတင်းကားကား စွင့်စွင့်ကြီးဖြစ်၏။ အရပ်ပင်(၆) ပေခန့်မျှ ရှိမည်လားမသိ။ နားရွက်ပင် မရှိဘူးဆို ဝက်နားရွက်လောက်ရှိမည်။

ကျွန်ုပ်တို့နောက်လိုက် နိုင်ဝင်းကျီကား အရပ် (၃)ပေကျော်မျှရှိပြီး အလေးချိန်မှာ ငါးပိဿာကျော်ကျော်မျှရှိလိမ့်မည်။ ဒါတောင် အလေးခိုးပြီးချိန်မှ ငါးပိဿာရှိပေလိမ့်မည်။

"မင်းနဲ့ ဒီမိန်းမနဲ့သွားရင် မင်းသက်ဆိုးရှည်မလား သူငယ်ချင်း"

"ဖြစ်ပါတယ်။ လူတစ်ဆုပ် ဒူးတင်းပုတ်လို့ စာဆိုရှိဉစ္စာ၊ ဒီမှာကြည့်. . ."

သူကပြောရင်း သူ့ဒူးခေါင်းကို လှန်ပြ၏။

ဟုတ်ပါ့၊ လူသာသေးသည်၊ ဒူးခေါင်းကား မသေး။ ဒူးခေါင်းသည် သူ့ဦးခေါင်းလောက်နီးပါးကြီး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်စဉ်းစား၏။ ကျွန်ုပ်သည် မိန်းမ မရသေး။ ရည်းစားလည်း ဟုတ်တိပတ်တိ မထားဘူးသော်လည်း မိန်းမကျမ်း၊ ယောကျ်ားကျမ်း စာအုပ်တော်တော်များများ ဖတ်ဖူး၏။

ကာလီဒါသ၏ သျှတ္တရကျမ်းလည်းဖတ်ဖူးသည်။ ဆရာကြီး ပီမိုးနင်းရေးသည့် အိမ်ထောင်ရေးကျမ်းများလည်း ဖတ်ဖူးသည်။ မန်လည်ဆရာတော်ရေးသည့် မာယာ(×××) လည်း ဖတ်ဖူးသည်။ ဒေါက်တာမောင်မောင်ညိုတို့၊ ခင်မောင်ညိုတို့ရေးသည့် (ဖို+မ) စာအုပ်များလည်း ဖတ်ဖူးသည်။

ဒူးခေါင်းကြီးတာနှင့် ဘာဆိုင်သလဲ။

ဒူးခေါင်းကြီးရုံနှင့် ဆင်ခန္ဓာ ဝက်မျက်လုံး၊ လိပ်ခါးလို အယ်စတုံ၊ ဂွယ်စတုံ၊ ဂွမ်စတုံ၊ ဂေါင်စဆုံကြီးများကို နိုင်ရောတဲ့လား။

ကျွန်ုပ် ဤအကြောင်းကို မဖတ်ဘူး။

"နိုင် ဝင်း ဂျိ"

"ဘာလဲကွာ"

"ဒူးခေါင်းကြီးတာနဲ့ မင်းအခုခိုးပြီး ပေါင်းသင်းမယ့် အယ်စတုံကြီးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ သူငယ်ချင်းရာ။ တို့အမျိုးက ဒူးခေါင်းကြီးမျိုးကွ။ တို့အဖေ တို့အဘိုးလည်း ငါ့လိုပဲ လူကောင်သေးသေးပဲ၊ ဒါပေမယ့် သူတို့ယူလိုက်တဲ့ မိန်းမများဟာ ကျားမဆွဲနိုင်၊ ကျားသစ်မဆွဲနိုင်ဘူး။ ဆင်ပေါက်ကြီးတွေလို ထွားထွားကျိုင်းကျိုင်းချည်းပဲ။ သို့သော် ဒူးခေါင်း ဒူးခေါင်း၊ ဒီဒူးခေါင်းက ရေရှည်များ သိပ်အထောက်အကူပြုတယ်တဲ့။ ဒါကြောင့် ငါ သင်းလိုမဆုံရင်ကာကြီးကို ခိုးမှာ၊ မင်းလိုက်ကူညီ။ ဘယ်နှယ့်လဲ. . ."

"အေးလေ၊ လုပ်ကြတာပေါ့။ ဒါပေမယ့် မိန်းမခိုးတယ်ဆိုတာ အရမ်းခိုးလို့ကောင်းတာ မဟုတ်ဘူး။ နေ့ကောင်းရက်သာလေး ရွေးကြမှ. . ."





"ဘယ်လိုလုပ်မလဲ၊ ဒါဆို ပြက္ခဒိန်ချ"

"ပြက္ခဒိန်ချမနေနဲ့၊ ငါတို့ဆရာကြီး မြေအောက်အဝီစိ လေးကြိမ်ပြန် ဆရာဦးပွေးဆင့်ဆီ သွားကြမယ်။ ဆရာကြီး အစီအမံနဲ့ဆောင်ရွက်ရင် ဘေးရန်ကင်းရှင်းနိုင်တယ်"

"ဒါဆိုသွားလေ၊ ဘယ်နေ့သွားမလဲ"

"နက်ဖြန် မနက် (၉)နာရီ"

"ကိုနိုင်ဝင်းဂျိ မိန်းမခိုးရင် မြင်းနဲ့တင်ပြေးမှာလား"

"ဟာ- မ မလုပ်ပါနဲ့။ မြင်းနဲ့ မလုပ်နဲ့၊ ဆိုင်ကယ်နဲ့တင်ပြေးမယ်"

သူသည် မြင်းဆိုသည့်စကားကိုကြားသည့်နှင့် ပျာပျာသလဲဖြစ်သွား၏။ ရင်တွေပန်းတွေတုန်သွား၏။ မြင်းကို သူအလွန်ကြောက်ပေသေးသကိုး။သူပြန်သွားပြီးနောက် ကျွန်ုပ် သူ့အကြောင်းကို စဉ်းစားနေမိ၏။ ကျွန်ုပ်သည် အပေါင်းအသင်းများကို ချစ်၏။ ယုံကြည်၏။ သို့သော် သင်းတို့ကြောင့် ချောက်ကျရသည့် အကြိမ်ပေါင်းကား မနည်း။

ဒီငနဲကလည်း ကာလသားဘဝတစ်လျှောက်လုံး ဒုက္ခပေါင်းစုံပေးဖူး၏။

အထူးသဖြင့် မြင်းကြောက်၏။ သင်းအကြောင်းကား လူပျိုဘဝမှာပင် စာတစ်စောင် ပေတစ်ဖွဲ့ရေးလို့ ရ,ရကား သူ့အကြောင်းကို စာဖတ်သူများ သိသင့်ပေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## မော်ဒန်ဂျော်ကီ

ကျွန်ုပ်တို့ စာရေးဆရာများ၊ အနုပညာရှင်များထဲတွင် လူ ထူးလူဆန်းများလည်းရှိ၏။ အူကြောင်ကျားများလည်းရှိ၏။ လူရှုယ် လူပေလူတေများလည်းရှိ၏။ လူ့ဂွစာများလည်းရှိ၏။ သွပ်တွတ် တွတ် (ကျွန်ုပ်ကဲ့သို့) လူလည်းရှိ၏။

ဒါ့အပြင် လူ့သပွတ်သီးများလည်း ရှိကြ၏။

တွေ့ဆုံကြုံသည်နှင့် အလျင်အမြန် ရှောင်ရှားနိုင်ကြပါက ကိုယ့်အဖို့ အလွန်ကံကောင်းဖွယ်သာတည်း။

ထိုထိုသော အံ့ဖွယ် စာရေးဆရာတို့ထဲတွင် -

ကျွန်ုပ်၏သူငယ်ချင်း နိုင်ငံကျော် မော်ဒန်စာရေးဆရာ (လူ လားမြောက်သူကြီး) မောင်နိုင်ဝင်းဂျီသည် တစ်ဦးတစ်ယောက် အပါအဝင်ဖြစ်၏။

အဲဒီ နိုင်ဝင်းဂျီ၏ လူလားမမြောက်ခင် သမိုင်းမှသည် ယနေ့ လူလားမြောက်ပြီး သမိုင်းစဉ်ကို စာဖတ်ပရိသတ်များ ကြား သိရလျှင် ရှေ့လျှောက် ရှောင်ရှားနိုင်ရန် အလို့ငှာ မှတ်သားဖွယ် ကောင်းသော သင်းအကြောင်းကို ပြောရပေလိမ့်မည်။

ကျွန်ုပ်၏ဇာတာကား ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာ လည်းကောင်း၊ သူတစ်ပါး၏ ပေါင်တွင်းကြောအသားနုကို ဆွဲလိမ် ရာ၌လည်းကောင်း လွန်စွာခံတွင်းတွေ့ရလှကား အဲဒီရေးဖော်၊ တွဲ



ဖော်၊ သောက်ဖော် စာရေးဆရာ နိုင်ဝင်းဂျီ (ခေါ်) ဂလိုင်ဝင်းဂျီ၏ အတ္ထုပ္ပတ္တိကို ဖော်ရခြင်းလောက် အရသာရှိလွန်းလှသော အရသာ သည် လောက၌ နှိုင်းဖွယ်ရာမရှိ၊ ရှာလို့လည်းမတွေ့နိုင်။

မကြာခင် ကျွန်ုပ် သူ့အတွက် မိန်းမဝိုင်းခိုးပေးရတော့မည်။

အလွန် ဝမ်းသာလှပေစွ။

သူ့အကြောင်း ပြန်တွေးရသည်မှာ လက်တွေ့လှပေစွ။

နောင်လာနောက်သားများနှင့် မျက်မှောက်ခေတ်ဖွား စာ ရေးဆရာအပေါင်း သူတော်ကောင်းတို့သည် သူ့အကြောင်းဝိုင်းတွေး ရင်း၊ ဝိုင်းရေးရင်း ကျွန်ုပ်နှင့်အတူ အာခံတွင်း၊ လျှာခံတွင်းမြိန်ကြ ပါစေကုန်။

သာဓု . . .

သာဓု . . .

သာဓု . . .

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

အဲဒီ သကောင့်သားသည် ငယ်စဉ်ကသူကြွယ်မျိုး၌ ဖွားမြင် လူလားမြောက်၏။

သူ့မွေးသဖခင်ဦးရွှေကျီးသည် သူနှင့်ရုပ်ရည် မျက်နှာကျ ချင်း၊ ကိုယ်လုံးချင်း၊ အသားအရေချင်း ချွတ်စွပ်တူသော သားဦး ရတနာကိုဖွားမြင်ပြီး မြင်ခဲ့သည်ရှိသော် . . .

ရှာပျက်တော့မည်ကို ကြိုတင်ခန့်မှန်းမိ၏။

သင်းကို မီးဖွားမည့်ညက ဦးရွှေကျီးနိမိတ်ကြီး (၃)ပါးကို ကြုံ၍ အိပ်မက်မက်၏။

ပဌမအိပ်မက်ကား -

ဦးရွှေကျီးခေါင်းကို ဆင်နင်း၏ဟုမက်၏။

ဒုတိယအိပ်မက်ကား -

ဂေါ်ဇီလာကို တံစို့ထိုးမီးကင်၍ အရက်နှင့်မြည်းနေစဉ် နားရွက်ကို မိုးကြိုးပွတ်၍ဖြတ်သွားသည်ဟု မက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

တတိယအိပ်မက်ကား -

တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ် (၃)ဂြိုဟ်တို့သည် လက်ချင်းချိတ်၍ ဦးရွှေကျီးရင်ဘတ်ပေါ်မှာ 'ရှာလာလာလာ' သီချင်းနှင့် ကုလားဗုံတီး၍ ကသည်ဟု အိပ်မက်ဆန်းသုံးခုကို မြင်မက်ပြီး ဦးရွှေကျီး အိပ်မက်မှလန့်နိုး၏။

နိုးသည်ရှိသော် တစ်ကိုယ်လုံးချွေးများရွှဲနစ်နေ၏။

သူစဉ်းစား၏။

ဤအတိတ်နိမိတ်ထူးများကား ဘုန်းကြီးသော သားရတနာဖွားမြင်ရန်အတွက် ဥက္ကာ နိမိတ်ထူးများပေလော။ အသက် (၅၀) ကျော်ခဲ့ပြီ။ ဤနှယ်အိပ်မက်မျိုး ဤတစ်ခါပဲ ထူးဆန်းကြီးကျယ်စွာ မက်ခဲ့ရ၏။

အိပ်မက်ကျမ်းများကို လှန်လှောရှာဖွေ၍ မက်၏။

ယသော်ဓရာသည် လည်းကောင်း၊ စလေငခွေးသည်လည်းကောင်း၊ ဝါရီရှုမင်းလောင်းသည်လည်းကောင်း၊ အလောင်းဘုရား၏မိခင်သည်လည်းကောင်း၊ ရှင်စောပုသည်လည်းကောင်း သူတို့မိခင်များ၊ ဖခင်များသည် ထူးခြားသည့်အိပ်မက်များ မက်ခဲ့ကြသော်လည်း ဦးရွှေကျီးမက်သည့် အိမ်မက်မျိုး ဘယ်သူမှမမက်ခဲ့ကြ။ မဟာဝင် ရာဇဝင်မှာလည်း မတွေ့။

ဟော သူ့ဇနီးကမွေးမည့်မွေးတော့ သူနှင့် ချွတ်စွပ်တူသော သားရတနာ၊ သူ့ထက်အသားပိုမည်းပြီး မျက်လုံးပြူးသော၊ နားရွက်ကားသော လော်စပီကာတပ်ပြီးငိုသော အသံရှင်ကို ရုတ်ခြည်းမြင်သော် -

ရှာပျက်မည်ကို ခန့်မှန်းမိ၏။

သို့နှင့် ငယ်စဉ်ကတည်းက ငရုတ်သီးညှော်တိုက်သည်ဟု လူကြီးသူမများ ပြောသံဆိုသံကို ကြားဖူး၏။

ခမျာ ကံကောင်းလေစွ။

သူသည် 'အူဝဲ'ဟုအသံပြုနှင့် အော်ငိုသည့်အချိန်ကစ၍





ငရုတ်သီးညှော်ကို အာခံ၏။

စားတတ်ဝါးတတ်သည့် အရွယ်သို့ရောက်သော် မဆလာနိုင်းချင်း အာပူလျှာပူကို လွန်စွာကြိုက်၏။

လေးဖက်သွားစဉ်က ရေနွေးပူပူလောင်လောင်ကို လက်နှင့်နှိုက်၏။ မီးခဲကို လျှာနှင့်တို့ကြည့်၏။ ဆီပူအိုးထဲက ငါးကြော်ကို မိခင်မမြင်အောင် အလစ်နှိုက်၍ အကောင်လိုက်မဝါးဘဲမျိုချကာ ကျီးကန်းထိုးသွားပြီဟု မွေးသမိခင်ကို ညာ၏။ ဖခင် ဦးရွှေကျီး ကျောပြောင်ကြီးနှင့် မှောက်၍အိပ်ပျော်နေစဉ် ဖခင်ကျောကုန်းပေါ်သို့ ဆေးလိပ်မီးဖွားများ ခါချ၏။ ပုရွှတ်ဆိတ်အနီများ တင်၏။ ဖခင် ဦးရွှေကျီး ငယ်သံပါအောင် အော်ရ၏။

အဘယ်အမိအဖသည် လူလားမမြောက်ခင်ကတည်းက လူစွမ်းတို့တပ်အပ်သော အဋ္ဌာရသ (၃၆)ရပ်။ (မှတ်ချက် - ဒိသာပါမောက္ခဆရာကြီး တက္ကသိုလ်ပြည်မှာ သင်ကြားပေးသည်က အဋ္ဌာရသ (၁၈)ရပ်ဖြစ်၏။ အဲဒီ နိုင်ငံဝင်းဂျီတပ်သည်ကား ယင်းနှစ်ဆဖြစ်သည်။ စကားချပ်) ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလုံးစုံတတ်သည်ရှိသော်. . .

သင်းကို အိမ်မှာမထား။

အရိုက်အနှက်များ လက်သံပြောင်လွန်းလှသည့် ဘကြီးဘုန်းကြီးဦးရွှေဖီးကျောင်းသို့ ဆန်တစ်ပြည်ငွေတစ်မတ်နှင့် ဝတ်ကောင်းစားလှဆင်ယင်၍ ပို့သည်မဟုတ်။

လက်ပြန်ကြိုးတုပ်၍ သားချင်းဆွေမျိုးများ အကူအညီနှင့် ကန်ကျောက်ဆွဲခေါ်ပြီး ပို့တော်မူခဲ့ရလေသည်။ ဘကြီးဘုန်းကြီး (ဦးရွှေကျီး၏အစ်ကို) ဦးရွှေဖီးသည် မိမိရှေ့တော်၌ ဦးတိုက်အခစားရောက်နေသည့် အသားမည်းမည်း၊ ပုပုကွကွ၊ မျက်လုံးနှစ်လုံးအနက် တစ်လုံးက တောင်အရပ်သို့စွေပြီး ကျန်တစ်လုံးက မြောက်အရပ်သို့ စောင်းနေသည်။ နှပ်ချေးပေတလူး ပုဆိုးအောက်နားကွဲ၊ အင်္ကျီတော်ပေကျံ၊ အသံကျယ်ကျယ်နှင့် လက်ဂနာမငြိမ်၊ ခြေဂနာမငြိမ်ရှိနေ


www.burmeseclassic.com

www.burmeseclassic.com



သော (တစ်နေ့ နိုင်ငံကျော် မော်ဒန်စာရေးဆရာဖြစ်လာလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့သော) တူသားလုပ်သူ မောင်ဒုတ္တာခေါ် အဲဒီနိုင်ဝင်းဂျိ၏ ကြန်အင်လက္ခဏာကို ရှုစားတော်မူလေသည်။

ဦးစွာ ပြင်ပလက္ခဏာကို ရှုစား၏။

သူငယ်၏ ဦးခေါင်းသည် သပိတ်လုံးခန့်ရှိ၏။ လက်ချောင်းငါးချောင်းသည် ဝါးကောက်ရိုးတစ်ရိုးကဲ့သို့ ကွေးကောက်နေ၏။ လက်သည်းကြားမှာ နှပ်ချေးဖတ်များ၊ နားဖာချေးများ၊ ငါးအကြေးခွံများညပ်နေသည်ကို တွေ့ရ၏။

အလို -

ခြေဖဝါးနှစ်ဖက်မှာ ခြေဗွေပါနေပါတကား။

'ဗွေ'ကား သာမန်ဗွေမဟုတ်။ ယခုခေတ်သုံး ဂေါ်ဇီလာခြင်ဆေးနည်းနည်း ဗွေကြီးနှစ်ခုပါရှိ၏။

ထိုသို့ဆိုရပါသော်. . .

သင်း - မောင်ဒုတ္တာ ခေါ် မောင်နိုင်ဝင်းဂျိုကို ဇမ္ဗူရွှေစင်အမည်ရှိ ရဟန်းသာမဏေတစ်ရာနီးပါးခန့် ပညာရင်နို့သောက်စို့သည့် သုံးထပ်ကျောင်းမှာ ဘုန်းကြီးကျောင်းသားအဖြစ် လည်းကောင်း၊ စာသင်သားအဖြစ်လည်းကောင်း မလွှဲမကင်းသာလက်ခံပြီး တစ်နှစ်မကြာခင်မှာပင် -

သူ့ဒဏ်မခံနိုင်၍ ဘကြီးဘုန်းကြီးသည် အညာ ပခုက္ကူသို့ ပြောင်းသွားသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

* * *

အရိုက်ကြမ်းသော ဘကြီးဘုန်းကြီး မရှိသည့်အချိန်မှစ၍ ကျန်ဘုန်းကြီးကျောင်းသားများကို ငါးပက်၊ ကဏန်းနှိုက်၊ မြွေရှာ၊ ဖားရိုက် ဟင်းငန်သော် ဆားထိုး၊ ဟင်းပေါ့လျှင် ရေထိုး စသည့် ပညာရပ်များမှသည် ဆွမ်းလောင်းသည့် ကောင်မလေးများကို ရောနည်း၊ ဂေါ်နည်း၊ မိုးနည်း၊ ဘုန်းကြီးကျောင်းသား ရည်းစားစာရေးနည်းမှသည် ကျောင်းထိုင်မသိအောင် ကျောင်းဝန်းထဲရှိ ပိန္နဲသီး၊ မရန်းသီး၊ သရက်သီး ခိုးရောင်းစားနည်း၊ ကျက်သရေခန်း သော့မပွင့်ဘဲ အထဲမှ စားကောင်းသောက်ဖွယ်များကို ခြေရာလက်ရာမပျက်ဘဲ ခိုးနည်း။

ကျောင်းအိမ်သာမှာ အရုပ်ဆွဲနည်း၊ ကျောင်းခါးပန်း၊ ဇရပ်ခါးပန်းမှာ သိုက်စာလိုလို၊ တဘောင်စာလိုလို အကြောင်းကြောင်း မဟုတ်တယုတ်စာများ ရေးနည်း။

ဗိုက်နာနေသူကို သံပရာရည်နှင့် ဆားခါးဖျော်တိုက်နည်း စသည့် သူတစ်ပါးဒုက္ခရောက်၊ ချောက်ကျမည့် နည်းပညာများကို ဆရာစားမချန် ဖြန့်ဝေ၏။

သူ့တပည့်ဖော်များထဲမှ ထူးချွန်ဒီပလိုမာဘွဲ့ရသုံးဦး နောင်အခါပေါ်ထွန်းခဲ့၏။

ထိုသူများကား -

နောင်အခါ မောင်သွေးရင့်ဖြစ်လာမည့် ဇော်ဖေ၊

နောင်အခါ ကာတွန်းအီကွေတာဖြစ်လာမည့် မျိုးမြင့်နှင့် ကျွန်ုပ် အူလဒူ ချစ်ကိုကိုမှိုင်း ဖြစ်လာမည့် (ရွှေတင်ကြီး)တို့ ဖြစ်ကြလေသည် တမုံ့။

သို့နှင့် . . .

အသီးသီးဘွဲ့ရပြီးသော သကာလ -

(ဘွဲ့ရသည်ဆိုသည်မှာ ရန်ကုန်ဝိဇ္ဇာတက္ကသိုလ်မှ မဟုတ်ပါ။ ဖော်ပြပါ ဇမ္ဗူရစ်ရွှေစင်ဘုန်းကြီးကျောင်းမှ ရှင်သာမဏေဘွဲ့ ရဟန်းဘွဲ့ရခြင်းကို ဆိုလိုပါသည်။ လေးယောက်စလုံး တက္ကသိုလ်ကို ခုမှပဲမြင်ဖူးပါသည်။ ဒါတောင် ကျောင်းဝင်းထဲကို တစ်ခါမျှ ခြေ မချဘူးပါ။ အရှေ့ပိုင်းတက္ကသိုလ် ဆိုသည်ကိုလည်း သုံးခွမြို့သို့ ဂျစ် ကားစီး၍ ကြွရှင်များအတွေ့မခံဘဲ ရှောင်ပြေးစဉ် အနီးရှိအဒေါ်ကြီးက လက်ညှိုးထိုးပြ၍ မြင်ဖူးခြင်း ဖြစ်ပါသည်။ မောင်သွေးရင့်ကား အရှေ့ပိုင်းတက္ကသိုလ်ကို ပရိယတ္တိစာသင်တိုက် အသင်းကြီးဟု ဇွတ်ငြင်းသေး၏။ မန်ကျည်းရွက်ရောင်းသည့် မိန်းမကြီးက







www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အရှေ့ပိုင်းတက္ကသိုလ်၊ ငါ့သမီးပါ ကျောင်းတက်နေတာဟု ပြောမှ ဩော်- ဟုတ်လားဟု အံ့ဩပြီး ကားပေါ်မှ လက်အုပ်ချီကန်တော့ခဲ့၏။)

ဘုန်းကြီးကျောင်းမှ ဘွဲ့ရကျောင်းထွက်ပြီးသည့် အချိန်မှစ၍ ကျွန်ုပ်တို့လေးဦးသည် စာရေးဆရာကောင်း၊ ဇာတ်သမား၊ ကာတွန်းဆရာများ ဖြစ်ခဲ့ကြသကဲ့သို့ လူအမြင်ကတ်အောင် သောက်တတ်စားတတ်လည်း ရှိခဲ့ကြပြီဖြစ်၏။

ထို့အထဲ၌ အနှီမောင်နိုင်ဝင်းဂျီသည် အသောက်ကြမ်း၏။ ဗိုလ်ချုပ်ကျေးရွာ နာမည်ကြီး ထန်းတောသည် သူ့ကိုဆွေမျိုးရင်းချာလို မှတ်ခဲ့၏။ အုတ်ဖိုစု ကိုထိန်အောင် ထန်းရည်ဆိုင်သည် သောက်ကြွေးမရ၍ အကြိမ် (၂၀)ခန့် လူကြီးအိမ်သို့ တိုင်ကြားခဲ့၏။

သူ့အား ထန်းရည်အကြွေးမရောင်းခဲ့သည်ရှိသော် ထန်းရည်စိမ်ရေအိုးထဲသို့ လူအလစ်မှာ ခွေးချေးခြောက်များ၊ ဘဲဥပုပ်များ ထည့်၏။ ထန်းရည်ကား ထန်းရည်စော်အနံ့မသင်းဘဲ ခွေးချေးခြောက်နှင့် ဘဲဥပုပ်နံ့ နံလေသော် အဲဒီထန်းရည်ကို အသောက်သမားဖောက်သည်များ ဝိုင်းကြဉ်၍ အခြားဆိုင်သို့ ပြောင်းကြလေကုန်၏။

နောက်ဆုံး -

ဟိုဟိုဒီဒီ မေးမြန်းသိရှိသော် ကြွေးထူနိုင်ဝင်းဂျီ၏ လက်ချက်သိလေ၏။ သို့နှင့် အရှည်သဖြင့် ဒုက္ခမပေးရအောင် သည်းညည်းခံပြီး သူ့အား ထန်းရည်အကြွေးရောင်းရတော့သည်။

ဒါမျှမကသေး ညောင်သုံးပင်အရပ်မှ ချက်အရက်ဆိုင်များမှာလည်း အကြွေးခံ၍သောက်၏။ မရောင်းလျှင် ရဲကိုလက်တို့၏။ ယစ်မျိုးကို သွားချွန်၏။ ပစ္စည်းသိမ်း ဒဏ်ရိုက်ခံကြရကုန်၏။

သို့ဖြစ်၍ နိုင်ဝင်းဂျီဦးဆောင်သည့် ကျွန်ုပ်တို့ စာပေလက်ပျင်းကြောအဖွဲ့ကို မြင်သည်ရှိသော် ခွက်ပုန်းအရောင်းဆိုင်လေးများသည် ကြောက်ဒူးတုန်ကြရှာ၏။ မချစ်သော်လည်း ဒုက္ခများစွာ





ပေးနိုင်သူစာရင်းမှာပါ၍ အောင့်ကာနမ်းပြီး ဦးဦးဖျားဖျား ဆက်သရ၏။

သောက်လို့ဝ၍ပြန်လျှင် ကျိန်စာတိုက်ကြ၏။ မေတ္တာပို့ကြ၏။ တစ်နေ့သောအခါ နိုင်ဝင်းဂျီသည် ငယ်စဉ်က သူ့ကို ဧရတ်သီးညှော်တိုက်ပြီး ဇမ္ဗူရစ်ရွှေစင် ဘကြီးဘုန်းကြီးကျောင်းသို့ လက်ပြန်ကြိုးတုပ် ဆော်ပလော်ဗျင်း၍ အမွေပို့ခဲ့သည့် ဖခင်ဦးရွှေကျီး၏ အမှန်တကယ် မေတ္တာအစစ်အမှန်ကို နားလည်သဘောပေါက်ကာ ကျေးဇူးဆပ်သောအနေအားဖြင့် ဝတ္ထုရှည်တစ်ပုဒ်ရေး၍ စာပေပြိုင်ပွဲဝင်ခဲ့၏။

ဝတ္ထုအမည်ကား -

'ကိုရွှေကျီး ခံတက်ပင်တက်နေသည်' ဟူသတည်း။

ထိုစာအုပ် (ဘဝသရုပ်ဖော်)နှင့် စာပေပထမဆုရသောအခါ ငနဲသည် ကျွန်ုပ်တို့အားခေါ်၍ ဝမ်းမြောက်ဝမ်းသာ သောက်တော့သည်။

ဆုကြေးငွေကား မွေးသမိခင်နှင့်ကျွေးသဖခင်တို့ အနည်းအကျဉ်းမျှသာစားရပြီး ဗိုလ်ချုပ်ရွာ ထန်းရည်ဆိုင်၊ အုတ်ဖိုစု ထန်းရည်ဆိုင်၊ ညောင်သုံးပင်ချက်အရက်ဆိုင်များသို့ ဘဝဟောင်းက အကြွေးများ အကျေဆပ်သည်ဆိုကာ ဖင်ဘူးတောင်းထောင်အောင် သောက်လေသည်။

ကျွန်ုပ်တို့ စိတ်ညစ်သည်ကား -

အဲဒီ သကောင့်သား မူးသည့်အချိန်အခါပဲဖြစ်၏။ မူးလျှင် ခါးမှာ ပုဆိုးမရှိ။ ဂျီကလည်း အလွန်ကျ၏။ သို့ဖြစ်၍ မူလအမည်ရင်း နိုင်ဝင်းကြည်မှသည် နိုင်ဝင်းဂျီ ၎င်းနောက် (ဂလိုင်ဝင်းဂျီ) ဖြစ်ရလေ၏။ များမကြာခင် ဘဝသရုပ်ဖော်များ ရေးနေရာမှ တစ်လိုင်းပြောင်းသွားပြန်၏။

စကားပြေရှိုးရိုးရေးနေရာမှ ဘယ်သူမြှောက်ပေးလိုက်လို့လဲ မသိ၊ မော်ဒန်လိုင်းဘက်သို့ ကူးသွား၏။

www.burmeseclassic.com



မော်ဒန်လိုင်းဘက်သို့ ကူးပြောင်းသွားသောအခါ ထူးထူးဆန်းဆန်း အူကြောင်ကြောင်ကိစ္စများကို လုပ်ပြတော့သည်။

အရင်က ညာလက်နှင့် ထမင်းစား၏။ ယခု ဘယ်လက်နှင့်စား၏။ အရင်က ဘယ်လက်နှင့် အိမ်သာမှကိုယ်လက်သန့်စင်ဆေး၏။ယခု ညာလက်နှင့်သန့်စင်ဆေး၏။ ပြီးလျှင် သူ့လက်ကိုသူ မကြာမကြာ ပြန်နမ်း၏ စီးကရက်ကို အစီခံဖြုတ်ပြီး ပြောင်းပြန် မီးညှိဖွာ၏။ ရေကို ဖန်ခွက်နှင့်မသောက်၊ စည်ပိုင်းထဲငုံ၍ ပါးစပ်မှသောက်၏။

အိမ်သာကိုပြောင်းပြန်ထိုင်၍ အိမ်သာတက်၏။ ဆန့်ကျင်ဘက်အတွေးနှင့် အလုပ်များကို ကန့်လန့်ပြု၍ ခပ်ဆန်းဆန်း လုပ်ပြတော့၏။

ကျွန်ုပ်နှင့်မောင်သွေးရင့် ဂမ္ဘီရဝတ္ထုများရေးသည်ကို တစ္ဆေသရဲများနှင့် ဂွင်ရိုက်၍လုပ်ထားသည်။ တစ်နေ့ ကျွန်ုပ်တို့နှစ်ဦး ဂမ္ဘီရစာပေသချိုင်းမှာ တစ္ဆေအကြီးအကဲများ ဖြစ်မည်ဟု ဝေဖန်၏။

မောင်သွေးရင့်ကို တစ္ဆေပွဲစားဖြစ်မည်ဟု မူးလျှင်ပြောတော့၏။ သူ့ရေးပုံကိုလည်းကြည့် -

'ညသည် ကတ္တရာစေးကို ရေမကူဘဲ ပုံးလိုက်မျိုချပြီး သူ့ယောက္ခမ မိုးကောင်းကင်ကို ခေါင်းခုမပါဘဲရွက်၍ အကျီကြယ်သီးများဖြုတ်ကာ ပါးစပ်နှင့်လေမှုတ်၏တဲ့'

ရေးပေါ့ဗျာ-နော။

ညသည် ပိန်းပိတ်အောင် မှောင်နေ၏။ ကောင်းကင်ကို မနိုင်ရင်ကယ် ရွက်ထားရသလိုရှိ၍ ပင်ပန်းနွမ်းနယ်နေ၏။ လေကားငြိမ်သက်၍ အိုက်စပ်စပ်. . . သို့နှင့် ညသည် လေချွန်သံပေးကာ လေကို ခေါ်လေ၏။ မဟုတ်ဘူးလားဗျာ - ဟာင်။ အဲဒီလိုရေးရင်မရဘူးတဲ့လား။ အခြားသူများရချင်ရမည်၊ သူမရတော့ပါတဲ့။ ရေးလည်းမရေး။ စတာန့်များထွင်၍ရေး၏။ ကြီးကြီးကျယ်ကျယ်များ တွေး





ခေါ်၍ရေး၏။

အသက် (၇၀)နားရောက်နေသည့် သူ့ဖခင်ဦးရွှေကျီးသည် အူကြောင်ကျားစာများရေးပြီး ကျေနပ်နေသည့် သူ့သားကိုကြည့်၍ ပယောဂဝင် အပမှီနေမည်ထင်ကာ -

မြေအောက်အစီစီ သုံးကြိမ်ပြန် ကျွန်ုပ်တို့ကျေးဇူးရှင်ဆရာကြီး ဦးပွေးဆင့်ထံမှ လက်ဖွဲ့တောင်း၍ လည်ပင်းဆွဲပေးသည်ရှိသော် ၎င်းလက်ဖွဲ့ကို ဗယာကြော်နှင့်လဲပြီး အရက်ဝိုင်းမှာ အမြည်းလုပ်ပစ်လိုက်လေသည်။

မူးလာလျှင် အလွန်ဂျီတိုက်၏။ မြန်မာစကားပြေအပိုင်းမှာရော မော်ဒန်ဝတ္ထု၊ ကဗျာလိုင်းမှာပါ နာမည်ရနေ၍ မော်ဒန်ကြိုက်ပရိသတ်များက သူ့အနီးမှာ ဝိုင်းဝိုင်းလည်နေ၏။

ယမကာတိုက်မည့်သူများ ပေါများနေ၏။

ကျွေးမွေးသူများလည်းမရှား။ သူ့ကိုမှီ၍ ကျွန်ုပ်တို့လည်း လည်ချောင်းစိုနေ၏။ ကိစ္စဝိစ္စပြီးလျှင် ကားနှင့်ပြန်ပို့မည့်သူက မရှား။ အနည်းဆုံး ဆိုက်ကားနှင့်အိမ်ပြန်အရောက်ပို့ပေး၏။

တစ်ခါသော်အမှုထမ်းရပ်ကွက်မှာ သောက်ကြ၏။ အချိန်က ညဉ့်သန်းခေါင်ကျော်သွားခဲ့၏။ သူလည်းချာလပတ်လည်၍ မူးနေပြီ။ ကျွန်ုပ်တို့လည်း မျက်လုံးထဲမှာ လူပွားများပေါ်နေပြီ။

"ငါ့ကို ကား ကားနဲ့ ပြန် ပြန်ပို့"

"ကားမရှိဘူးဆရာ"

"ဒါဆို ဆိုင်ကယ်နဲ့ပို့ကြ"

"ဆိုင်ကယ်ကလည်း စက်နိုးလို့မရဘူး ဆရာရယ်"

"ဒါဆို နွားစီးပြန်မယ်".

"ဆရာ၊ နွားကလည်း ကွင်းထဲမှာ။ အဝေးကြီး ဆရာရဲ့"

"ဒါဆို ငါ ဘယ်လို ပြန်. . . ပြန် အော့-ပြန်ရမှာလဲ"

"ကုန်းကြောင်းလျှောက်ပါ သခင်"

"လုံးဝ ကုန်းကြောင်းမလျှောက်ဘူး။ လူစီးပြန်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒုက္ခပဲ"

"ကဲ - ဒါဆို၊ ဘယ်သူ့ကိုစီးပြန်မလဲ။ ပြော ပြော မသာ"

"အီကွေတာကို စီးပြန်မယ်-အေ့"

နောက်ဆုံး အိမ်ရှင်ကိုကုလားကြီးက ဒီမှာပဲအိပ်ပါဟု ပြောသည့်တိုင် မဆီမဆိုင် အဖေ့ကို စိတ်မချဘူး ဆိုပြီး ဇွတ်ဂျီတိုက်နေ၍ ကာတွန်းအီကွေတာက ဆဲရေးတိုင်းထွာကာ နှစ်မိုင်ခန့်ခရီးကို ကျောပိုးထမ်းခေါ်ခဲ့ရသည်။

အဲဒါ ကျောပေါ်မှာအငြိမ်မနေ။ 'မြန်ပြည်နယ် ဇမ္ဗူဘောင် လျှံဝေခြယ် ယူဆောင်' စသည့် မြင်းခင်းသီချင်းကို အသံနက်ကြီးနှင့်အော်ဆိုပြီး အီကွေတာရဲ့ဆံပင်နှင့် နားရွက်ကိုကြိုးလိုဆွဲကာ ဒုန်းစိုင်းခိုင်း၏။

ပြီးနောက် အန်၏၊ ရှူရှူးပေါက်ချ၏။

ကာတွန်းအီကွေတာကား နောင် နိုင်ဝင်းဂျီပါလျှင် နတ်ပြည်ခြောက်ထပ်ဖြစ်စေ လုံးဝမလိုက်။ မဟာရောရုဝငရဲမှာလည်း တစ်ယောက်တည်း ချက်အရက်နှင့် သစ်တိုသီးငါးပိချက်အမြည်းလုပ်ပြီး မီးလှုံတော့မည်ဟု ဆိုလေသည်။

တစ်ခါမှာဖြစ်သည်။

နတ်ကနားပေးသည့်အိမ်က သူ့ကိုဖိတ်၍ ယမကာနှင့်ဧည့်ဝတ်ပြု၏။ သောက်ကောင်း၍ ထုံးစံအတိုင်း သန်းခေါင်ကျော်သွားပြန်၏။ ဘာအငှားယာဉ်မှမရသောအခါ ကျွဲစီး၍ပြန်မည်ဟု ဂျီတိုက်ပြန်၏။

"ကျွဲမကြီးက ဇီးကြီးနဲ့မွေးခါနီး ဖွားခါနီးမို့ပါဆရာ နိုင်ဝင်းဂျီရယ်"

အိမ်ရှင်ကား ဧည့်ဝတ်လည်းပြုရသေးရဲ့၊ အသနားလည်းခံရ၏။ ကိုယ်ဝန်နေ့စေ့လစေ့နှင့် ကျွဲမကြီးသည် နိုင်ဝင်းဂျီက သို့ကလို သူမကိုစီး၍ပြန်မည်ဟု ကြွေးကြော်သည်ကို နားလည်လို့ထင့်၊





တညည့်ညည့်နှင့်လန့်၍အော်နေ၏။

"အိမ်မှာအိပ်ပါဘုရား။ မိုးလင်းရင် ဦးဦးဖျားဖျား တိုက်ပါဦးမယ်"

ဒီမှာ သူက သူ့ထုံးစံအတိုင်း အမေ့ကိုစိတ်မချဘူးဟုဆိုကာ ရရာစီး၍ပြန်မည်ဟု ဆိုတော့၏။ ယနေ့ အီကွေတာမပါ။ ခမျာကံကောင်း၏။ ကျွန်ုပ်နှင့် မောင်သွေးရင့်ကား ကျောမှကြက်သီးထနေ၏။

"ဒီ ဒီနားမှာ ဘာရနိုင်မလဲ"

ဒီမှာပဲ ကိုပိန်တာက မူးကြောင်ညောင်နာသံနှင့် ပြောလိုက်သည်။

"ဟိုဘက်ခြံမှာ လား လား တစ်ကောင်တော့ရှိတယ်။ ရနိုင်မလား မသိဘူး"

"လား ဟုတ်လား။ လား လား၊ ငါလားစီးပြန်မယ်။သွားဆွဲခဲ့"

သင်းကံကောင်းပါသည်။ ကျွန်ုပ်တို့လည်း ကျေးဇူးယားနိမိတ်ပျောက်ခဲ့ပါသည်။ ထိုအချိန်က (×××)ရပ်ကွက်ထဲမှာ လားတစ်ကောင်ရှိနေ၏။

ပိုင်ရှင်ကား တိုင်းရင်းသား လူကြီးတစ်ဦးဖြစ်သည်။ တစ်ချိန်က လားတပ်၊မြင်းတပ်များ လုပ်ခဲ့ဖူး၏။ ဒီမြို့မှာ ပင်စင်စားဘဝနှင့်လာအခြေချတော့ သံယောဇဉ်ကြီးလှသော လားမလေးတစ်ကောင်ပါလာခဲ့သည်။

မြင်းနှင့်သားစပ်၍ မြင်းလားအဖြစ် သားဖောက်ရောင်းရန်မွေးထားခြင်း ဖြစ်သည်တဲ့။ သို့နှင့် အိမ်ရှင်ကိုပိန်တာက လားပိုင်ရှင်ကြီးအား လက်ရှိအခြေအနေကို အသနားခံပြောပြပြီး ညဉ့်သန်းခေါင်ကျော်မှာ လားကိုအခပေး၍ ငှားခဲ့ရ၏။

နိုင်ဝင်းဂျီကား လားကိုမြင်သော် အရမ်းသဘောကျနေ၏။

လားမလေးသည် ဝဝတုတ်တုတ် ပုပုလေးဖြစ်၏။ အိပ်မှုန်မှာ လာခေါ်လို့လားမသိ၊ လားမလေးက မူးကြောင်ကြောင်ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုကြည့်ပြီး သမ်းရှာ၏။

အောက်ပြည်အောက်သား စာရေးဆရာများ လားကိုမစီးဘူး။ စီးဖူးသူများတွင် ကျွန်ုပ်ဆရာ ပန်းတနော်ဝင်းသိန်း တစ်ယောက်ပဲရှိသည်။ သူသည် တာဝန်ဆောင်းပါးရေးရန် ရှမ်းပြည်နယ်ဘက်သို့ ရောက်သွားစဉ်က လားကိုစမ်း၍စီးခဲ့၏။

နွားခေါင်းပေါက်နှင့် ပလွေမှုတ်သည့် တိုင်းရင်းသားများကို တွေ့ခဲ့ရသည်ဟုဆို၏။ နိုင်ဝင်းဂျီကား ဦးဦးဖျားဖျား လားစီးဖူး (လားမလေးစီးဖူးဟု ဖတ်ပါရန်) ပြီကွဟု လက်ပန်းပေါက်ခတ်၍ ကြွေးကြော်၏။ မြေပြင်မှာ ကျွမ်းနှစ်၊ ပတ်သုံးပတ်လည်း ထိုးလိုက်သေးသည်။

ဒီနောက် ကျန်လူများက သူ့ကိုတွဲ၍ လားမလေးကျောပေါ်တင်ပေးရ၏။ မော်ဒန်သမား ပီသလေစွ။ လားပေါ်မှာရှိုးရှိုးမထိုင်၊ နောက်ပြန်ထိုင်၏။ မောင်သွေးရင့်က လားကြိုးကိုဆွဲရ၏။

ကျွန်ုပ်က သင်း လားပေါ်မှမကျရန် အကျီစကိုထိန်းကိုင်၍ လိုက်ရ၏။ ပီဘိ ညဥ့်နက်သန်းခေါင်ကျော် မကြီးမငယ် အမူးသမားအား ရှင်လောင်းလှည့်သကဲ့သို့တည်း။

အိမ်ရှင်များကို လက်ပြနှုတ်ဆက်သည်။

ပြီးနောက် ခါးကြားမှ ပုလင်းပြားလေးကိုထုတ်၍မော့ပြန်သည်။ သင်းသည် လားကျောပေါ်မှာလည်း အငြိမ်မနေ။ 'ယက်ဖတူရှင်ကို'၏ ကဗျာကို အသံနက်ကြီးနှင့် အော်၍ရွတ်၏။ ရှုယ်လီရဲ့ ကဗျာများကို အော်ရွတ်၏။

ခွေးများကလန့်၍ဟောင်၏။ ဝိုင်းကြည့်အူကြ၏။ ကျီးတစ်အုပ်က လန့်ပျံပြီးအော်၏။ အိမ်တစ်အိမ်က သံပုံးတီး၏။ ဘယ်လိုမှ တောင်းပန်လို့မရဘူး။ ပြောလို့မရ။

လားကား နားငြီးလို့လားမသိ။ သွားရင်းတန်းလန်းမှ ခြေစုံရပ်၍ နေတော့သည်။ တုတ်တုတ်မျှမလှုပ်၊ နားရွက်မခတ်၊ နေရာမှ တစ်လက်မ မရွေ့။ မောင်သွေးရင့်က လားနဖားကြိုးပြတ်မတတ်





ဆွဲ၏။ ဆွဲရင်း ဆဲ၏၊ နိုင်ဝင်းဂျီကား လားကျောပေါ်မှာ က၍နေလိုက်သေးသည်။

လားမလေး၏ မျက်မြင်အခြေအနေကား ဒီနေ့ဒီည လားဖြစ်ရသည့်ဘဝမှာ ငါအသေခံသွားမည်။ ငါ့ကျောပေါ်မှ မျောက်နဲ့ကွတ်နှင့် မွေးလာသည့်ဂနာမငြိမ် သူရူးကို လိုရာခရီးသို့ ယနေ့ည လုံးဝ ရောက်မပို့ဟု သံန္နိဋ္ဌာန်ချထားသည့်နှယ် ရှိနေ၏။

ဒီမှာ ငနဲ (နိုင်ဝင်းဂျီ) သည် လားမသွားရကောင်းလားဆိုကာ သူ့အကျီအိတ်ထဲမှ ဘောလ်ပင်ကို အဖုံးဖွင့်၍ နှင်တံသဖွယ်ကိုင်ပြီး လား၏ဖင်ဒိုကိုထိုးလိုက်သည်ရှိသော် လားသည်ရုတ်ခြည်းလန့်၍ ခါချ ကဆုန်ပေါက်လိုက်ရာ -

"အမယ်လေး"

အမယ်လေး အော်သံနှင့်အတူ လားပေါ်မှပြုတ်ကျပြီး သတိလစ်သွားလေသည်။ အမှန်ကား သင်းသည် ဤညမှာပင် ဇက်ကျိုး၍ သေဖို့ကောင်း၏။ သေသည်ရှိသော်. . .

မော်ဒန်စာရေးဆရာ နိုင်ဝင်းဂျီတစ်ယောက် လားမလေးစီးရင်း လားပေါ်မှပြုတ်ကျလာသည်ဟူသော သတင်းသည် ဂျာနယ်အစောင်စောင်မှာ ပါလာနိုင်၏။ ပါသည်ရှိသော် အမြို့မြို့အနယ်နယ်မှ (၇)နေ့သားသမီးများ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်သာဖြစ်၏။

ခုတော့ -

ငနဲကား သေလည်း မသေ၊ ခါးလည်းမကျိုး၊ ဇက်လည်းမလိမ်။ (၃၁)ဘုံသားတို့အား ကောင်းကောင်းဒုက္ခပေးရန် အခွင့်သာခဲ့ချေပြီ။

*

တစ်ခါသော် သင်း ဒုက္ခရောက်တော့၏။

မော်ဒန်စာရေးဆရာကြီး အကြီးအကျယ်ပေါက်တော့၏။ အောင်မင်္ဂလာရပ်ကွက်မှ သောက်ပြီးအပြန် အောင်မင်္ဂလာမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဦးရှိ၏။ မောင်မောင်ဦးကား သူအပါအဝင် ကျွန်ုပ်တို့အားလုံးကို စေတနာရက်ရောစွာဖြင့် တိုက်၏။ ကျွေး၏။ သို့သော် မည်သူ့ကိုမျှ သူ့အိမ်မှာ ညအိပ်လက်မခံ။

ညအိပ်လက်ခံလိုက်သည်ရှိသော်. . .

တစ်ညလုံး မူးမူးနှင့် သီချင်းများအော်ဆိုမည်။

မြိုင်ထကမည်။ ဒါ့အပြင် အိမ်ပေါ်မှာ သေးပေါက်မည်။ အန်မည်။ ချေးယိုမည်။ မိုးလင်းလျှင် အနီးများကို သူပဲဆေးကြောရမည်။ ဒီအကြောင်းများကိုသိ၍ သန်းခေါင်ကျော်သည်နှင့် အားလုံးကို အိမ်ပေါ်မှမောင်းချ၏။ သို့နှင့် ဒယီးဒယိုင်နှင့်ပြန်လာကြ၏။

လမ်းမှာ သူစီးလိုသည့်လား၊ ဆိုက်ကား၊ မြင်းလှည်း လုံးဝမရှိ။ လားမလေးနှင့်လည်း အလွန်အလှမ်းဝေး၏။

ထုံးစံအတိုင်း ဂျီကျပြန်၏။

“ငါ့ကို စီးတော်ယာဉ်နဲ့ပို့ကွာ မောင်မှိုင်း”

“ဘာယာဉ်မှမရှိဘူး။ ကိုယ့်ဘာသာလေးဖက်ထောက်ပြီးပြန်”

“လေယာဉ်ပျံ ငှားလို့ မရဘူးလား၊ အေ့ - ဂွိ”

“တောက် - မင်း နာလိမ့်မယ်နော် နိုင်ဝင်းကျို”

“ဒါဆို သီတာသင်္ဘောဖြစ်ဖြစ်၊ ကျန်စစ်သားဖြစ်ဖြစ် သွားငှား. . .”

အဲဒါသာကြည့်၊ ဖွတ်ကြီး မဖြစ်နိုင်တာကို ဂျီကျနေသည်။

“နိုင်ဝင်းကျို၊ မင်းတိတ်တိတ်နေတော့”

“ဒါဆို ကြိမ်စကြာထုတ်စမ်း”

“မင်း အဘကြိမ်စကြာလား၊ ဘာလုပ်မလို့လဲ”

“ငမိုးရိပ်ကိုရိုက်ခေါ်ပြီး အိမ်အရောက်ပို့ခိုင်းမလို့”

မောင်သွေးရင်က သောက်မြင်ကပ်၍ ဆောင့်ကန်လိုက်သည်ရှိသော် မြေကြီးမှာ ဖင်ဗူးထောင်းထောင်နေ၏။

ထိုစဉ်အဝေးမှ ကားစက်သံကြားလိုက်ရ၏။ သူ မူးနေသော်





လည်း ကြား၏။ ကြား၍ဝမ်းသာသွားပြီး ကုန်းထ၏။ ကျွန်ုပ်တို့လည်း နားငြီးသက်သာသွားပြီဟု နှလုံးပိုက်၍ တဖွတ်ဖွတ် တချက်ချက် တဖောက်ဖောက်နှင့် အသံများမြည်ပြီး လိပ်သွားသကဲ့သို့လာနေသည့်ကားကို ငံ့လင့်နေကြ၏။

(၁၅)မိနစ်ခန့်ကြာမှ ဖွတ်ချက်လိပ်ကားက အနီးသို့ရောက်လာ၏။ လမ်းမီးတိုင်နှင့်ဝေး၍ ဘယ်သူ့ကားမှန်းမသိရ။ သို့နှင့် မောင်သွေးရင့်က မူးကြောင်ရူးကြောင်နှင့် ရှေ့မှထွက်၍ ကားကိုတား၏။

“ဘာကိစ္စရှိလို့ပါလဲ ခင်ဗျား”

ကားဆရာက ခေါင်းပြူ၍ ကျွန်ုပ်တို့သုံးဦးကိုမေးလေသည်။

“ကား ငှား ချင်လို့ပါ”

“ကား ငှားချင်လို့၊ ဒါနဲ့ ဘယ်သူသေလို့ပါလဲ ခင်ဗျာ”

“ဖွီး- သေလို့မဟုတ်ဘူးဗျ၊ သေလို့မဟုတ်ဘူး။ ဟိုမှာ မော်ဒန်စာရေးဆရာ နိုင်ဝင်းကျို ကြားဖူးလား. . . လား”

“မော်ဒန်တော့မသိဘူးခင်ဗျား၊ မော်တင် ကလီတော့ သိပါတယ်”

“တောက်-ထားတော့ဗျာ။ မသိရင်လည်းနေ နေ၊ အရေးကြီးတာက အဲဒီစာရေးဆရာကို အိမ် လိုက် လိုက်ပို့ပေးဖို့ပဲ။ ဘယ်လောက်ပေးရမလဲ ပြော ပြော”

“ကိစ္စမရှိပါဘူး။ လမ်းကြုံနေတာဥစ္စာ လိုက်ခဲ့ပေါ့။ မြန်မြန်တက်ကြ”

“ခင်ဗျားကားက ဘယ် ဘယ်ကို သွား သွား မှာမို့လဲ”

“ညောင်သုံးပင် သင်္ချိုင်းဘက်ကိုပါ”

“ဘာ ဘာ ဘာပြောတယ်။ ခင်ဗျားက အဲဒီကို ဘာသွားလုပ် လုပ် လုပ်မှာလဲ”

“ကျွန်တော့်ကားက နိဗ္ဗာန်ယာဉ်ပါ၊ အခုစက်စမ်းနေတာ။ သင်္ချိုင်းကို ပို့ပေးပါ့မယ်။ တက်ကြပါ”



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလန့်ကုန်ကြသည်။ သို့နှင့် မျက်လုံးကိုပွတ်၍သေသေချာချာကြည့်လိုက်သောအခါ ဟုတ်ပဲ့။ နိဗ္ဗာန်ယာဉ် အစစ်။ အလယ်ကောင်မှာ ခေါင်းတင်သည့်ခုံနှင့် အပေါ်မှာ အချွန်အတက်များနှင့်။ နောက်ဆုံး လန့်၍ ကျွန်ုပ်နှင့် မောင်သွေးရင့် နောက်ကိုဆုတ်လိုက်ကြ၏။

"တက်လေ တက်ပါ၊ အားမနာပါနဲ့။ မသေခင်လိုက်ပို့ရတာ"

ဒရိုင်ဘာငနဲကြီးကား ရွှေသွားများပေါ်၍ သဘောကောင်းနေ၏။ ဒီမှာ ဒယီးဒယိုင် နိုင်ဝင်းဂျိုက -

"ငါ ငါ အရင် တက် တက်မယ်"

"ဟော့ကောင် ဒါ ဒါ ဘာကားလဲ၊ သိလို့လား သိလို့လား"

သူက ကားကို လက်ဝါးနှင့်ပွတ်ကြည့်ပြီး-

"ပါဂျဲရိုးနဲ့တူတာပဲ. . . ပဲ. . . ပဲ"

"ပါဂျဲရိုးရမလား၊ အဲဒါ အသုဘပို့တဲ့ နိဗ္ဗာန်ယာဉ်။ မင်းစီးချင်ရင်တက်"

"နိ နိ ဗ္ဗာန် ယာဉ် ဂစ်ဂစ်ဂစ်"

ငနဲသား ချက်ချင်းလန့်ဖျပ်ပြီး တက်မလိုလို ချက်မလိုလိုဖြစ်၍ မှောင်ရိပ်ထဲသို့ အလန့်တကြားဝင်ပြေးတော့၏။

ကျွန်ုပ်တို့ လိုက်မစီးရဲမှန်းသိသောအခါ၌ ဒရိုင်ဘာကြီးက ကွမ်းတံတွေး တစ်ချက်ထွေးပြီး အလကားငမူးတွေဟု ရေရွတ်ကာ နိဗ္ဗာန်ယာဉ်ကားကို မောင်း၍သွားတော့သည်။

ငနဲသား နိုင်ဝင်းဂျိုလည်း ဘယ်ရောက်သွားမှန်းမသိ။

သို့နှင့် နှစ်ယောက်သား သူ့နာမည်တကြော်ကြော် အော်ခေါ်ရင်း မှောင်ထဲမှာ လိုက်ရှာကြ၏။ မတော် ရေမြောင်းထဲကျ၍ သေမှာလည်း စိုးရိမ်ရ၏။ မြွေကိုက်မှာလည်းစိုးရ၏။

ဒီမှာပဲမြို့တော်ရှင်နတ်ကွန်းအနီးမှာ ငနဲသားကို သွားတွေ့ရတော့၏။ အလို -

သူ့လက်ထဲမှာ သစ်သားမြင်းဖြူအရုပ်ကြီးတစ်ရုပ်နှင့် ပါ





လား။

"ဟော့လူ၊ ဒါ ဒါ ဘယ်က မြင်းရုပ်ကြီးလဲ"

"ဟို- နတ်ကွန်းရှေ့ ညောင်ပင်ကလေ။အဟီး-ဘာ ဘာမှမ မရလည်း ဒီည မြင်းဖြူ စီး စီးပြန်မယ်ကွ အဟတ်. . ."

"ဟော့လူ- ကိုနိုင်ဝင်းဂျို သွားမလုပ်နဲ့။ ဒါ ဒါ မလုပ်ကောင်းဘူး။ စွန့်ထားတာ၊ ဒါ ဒါ ဟို ဒင်း. . ."

"ဟော့ - ဟိုဒင်းတွေ ဒီဒင်းတွေ လုပ်မနေနဲ့၊ ခေါက်ထား။ ကိုင်းကိုင်း တိုင်းရက်သည့်ပက္ကလာ မိုးရွာတာနဲ့ အတော်ပဲဗျ။ ဒါကြောင့် ဝတီတောတစ်ဝင်း လျှပ်ဝင်းလျှံသလိုပ၊ သိန္ဓောမြင်း နတ်မြင်းပျံစီးပြီး မော်ဒန်နေအိမ်ပြန်မှာမို့ ဟဲ့- ရွာစားစိန်ကျော်ကြီးရဲ့ တိမ်ဋ္ဌလျံဆိုင်းဖွင့်။ တိန် ပူ နှိမ် တိန် တိန် ဖျောင်း ပူနှောင် တိန် တိန်တိန်ဂွမ်. . ."

ဘယ်လိုမှတား၍မရတော့။ ပါးစပ်မှ ဆိုင်းဆင့်လိုလို ဇာတ်စာလိုလို တစ်မျိုးရွတ်ပြီး အတန်ငယ်ကြီးသည့် မြင်းဖြူရုပ်ကြီးကိုစီးပြီး ကြိုးစုံကိုင်၍ စီးပြေးတော့၏။

အံ့ဩစရာပါပဲ။ လူဟာ ဆိုင်ကယ်စီးပြီး သွားသကဲ့သို့ မျက်စိအောက်မှ မြင်းရုပ်ကြီး ဒုန်းစီး၍ ခုန်ပေါက်အော်ဟစ် ပြေးထွက်သွားလေသည်။

"ဟော့လူ ကိုဒုတ္တာ၊ နေဦး"

"ကို နိုင် ဝင်းဂျို၊ ကျုပ်တို့ကို စောင့်ပါဦးဗျ"

"ကိုဒန်ရေ၊ နေဦးဟ" မရ။

ဘယ်လိုမှအော်၍မရ။ ညဥ့်နက်သန်းခေါင် ကတ္တီပါစောင်ခြုံထားသည့် ကတ္တရာလမ်းမပေါ်မှာ နိုင်ဝင်းဂျိုတစ်ယောက် မြို့တော်ရှင်နတ်ကွန်းအနီး ညောင်ပင်မှ မြင်းရုပ်ကြီးစီးပြီး တရွေ့ရွေ့ပျောက်ကွယ်သွားလေရဲ့. . .

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## မြေအောက်အစီစီ သုံးကြိမ်ပြန်
## ပယောဂဆရာကြီး ဦးပွေးဆင့်

နောက်တစ်နေ့ နေ့ခင်းပိုင်းသို့ရောက်သောအခါ ကိုနိုင်ဝင်းဂျီရဲ့ဖခင် ဦးရွှေကျိုးမျက်စိမျက်နှာ မကောင်းစွာဖြင့် ကျွန်ုပ်အိမ်သို့ရောက်ချလာ၏။

"မောင်မှိုင်း၊ မောင်မှိုင်း၊ လုပ်ကြပါဦးကွ"

"ဟာ- ဦးလေး ရွှေကျိုးပါလား၊ ဘာလုပ်ရမှာလဲဗျ"

"မင်းကောင် နိုင်ဝင်း၊ အိမ်မှာ ဘာဖြစ်နေမှန်း မသိလို့ကွ"

"ဒီကောင် ဘာဖြစ်ပြန်ပြီလဲဗျ"

"ညက အိမ်ကို သန်းခေါင်ကျော်လောက် မြင်းဖြူအရုပ်ကြီးစီးပြီး ပြန်လာတယ်။ အဲဒီနောက်ပိုင်း လုံးဝ မအိပ်တော့ဘဲ အိမ်ပေါ်မှာ မြင်းရုပ်ကြီးစီးပြီး ဆိုင်းဆင့်တွေရွတ်လို့ စိုင်းနေတော့တာပဲ"

"မူးနေလို့ နေမှာပေါ့ ဦးလေးရွှေကျိုးရာ။ ဦးလေးသားအကြောင်း ဦးလေးအသိသားပဲ"

"မူးနေချိန်ဆိုလည်း ထားပါတော့ကွာ။ ခုဟာက မနက်မိုးလင်းကတည်းက အိမ်ပေါ်မှာ မြင်းရုပ်ကြီးစီးပြီး ဒုန်းစိုင်းနေတာ နေမွန်းတည့်ရော၊ ဘယ်သူမှတားလို့မရဘူး။ သွား





တားရင်း မြင်းကိုက်လိမ့်မယ်၊ မြင်းနဲ့တိုက်ပစ်မယ်ဆိုပြီး သောင်းကျန်းနေတာကွ။ အိမ်ပေါ်က ရှိသမျှပစ္စည်းတွေလည်းကွဲကုန်ပြီ။ အဲဒါ အိမ်ပြင်ထွက်စီးပါ့မယ် လုပ်နေလို့ ရှက်စရာကောင်းတာနဲ့ တံခါးသော့ခတ်ထားရတယ်။ လုပ်ကြပါဦးကွာ သူ့ပါးစပ်မှာ အမြှုပ်တွေလည်း ထွက်နေပြီ မောင်မှိုင်းရ"

"ဘုရားရေ၊ အဲဒါ တကယ်ပဲလား ဦးလေးရာ ဟင် ဟင်"

"မယုံရင် လိုက်သာကြည့်ပါကွာ။ ဒီကောင် ဘယ်လိုဖြစ်မှန်း မသိဘူး။ လိုက်ခဲ့ကြပါဦး ငါတို့ရယ်"

ဒါနဲ့ မောင်သွေးရင့်နှင့် ကာတွန်းအီကွေတာကိုပါ ဝင်ခေါ်ပြီး ဦးရွှေကျိုးတို့အိမ်သို့ အမြန်လိုက်ခဲ့ကြသည်။

အိမ်သို့ရောက်သောအခါ ကျေးဇူးရှင် နိုင်ဝင်းဂျီကို မြို့တော်ရှင်နတ်ကွန်းအနီး ညောင်ပင်မှ မနေ့ညက ဖြုတ်ယူလာသည့် မြင်းဖြူအရုပ်ကြီးစီး၍ ချွေးသီးချွေးပေါက်ကျ၍ အိမ်ပေါ်မှ ခေါက်တုံ့ခေါက်ပြန် ပြေးနေသည်ကို အံ့စဖွယ်တွေ့လိုက်ရတော့သည်။

"ကိုနိုင်ဝင်း၊ ဟေ့လူ ကို နိုင်ဝင်း ဂျီ"

ခေါ်၍ မကြားထင့်-

"ကိုဒုတ္တာ ဗျို့ ကို ဒုတ္တာ. . ."

မောင်သွေးရင့်နှင့် အီကွေတာကည်း စိုးရိမ်တကြီး လှမ်းခေါ်သည်။ ဘယ်သူ့မှ လှည့်မကြည့်။ စကားမပြော။ အင်္ကျီရော ပုဆိုးပါ ချွေးများရွှဲနစ်နေ၏။ ပါးစပ်မှလည်း မြင်းပါးစပ် အမြှုပ်ထွက်သကဲ့သို့ ထွက်နေ၏။

ဒီမှာ မောင်သွေးရင့်က ပြောသည်။

"ဦးလေး ရွှေကျိုး"

"ဘာ ဘာလဲ မောင်သွေးရင့်"

"သူကြည့်ရတာ မရိုးဘူးဗျ"

"ငါလည်း အဲဒါ စိုးရိမ်နေတာကွ၊ ဘယ်လိုလုပ်ကြမလဲကွာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"ကျွန်တော် ဆရာကြီးကို အမြန်ပြေးပင့်လိုက်မယ်"

"ဘယ်သူလဲ၊ ကျော်မင်းနိုင်လား"

"မဟုတ်ပါဘူး ဦးလေးရဲ့ ကိုကျော်မင်းနိုင် ဘုန်းကြီးဝတ်နေတယ်။ သူ့မိန်းမ အိမ်ပေါ်က နှင်ချလို့တဲ့။ ခု သွားခေါ်မှာက ဆရာကြီးဦးပွေးဆင့်ကို ခင်ဗျ"

"သူကရော နားလည်လို့လားကွ"

"ပယောဂကုတဲ့ နာမည်ကျော် ဆရာကြီးပါဗျ"

"ဒါဆို မြန်မြန်သွားပင့်ချေကွာ၊ မောင်မှိုင်းရာ လုပ်ကွာ"

သို့ဖြင့် ကျွန်ုပ်နှင့် မောင်သွေးရင့်တို့က ကံ့ကူလက်လှည့်ငယ်ဆရာကြီးဖြစ်သော မြေအောက်အဂီစီသုံးကြိမ်ပြန် ပယောဂဝိဇ္ဇာဆရာကြီး မဟာဂန္ဓဝင်ဦးပွေးဆင့်ကို အကျိုးအကြောင်း ပြော၍ ပင့်သည်ရှိသော် -

ဆရာကြီးသည် ဆေးကြိမ်လုံးခေါ် ခြေမခန့်တုတ်သော ထားဝယ်ကြိမ်ကို အလျင်လှမ်းယူ၏။ ၎င်းနောက် ဆေးဖယောင်းတိုင်နှင့် အင်းချပ်များထည့်ထားသည့် ဆေးလွယ်အိတ်ကြီးကို ချိတ်၍ ဆင်းလာရာမှ -

"ခဏလေးကွာ"

"ဘာကျန်လို့လည်း ဆရာကြီးခင်ဗျား"

"အဲ အဲ ဟို ဟို ခဏလေးနော်"

ဒီနောက် ဆရာကြီးက အိမ်ပေါ်ပြန်တက်ပြီး ကိုယ်လုံး ပေါ်မှန်ရှေ့မှာရပ်၍ သူ့မျက်နှာကို ပိုင်အိုလက် ကလေးပေါင်ဒါများ ရိုက်၏။ နှုတ်ခမ်းမွေးတို ဆီလိမ်း၏။ ဆံသျောင်ထုံးကို ဘီးနှင့်လေးငါးချောက်ခါ သ,၍ပြီးပြန်၏။ ပြီး-သူ့ကိုယ်နေဟန်ထားကို မှန်ရှေ့မှာ လှည့်ပတ်၍ ကြည့်ပြီးမှ အိမ်ပေါ်မှဆင်းလာတော့၏။ (ကျွန်ုပ်တို့ဆရာကြီးကား အရေးအကြောင်းရှိ၍ပင့်ချေသော် သို့ကလို မျက်စိနောက်ဖွယ်၊ အမြင်ကတ်ဖွယ်များပြုလေ့ရှိရကား မနည်းကို သည်းခံ





ရချေ၏)

ဆရာကြီးဦးပွေးဆင့်သည် သစ်သားမြင်းရုပ်ကြီးနှင့် အိမ်ပေါ်မှာ ဝုန်းဒိုင်းနေသည့် မော်ဒန်စာရေးဆရာ နိုင်ဝင်းဂျီကို မြင်သည်ရှိသော် ကျွန်ုပ်တို့အား အကျိုးအကြောင်း အသေးစိတ်မေး၏။ ကျွန်ုပ်တို့က ညကအဖြစ်အပျက်ကိုပြောပြ၏။

ဒီနောက် နိုင်ဝင်းဂျီ၏မွေးနေ့၊ မွေးရက်၊ မွေးလများကို မေးပြီး ကျောက်သင်ပုန်းကွဲပေါ်မှာ တွက်ချက်၏။ လူနာကိုကြည့်ရှု၏။

"ဒါ နိဗ္ဗာန်ယာဉ်က အပနဲ့ နတ်ကွန်းညောင်ပင်က အပမှီနေတာကွယ့်"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"လုပ်ချင်တာကတော့ ဒီကောင့်ကို လည်ပင်းညှစ်သတ်ချင်တာပဲ။ ဒါမှမဟုတ် ရေစည်ပိုင်းထဲခေါင်းနှစ်ပြီး သတ်ချင်တာပဲ။ အဲဒီလိုလုပ်လိုက်ရင် ငါထောင်ကျသွားနိုင်တယ်။ အမှန်က ဒီကောင် လူ့ပြည်မှာ မရှိသင့်ဘူး"

"ကြည့်. . . ကြည့်လုပ်ပါဆရာကြီးရယ်။ ဒီလို စာရေးဆရာမျိုး မြန်မာပြည်မှာ ရှား. . . ရှားလို့ပါခင်ဗျား"

"မောင်မှိုင်း"

"ခင်ဗျား ဆ. . . ဆရာကြီး၊ အမိန့်ရှိပါခင်ဗျား"

"မြင်းစားပဲတစ်ပြည် အမြန်သွားဝယ်စမ်းလကွာ"

"ဟုတ် ဟုတ်ကဲ့ ခင်ဗျ"

သို့နှင့် ကျွန်ုပ်သည် မြင်းစားကုလားပဲရောင်းသည့်ဆိုင်သို့ သွား၍ မြင်းစားပဲတစ်ပြည်ဝယ်၍ အမြန်ပြန်လာလိုက်၏။

ဆရာကြီးဦးပွေးဆင့်သည် ခေါ်မကြားအော်မကြား နိုင်ဝင်းဂျီကို အမိန့်ပေး၍ ပြောမရသောအခါ မြင်းစားရေစိမ်ပဲများကို စကောတစ်ချပ်ထဲမှာထည့်၍ ပြလိုက်သည်ရှိသော် ငနဲသည် ကျွန်ုပ်၍ မြင်းစားပဲများကိုကြည့်ပြီး သွားရည်ကျနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်ကား သူစီးနေသည့် သစ်သားမြင်းရုပ်ကြီး၏ မြင်းပါးစပ် ဦးခေါင်းသည် ကုလားပဲရေစိမ်များကို နှာခေါင်းနှင့် တရှုပ်ရှုပ်နမ်းဟန်ပြုနေခြင်းဖြစ်၏။

ဘာမှမကြာလိုက် -

ဘုန်းတော်ကြီးလှသော နိုင်ဝင်းဂျီသည် မြင်းစားကုလားပဲ ရေစိမ်များကို လက်နှစ်ဖက်နှင့်ကောက်ယူ၍ အားရပါးရစားတော်မူ အဲ အဲ ပွဲတော်တည်လေ၏။

မိနစ် (၂၀)ခန့်အတွင်း မြင်းစားကုလားပဲရေစိမ် တစ်ပြည်သည် စီးတော်ရှင်နိုင်ဝင်းဂျီစား၍ ပြောင်သွားခဲ့ပြီး သူ့ဝမ်းဗိုက်ကြီးသည် ကိုယ်ဝန်ဆောင်ကဲ့သို့ ပူတင်းလာကာ နေရာတင် ခွေလဲကျသွားလေသည်။

ဒီမှာပဲ မြေအောက် အဂီစိသုံးကြိမ်ပြန် မဟာဂန္ဓဝင်ပယောဂဆရာကြီးဦးပွေးဆင့်က ရေမန်းနှင့်ဖြန်း၏။ တောက်၏။ တုတ် တုတ်မျှမလှုပ်။ သူ့မိဘနှစ်ပါးက သေပြီမှတ်၍ ဆရာကြီးကို တရား စွဲမည်ဟု ကျေးဇူးစကားဆိုတော့၏။

ဆရာကြီး မျက်လုံးပြူးချေပြီ။ မျက်နှာမှာ ချွေးပြန်၍လိမ်းထားသော ဝိုင်အိုလက်ပေါင်ဒါများ အရည်ပျော်ကာ စီးကျလာ၏။

လူတစ်ယောက်လုံးကို မြင်းစားကုလားပဲ တစ်ပြည်ကျွေး၍ သတ်တာဟု စွပ်စွဲ၏။ မကြာခင် ဆယ်အိမ်ခေါင်းများ၊ ရာအိမ်ခေါင်းများ ရောက်ရှိလာကာ ဆရာကြီးအား မေးမြန်းသမှုပြုကြ၏။

ဆရာကြီးက ကျွန်ုပ်အား ရေလေးထောင့်သံပုံးတစ်ပုံး သွားခပ်ခိုက်ပြီး ၎င်းရေအား ဂါထာတစ်ပုဒ်နှင့် မန်းမှုတ်တော့သည်။

"ဦး - မြေမြေသန်ချင်သန်. . .၊
မသင်လျှေ
မြမြထန်လော . . . ဦး. . .။
(ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်)
ဦး - ဒေနေ့ - မသိ





နေနောက်. . . သ
ကြွဆရာကြွ. . . ထ. . ခမျာ . . . ထ. . . ဦး. . .
'အုန်း'
(ကြမ်းပြင်ကို ဆေးကြိမ်လုံးနှင့်ရိုက်)
ဦး - ဖား. . ငါး. . . ဖီးကြုံး. . . ကြွ. . .
ရာလက်မယ်. . .

'မေ့ဟင်းခါးကြုံး အုံးလားဝီး အုံးလားဝီး အဝါးစ အဝါးစ ဦး. . .

'ဖွမ်း"

သို့ကလို ထူးဆန်းသော မန္တန်တစ်ပုဒ်ကို မန်းမှုတ်ပြီးနောက် ၎င်းရေမန်းဖြင့် ဗိုက်ကြီးပူပြီး သတိလစ်နေသည့် (အချို့ကသေနေသည်ဟုထင်ကြသည့်) နိုင်ဝင်းဂျီ၏ မျက်နှာပေါ် ကိုယ်ပေါ် သို့ တဝုန်းဝုန်း တဖွမ်းဖွမ်း လောင်းချလိုက်သည်ရှိသော် . . .

"အင်း. . . ဟင်း. . . ဟင်း"

"ဦး. . . ထ. . . မသာထ. . . အသုဘ. . . ထ"

"အင်း. . . ဟင်း. . . ဟင်း. . . အမေ. . . အဖေ"

"သား. . . လူလေး မောင်နိုင်"

မအေကြီးက တီကောင်လိုလူးလွန့်နေသည့်သူ့သားကို ဝမ်းသာအားရ ပြေးပွေ့၏။ ဦးရွှေကျီးကား ဆရာကြီးဦးပွေးဆင့်၏ ပညာအစွမ်းကိုကြည့်ပြီး အံ့သြလို့မဆုံး။ငနဲသားကား ရေများမွန်း၍ ငုတ်တုတ်ထထိုင်၏။

ကျွန်ုပ်တို့အားလုံးလည်း ခုမှ သက်ပြင်းချနိုင်တော့၏။

ဦးရွှေကျီးတို့လင်မယားက သူတို့အမှားကိုသိပြီး ဆရာကြီးကို ရှိခိုးတောင်းပန်၏။ ချက်ချင်းထမင်းပွဲပြင်၍ ကျွေး၏။ ဆရာကြီးကား မစားပါရစေနှင့်၊ အားနာပါးနာငြင်းရှာ၏။ အိမ်ရှင်များကလည်း ကျေးဇူးတင်လွန်းလှ၍ စားပြီးမှပြန်ပါဟု ရှိခိုးတင်တောင်းပန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးကလည်း ရောသောပေါသော အုပ်ချင်တီးချင်လှ၍ 'ဆရာကြီး နည်းနည်းတော့စားလိုက်ပါ၊ အိမ်ရှင်မိသားစုကုသိုလ်ရအောင်ပါ'ဟုသာ လက်ကုတ်၍ပြောလိုက်မှ ဆရာကြီးချက်ချင်းအထာပေါက်ပြီး -

"တစ်လုတ်၊ နှစ်လုတ်ပဲနော်"

"ရပါတယ် ဆရာကြီးရယ်။ ဝင်သလောက်ပဲစားပါ၊ ရပါတယ်"

"ဒါတောင် အားနာလို့"

"သိပါတယ်ရှင်၊ ကြွပါ ကြွပါ မောင်မှိုင်းနဲ့ မောင်သွေးရင့်လည်း တစ်ခါတည်းဝင်စားပါလား"

နိုင်ဝင်းဂျီ အမေစကားမှ အဆုံးသေး၊ မောင်သွေးရင့်က လက်ဆေးပြီး ကြက်သားဟင်းပန်းကန်ကို နှိုက်တော့သည်။

"ဘာဟင်းများတုံးဟဲ့"

"ဒါက ကြက်သားပါ ဆရာကြီး"

"အင်း-သွားတွေသိပ်မကောင်းဘူးဟ"

အင်း ဆရာကြီးသွားများ မကောင်းပေလို့၊ ကောင်းလျှင် မည်သို့ရှိချေမည်မသိ။ ခေါင်းရော၊ ခြေထောက်ရော၊ ဆီဖုံးရော၊ တောင်ပံရော စားလိုက်သည်မှာ အိုးလုံးကျွတ်၏။ ထမင်းကို ငါးကြိမ်ထပ်ထည့်၏။ ထည့်ရင်း ပါးစပ်မှ တော်ပြီ၊ ဝပြီ တစ်လုတ်နှစ်လုတ်ပဲ။ အိမ်ရောက်ရင် အမယ်ကြီးက သူချက်တာမစားရကောင်းလားဆိုပြီး စိတ်ကောက်နေဦးမယ် စသည့် စကားလုံးများနှင့် တီးလိုက်သည်မှာ မနက်တစ်နပ်စာ ဆန်တစ်ပြည်ချက်ပြောင်လေ၏။

ဟင်းချိုကုန်လေသော် ငါးပိရည်များကို ခပ်သောက်၏။ စားသောက်ပြီး မထနိုင်၍ ကျွန်ုပ်တို့နှစ်ဦးက တွဲထူရ၏။

နိုင်ဝင်းဂျီအခြေအနေကောင်းသည်ရှိသော် သင်းကိုပါခေါ်၍ မြင်းရုပ်ကြီးပါယူခဲ့ပြီး ရွာတော်ရှင်နတ်ကွန်းမှာလည်းကောင်း၊





ရွှေညောင်ပင်အဘိုး ရုက္ခစိုးထံမှာလည်းကောင်း တောင်းပန်ပြောဆိုပြီး မြင်းရုပ်ကိုထား၍ ပြန်ခဲ့ကြလေသည်။ ဆိုရလျှင် ထိုနေ့ထိုရက် ထိုအဖြစ်အပျက်ကစ၍ မော်ဒန်စာရေးဆရာကြီးနိုင်ဝင်းဂျီသည် မြင်းလှည်းလည်း မစီးရဲတော့၊ မြင်းဟီသံလည်း နားမထောင်ရဲ၊ မြင်းသားလည်း လုံးဝမစား၊ မြင်းနို့လည်းမသောက် ကုန်ကုန်ပြောရရင် မြင်းအနားပင် မကပ်တော့။ မြင်းပြေးလာသည်ကိုမြင်လျှင် နီးရာသစ်ပင်မှာ ပြေးဝင်ပုန်းကွယ်ပြီး လန့်နေ၏။ သူမူး၍ ပြန်လာပါက သူ့နောက်ကနေ 'မြင်း. . .မြင်း' ဟုကပ်၍ အော်လိုက်လျှင် လန့်ဖျပ်ပြီး မှန်နေအောင် ပြေးတော့၏။

ချစ်စွာသော စာဖတ်သူများခင်ဗျား -

ဤစာစုအကြောင်းကို မယုံသည်ရှိသော် သူမူးလာသည့်အခိုက် အနားကပ်၍ 'မြင်းမြင်း၊ သိန္ဓောမြင်း' ဟုအော်ကြည့်ပါ။ သူနောက်ပြန်လှည့်မကြည့်ဘဲ တစ်ချိုးတည်း ပြေးပါလိမ့်မည်။

ဒါနှင့်အတူ ရှင်လောင်းလှည့်လိုက်မလားဟု မေးကြည့်ပါ။ ပလုပ်တုတ်လို ခေါင်းကို တွင်တွင်ယမ်းပါလိမ့်မည်။ သူ့အားယောင်၍များ 'ဂျော်ကီကြီး'ဟု မခေါ်လိုက်ပါနှင့်။ ခေါ်လိုက်သည်ရှိသော် သင့်အား နီးရာပစ္စည်းနှင့် ကောက်ပေါက်ပါလိမ့်မည်။

ကုန်ကုန်ပြောရလျှင် -

ယခုရုံတင်ပြသနေသည့် 'ငါ့သွေး၊ ငါ့ဓား၊ ငါ့ရောဝတီ' ရုပ်ရှင်ကားကြီးကို သူအလွန်ကြည့်ချင်နေ၏။ သို့သော် ဇာတ်ဝင်ခန်းမှာ မြင်းများပါဝင်နေသဖြင့် မကော်ကြည့်နေတုန်း ပိတ်ကားပေါ်မှ မြင်းများ သူ့ပေါ်ခုန်ချ၍ တက်နင်းကြမှာကို စိုးရိမ်ပူပန်ပြီး ရုပ်ရှင်ကို ခဏတောင် မကြည့်ရဲခဲ့။

တစ်ခုတော့ရှိ၏။

သူ့အား ရွှေပုစွန်ခြောက်နှိုင်းချင်း မြင်းခွာရွက်သုပ်နှင့်ရမ်သော်လည်းကောင်း၊ ဂျင်သော်လည်းကောင်း ယောင်၍ဧည့်မခံလိုက်ပါနှင့်။ ဧည့်ခံတိုက်ကျွေးခဲ့သည်ရှိသော် ကောင်းလွန်းလို့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သင့်အိမ်ပေါ်မှာ (၇)ရက် (၇)လီ နေ့စား၊ ညအိပ်နေလေအံ့။ သောင်တင်လျှင် နေ့စဉ် ဂျီတိုက်လိမ့်မည်။

ဖွတ်တက်တာထက် ဆိုးလိမ့်မည်ကို ဤစာဖတ်ပြီးသည့် အချိန်မှစ၍ ဂရုပြုကြကုန်လော့။ သူ့ကိုမြင်လျှင် -

'ဩောင်းတစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်'ကို ဆက်ကာရွတ်ကြပါလေ။ ဘေးရန်ကင်းကွာပြီး စီးပွားတက်ပါလိမ့်မည်။

သို့နှင့် တစ်နေ့. . .

ကျွန်ုပ် မောင်သွေးရင့်နှင့် အီကွေတာတို့ ဆရာကြီးမြေအောက် အဝီစိသုံးကြိမ်ဆရာကြီး မဟာဂန္ဓဝင်ဦးပွေးဆင့်အိမ်သို့ ရောက်သွားကြ၏။

အကြောင်းရင်းကား -

အပမှီပြီး သေသလိုဖြစ်နေသည့် နိုင်ဝင်းဂျီကို မြင်းစားကုလားပဲကျွေး၍ အပကုန်စင်အောင်ကုပြီး သေပြီဟု ယူဆသည့်ကြားမှ ပြန်ရှင်အောင်ကုသည့်၊ ကုထုံးအား မှတ်တမ်းတင်လိုကြသော ကြောင့်ဖြစ်၏။

"ဆ ဆရာကြီး"

"ဘာတုံး - မောင်မှိုင်း၊ မင်းတို့ ငါ့ကို ဘာဒုက္ခပေးကြဦးမလို့လဲဟင်"

"ဒုက္ခမပေးပါဘူး ဆ ဆရာကြီးရဲ့။ ဆ ဆရာကြီးကို ဗျူးပြီး ရိုက်ချင်လို့ပါ. . ."

"ပြီးရင် ဘာလုပ်ကြမှာလဲ"

"ခွက်ခွက်လန် ဂျာနယ်မှာ ဖော်ပြချင်လို့ပါ"

"ဖွ. . ."

"လုပ်ပါဆရာကြီးရယ်၊ ဆရာကြီး ပညာစွမ်းတာကို လက်တွေ့မြင်ရတော့ အံ့ဩလွန်းလို့ပါ။ ဆရာကြီးလို ပညာရှင်မျိုး ဒီဇမ္ဗူမှာ ရှိမယ်မထင်ပါဘူးခင်ဗျ"

မောင်သွေးရင့်နှင့် အီကွေတာလည်း ဝိုင်းမြှောက်လို့ပင့်ကြ၏။ သို့ကလို ပင့်မြှောက်သည်ရှိသော် ဆရာကြီး စိတ်ဝင်စားခဲ့၏။

"ပြောပါဦး၊ ဘာသိချင်လို့လဲ"

"အဲဒီနေ့က ရွတ်တဲ့မန္တန်ကို လိုချင်လို့ပါ"

"ဘာလုပ်ဖို့ လိုချင်ရတာလဲကွယ့်"

"အရေးအကြောင်းရှိရင် သုံးချင်လို့ပါ ဆရာကြီးခင်ဗျ"

"ဒီမန္တန်ရဲ့အဓိပ္ပာယ်ကို မသိချင်ကြနဲ့ကွာ"

"ဘာဖြစ်လို့လဲ ဆရာကြီးရယ်၊ သူ့အသက်ကယ်တဲ့ မန္တန်ဥစ္စာ"

"ဘယ်ကျမ်းထွက်မန္တန်လဲဟင်"

"တစ်ခါမှ မကြားဖူးဘူးခင်ဗျ"

"အဟမ်း- မကြားဘူးဆို. . . ဒီမန္တန်က ဆရာကြီးကိုယ်တိုင်စီရင်ထားတဲ့ မန္တန်ကိုးကွယ့်"

"ဘယ်လို စီရင်ရတာလဲဟင်"

"ကိုးသချိုင်းက လူပျိုကြီးအုတ်ဂူ ကိုးလုံးပေါ်မှာ ရေကိုးခွက်နဲ့ ငှက်ပျောသီး ကိုးလုံးစားပြီး ကိုးရက်၊ (၉)နာရီရွတ်လို့စီရင်တဲ့ မန္တန်ကွယ့်"

"ဟာ - ကြီးကျယ်ခမ်းနားလှချည်လား ဆရာကြီးရယ်။ ဒါကြောင့်လည်း စွမ်းတာကိုး။ ဟိုကောင် သေသလိုဖြစ်နေရာက ချက်ချင်းထထိုင်တာပဲနော်။ အဓိပ္ပာယ်လေး အမိန့်ရှိပါဦး ဆဆရာကြီး ခင်ဗျား"

မောင်သွေးရင့်က ပြောရင်း စာအုပ်ထဲမှာရေးမှတ်၏။

"အဓိပ္ပာယ်မပြောရင် မဖြစ်ဘူးလားကွယ် မောင်တို့ရယ်-ဟင်"

"မဖြစ်ပါဘူးဆရာကြီး၊ ဒီမန္တန်ကို ကျွန်တော်ရော မောင်မှိုင်းပါ ရောင်ပြန်၊ သူရဋ္ဌ၊ သိဒ္ဓိမိုး၊ မနုစာရီ၊ ဩဂုဿ မဂ္ဂဇင်းများမှာ ကလောင်အမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးနဲ့





www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားသောက်မှာမို့ပါ ဆ ဆရာကြီး"

"အိမ်း - ကောင်းလေစွ၊ ကောင်းလေစွ။ သာဓု သာဓု သာဓု။ ငါ့တပည့် ဒီလောက်တောင်တားလို့ မရမှတော့ ကိုယ်စီရင်တဲ့ မန္တန်အဓိပ္ပာယ်ကိုပဲ ဖွင့်ရပေမပေါ့၊ ဒီလိုကွယ့်"

"ဦ ဆိုတာတော့သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်ဆရာကြီး"

မောင်သွေးရင့်က လျင်မြန်စွာဝင်၍ ဖြေလိုက်မိ၏။

"ဦရဲ့အဓိပ္ပာယ် ဘာလဲ ပြောစမ်း"

"ဦရဲ့အဓိပ္ပာယ်က ဦပါပဲ ဆရာကြီး"

"ကောင်းလေစွ ကောင်းလေစွ။ ဘဲရိုးဂွတ်၊ ဘဲမဂွတ်၊ ရှိစေတော့။ မင်းတို့လို လူတော်များရှေ့မှောက်မှာ ဆရာကြီး ဦကို အကျယ်ဝိတ္ထာရ မဖွင့်တော့။ မန္တန်ရဲ့အနှစ်သာရကို ပြောတော့မည်၊ မှတ်သားကြပေရော့"

"ဦမြေမြေသန်ချင်သန့် ဆိုတာက မြန်မြန်သေချင်သေတဲ့"

"ဗျာ"

"မသင်လျှေ။ဆိုတာက မသေလျှင်လို့ အဓိပ္ပာယ်ရသကွယ့်"

"ဘုရား. . . ဘုရား"

"မသင်လျှေ မြမြထန်လော့ဆိုတာက မသေလျှင်မြန်မြန်ထလော့လို့ အဓိပ္ပာယ်ရသကွယ့်။ဒေနေ့မသိ ဆိုတာက ပြောင်းပြန်လှန်ရင် ဒီနေမသေတဲ့ နေနောက်သ ဆိုတာက နောက်နေ့သေလို့ ခေါ်သကွယ့်။ ကြွဆရာကြွ၊ ထ,ခမျာ ထ,ကတော့ ငါ့တပည့်များ သိပြီးသားပါပဲ"

"ကောင်းလိုက်တာ ဆရာကြီးရယ်။ တတိယအပိုဒ်ကို ရှင်းပါဦး ခင်ဗျာ"

"အင်း. . . တတိယမန္တန်အပိုဒ်က ဖားငါး. . . ဖီးကြုံး. . ကြွ ဆိုတာက ဘုန်းကြီးငါးပါးကြွတဲ့။ ရာလက်မယ် ဆိုတာက ရက်လည်မှာတဲ့။ မေ့ဟင်းခါးကြုံး ဆိုတာက မုန့်ဟင်းခါး





ကြွေးတဲ့။ အုံးလားဝီး ဆိုတာက အားလုံးဝါးတဲ့။ အဝါးစကအဝ,စားလို့ အဓိပ္ပာယ်ရသကွယ့်။ မန္တန်တစ် ပုဒ်လုံးရဲ့ အဓိပ္ပာယ်ကို မြန်မာလိုပြန်ရင်း -

ဦ - မြန်မြန်သေချင်သေ၊
မသေလျှင်
မြန်မြန်ထ,လော့ ဦ။
ဦ - ဒီနေ့မသေ
နောက်နေ့သေ
ကြွဆရာကြွ၊ ထ ခမျာထ ဦ
ဦ - ဘုန်းကြီးငါးပါးကြွ
ရက်လည်မှာ
မုန့်ဟင်းခါးကျွေး
(ကြွလာသူ) အားလုံးဝါး အဝစား ဦ တဲ့။

"ကောင်းလိုက်တာ"

မှတ်ချက် -

ဤမန္တန်သည် မြေအောက်အဝီစိသုံးကြိမ်ပြန် မဟာဂန္ထဝင် ပယောဂဆရာကြီး ဦးပွေးဆင့်၏မူပိုင် ဖြစ်ပါသည်။ ဆရာသည် ပညာကို သေရွာသို့တစ်ပါးတည်းယူမသွား၊ နောင်လာနောက်သားများအတွက် ပညာဒါနအဖြစ် ကုသိုလ်ယူလျက်ရှိပါ၏။

ဆရာကြီးအဆိုအမိန့်အရ ဤမန္တန်ကို အရေးပေါ်လူနာတွေ့ပါက (နိုင်ဝင်းဂျိုကဲ့သို့သော လူနာမျိုး၊ တောင်စွန်းလွမ်းသောင်းလို လူနာမျိုး၊ နားပိတ်မောင်ဆွေမွန်လို လူနာမျိုး၊ ဇလွန်ကျော်ဦးလို လူနာမျိုးအားတွေ့သည်ရှိသော် ဘာရေရရ (လက်ဆေးရေ၊ ငရုတ်ဆုံကျင်းရေ၊ အနှီးလျှော်သည့်ရေ၊ ရေမြောင်းထဲမှရေ) ရရာရေကို ကိုးခေါက်မန်းမှုတ်၍ မျက်နှာပေါ်သို့ ဝုန်းခနဲလောင်းချပါတဲ့။ ပြီးလျှင် မောင်းထောင်ချိုင့်တစ်လုံးသာသာခန့် ရင်ခေါင်းသို့ ဝင်အောင်တိုက်ပါတဲ့။ သေလျှင်သေ၊ မသေသော် ပွဲချင်းပြီးလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မည်ဟု ဆိုပါသည်။ ဆရာကြီး၏ ပညာဂုဏ်၊ သမာဓိဂုဏ်၊ သီလဂုဏ်ကို ယုံကြည်လေးစားသောအားဖြင့် မည်သူမဆို ဘယ်မဂ္ဂဇင်းမှာဖြစ်ဖြစ် ရေးသားဖြန့်ဝေနိုင်ပါသည် ခင်ဗျား။

နောက်ဆက်တွဲမှတ်ချက် -

ဤမန္တန်အား ရှာရဖွေရ ခက်ခဲသည်ရှိသော် စာရေးဆရာမောင်ညိုမှိုင်းကိုရှာ၍ ဒံပေါက်နှင့်ရေခဲမုန့်ကျွေးပြီး တောင်းယူ ကူးယူနိုင်ပါသည်။

✤ ✤ ✤



## နမလေးကို မောင်ကခိုးမယ် ဖွတ်ကျားတွေနဲ့ကြိုတိုင်ပင်

ဤမျှလောက် နောက်ကြောင်းပြန်၍ ဖော်ကောင်လုပ်ရသည်ရှိသော် ချစ်ခင်လေးစားအပ်သော ကျွန်ုပ်တို့၏ ဟာသပရိသတ်ကြီး နိုင်ဝင်းဂျီအကြောင်း သဘောပေါက်လောက်ပေပြီ။

ယခု သူ မိန်းမခိုးတော့မည်ဟု အကြွင်းမဲ့စကားကို ဆိုသွား၏။

မဖြစ်မနေကူညီရန်လည်း ကျွန်ုပ်အား အဝတ်အစား၊ အသောက်အစားနှင့် မက်လုံးပေး မြူဆွယ်ခဲ့၏။ ကောင်းပါသည်လေ။

ကျွန်ုပ်ဘကြီး ရွှေမီနောက်မီ ဂေါ်ပြိုင်စံရှားကြီး ဘကြီးကိုဖိုးကြောင် မိန့်မှာခဲ့သည့် စကားတစ်ခွန်းရှိခဲ့ဖူး၏။

"ငါ့တူ၊ ကိုယ်တိုင်ပိုးလို့ မိန်းမ ရ,ရင်ရ၊ မရ,ရင် သူများမိန်းမရအောင် ဝိုင်းကူလုပ်ပေး။ ရှေးဘဝက အထုံပါရမီကုသိုလ်နည်းခဲ့တဲ့ ဂေါ်မစွံ အကျိုးအားနည်းချက်ကို ယခုဘဝရတဲ့နည်းနဲ့ဖြည့်ပေး။ အဲဒါ နောင်ဘဝကံကောင်းလို့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ဖြစ်ရာဘဝမှာ ချစ်သူဝိုင်းဝိုင်းလည်နေလိမ့်မယ်။ ခွေးထီးဖြစ်ခဲ့သော် ခွေးမများ ဝိုင်းဝိုင်းလည်နေမယ်။ အကယ်၍ ခွေးမဖြစ်ခဲ့သော် မီးကပ်ပေါ်က ဆင်းရသည်မရှိအောင် ချစ်သူခွေးထီးများ


www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည်နေမယ်။ မှတ်ထားတဲ့"

အသက်ကြီးသည့်တိုင် ကြိုက်သူမရှိ၊ ရှိပြန်တော့လည်း ဖူးစာရေးမင်ရည်ကျဲ၍ ဖင်ပြောင့်စူးခံခဲ့ရသော၊ မျက်ခွက်ဖျောက်အိုးမှန်ပြီး မျက်နှာကြီးမည်းသွားခဲ့သည့် ကျွန်ုပ်၏ချစ်လှစွာသော ဘကြီးကြောင် မှာခဲ့သည့်အတိုင်းလုပ်ခဲ့၏။

သူငယ်ချင်းများ မိန်းမခိုးရန် သေဖော်ညှိလျှင် လိုက်၏။

ထဘီထုပ်ကို ထမ်း၏။

ယုတ်စွအဆုံး၊ ကွင်းထဲသွား၍ နွားမအုပ်ရှိရာသို့ နွားသိုးများကိုမောင်းချပြီး အချစ်ပါရမီဖြည့်ဆည်း၏။

ကျွဲမအုပ်ရှိရာသို့ ကျွဲထီးများမောင်းချ၍ ကျွဲမေတ္တာပါရမီတို့ဖြည့်ဆည်း၏။ မြင်းသားတင်လျှင် ဝိုင်းကူ၏။

ကျွန်ုပ်ဘကြီးခြေရာကို နင်းရပေလိမ့်မည်၊ ဘကြီး၏အမွေသည် သေသေချာချာ စဉ်းစားလျှင် အလွန်ကုသိုလ်ကြီးလှပေ၏။

နောက်နေ့ မိုးလင်းသည်ရှိသော် နိုင်ဝင်းဂျီရောက်လာ၏။ ၎င်းနောက် ပြက္ခဒိန်များ၊ ကိတ်မုန့်ဘူးနှင့် ဆေးပြင်းလိပ်များ ဝယ်၍ မြေအောက်အဝီစိသုံးကြိမ်ပြန် မဟာဂန္ထဝင်ပယောဂဆရာကြီးဦးပွေးဆင့်ထံ ရောက်သွားခဲ့ကြ၏။

"ဆရာကြီး"

"ဟင်-အင် အင်"

ကျွန်ုပ်တို့နှစ်ဦးကိုမြင်သည်ရှိသော် နာနာဘာဝများကို မြင်သည့်အလား ဆရာကြီး လန့်ဖျပ်ပြီး ခေါင်းရင်းစားပွဲပေါ်မှာ တင်ထားသည့် ဆေးကြိမ်လုံးကိုပြေးဆွဲတော့၏။

"မင်း မင်းတို့၊ ဘာ ဘာ ဒုက္ခပေး ပေးမလို့လဲဟင်"

"ဆ ဆရာကြီးကို လာကန်တော့တာပါခင်ဗျ။ ဒီမှာ ကိတ်မုန့်၊ ဒါကဆရာကြီးကြိုက်တဲ့ ဆေးပြိုတ်လင်းပါ"

"ဘာလဲကွ၊ ဆေးပြိုတ်လင်းဆိုတာ"

"ဆေးပြင်းလိပ်ပါ ဆရာကြီး"





"အိမ်း အိမ်း ဒါဆိုအိမ်ပေါ်တက်။ ခပ်လှမ်းလှမ်းမှာထိုင်ကွာ"

နိုင်ဝင်းဂျီက ပါလာသည့်ကိတ်မုန့်ဘူးကို ကမ်းလိုက်သည်ရှိသော် မုန့်ဘူးကိုနမ်းပြီး သွားရည်များ တတောက်တောက်ကျလာ၏။

"ဆိုကြစမ်းပါဦး၊ ဘာကိစ္စရှိလို့လဲ"

ဒီမှာ ကျွန်ုပ်က-

"ကိစ္စက ဒီကောင်နိုင်ဝင်းဂျီကိစ္စပါပဲ ဆရာကြီး"

"ဘာလဲ၊ မြင်းစားကုလားပဲ ထပ်စားချင်လို့လား"

ဆရာကြီးအပြောကြောင့် သကောင့်သားလေး မျက်နှာရှုံ့သွား၏။

"မ မ ဟုတ်ပါဘူးခင်ဗျာ၊ သူ သူမိန်းမခိုးမလို့။ အဲ အဲဒါ နေ့ကောင်းရက်သာနဲ့ အခါကောင်းလေး လာမေးတာပါ ဆရာကြီးခင်ဗျ"

ဆရာကြီးသည် မည်းမည်းပုပု ခေါင်းကြီးကြီး၊ နားရွက်ကားပါးစပ်ပြဲပြဲ တဆွေပေါက်စနှင့်တူသော နိုင်ဝင်းဂျီ၏ ကြန်အင်လက္ခဏာကို ကြည့်ပြီး -

"ဒီလိုကောင်ကို ယူချင်တဲ့မိန်းမ လူ့လောကမှာရှိသေးလို့လား"

"အင်း"

"ဗ"

"ရှိ ရှိပါတယ်ခင်ဗျ၊ တော်တော်လှလှပပ ဖြောင့်ဖြောင့်ထဲကပါပဲ. . ."

"ကောင်မလေးတော့ ကိုယ်ကျိုးနည်းတော့မှာပဲ၊ ဒုက္ခ ဒုက္ခ"

"အဲဒါ ဆရာကြီး ကူညီပါဦးခင်ဗျ။ အကြံအစည်အောင်မြင်ရင် ဆရာကြီးကို မောင်ဗမာစက်ဘီးကြိုက်ကြိုက်၊ ပလေးဘွိုင်းမဂ္ဂဇင်းကြိုက်ကြိုက် ကြိုက်ရာဝယ်ကန်တော့ပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဟုတ်တယ်နော် နိုင်ဝင်းဂျီ"

"ဘု ဘုရားစူး၊ မိုးကြိုးပစ်ပါ ခင်ဗျ"

"အိမ်း အိမ်း မောင်ဗမာစက်ဘီးက ကြာရင် ကျောက်ဂျက်သံ မြည်သကွယ့်။ ပလေးဘွိုင်းမဂ္ဂဇင်းကတော့ အဲဒါလေးကြည့်ပြီး စိတ်ကိုငြိမ်အောင် လုပ်လို့ရတာပေါ့။ သာခုဗျာ၊ သာခု သာခု"

"ဒါ - ပြက္ခဒိန်များပါဆရာကြီး၊ ဆရာကြီးအိမ်မှာ ချိတ်ဖို့ပါ"

ကျွန်ုပ်က ပြက္ခဒိန်ငါးခုကို အလိပ်လိုက်ပေးလိုက်သော် ဆရာကြီးက ချက်ချင်းလှန်ကြည့်၏။

"ဒါက ဘယ်သူတုံးဟ. . ."

"ဒီမျက်နှာဖုံးရှင်က အိန္ဒြာကျော်ဇင်ပါဆရာကြီးခင်ဗျ"

"လှသားဟ- အဟိ"

သို့ကလိုပြောပြီး အိန္ဒြာကျော်ဇင်ရုပ်ပုံပါ ပြက္ခဒိန်ကို သူ့ရင်ခွင်မှာကပ်ထားလိုက်၏။

"သူကလေးကရောဟ. . ."

"အဲဒါ ချစ်သုဝေ မျက်နှာဖုံးပါခင်ဗျ"

"ဟင်- အသားလေးကိုဖွေးပြီး မျက်ခုံးကိုကော့နေတာပဲ။ ငါ ကာလသားတုန်းက သင်းကလေးတွေ ဘယ်ရောက်နေလဲမသိဘူး။ အဟီး"

ချစ်သုဝေမျက်နှာဖုံးပါ ပြက္ခဒိန်ကိုလည်း စောစောကအတိုင်း ရင်ခွင်ထဲမှာ ထည့်ကပ်ထားလိုက်၏။

"ဟဲ့ - မောင်မှိုင်းရဲ့၊ ဒီတစ်ယောက် ဘယ်သူပါလိမ့်ဟ"

"အဲဒါ- ဖြူဖြူကျော်သိန်းပါ ဆရာကြီး"

"ဟယ်-ချစ်စရာလေးနော်"

"ဆရာဝန်အဆိုတော်ပါ ခင်ဗျ"

"ဒါတွေ ချိတ်ရမယ်။ ငါ့ခေါင်းရင်းမှာ ချိတ်ကိုချိတ်ရမယ်ကွ။ ဒီပုံက ဘယ်သူလဲကွ မောင်မှိုင်းရ"





"အဲဒါ လွင်မိုးပုံပါခင်ဗျ"

"လွင်မိုး - မတောကြီးသား လွင်မိုးလား"

"မတောကြီးသား လွင်မိုးက ဆိုက်ကားနင်းတာပါ ဆရာကြီး။ ဒီလွင်မိုးက နိုင်ငံကျော် အကယ်ဒမီရုပ်ရှင်မင်းသား လွင်မိုးပါခင်ဗျ"

"အဲဒီပုံ ပြန်ယူသွားကွာ"

"ဘာ ဘာဖြစ်လို့ပါလဲ ဆရာကြီးခင်ဗျာ"

"မျက်နှာက စပ်ဖြီးဖြီးနဲ့၊ ငါရိုက်မိလိမ့်မယ်"

ကျွန်ုပ်တို့ဆရာကြီးကား သို့ကလိုဆရာကြီးတည်း။ သို့နှင့် လွင်မိုးပုံပါပြက္ခဒိန်ကို ပြန်ယူထားလိုက်ရ၏။

"ဒီငနဲကရောကွ မောင်မှိုင်း"

"အဲဒါ အဆိုတော် လေးဖြူခတ်ပုံပါခင့်ဗျား"

"ဟော့ကောင်-လေးပဲဖြူဖြူ ငါးပဲဖြူဖြူ မလိုချင်ဘူး။ အသက်ရှုကျပ်တယ်၊ ပြန်ယူသွား"

ဒီလောက်ဆိုလျှင် ကျွန်ုပ်တို့အမှီသဟဲပြုနေသည့် ဆရာသခင်ကြီး မြေအောက်အဝီစိသုံးကြိမ်ပြန် ဆရာကြီးဦးပွေးဆင့်၏ ကြည်ညိုလေးစားဖွယ် သီလ၊ သမာဓိဂုဏ်ကို သိလောက်ကြပါပေပြီ။

"ဒါနဲ့ ဟိုကောင် ဘယ်သူ"

"နိုင်ဝင်းဂျီပါခင်ဗျား"

"မင်းက ဘာနေ့သားလဲ"

"သောကြာနဲ့ စနေကြားမှာမွေးတဲ့နေ့သားပါခင်ဗျ"

"တောက် - သောကြာဆို သောကြာသားလုပ်ပါကွ၊ စနေဆိုလည်း စနေသားလုပ်ပါ။ ကိုးလိုးကန့်လန့်ကြီး၊ ငါဘယ်လိုလုပ် တွက်ရချက်ရမှာလဲ"

"စနေသားနဲ့ပဲတွက်ပါ ဆရာကြီး"

ကိုးလိုးကန့်လန့် နှစ်ယောက် တွေ့ကြလေပြီ။

"စနေသား။ မင်းကောင်မလေးက ဘာနေ့သမီးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓဟူးသမီးတဲ့ခင်ဗျ"

"အင်း - ကောင်းတယ်၊ ကောင်းတယ်။ သိပ်ကောင်းတယ်"

"ဘာ ဘာ ကောင်းတာပါလဲ ခင်ဗျ"

"ကိတ် ကိတ်မုန့်။ အဲလေ-စနေနဲ့ဗုဒ္ဓဟူးဆိုတာ အိမ်ထောင်ရေးမှာ မိတ်ဖက်ကွ။ ဦးသာစိန်ပန်း၊ ဒန်းလှ၊ ကိုရှာ ဥစ္စာ အမြဲ တည်တတ်ပါတဲ့။ စနေနဲ့ ဗုဒ္ဓဟူး ရှုးတောင် ထမင်း မငတ်ဘူးဟေ့။ ဒါကြောင့် ကောင်းတယ်လို့ပြောတာဟ။ ဒါနဲ့ ဘယ်နေ့ မိန်းမခိုးမှာလဲ"

"ဗုဒ္ဓဟူးနေ့ညပါ ခင်ဗျ"

"အင်း- ဗုဒ္ဓဟူးနေ့ည"

ဆရာကြီးက ကျောက်သင်ပုန်းပေါ်မှာ ခြစ်၏။ ရေး၏။ တွက်၏။ စဉ်းစား၏။ လက်ချိုး၏။ မလုံလောက်သော် ခြေထောက်များကိုချိုး၍ရေတွက်ပြီးနောက်-

"အမှုကိစ္စအခါပေးအရဆိုရင် အုပ်,သူသတ်၊ ကောင်းဘက်ဝီ။ စော,စီး,သီ။ လှ,ဆီ,ဆဒ် ဆိုသောကြောင့် အဟာမ်း. . . အဟာမ်း၊ အဟွတ်. . . အဟွတ် တနင်္ဂနွေနေ့၌ (ဆူ) သုံးဖဝါးရှိမူ (သက်) သိကြားစောင့်၏တဲ့။ တနင်္လာနေ့၌ (ဘက်) ငါးဖဝါးရှိမူ (ဗီ) ဗိဿနိုးနတ်စောင့်၏တဲ့။ အင်္ဂါနေ့ (စီး)လေးဖဝါးရှိမူ (သီ) ခြသေ့်စောင့်၏တဲ့။ ပြီးတော့ (လှ) ဗုဒ္ဓဟူးနေ့၌ (ဆီ) သုံးဖဝါးရှိမူ (ဆဒ်) ဆဒ္ဒန်ဆင်မင်းစောင့်၏တဲ့။ ဗုဒ္ဓနေ့သွား ကောင်းတယ်၊ ဆက်လုပ်"

"အချုပ်အနှောင်များ မြင်ပါသလား ဆရာကြီး"

"မမြင်ပါဘူး။ ဒါပေမယ့် ခွေးပြေးဝက်ပြေး ပြေးရမယ်"

"ဗျာ"

"ခင်ဗျာ"

ဆရာကြီးဟောချက်ကြောင့် ကျွန်ုပ်တို့နှစ်ဦးစလုံး လန့်၍ ဆံပင်များထောင်သွား၏။

"မပူပါနဲ့၊ လုံးဝမပူပါနဲ့။ ဆရာကြီးနဲ့တွေ့ပြီပဲ၊ အားလုံး





အိုကေ စိုပြေသွားအောင် စီစဉ်ပေးလိုက်မှာပါ"

"အား အား ကိုးပါရစေ ဆရာကြီးခင်ဗျား"

"အားကိုး၊ အားကိုး။ အဟဲဟဲ ဟဲဟဲ အရေးကြီးတာ အနင်းကောင်းဖို့ပဲကွ"

"အနင်းကောင်းတာကတော့ မောင်မြေကြီး (ပန်းတောင်း) ပါခင်ဗျ"

"သယ်. . . သိုင်းကွက်နင်းတာကို ပြောတာမဟုတ်ဘူး။ နဂါးလှည့် အနင်းကောင်းဖို့ပြောတာဗျွ"

"မ မသိလို့ပါခင်ဗျ၊ ပြောပါခင်ဗျ"

"ခု ဘာလပါလိမ့်"

"နယုန်လပါ ခင်ဗျ"

"နယုန်နေ၁-ပေါင်းကူးဆုန်ကျ ဤသုံးလ၊ နောက်မှာ ဦးခေါင်းသာတဲ့ နောက်တစ်နည်း-တတာကနောက်။ နဝါဝါမြောက်၊ တော်ကျွတ်မုန်းရှေ့၊ နတ်ပြာတွဲတောင်၊ ဘုန်းခေါင်လူပြား နတ်နဂါး၊ ခေါင်းပြားလှည့်ရပ် မသွားအပ်တဲ့။ ဒါကြောင့် နဝါဝါမြောက် ဆိုသည့်အတွက် နယုန်၊ ဝါဆို၊ ဝါခေါင်မှာ နဂါးဦးခေါင်း မြောက်ဘက်ကိုလှည့်တယ်။ မြောက်အရပ်ကမဝင်နဲ့။ မင်းခိုးမယ့် မိန်းကလေးရဲ့ အိမ်မြောက်အရပ်က မဝင်နဲ့။ အဲဒါ နဂါးခံတွင်း။ အရှေ့မြောက်အရပ်က တောင်ဘက်ကို လှည့်ပြီးဝင်၊ အောင်မြင်လိမ့်မယ်"

"ဘာများ ဆောင်သွားရဦးမလဲ ဆရာကြီး"

ကျွန်ုပ်ကား ဘေးရန်ကင်းရန်အတွက် လိုရမည်ရ မေးရပြန်၏။

"အကောင်းဆုံးကတော့ ရန်ပေါ်လာရင် ရှင်းလင်းပစ်ဖို့ ဂျီးသရီးနဲ့ ကျည်ဆန်အတောင့် သုံးရာလောက်ဖြစ်ဖြစ် ဟောင်ဝစ်ဇာ အမြောက်ဖြစ်ဖြစ် ဆောင်သွားရင် စိတ်အချ


www.burmeseclassic.com

www.burmeseclassic.com

ရဆုံးပါပဲကွယ့်။ အဟဲ ဟဲဟဲ"

သေသာသေလိုက်ချင်ပါသည်။ သူ့ကိုအားကိုးခါမှ မဟုတ်ကဟုတ်က ဂျီသရီးနှင့်ကျည်ဆန် အတောင့်သုံးရာ ဆောင်သွားတဲ့။ ဒါမှမဟုတ် ဂျာမန်ဟောင်ဝစ်ဇာ အမြောက် ထမ်းသွားတဲ့။ ကိုယ့်ဆရာရင်း သမားရင်းမို့သာ မနည်းသည်းခံနေရသည်။ တော်ရုံတန်ရုံဆရာဆို ခါးကြားမှာဖွက်လာသည့်ပုလင်းနှင့် ငယ်ထိပ်ကို ထုပြီးပြီ။

"ဒါကို ပြောတာမဟုတ်ဘူး ဆရာကြီးရဲ့"

"ဒါဖြင့် ဘယ်ဟာတုံး"

"အန္တရာယ်ကင်းဘေးရှင်း အဆောင်ပန်းနဲ့ နံပန်းကိုပြောတာခင်ဗျ"

"ဩော် - ဒါလား၊ အဲဒါဆို ရှင်းရှင်းပြောမှပေါ့ကွာ။ အဆောင်ပန်းက စနေသားက သင်အူကြိုးကို လည်ပင်းမှာဆွဲကြိုးလိုဆွဲသွား၊ ဒါနည်းပ်သားခေါ်တယ်။ သိပ်မကြီးစေနဲ့၊ ကြီးရင်း ခွေးလည်ပတ်နဲ့တူနေမယ်။ မောင်မှိုင်းက ဘာနေ့သားလဲကွယ့်"

"ကြာသပတေးပါခင်ဗျ"

"မင်းက အရုံအဖော်လား"

"ဟုတ်ကဲ့ခင်ဗျ"

"အပြေးကောင်းဖို့ လိုသကွယ့်"

"ခင်ဗျာ"

"ဒါမျိုးက အချိန်ဆွဲနေ၊ နေ့းနေလို့မရဘူးပြောတာ။ ကြာပပတေးသားက ရဟာတ်စီးပြီးမှ လိုက်ကူ"

"ရဟာတ်စီးရမယ်"

"အိမ်း. . .(ရ)က ဗုဒ္ဓဟူး၊ (ဟတ်)ကသောကြာ။ ကြားမှာကြာသပတေးရှိနေတယ်။ အဲဒါ နံညှပ်ယတြာ အဆောင်"

"ဘယ် ဘယ်မှာစီးရမလဲဆရာကြီး"





"တိရစ္ဆာန်ရုံမှာပဲဖြစ်ဖြစ်၊ ဟက်ပီးဝေါမှာပဲဖြစ်ဖြစ်၊ ရှုခင်းသာမှာပဲဖြစ်ဖြစ် စီးဖြစ်အောင်စီးပြီးမှသွား။ အားလုံး အိုကေပဲ။ နောက်နေ့အာမခံလိုက်ဖို့ လူကြိုရှာထား"

"ဗျာ - ဗျာ"

"ဆ ဆရာကြီး၊ တတကယ်ပဲလား ဟင် ဟင်"

"ဟော့ကောင် နှစ်ကောင်၊ အူကြောင်ကြောင်လုပ်မနေနဲ့။ ဒီလိုအစီအရင်နဲ့ အခါပေးကို ငါလုပ်စားလာတာကြာပြီ။ စာရေးဆရာ ဂေါ်မင်းကြိုင် မိန်းမရသွားတာ ငါ့အခါအစီအရင်နဲ့။ မောင်မောင်ဦး မိန်းမခိုးပြေးပြီး ကလေးခြောက်ယောက်နဲ့ ဒုက္ခအကြီးအကျယ် ရောက်နေတာ မင်းတို့မျက်မြင်ပဲ။ မောင်မြင့်ကြွား (ဘိုးကလေး) မိန်းမခိုးတဲ့ညက ခုနစ်ချက်နဖူးချုပ်ရတာ မှတ်မိ၊ ကြားမိမှာပေါ့"

"အဲဒါ. . . အဲဒါ"

"အဲဒါ ငါ ယတြာနဲ့အခါကောင်းလို့ နှီးမို့ ဒီကောင်ပွဲချင်းပြီးသေမှာ။ ဟိုက ပုဆိန်နဲ့ထုတာ။ ငါးမန်းလွှနဲ့ ကောင်မလေးအမျိုးတွေက လည်ပင်းကိုဖြတ်မလို့လုပ်တာ။ ယတြာအစီအရင် ကောင်းတော့ (၇)ချက်ပဲ ဆေးရုံမှာ ချုပ်ပြီး(၆)သိန်းလောက်ကုန် သွားတယ်၊ အခု သားသမီးချည်း (၁၃)ယောက်မွေးပြီး ရေနံမှာ အလုပ်သမားအရာရှိ ဖြစ်နေပါရောလား။ နားလည်ပြီလား"

"ဟုတ် ဟုတ်ကဲ့ခင်ဗျ"

"ဆ ဆရာကြီး ကျွန်တော်တို့ ပြန်ခွင့်ပြုပါခင်ဗျာ"

"နေ နေဦးလေ"

"ဘာ ဘာပေးမလို့လဲ ခင်ဗျ"

"ပေးမလို့ မဟုတ်ဘူး။ ယူမလို့၊ တောင်းမလို့-ဟင်း"

"ဘာ ဘာများပါလိမ့် ခင်ဗျား"

"မင်းတို့နှစ်ယောက်စလုံး မေ့ချင်ယောင်မဆောင်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com

မောင်လွှမ်းနွယ်တို့၊ ပုသိမ်မောင်သောင်းဂွင်တို့၊ မင်းကြည်လှိုင်တို့၊ စိတ်ဓာတ်မြသန်းတို့လို ငါ့ကိုပတ်လို့ ဘတ်လို့မရဘူး။ ဗေဒင်ဟောခ၊ အခါပေးခ၊ ယတြာဓာတ်ဆင်ခ နိုင်ဝင်းဂျီက လေးထောင်ကျပ်။

"ဗျာ - ဂစ်ဂစ်ဂစ်"

"မောင်မှိုင်းက နှစ်ထောင့်ခုနစ်ရာသုံးဆယ်"

"အမယ်လေး ဂစ်ဂစ်ဂစ်"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ဉာဏ်ပူဇော်ခကြောင့် ပထမ နိုင်ဝင်းဂျီ တဂစ်ဂစ်နှင့် တက်၍သွားသည်။ ကျွန်ုပ်သည် ရင်ဝကို ဒိုးကျည်ဝင်ဆောင့်သကဲ့သို့ ဖြစ်ပြီး ချက်ချင်းပစ်လဲကျသွားကာ အကြောများ ကောက်ကွေး၍တွန့်လိမ်ကုန်၏။

သို့နှင့် ဆရာကြီးသည် ဆေးကြိမ်လုံးနှင့် တစ်ယောက်ငါး ချက်နှက်လိုက်မှ ပြန်သတိရပြီး ထိုင်၍တောင်းပန်ရတော့၏။

"လျှော့ လျှော့ပါဦး ဆ ဆရာကြီးရယ်၊ ဟီးဟီး"

"လျှော့လို့မရဘူး။ ဒါမင်းတို့မို့ လျှော့ယူတာ။ မင်းတို့စာနယ်ဇင်းဉက္ကဋ္ဌ မောင်ဟန်ညွန့်နဲ့ ညီညီဖြန်တို့တုန်းကဆို တစ်သောင်းတောင်ယူလိုက်တာ"

"သူတို့က ချမ်းသာပါတယ် ဆ ဆရာကြီးရယ်။ ကျွန်တော်တို့မှာ ခေါင်းပွင့်အောင်ရေး၊ ဦးနှောက် အရည်ပျော်အောင် ရေးရေးမှ. . ."

"လျှာမရှည်နဲ့။ ပေးရင်ပေး၊ မပေးရင် အဲဒီနေ့ည တစ္ဆေသရဲ တွေလွှတ်ပြီး အဖျက်ခိုင်းမယ်"

"ဟီး ဟီး ဟီး"

နိုင်ဝင်းဂျီက အော်၍ငိုသည်။ ရင်ထု၍ငိုသည်။

"ဟိုကောင့် စနေသား မငိုနဲ့။ တော်ကြာ အရပ်က ငါသေလို့ ငိုကြတယ်ထင်ပြီး ပြေးတက်လာကြမယ်။ ထုတ် ထုတ်"

သို့နှင့် နှစ်ယောက်သား ရှိသမျှပါသမျှကို ထုတ်လိုက်သော်





အားလုံးနှစ်ထောင်ကျော် ရခဲ့၏။

"ဒါ ဒါ အရင်ယူထားနှင့်ပါ ဆရာကြီးရယ်။ ကျန်ငွေကို နက်ဖြန် လာ လာပေးပါ့မယ်ခင်ဗျ"

ကျွန်ုပ်က မျက်ရည်များကျရင်းမှ တောင်းပန်ရ၏။

"ဘုရားစူး"

"ဘုရားစူးပါခင်ဗျား"

"မြွေကိုက်"

"ရေမြွေကိုက်"

"ဘယ် ရေမြွေကိုက်၊ အဆိပ်မှမရှိတာ။ ခွေးတိရစ္ဆာန်ကောင်လူလည်။ မြွေပွေး ခြေသလုံးလောက်အကောင်ကိုက်"

"ကိုက် ကိုက် ဘုရား၊ ဘုရား. . ."

"ဂေါ်ဇီလာ တက်နင်း. . ."

"နင်း နင်း . . ."

"မြေကြီးဟက်တက်ကွဲပြီး အဝီစိကို ဇောက်ထိုးကျ"

"ကျ ကျ ရစေ ခင်ဗျာ။ ဟီး ဟီးဟီး ရှုတ်"

ဒီနောက် ရပ်ပြီးကြိမ်းဝါး ကျိန်တွယ်ခိုင်းရာမှ မြေဖြူခဲ ယူ၍ ခြေရင်းဘက်ရှိ အထပ်သားသင်ပုန်းပေါ်မှာ ကြွေးကျန်စာရင်းကို ရေးမှတ်လိုက်၏။

ကြွေးကျန်သူများ စာရင်းတွင် -

မောင်လွှမ်းနွယ် (အောင်လံ)

ကော့မှူး သောင်းရွှေ

ပုသိမ် မောင်သောင်းဂွင်

မင်းကြည်လှိုင်၊ စိတ်ဓာတ်မြသန်းတို့ စာရင်းက ထိပ်မှာရှိနေ၏။ ၎င်းတို့အောက်မှ ကျွန်ုပ်နှင့်နိုင်ဝင်းဂျီ၏စာရင်းကို အလုံးကြီးကြီးနှင့် ရေးမှတ်၏။ ၎င်းနောက် မှတ်ချက်ကိုရေး၏။

မော်ဒန်စာရေးဆရာ နိုင်ဝင်းဂျီနှင့် ဇာတ်ရှူးမောင်မှိုင်းတို့ မယားတရှူးနှစ်ယောက် ကျန်ငွေကို နက်ဖြန်ညနေ (၄)နာရီနောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးထား၍ လာပေးရမည်။ မပေးခဲ့သည်ရှိသော် လျှာသုံးတောင် ကျော်ရှည်သော သရဲမနှစ်ကောင်အား သံလက်သီးစွပ်၍ ညဥ့်သန်း ခေါင် အရောက်ပို့လိုက်မည်။

ပုံ-ပွေးဆင့် ဟူသတည်း။

❖ ❖ ❖



## မသောင်နှင့်သိင်္ဂါရ နှစ်ပါးသွားည

ညသည် ဖျိုးဖျိုးဖျဖျလရောင်ဖြင့် အိပ်မောကျနေ၏။

ကျွန်ုပ်နှင့် နိုင်ဝင်းကျော်သည် သူချစ်သူအိမ်ဝိုင်းထဲသို့ ရောက် နှင့်နေကြ၏။ ဆရာကြီး ဦးပွေးဆင့်လမ်းညွှန်သည့်အတိုင်း နဂါး ခေါင်း မြောက်သို့လှည့်သည်ဆို၍ အရှေ့မြောက်အရပ်မှ ကွေ့ဝင် သည်ရှိသော် ရဲပတ်တရောင်များနှင့် တိုးမလိုရှိ၍ ချုံထဲမှာဝင်ပုန်း ရာ ပုရွက်ဆိတ်အနီကောင်များ အကိုက်ခံရပြီး ထွန့်ထွန့်လူးနေ၏။

မတော်ရာနေရာ ကိုက်ခံရ၍ လူအိုအလောင်းအလျာ နိုင် ဝင်းကျော် ဒုက္ခရောက်ပြီး စိတ်ညစ်နေ၏။ ပတ္တရောင်ရဲသားများ မျက်စိအောက်က လုံးဝပျောက်သွားမှ ချုံထဲကထွက်ပြီး ပုရွက်ဆိတ် အကိုက်ခံရသည့် နေရာများကို အားရပါးရကုတ်ပြီး တံတွေးဆွတ် ကြရ၏။ ဒီနောက် ခြံစည်းရိုးခွေးတိုးပေါက်မှ သူချစ်သူနီလာမြင့် တို့အိမ်အရောက် ဝင်ခဲ့လိုက်ကြသည်။

အိမ်ဝိုင်းကြီးကား သစ်ပင်ဝါးပင်ကြီးများ၊ နွားတဲများ၊ စပါး ကျီများနှင့် အတော်ကျယ်၏။

"အချိန်သေချာရဲ့လား နိုင်ဝင်းကျော်"

ကျွန်ုပ်က ဘကြီးဦးဖိုးကြောင်ပေးခဲ့သည့် ညာလက်မောင်း မှ လက်ဖွဲ့ကြိုးကို သုံးကြိမ်ပွတ်၍ ငနဲသားကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သန်းခေါင်လို့ ပြောပြီး ချိန်း. . . ချိန်းထားတာပဲ"

ငနဲကား ကြောက်လို့လား၊ အချစ်ဇောကပ်လို့လားမသိ။ အသံများတုန်နေ၏။

"သူ့အခန်းကကော၊ ဘယ်အခန်းလဲ"

"မ မသိဘူး"

"တောက်-တယ်ခက်တာပဲကိုးကွ။ တော်ကြာ ယောက္ခမအခန်းနဲ့ ငါ့လိုမှားပြီး ပျဉ်ကိုခေါက်မိရင် ဘယ့်လိုလုပ်မလဲဟင်"

"ငါ ငါလေ လေချွန်သံပေးလိုက်မယ်။ ဒါ ဒါအချိန်းအချက်ပဲ နေ နေ ရှီရှီရှီ"

"ရှီ ရှီ ရှီ"

"ရှီ ရှီ ရှီ"

တော်သေးရဲ့၊ ခွေးမရှိလို့။ ခွေးများသာရှိရင် ဝန့်နိုင်၏။ တိတ်နေသည့် ညဉ့်ယံမှာ နိုင်ဝင်းဂျီရဲ့လေချွန်သံသည် မြွေဟောက်တစ်ကောင်တွန့်နေသကဲ့သို့ ရှိ၏။ ဒါကြောင့်များလားမသိ၊ အိမ်ထဲမှ လှုပ်သံလုံးလုံးမကြားရ။

"အိပ်မောများကျနေရော့လား ဂျီရာ"

"ရှီ ရှီ ရှီ"

"ဟော"

ထိုစဉ် ပြတင်းပေါက်နှစ်ချပ်ပွင့်လာပြီး အလွန်ကြီးလှသော ဦးခေါင်းနှင့် မျက်နှာကြီးတစ်ခုအပြင်သို့ အန်ထွက်လာ၏။

"အဲ အဲဒါ၊ အဲဒါ"

"မင်းယောက္ခမ မျက်ခွက်လား နိုင်ဝင်းဂျီ"

"မဟုတ်ဘူး၊ ငါ့ချစ်သူ နီလာမြင့်"

"ရှီ"

ငနဲက အားရဝမ်းသာ လက်ပြလိုက်သည်ရှိသော် မှောင်ထဲက အမျိုးသမီးက လက်ယပ်လှမ်းခေါ်လိုက်ရာ ကျွန်ုပ်တို့နှစ်ဦး





ပြတင်းပေါက်အောက်သို့ ပြေးဝင်ကပ်လိုက်သည်။ ဒီမှာ အမျိုးသမီးက အစိတ်ဝင်အိုးခန့်ကြီးသော အထုပ်ကြီးတစ်ထုပ်ကို ပစ်ချပေးလိုက်ရာ အထုပ်ကြီးသည် နိုင်ဝင်းဂျီခေါင်းကိုထိ၍ မှောက်လျက်လဲတော့၏။ ကျွန်ုပ်သည် အသံမထွက်နိုင်ရန် သူ့ပါးစပ်ကို လက်ဝါးနှင့်အုပ်လိုက်ပြီး ၎င်းအထုပ်ကြီးကို ကျွန်ုပ်ခေါင်းပေါ် ရွက်ထားလိုက်၏။

ဒီမှာပဲ အလွန်ကြီးမားလှသော သူ့ရည်းစားနီလာမြင့်ဆိုသူလည်း ပြတင်းပေါက်ကို မဆံ့ရင်ကယ်တိုးဝှေ့ပြီး နောက်ပြန် ခြေတွဲလောင်းချလိုက်သည်ရှိသော် နိုင်ဝင်းဂျီက အချစ်ကြီးစွာ ပခုံးနှင့်ခံလိုက်၏။

မကြာလိုက်ပါ၊ ဆင်ခန္ဓာကိုယ်ကြီး လက်လွတ်၍ကျလာတော့၏။

"ဗုန်း"

"အင့်"

နိုင်ဝင်းဂျီပေါ် နင်း၍ကျလာရကား နဂိုကမှ လူတစ်ကိုယ်လုံး အရပ်သုံးပေကျော်မျှသာရှိသည့် ငနဲသည် ပေါင် (၂၀၀) ခန့်ရှိသော အယ်စတုံကြီးရဲ့ အနင်းအကျကို ခံရသောအခါ. . .

မထိန်းမရပ်နိုင်တော့ဘဲ ခြေခွင်၍လဲကျ၏။

သူ့ပေါ်သို့ ဆင်ပြိုတ္တာမကြီးပြိုကျသော် တောင်ပြိုသကဲ့သို့လည်းကောင်း၊ အုန်းသီးအပင်ပေါ်မှ ပြုတ်ကျသကဲ့သို့လည်းကောင်း ဗုန်းခနဲ အသံမြည်ပြီး ဖိထားသလိုဖြစ်ရကား-

"ဂစ် ဂစ် အစ် အစ်"

"အစ်ကို၊ အစ်ကို"

"ဟော့ကောင်၊ ထထ ပြန်ထ"

ဒီမှာပဲ အခန်းအတွင်းမှ လူနိုးသံများကြားရပြီး -

"ဟဲ့-ဘယ်သူလဲ၊ နီလာ နီလာ"

အဘွားကြီးတစ်ဦးအသံကို ရင်တုန်စဖွယ် စကြားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို၊ ထ ထ မြန်မြန်ထပါ။အမေတို့ နိုးကုန်ပြီ"

"အီး အစ်အစ်အစ်"

ဒိငနဲကား မထနိုင်။ မနည်းအသက်ရှူနေရသည်။ ပေါင် (၅၀၀)ခန့် ဖိအားကျအားကြောင့် လည်ပင်းရိုးကျိုးသလား၊ နံရိုးများ ကျိုးလေသလားမသိ။ ဒီမှာပဲ ကျွန်ုပ်က -

"မနီလာ"

"ရှင် ဟင် ဟင်"

"အခြေအနေမဟန်ဘူး။ ဒီကောင့်ကို ကျောပိုးပြီး ပြေးပြေး"

နီလာကား ချက်ဆိုနားခွက်က မီးတောက်သူတည်း။ အိမ်သားများနိုးမှန်း သိလိုက်သည်နှင့် သေငယ်ဇောနှင့်မြောပြီး ဇောသုံးတန်ပြန်သလို ဖြစ်နေသော သူ့ချစ်သူ (နောင်ထာ၀စဉ် အားကိုးရတော့မည့်) လင်သူတော်ကောင်း အလောင်းအလျာကြီးကို စွေ့ခနဲ ကောက်ပွေ့၍ ကျောကုန်းပေါ် တင်လိုက်သည်။

ပြီးနောက် လက်နှစ်ဖက်ကို တွဲလောင်းကိုင်ပြီး ပြေးတော့၏။

"ဟဲ့ နီလာ၊ နီလာ။ အလို တံခါးပွင့်လို့ပါလား။ ကိုစိန်ရိုး၊ ကို စိန်ရိုး။ ဟဲ့ - မြေကြီးတို့၊ ကျောက်ခဲတို့ ထကြပါဦးဟဲ့။ ပြတင်းပေါက် ပွင့်နေပြီဟဲ့. . ."

"ဝုန်း - ဂလုံး"

"ဂျုံး"

ကျွန်ုပ်ကား အဲဒီမိုးကြိုးပစ်သံများကို ကြားသည်နှင့် စောစောက အထုပ်ကြီးကို ခေါင်းပေါ် ရွက်၍ ပြေးတော့၏။

မနီလာမြင့်တို့နှစ်ယောက် ဘယ်အပေါက်က ဘယ်လိုပြေးသွားသည်ကို မမြင်လိုက်တော့။

"သူခိုးတော် သူခိုး၊ လာကြပါဦးတော်"

"ဟိုက် - ဒုက္ခပဲ"

"သူခိုး၊ သူခိုး"

"ဝုန်း ဂလုံ"





"ဂျုံး ဂျိုင်း"

"သူခိုးတဲ့ဟေ့၊ ဝိုင်းဟ. . . တီးဟ"

"ဘယ်အိမ်ကတုံးဟ"

"ဦးချစ်သန်းမြင့်အိမ်ကတဲ့ဗျာ"

"မဟုတ်ဘူး မဟုတ်ဘူး၊ အသံက မအာကျယ်ကို အိမ်ဘက်က. . ."

"လိုက်ဟေ့ လိုက်ဟ"

"မိရင် အမှုန့်ခြေပစ်ဟေ့"

"ဝိုင်းထား ဝိုင်းထား၊ တွေ့ပြီလား"

"တောင်ဘက်ကို ပြေးသတဲ့။ မအာကျယ်အိမ်က မဟုတ်ဘူး၊ နီလာမြင့်တို့အိမ်က။ သူ့အမေမချစ်ပုံကြီး အော်သံကြားနေရတာ"

မီးရောင်များဖြာ၍ကျလာသည်။ ကျွန်ုပ်သည် စောစောက ခွေးတိုးပေါက်ကို ကယောင်ချောက်ချားနှင့် ရှာ၏။ မတွေ့။

သို့နှင့် အထုပ်ကြီးကိုရွက်ပြီး ကယောင်ကတမ်းနှင့် အိမ်ကို တစ်ပတ်ပတ်၍ ပြေးနေမိရာမှ နောက်ဘက် အိမ်သာသွားသည့် လမ်းကြောင်းကိုတွေ့ပြီး စွတ်ပြေးတော့သည်။

"တွေ့ကြလားဟေ့ ကျောက်ခဲ"

"မြောက်ဘက်ကို ပြေးတယ်ဗျ"

"မြေကြီးရောဟ. . ."

"ဓားနဲ့လိုက်တာပဲ . . . မြောက်ဘက်လိုက်ကြဟေ့"

ဘုရား. . . ဘုရား ဓားတွေလှံတွေနဲ့ပါလား။ အိမ်ဝိုင်းထဲသို့ လူ များဝင်လာကြသောအခါ အခြေအနေမကောင်းတော့။ သို့နှင့် တွေ့လိုက်ရသည့် အုတ်ကန်ကိုကြည့်လိုက်တော့ ရေမပြည့်တပြည့်ရှိနေ၏။

သို့နှင့် အထုပ်ကြီးရွက်ပြီး ရေချိုးရေလှောင်အုတ်ကန်ထဲသို့ ဝင်၍ ရေစိမ်ရေငုပ်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးလိုက်သံများ၊ ကြုံးဝါးနေသံများကို အသည်းယားစဖွယ်ကြားနေရသည်။

"မိရင် ဗိုမှိသာရလို့ ခြေဖဝါးမားနဲ့ခွဲကွာ"

"ဇက်ကိုဖြတ်ပါကွ"

"ရင်ကိုခွဲပြီး ဘီအီးနဲ့ မြည်းပစ်မယ်ကွ။ လိုက်ထား လိုက်ဟေ့"

ကံကောင်းသည်ဟုဆိုရပေမည်။ နောက်ဖေးရောက်လာသူများသည် စဥ့်အိုးများ၊ အိမ်သာများ၊ သစ်ပင်ပေါ်များသို့ မီးထိုးရှာပြီးနောက် အပြင်သို့ အားလုံးထွက်သွားကြ၏။

အချိန်အတန်ကြာ ငြိမ်သက်သွား၏။

ကြည့်ရတာ ဒီအိမ်ခန်းတွင်းမှာ သူခိုးလိုက်သူများရှိတော့ဟန်မတူ။ ကျွန်ုပ်လည်း အုတ်ရေလှောင်ကန်ထဲမှာ မွန်းလှပြီ။ (ထိုစဥ် မိန်းမကြီးတစ်ယောက်သည် အုတ်ရေကန်ကို မသက်ာ၍ ငုံ့ကြည့်နေစဥ်) ကျွန်ုပ်ကလည်း ရေမွန်းလှပြီဖြစ်၍ အထုပ်ကြီးကိုရွက်ပြီး ရေပေါ်သို့ ကိုယ်ဖော့၍ ဘွားခနဲအတက် -

"အမယ်လေး ခေါင်းကြီး၊ ခေါင်းကြီး အကြီးကြီး. . . ဂစ်ဂစ်အစ်အစ် ခေါင်းအကြီးကြီး ဂစ်ဂစ်"

"တစ္ဆေခေါင်းကြီး ရေရေသရဲ ဂစ်ဂစ်"

အဘွားကြီးကား ကျွန်ုပ်ရွက်ထားသည့် အစိတ်ဝင်အိုးခန့်ရေစိုအထုပ်ကြီးကို ရေထဲမှ ဘွားခနဲပေါ်လာသည်အား မြင်လိုက်ရသော် ရေသရဲ ရေတစ္ဆေမှတ်၍ လန့်အော်ရင် တဂစ်ဂစ်နှင့် လဲကျသွားတော့သည်။ ဒီမှာပဲ ကျွန်ုပ်လည်း အချိန်ဆိုင်းမနေတော့။

သံယောဇဉ်ဖြတ်၍မရသော ကျေးဇူးရှင် အထုပ်ကြီးကိုပိုက်ထမ်း၍ ခွေးတိုးပေါက်မှ တိုးထွက်ကာ နောက်ဖေးလမ်းကြားသို့ မှောင်ရိပ်ခို၍ ပြေးတော့သည်။ တစ်လမ်းပြီးတစ်လမ်း၊ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက် ပြေးလိုက်ရတာ လူတစ်ကိုယ်လုံး ရေရောချွေးရောရွှဲနစ်နေ၏။ နောက်လှည့်ကြည့်တော့ လူလိုက်တာမမြင်ရ





ဟူး. . . တော်ပါသေးရဲ့။

မကြာခင် -

ရပ်ကွက်အပြင် အမှိုက်ပုံကြီးသို့ရောက်လာခဲ့၏။ အမှိုက်ပုံကြီးကား အိမ်တစ်လုံးစာခန့်ရှိ၏။ လက်ပတ်နာရီကို ကြည့်လိုက်တော့ နံနက် (၁)နာရီ ထိုးတော့မည်။ ဟိုနှစ်ယောက်လည်း အခြေအနေကောင်းရဲ့လားမသိ။

ကျွန်ုပ်မှာတော့ သေလုမြောပါးဘဝရောက်နေ၏။

အကယ်၍ လှည့်ကင်းနှင့်ပက်ပင်းတိုးလျှင် ခိုးမှုနှင့်အချုပ်ထဲရောက်ရဦးမည်။ နိုင်ငံဝင်းဂျီပေးသည့် ဒုက္ခပါလား။ ပေါ့သေးသေးမဟုတ်။

ဒီအထုပ်ကြီးနှင့် အိမ်ပြန်လို့မဖြစ်သေး။ သို့နှင့် အမှိုက်ပုံကြီးရဲ့ ချောင်ကောင်းကောင်းတစ်နေရာမှာ ၎င်းအထုပ်ကြီးကို ခေါင်းအုံးပြီး လှဲလိုက်ရာ မကြာခင် အိပ်ပျော်သွားတော့သည်။

ကံအလွန်ကောင်းလေစွ။

အိပ်မက်ထဲမှာ ကျွန်ုပ်နှင့် ပြဇာတ်မင်းသမီး မြမျက်ချယ်တို့ ချစ်ရည်လူးရသည်တဲ့။ ပျော်လိုက်တာ။ မြမျက်ချယ်က သူမ စိတ်ဓာတ်မြသန်းကြီးအကြောင်း စုံစမ်းသိရှိရပြီဖြစ်ကြောင်း၊ ကမ္ဘာအေးမှာ မယားကြီးရှိပြီး တောင်ဥက္ကလာမှာ မယားငယ်ရှိကြောင်း၊ အသက်(၃၀) မှ တိုလိုမိုလီစုံစီနဖာရောင်းနေသည့် ကုလားမ၊ မုဆိုးမနှင့်လည်း ဘာဂလိုလို ညာဂလိုလို ကြားနေရကြောင်း၊ ဒါကြောင့်နှလုံးသားလှပြီး စေတနာကောင်းလှသည့် ကိုကိုမှိုင်းရဲ့အချစ်ကိုယုံကြည်ပါကြောင်း ပြောလေသော် ကျွန်ုပ်သည် ဘကြီးကြောင်စိန်၏ ဂူသားဗီဗီ နွားသိုးကြိုးပြတ် သူမကိုဖက်၍ လှဲချလိုက်၏။

"အို - အစ်ကို ဟိုဟို. . ."

"ချစ်လို့ပါ ညီမရယ်၊ ဟယ် အယ်ဂွိ"

"အစ်ကို၊ အစ်ကို"

သူမလည်း တိုး၍ဖက်ထားသည်။ ပါးစပ်မှလည်း ငှက်ဖျား



www.burmeseclassic.com

www.burmeseclassic.com



တက်သလို ညည်းသံများကြားရသည်။ ထိုစဉ် -

"ဝုန်း"

"မြမျက်ချယ်ရေ ချယ်"

"အစ်ကို၊ ဟင်ဟင် အစ်ကိုရေ"

ခေါင်းပေါ်သို့ ပစ္စည်းတစ်ခုပြုတ်ကျလာသဖြင့် ကျွန်ုပ်လန့်၍အော်လိုက်သည်နှင့် ကျွန်ုပ်အိပ်မက်မှ လန့်နိုးတော့သည်။ မျက်စိနှစ်လုံးကိုဖွင့်ကြည့်တော့ ဖွင့်၍မရ။ မျက်နှာပေါ်မှာ ပစ္စည်းများပိနေသည်။ သို့နှင့် အသက်ကိုအောင့်ပြီး မျက်နှာပေါ်ခေါင်းပေါ်မှ ပစ္စည်းများကို ဖယ်ရှားလိုက်သောအခါ-

လားလား-အခြားမဟုတ်ပါလား၊ အမိုက်ပုံကြီးပြုတ်ကျ၍ ပိနေခြင်းပါကလား။ အမှိုက်များ မျက်နှာပေါ်မှာ ရှင်းလင်းသောအခါ မြမျက်ချယ်ကို ပြေး၍သတိရလိုက်သည်။ အလို-ငါ့ရင်ဘတ်ပေါ်က ဘာများပါလိမ့်။ ရင်ဘတ်ပေါ်မှာ တစ်ခုခုပိနေသည်။ အမှိုက်တော့မဟုတ်။ ပစ္စည်းက ပူနွေးနွေးကြီး။ စမ်းလိုက်တော့ လူတစ်ယောက်။ ဘုရားရေ၊ နိုင်ဝင်းကျီများလား၊ ဒါမှမဟုတ် မြမျက်ချယ်များ တကယ်ရောက်လာလေရော့သလား။ စမ်းကြည့်တော့ အဖုအထစ်များကို စမ်းမိလိုက်သည်။

"အဟင်း"

"အမ်"

အဟင့် ဆိုပါကလား။ ဒါ ဒါ နိုင်ဝင်းကျီအသံ မဟုတ်။ အသံက မိန်းမတစ်ယောက်ရဲ့အသံ။ သို့နှင့် အသာဖျစ်ညှစ်ဆိတ်ကြည့်လိုက်သည်။

"အိုး - ဟိုဟို အစ်ကို"

"ဟင် - အစ်ကိုဆိုပါလား"

လောကမှာ ကျွန်ုပ်ကို အစ်ကိုလို့ခေါ်သူသည် မင်းသမီးမြမျက်ချယ်ပဲရှိ၏။ သို့နှင့် ကုန်းထပြီး ကြည့်လိုက်သောအခါ -

"ဟာ"



"အစ် အစ်ကို"

"မင်း မင်း နင်နင် အဲအဲ-ခင်ဗျား ဘယ်သူလဲ"

ကျွန်ုပ်တွေ့လိုက်ရသည်ကား ကျွန်ုပ်ကိုဖက်ရင်း ပြုံးပြုံးကြီးစိုက်ကြည့်နေသည့် အသက်(၆၀)ခန့် မိန်းမကြီးတစ်ယောက်။ပါးစပ်မှာသွားမရှိ၊ သွားဖုံးတုံးတိနှင့် ဆံပင်ကြီးဖားလျားချ၍ အကျီမည်း၊ ထဘီမည်း အစုံတ်အပြဲနှင့် -

"အစ်ကို ညီညီမလေး လေး ဟေ ဟေ"

"ဘုရား ဘုရား-သွား သွား အနားကို မကပ်နဲ့သွား"

"စောစောကတော့ ချစ် ချစ်ဆို၊ ခုတော့"

"သွားသွား"

"စောစောကလို ဖက်ဖက်ထားပါဦး အစ်ကို"

သရဲလိုလို ဆံပင်စုတ်ဖွား၊ သွားမရှိသည့် မျက်လုံးပြူးပြူးအဘွားကြီးသည် ရဲတင်းစွာ ကျွန်ုပ်ရင်ဘတ်အကျီစကို ကိုင်၍ဖက်ငိုလိုက်၏။

"သွား"

ကျွန်ုပ်လန့်၍ တွန်းလိုက်သောအခါ သူမ အမှိုက်ပုံပေါ်သို့ လဲကျသွား၏။ အချိန်ကား မိုးမလင်းတလင်း။ အရှေ့မှာ ရောင်နီပျိုးစ။ အမှိုက်ပုံ သရဲလား၊ ဥစ္စာစောင့်လား၊ တစ္ဆေများလား။ ကျွန်ုပ်အထုပ်ကြီးကိုကောက်၍ အလန့်တကြားရွက်ပြီး ထလိုက်သည်။

"အစ်ကို မောင် မောင်"

"သွား သွား၊ ခင်ခင်ဗျား ဘယ်သူလဲ အဲအဲ"

"သွပ်ပြားကို မောင်မသိတော့ဘူးလား"

"မမသိဘူး။ မကပ်နဲ့ သွားသွား"

"အစ်ကို မောင် မောင် သွပ်ပြားလေ မသောင် မသောင်၊ အစ်ကိုမောင်မောင်ရဲ့ အချစ်ဆုံး မသောင်"

"မ သောင်"

"အင်း၊ သောင်သောင်လေ။ အစ်ကို့ သောင်သောင်လေ"

www.burmeseclassic.com

www.burmeseclassic.com

"မ သောင်. . . အရှုးမ မသောင်၊ အမယ်လေး မြတ်စွာဘုရားကယ်တော်မူပါဘုရား"

ကျွန်ုပ်သည် အရှုးမ မသောင်ဟုသိလိုက်သည်နှင့် အထုပ်ကြီးကိုရွက်ပြီး တစ်ချိုးတည်းပြေးတော့သည်။

"အစ်ကို အစ်ကိုရေ မောင်မောင်ရေ"

"စောစောကတော့ ချယ် ချယ်ဆို၊ အစ်ကို"

ကျွန်ုပ်ကရှေ့က အထုပ်ရွက်၍ပြေး၏။ အရှုး မသောင်ကား ထဘီစွန်တောင်ဆွဲပြီး အစ်ကို အစ်ကိုနှင့် နောက်မှပြေးလိုက်၏။

မြတ်စွာဘုရား . . .။

အမှိုက်ပုံမှာ အိပ်ပျော်နေစဉ် အရှုးမ မသောင်က ကျွန်ုပ်နှင့် အတူလာဖက်ပြီး အိပ်ပျော်နေသည်ကို မသိဘဲ ချယ်နှင့် ချစ်ရည်လူးနေသည်ဟု အိပ်မက်ပြီး ကျွန်ုပ်ချယ်ပါးကိုဖက်ဖက်နမ်းနေသည်ကား လက်စသတ်တော့ . . . သွားမရှိသည့် အရှုးမ မသောင်ရဲ့ပါးကိုနမ်းလိုက်၊ နှုတ်ခမ်းကိုခဲလိုက်ပြီး ပြီး. . .

အမယ်လေး-ဝေ့ါ ဝေ့ါ အော့ အော့ ဝေ့ါ ဖွီ။

သေသာသေလိုက်ချင်ရဲ့ နိုင်ဝင်းကျီ အကုသိုလ်ကောင်၊ မသာကောင်ရဲ့။ ဟီး ဟီးဟီး နင်ကတော့ အယ်စတုံကြီးနဲ့ နှစ်ပါးသွား၊ ငါမှာတော့ အရှုးမ မသောင်နဲ့ညား။ အမယ်မင်း ဟီး ဟီး။

✤ ✤ ✤



## ကျေးဇူးတင်ပါဘိ ကိုအုန်းသီးခင်ဗျား

ညနေ နေဝင်သောအခါ ဤသကောင့်သားအိမ်သို့ ရေစိုအထုပ်ကြီးကို မဖွင့်ဘဲ ဆိုက်ကားနှင့်သယ်ချလာလိုက်၏။

"နိုင်ဝင်းကျီ၊ နိုင်ဝင်းကျီရေ"

"ဟဲ့ - အိမ်ရှေ့က အော်နေတာ ဘယ်သူတုံးဟဲ့"

"ကျွန်တော်ပါ အဒေါ်၊ နိုင်ဝင်းကျီရှိလား"

"ဆေးခန်းသွားတယ်ကွယ့်"

"မြတ်စွာဘုရား"

တစ်ညပဲရှိသေး၊ ဆေးခန်းသွားရသည်ဆိုပါကလား။ ဘယ်လိုဖြစ်ကုန်ပါလိမ့်။ အယ်စတုံကြီး ဘယ်လိုများ အချစ်ကြမ်းလိုက်ပါလိမ့်။

"ဘယ် ဘယ်လို ဖြစ်လို့လဲ အဒေါ်ဟင်"

အိမ်ပေါ်သို့ အထုပ်ကြီးမ,၍တင်ပြီး ကျွန်ုပ်ကမေးလိုက်၏။ ခေါင်းရင်းခန်းမှာ နိုင်ဝင်းကျီအဖေ ဦးရွှေကျီးသည် ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ရင်း ခေါင်းကိုတဖြင်းဖြင်းကုတ်ကာ စိတ်ညစ်နေ၏။

"ညက မိန်းမခိုးလာတယ်တဲ့လား"

"ဟုတ် ဟုတ်ကဲ့။ အဲဒီတော့. . ."



www.burmeseclassic.com

www.burmeseclassic.com

"ခိုးလာတယ်လို့သာ အမည်ခံတာပါ။ အမှန်က ကောင်မလေးက ကျောပိုးပြီး အိမ်ကိုခေါ်လာတာ"

"အင်း အင်း-ပြီးတော့ကော အဒေါ်"

"ချော်လဲလို့ဆိုလား၊ ဘာလားပြောတာပဲ။ နံတစ်ချောင်း နိမ့်သွားလို့ မနေ့ညကလည်း အရေးပေါ်ဆေးခန်းပြရတယ်။ ခုမနက်တော့ ဓာတ်မှန်ရိုက်ရမယ် ပြောတာပဲ"

"မောင်မှိုင်း"

"ခင်ဗျာ ဦးလေးရွှေကျီး"

"မင်းကောင် မိန်းမခိုးလာတာမှ ဟုတ်ရဲ့လားကွာ"

"ဘာ ဘာဖြစ်လို့လဲခင်ဗျာ ဟင်"

"ဆင်ကိုယ်လုံးလောက်ရှိတယ်ကွာ။ ဒီပုံစံအတိုင်းဆိုရင် ဘုန်းကြီးငါးပါးကြိုပင့်ထားရင် ကောင်းမလားမသိဘူး ကွီး"

"အိုတော်-ကိုရွှေကျီးကလည်း၊ သူ့အိုးနဲ့သူ့ဆန်တန်ရုံဥစ္စာ"

"သယ်-ငါပြောလိုက်ရင်လားကွာ၊ စောင့်ကြည့်ကြသေးတာပေါ့ကွာ။ မောင်မှိုင်း"

"ဗျာ ဦးလေး"

"မင်းမပြန်ခင် လက်သိမားတစ်ယောက် သွားခေါ်ပေးပါကွာ"

"တော်က လက်သမားခေါ်ပြီး ဘာလုပ်မလို့လဲ"

"ဟ-ဘာလုပ်ရမလဲဟ အာကျယ်ရ၊ အိမ်အောက်ဆင့်တွေ မကျိုးအောင် ဒေါက်အသစ်ပိုးထည့်မှ ရမှာပေါ့ဟ ဖွီး"

"ဒါမျိုးကျ ကြိုပြင်တယ်။ သားအဖ အတူတူပဲ. . ."

"မောင်မှိုင်း"

"ဗျာ"

"ဘာအထုပ်ကြီးလဲကွ၊ မင်္ဂလာဦးလက်ဖွဲ့လား"

"မ မဟုတ်ဘူး ဦးလေးရွှေကျီး။ ဒါ ဒါ သူ့မိန်းမ မဆင်ကြီး အဲလေ နီလာမြင့်ရဲ့ အဝတ်အစားတွေ ကျွန်တော် သယ်





လာတာ"

"ဟော-မင်းလည်း မိန်းမခိုးရာမှာပါတယ်လား"

သို့နှင့် ကျွန်ုပ်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရာ လင်မယားနှစ်ယောက် ရင်တထိတ်ထိတ်နှင့် နားထောင်ရင်းမှ -

"ဒုက္ခပေးတဲ့ကောင်ကွာ၊ မတော်မီများသွားရင် ကျော်မကောင်းကြားမကောင်း အရှက်ကွဲပြီး သေလောက်ပါလား မောင်မှိုင်းရာ"

သို့နှင့် ဒေါ်အာကျယ်က ရေစိုအထုပ်ကြီးကို ဖြေလိုက်သည် ရှိသော် ပထမ စောင်တစ်ထည်ထွက်လာ၏။ ဒုတိယ အင်္ကျီများ ပေါ်လာ၏။ တတိယ ရောမဘော်လီအင်္ကျီများပေါ်လာ၏။ စတုတ္ထကား ထမီ အထပ်လိုက်. . .။

သွားပြီ၊ ရှိစုဘုန်းကံလေးတော့ သင်းတို့လင်မယားကြောင့် နိမ်းကျှာပေး။ ဘာကယ်ရှိကျောင်းပြီ။

ငှင်းနောက် ကျွန်ုပ်သည် စိတ်ထိခိုက်စွာဖြင့် အိမ်ပြန်လာလိုက်၏။ သူတစ်ပါးအကျိုး (တစ်နည်း)သူများ အချစ်ရေးအဆင်ပြေအောင် ကူညီလို့လားမသိ၊ ကျွန်ုပ်ကံဇာတာများ တက်လာခဲ့လေသည်။

များမကြာမီ နာမည်ကျော် ကိုးမုခ်ရှင် ဒီပါအေးစေတီဘုရားပွဲကြီးမှာ ရန်ပုံငွေဇာတ်ကမည်ဆိုပြီး ဘုရားဂေါပကမှ ဦးကျော်သောင်းနှင့် ဦးဘွတ်စွပ်ခေါ် ဦးအစုကို ရောက်ချလာ၏။

"မောင်မှိုင်းရေ၊ မောင်သောင်းညွန့်ဦး လွှတ်လိုက်လို့ကွ"

"ဘာကိစ္စပါလိမ့်ဗျာ"

"ကိုးမုခ်ရှင်ဘုရားပွဲမှာ မောင်သောင်းညွန့်ဦးက ပြဇာတ်တာဝန်ယူတယ်။ နောက်ပိုင်းဇာတ်တော်ကြီးကို မင်းသားကြီး စိန်အောင်ဂွီက တာဝန်ယူမယ်တဲ့။ အဲဒါ ရှေ့ပိုင်းအောပရာကို မင်း တာဝန်ယူပေးပါလို့ ပြောလို့ကွ"

"နောက်ပိုင်းဇာတ်က ဘာဇာတ်ကမတဲ့တုံးဗျ"


www.burmeseclassic.com

www.burmeseclassic.com



"ဦးစိန်အောင်ဂွိက ပန်းပဲမောင်တင့်တယ် ကမယ်တဲ့"

"ကျွန်တော်က ဘာအော်ပရာ လုပ်ပေးရမှာလဲ"

"ဒီနှစ် ရှင်မွေ့နွန်းနဲ့မင်းနန္ဒာအော်ပရာ လုပ်ပါတဲ့ကွ"

"ဖြစ်ပါ့မလားဗျ"

"ဖြစ်အောင်လုပ်ပါကွာ၊ မင်းလုပ်ရင်ဖြစ်ပါတယ်။ ဟိုအရင် နေ့ကလေးထိန်း ရန်ပုံငွေတုန်းကတောင် မင်းတို့ မင်းဆရာ ပန်းတနော်ဝင်းသိန်းတို့ ဦးချစ်သန်းမြင့်တို့ကတဲ့ အော်ပရာ ဘာတဲ့- အောင်မြေသာစံ၊ အဲဒါ တော်တော်နာမည်ကြီး သွားတယ် ကြားတယ်"

"တော်ပါတော့ဗျာ"

ကျွန်ုပ်ကား အောင်မြေသာစံအော်ပရာဟုကြားလျှင် အဘ ဦးချစ်သန်းမြင့်၏မျက်နှာကို ပြေး၍မြင်ပြီး ကျောများယားလာ၏။ အာနိုးအုန်းသောင်ရဲ့ လက်သံပြောင်ပုံကို စဉ်းစားရင်း နားရင်းများ ထူပူလာ၏။

"မင်းသမီးတော့ ငှားရမှာနော်"

"ငှားပါ မောင်မှိုင်းရာ၊ မင်းကြိုက်တဲ့မင်းသမီး မင်းငှားပါ အရင်လို ကချွတ်ကချော်မဖြစ်ရင် တော်ပါပြီကွာ"

သို့နှင့် ကျွန်ုပ် ဇာတ်ရူးဂုန္တဝင်မောင်မှိုင်းသည် မြှောက်ပေးလို့ မြှောက်ပေးမှန်းမသိဘဲ အလုပ်ကိုလက်ခံလိုက်၏။

ဒီနောက် စရန်ငွေယူ၍ မင်းသမီး မြမျက်ချယ်ရှိရာသို့ ပြေးခဲ့၏။

"မြမျက်ချယ်ရေ"

"အစ်ကို"

"အလုပ်တော့ ပေါ်လာပြီကွ။ အစ်ကို့ကို ကူညီပါဦးညီမရဲ့"

"ပြောလေအစ်ကို၊ ညီမ ဘာလိုကူညီရမှာလဲ"

"အစ်ကို အော်ပရာတစ်ခု လက်ခံလိုက်ပြီ"

"ဟုတ်လား၊ ဘာအော်ပရာလဲဟင်"





"ရှင်မွေ့နွန်း၊ မင်းနန္ဒာ အော်ပရာကွ။ အဲဒီမှာ ညီမက ရှင်မွေ့နွန်းဇာတ်ရုပ်က ဝင်ရမှာ"

"မင်းနန္ဒာကရော အစ်ကိုပဲလားဟင်"

"အစ်ကိုကတော့ ညီမနဲ့ဆိုရင် တစ်သက်လုံးမင်းနန္ဒာဖြစ် ချင်တာပေါ့ညီမရာ။ အဟဲ ဟဲဟဲ"

"လုပ်ပြီ၊ ရောဂါက ထလာပြီ"

"မျက်ချယ်"

"အစ်ကို"

"မျက် ချယ်ကို အစ်ကိုပြောစရာရှိ ရှိသေးတယ်"

"ဘာများပါလိမ့်အစ်ကို။ မျက်ချယ် ရင်တုန်လိုက်တာ"

"အစ်ကို မျက်ချယ်ကို ချစ်ချစ်တယ်ကွာ"

"အို - အစ်ကိုကလည်း"

မျက်ချယ်က ဖြုန်းစားကြီးပြောချလိုက်၍ ရှက်ပြီးခေါင်းလေး ငုံ့သွား၏။

"မျက်ချယ်၊ အစ်ကိုဟာ စိတ်ဓာတ်မြသန်းကြီးလို ကျောရရုံ ကြံတာမဟုတ်ပါဘူး မျက်ချယ်။ ဟောဒီ ရင်ထဲမှာ မျက်ချယ်ကို ချစ်တဲ့အချစ် မြုပ်ပြီးကြီးနေတာကြာပါပြီ မျက်ချယ်ရယ်၊ မျက်ချယ် နဲ့ အစ်ကိုဟာ ဇာတ်ခုံအနုပညာရေစီးကြောင်းမှာ မျက်ချယ်က လေ့၊ ကိုယ်ကတတက်အဖြစ်နဲ့ ရေစုန်ရေဆန်ခရီးသွားခဲ့တာ ကြာလှပါ ပြီ မျက်ချယ့်။ အချစ်ကို အောင့်အည်းမျိုသိပ်ထားရတဲ့ ချစ်ဒုက္ခ လောက် ရင်ပြည့်ရင်ကယ်ဖြစ်နေတဲ့ ဒုက္ခရောဂါ ကမ္ဘာမှာ ကုရခက် ပါတယ် မျက်ချယ်ရယ်။ အစ်ကို့ရင်ထဲက ရောဂါကို မခွဲမစိတ်ဘဲ ကုနိုင်သူဟာ ဒီကမ္ဘာမှာ တစ်ယောက်တည်းပဲရှိတယ်ချယ်"

ကျွန်ုပ်ကား မထူးတော့ပြီ။

ခွေးပစ်သည့်တုတ်လောက်ရှိသည့် နိုင်ငံဝင်းဂျိလို ငနဲတွေအောင် အယ်စတုံ၊ ဂွယ်စတုံကြီးနှင့် ညားသွားပြီဥစ္စာ။ ကျွန်ုပ်နောက်ကျနေ နေလို့မဖြစ်။ သို့နှင့် ဝတ္ထုစာအုပ်များစွာမှ ခိုးချထားသည့် စကား



www.burmeseclassic.com

www.burmeseclassic.com

လုံးများဖြင့် မနားတမ်းပစ်သွင်းလိုက်၏။

"အဲဒီလူက ဆရာကြီးဦးပွေးဆင့် မဟုတ်ဘူးလား အစ်ကို"

"မဟုတ်ဘူး။ လုံး၀ လုံး၀ မဟုတ်ဘူး ဟူး ဟူး"

"ဒါ ဒါဖြင့် ဘယ်သူလဲ လဲ ဟင် ဟင်"

"ဟော ဒီ မြမျက်ချယ်ဆိုတဲ့ ရှင်မွေ့နွန်းလေးပါ ချယ်ရယ်"

"အို အစ်ကို"

ကျွန်ုပ်ပါးစပ်ကလည်းပြော၊ လက်ကလည်း ဘကြီးကြောင်စိန် တူသားပီပီ မြမျက်ချယ်ရဲ့လက်ကိုကိုင်၍ ရင်ခွင်ထဲဆွဲလိုက်သောအခါ -

မစွန်းရင်းရှိသော ကန်စွန်းခင်းသည် ငြိမ်၍သွားလေသည်။

"အစ်ကို အစ်ကို"

"အစ်ကို ချယ်ကို သိပ်ချစ်တယ် ချယ်"

"လွှတ်ပါနော်။ အိမ်ရှေ့ကြီးမှာ"

"ဒါ ဒါဆို အထဲကို သွား သွားကြ ကြ အ အ အား"

"အို ကဲ ကဲ ကဲ"

"ဟား ဟားဟားဟား အသည်းနင့်အောင် ချစ်ရတာပါချယ်ရယ်"

ထိုနေ့က ချယ်ရဲ့ကိုယ်လုံးလေးကို ဖက်ထားရင်း ကြည်နူးလှနေစဉ် အိမ်အမိုးသွပ်ပြားပေါ် သို့ အုန်းသီးတစ်လုံး 'ဝုန်း' ခနဲပြုတ်ကျတော့မှ 'အမယ်လေး' ဟုနှစ်ယောက်ပြိုင်တူအော်ရင်း အော်ရင်း အော်ရင်း. . .။

✤ ✤ ✤

## တစ်ခါကသေပါပြီသူများ

ကျွန်ုပ်က အော်ပရာမတိုက်ခင်ကတည်းက သင်းကို ကြိုပြောပြီးသားပါ။

"အောင်ရွှေ၊ မင်းနန္ဒာဇာတ်ရုပ်မှာ မင်းမလုပ်ပါနဲ့ကွာ"

"လုပ်ပါရစေဆရာ၊ လွန်ခဲ့တဲ့နှစ်ကလည်း ဒေဝဒတ်ဇာတ်ရုပ်နေရာမှာ ကျွန်တော် အဆင်မပြေခဲ့ရဘူး။ ဒီ ဒီနှစ်တော့ အဆင်ပြေပြေ အန်ကျကျ ဂုဏ်ရှိရှိလေးလုပ်ပါရစေ ဆရာရယ်။ မင်းသား အဟဲ,ရော၊ အက,ရော ကျွန်တော် သူများထက်သာတာ ဆရာ အသိပါခင်ဗျာ"

"မင်းနန္ဒာဇာတ်ရုပ်ကို ကိုသောင်းညွန့်ဦးပဲ လုပ်ပါစေကွာ။ သူက အသားဖြူတော့ ဥက္ကလာပမင်းကြီးရဲ့ သားငယ်ဆိုယုံလောက်တာဥစ္စာ"

"ကျွန် ကျွန်တော်လည်း မီး မီးစားပါတယ်ဆရာ၊ အဲ အဲ"

ဒီမှာ စိန်အေးကြူက ပက်ပက်စက်စက် ဝင်ထောက်ခံလိုက်သည်။

"မင်း မီးစားတာတော့ ငါတို့အားလုံးယုံတယ် အောင်ရွှေ၊ ဒေဝဒတ်မြေပြိုတဲ့ အော်ပရာမှာ မင်းမီးစားတာ ယိုပ်ကောင်း၊ အရမ်းကောင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကတည်းက မီးသွေးတုံးဖြစ်သွားရင် နားအေးမှာကွ ဟင်း"

ပုသိမ်မောင်သောင်းဂွင်ကလည်း အောင်ရွှေကြီးကို လုံးဝ ကြည့်ရတာ မဟုတ်ဘူး။ ကြည့်မရဆို ဇာတ်လမ်းခွင်ကလေးကောင်းရင် ဒီငနဲသားအောင်ရွှေက အမိကနေရာကချည်း ဝင်ကချင်နေတော့ အားလုံးက အောင်ရွှေကြီး (ဒေဝဒတ်)ကို မျက်နှာကြောမတည့်ကြ။ အမြင်ကတ်နေတာကြာပြီ။

"ဒီတစ်ခါ နောက်ဆုံးအကြိမ်အဖြစ်နဲ့ လုပ်လုပ်ပါရစေဗျာ။ နောင် ဇာတ်ထုပ်တွေကျရင် အခြားကြိုက်တဲ့နေရာမှာ ထားထားကြပါ။ ဒီဒီနှစ်တော့ အကခွင်လေးပါနေတော့ အဲဒါလေး ကြိုးစားပမ်းစားလုပ် လုပ်ပြချင်လို့။ မင်းနန္ဒာ နေရာမှာပဲ လုပ်ခွင့်ပြုပါ ဆဆရာရယ်။ သားကြီးရှိခိုးဆို ရှိခိုးပါတယ် ခင်ခင်ဗျာ-နော်"

ပြောရင်း တပည့်သားချင်းဇာတ်အဖွဲ့သား လူပုံအလယ် ထိုင်ကန်တော့တော့၏။

"အစ်ကိုကြီး၊ ပုသိမ် မောင်သောင်းယဉ်ကိုလည်း ကန်တော့ပါတယ်ခင်ဗျား"

သူခမျာ အတော့်ကို မင်းနန္ဒာလုပ်ချင်နေရှာသည်။ သို့ဖြင့် မျက်ထောင့်နီနှင့်ကြည့်နေသော ပုသိမ်မောင်သောင်းဂွင်ကိုလည်း ထိုင်ကန်တော့၏။

"ဘော်ဒါကြီး၊ အဲ အဲ-သူငယ်ချင်း၊ အဲလေ-ဆ ဆရာလေး စိန်အေးကြူကိုလည်း ရိုသေစွာဖြင့် ကန်ကန်ထည့် အဲ ကန်တော့"

"ဒီလောက်နဲ့ ရမလားကွ"

စိန်အေးကြူကား အပေါ်စီးလေးရသောအခါ ခွဟောက်တော့သည်။

"အ အနော် ဘာ ဘာများဆောင်ရွက်ပေး ပေးရမလဲဟင်





အစ်ကို၊ အဲ- အစ်ကိုစိန်"

"တစ်ဝိုင်းတော့ ရှယ်လုပ်မှပေါ့ကွာ ဟင်း"

"ဗျာ-တစ် တစ်ဝိုင်း၊ ဝမ်း ဝမ်းတေဘာယ်လ် ဂစ်ဂစ်"

ဒီမှာ ပုသိမ်မောင်သောင်းဂွင်ကား အောင်ရွှေရဲ့အမူအရာကို အကဲခတ်နေရင်းက -

"ဒီမှာ ကိုမှိုင်း၊ မင်းနန္ဒာဇာတ်ရုပ်နေရာကို ဒီလိုမီးသွေးတုံး သပိတ်ဖုံးလိုကောင်မှ မဟုတ်ဘူး ကိုယ်ရော၊ စိန်အေးကြူရော၊ မင်းကြောင်ရော၊ လှမြင့်ကြီးရော လုပ်နိုင်တယ်။ လူရွေးပွဲသာလုပ် လုပ်"

"နေ နေကြပါဦးဗျာ၊ နေ နေကြပါဦး။ အစ်ကိုကြီးတို့ သသဘောကျ အနော် အဲ တားတား အဲလေအဲ ကျွန်တော် တစ်ဝိုင်း စိတ်တိုင်းကျ ဧည့်ဝတ်ပြု ပြုပါ့မယ် ခ ခင်ဗျာ"

"အမြည်း မကောင်းရင်တော့ မလက်တိုအဖွဲ့ဝင်ထဲ ပြောင်းရမှာပဲ"

"ဟတ် ဟတ်ကဲ့ ခင်ဗျ။ စိတ်ချပါ ခင်ဗျ အစ်ကိုတို့ ခင်ဗျား။ ကြက်သားကြော်၊ ဝက်သားလုံးကြော်၊ အစိမ်းကြော်၊ အကင်၊ အပြုတ်၊ အဖုတ်"

"တော်. . ."

ပုသိမ်မောင်သိန်းဂွင်ကား အသာစီး အနိုင်စီးရ၍ ပိတ်ဟောက်လိုက်မှ ငနဲသားအရှူး ငြိမ်ပြီး အမြီးကုပ်သွား၏။

"ဆ ဆရာမှိုင်းကရော ဟင် ဟင်"

"ဒီလောက် ဆန္ဒပြင်းပြမှတော့၊ ကျန်လူတွေလည်း ကျေနပ်မှတော့ လုပ်ပေါ့ကွာ။ ဖြစ်သမျှအကြောင်း အကောင်းပဲပေါ့"

ဒီလို အာမခံလိုက်သည်နှင့် ငနဲသားသည် ဝမ်းသာအားရထကာ အကျီချွတ်ပြီး ရှေ့ကျွမ်း၊ နောက်ကျွမ်းများ ထိုးတော့၏။ အချို့က ဝက်ရူးပြန်သည်ဟုဆိုသကဲ့သို့ အချို့က မော်ပင်သွားတာဟု ဝေဖန်နေခိုက်။



www.burmeseclassic.com

www.burmeseclassic.com



သမားဂုဏ်ပြ သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာဟစ်လိုက်၏။

"×××မြို့ကြီးသူ ×××မမတွေရယ် ××××လှကြည်ကို လှည့်စား ×××အားဟားဟား ×××ခုတော့ ×××ခုတော့ ××× သောကမီးတွေသွား ×××ဟား ဟား ×××သောကမီးတွေပွား ×××အား ဟားဟားဟား အမယ်လေး ပူလိုက်တာ သေပါပြီဗျ"

ဒီမှာ မျက်စိနောက်လွန်းလှ၍ ဦးကျော်သောင်းရဲ့သားလှမြင့်ကြီးက ဆေးပေါ့လိပ်မီးအတိုနှင့် ကောက်ပစ်လိုက်ရာ သင်းကျောပေါ် မီးပွားများကပ်နေပြီး ခုန်ပေါက်ထွန့်ထွန့်လူးဖြစ်နေရာ အားလုံးက လွန်စွာဝမ်းသာကျေနပ်၍ လက်ခုပ်များတီးကြ၏။ သို့နှင့် မေတ္တာပို့လိုက်ရတော့သည်။ မသာသေမှ၊ သေတာတောင်မြန်မြန်ပွဲချင်းပြီးမှသေရင် ပိုကောင်း။ စဉ်းစားသာကြည့်၊ သင်းရဲ့လူနေပုံထားကား အသားကသပိတ်ဖင်၊ မျက်လုံးက ဇီးကွက် မျက်လုံး၊ လက်ပြင်က ကုံးကုံး၊ လည်ပင်းနှင့် လက်ခုံပေါ်မှာ ပွေးနှင့်ညှင်းများက အကြွင်လင်မယားအဖြစ် သံယောဇဉ်ကြီးစွာ ပေါင်းသင်းနေထိုင်ကြသည်ကား ငါးနှစ်လောက်ရှိပြီ။

သီချင်းလည်း တစ်ပုဒ်မျှ အဆုံးမရ။ အဆုံးရသော် အစမသိ။ ဆက်ဆိုလေဟု ပြောလိုက်လျှင် -

"နက်ဖြန်မှတဲ့"

အခုဆိုပါဟု ဓာတ်သိများက ဝိုင်းဝန်းတိုက်တွန်းလျှင် 'နောက်အပိုဒ် မေ့နေလို့၊ အမေ့ကိုမေးပြီးမှ ဆက်ဆိုပါရစေ' ဆိုပြီး ဘာမပြောညာမပြော ထ,ကပြန်၏။

က, တယ်ဆို၍ ရန်ကုန်ပန်တျာကျောင်းသင်ရိုး၊ မန္တလေးယဉ်ကျေးမှုသင်ရိုးကကွက်လားဟု လုံးဝမထင်လိုက်ကြပါနှင့်။ သူကကြိုးကကွက်ကား ပန်းပုံမောင်တင့်တယ် ဇာတ်ထုပ်မှာ မောင်တင့်တယ်ကို မင်းမှုထမ်းများ လိုက်ဖမ်းတော့ မောင်တင့်တယ်က-





'ပြေးပြီနှမရေ၊ ပြေးပြီရှင်မြတ်လှရဲ့'ဆိုပြီး ထွက်ပြေးတဲ့အက။ အဲဒီလို အရူးချေးပန်း အကောင်းစားမျိုးကို ဒီနှစ် ကိုးမုခ်ရှင်ဘုရားပွဲမှာ အသစ်တင်မည့် ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာအော်ပရာတွင် ဇာတ်လိုက် မင်းနန္ဒာနေရာကိုမှ မလုပ်ရလျှင် သေမလိုလို ဖြစ်နေရတော့ အရာရာကိုငဲ့၍ခွင့်ပြုရပြန်ရောလား။

ပြီးခဲ့သည့်နှစ်ကလည်း 'ဒေဝဒတ်ရဲ့နောက်ဆုံးနေ့များ'အော်ပရာမှာ မြေပြိုသည့်အခန်း။ ဒီမှာ သူတပည့်ဂျိုးမောင်မောင်နှင့် ဓာတ်ဆီမီးလုံးများ အမှတ်ကောင်းလို့ ဆရာရောတပည့်ပါ မီးစွဲလောင်ကာ ဆံပင်နှင့်မျက်ခုံးမွေးအားလုံး ပြောင်သွားခဲ့၏။

သက်နှန်းများမီးစွဲလျှင် ကျီးကန်းမီးမြိုက်သလိုကို၊ ဟောင်ကောင်ဘဲကင်လိုလို၊ တားဖားမီးအုံးလိုလိုဖြစ်နေမှာ။ တော်သေးရဲ့။ ကျွန်ုပ်လူများဖြင့် ရေဝင်အဖျန်းမြန်လို့။ နို့မို့ ဇာတ်ခုံပေါ်တင် မီးသင်္ဂြိုဟ်ပြီးသား။

ဒီတော့ အများကမေးကြလိမ့်မည်။

ကိုမှိုင်းက ဘာလို့ ဒီလိုအူကြောင်ကျား မအူမလည်လူရှုပ်ကို ဇာတ်လိုက်မင်းသား မင်းနန္ဒာလုပ်ခိုင်းရသလဲဟု။

ဖြေပါမည်၊ ဒီလိုပါခင်ဗျား။

ဒီကောင် အောင်ရွှေကြီးက ဘာခိုင်းခိုင်း ဖင်ပေါ့သည်။ ဇာတ်ခုံပေါ်မှာ လျှပ်စစ်မီးဆင်တတ်သည်။ ကားလိပ်ဆင်တတ်သည်။ ဇာတ်ခုံအလှဆင်တတ်သည်။ ပြီး-ဇာတ်ဝင်ပစ္စည်း နောက်ဆက်တင်မျိုးစုံ လုပ်တတ်သည်။ ဆောက်တာ၊ ဖျက်တာ၊ သိမ်းထားအကုန်အုပ်စုံစိတ်ချရ၏။ သို့ကလို အားကိုးရ၏။

မောင်သောင်းဂွင်တို့ စိန်အေးကြူတို့အုပ်စုကား အီးယောင်ဝါးများတည်း။ ပွဲကပြီးသည်နှင့် ရှာလို့မရတော့။ ထန်းရည်ဆိုင်ရောက်ချင်ရောက်၊ ဒါမှမဟုတ် အရက်ဆိုင်ရောက်ချင်ရောက်၏။ ဒီလိုမှမဟုတ်လျှင် မင်းသမီးအမေကို ဇက်ကြောဆွဲချင်ဆွဲပေးနေ၏။ (သူတို့အလုပ်မဟုတ်တာကို သူတို့က ရေးကြီးခွင့်ကျယ်လုပ်၏။)



www.burmeseclassic.com

အဲဒီလို အောင်ရွှေကကြံရည်ဖန်ရည်ဉာဏ်ရည်လေး ရှိနေတော့ကား တစ်ခါတစ်ရံ နေရာကောင်းလေးပေး၍ မြှောက်စားတန်မြှောက်စားပြီး တင်ပေးရ၏။

လူကလွတ်၍ကြိုးစားပါသော်လည်း ကံအကြောင်းမလှ၍ ဇာတ်ခုံပေါ်မှာ ဇာတ်သိမ်းလျှင် အိုးနင်းခွက်နင်းဒုက္ခရောက်သွားရ၍ ခမျာသည် ထင်ပေါ်ချင်လျက်နှင့် စင်တော်အကောက်မခံရ။ ကျွန်ုပ်ဇာတ်ခုံပေါ်မှ ကျွန်ုပ်လက်ထွက်အချို့သည် နာမည်ကြီးဇာတ်အငြိမ့်များတွင် ပြဇာတ်မင်းသား၊ လူရွှင်တော်၊ ဒါရိုက်တာ၊ ဇာတ်စာရေးဆရာ၊ ခေါင်းဆောင်မင်းသမီး စသည်ဖြစ်ကုန်ကြတာ မနည်းခဲ့။

ဒီကောင်၊ အောင်ရွှေကြီးသာ ချိုကျိုးနားရွက်ပဲ့ဖြစ်နေ၏။

ဟို ပုသိမ်မောင်သောင်းဂွင်တို့၊ စိန်အေးကြူတို့၊ မင်းကြည်လှိုင်တို့ကား ညကြေးပေးရလျှင် သောက်၏။ မူး၏။ နောက်ပိုးကြေးနှင့် ကုန်ကြ၏။

ဒါ့အပြင် ဇာတ်စင်ဇာတ်ခုံပေါ်ရောက်လျှင် ခုနစ်ရက်သားသမီး ဘယ်သူ့ကို ဒုက္ခရောက်အောင်၊ ဂျောက်ပေါက်ကျအောင်၊ မရှုနိုင်မကယ်နိုင်ဖြစ်အောင်လုပ်ရမည်လဲ အဲဒါပဲကြံစည်နေကြ၏။

အခြားလူကို မပြောနှင့်။ ကျွန်ုပ်ကိုပင် ကိုယ်ကျိုးနည်းအောင်လုပ်ကြ၏။ သို့ဖြစ်၍ သူတို့အုပ်စု ကျိတ်ထိုးနေလျှင် ဘုရားတ,နေရ၏။ မင်းသမီး မချောလိုက်နှင့် ချောလျှင် ပိုးလိုက်သမှ အိမ်မပြန်။ မင်းသမီးအမေခြေသလုံး သနပ်ခါးလူးဖို့ ကုသိုလ်ယူတာပါ ဆိုပြီး သနပ်ခါးတစ်တုံးကုန်အောင် သွေးပေးကြ၏။ အပိုးပြိုင်ရင်း တစ်ယောက်မကောင်းကြောင်း တစ်ယောက်ကချွန်၏။ တွန်း၏။ ပိုး၏။

အဲဒီထဲကမှ တစ်ယောက်ယောက်က ကံကောင်း၍ စွံသွားလျှင် ကျန်ဂေါ်မစွံများက စွံသည့်လူကို ကိုယ်ကျိုးနည်း ချောက်ကျအောင် အဆင်းဘီးတပ်ပေးကြ၏။

ဒါကြောင့် ပုသိမ်မောင်သောင်းဂွင်တို့အုပ်စုပါလျှင် ရင်တမ





မ,ရယ်။ မဟုတ်ဘူးဆိုပေပြား ဒီကောင် အောင်ရွှေကြီးက မင်းသားဟန်လေးရှိ၏။ အရင်လိုက်ခဲ့သည့်ဇာတ်များမှ ကြေးမောင်းကြီးများ ခိုးရောင်းစား၍ ဖဲမရိုက်ဘူးဆိုလျှင် ခုလောက်ရှိ ဒီကောင် ဇာတ်ကြီးဇာတ်လတ်တွေမှာ လက်ထောက်မင်းသားဖြစ်ပေ၏။

ခုတော့လား . . .

ဇာတ်ထဲက လူခေါ်ကြေးမောင်းများကို ဖြုတ်ရောင်းစားရုံမက ဇာတ်ပိုင်ရှင်မိန်းမရဲ့ ထဘီ၊ အကျႌ၊ ဘော်လီများကို ဖြောင်၍အရက်နှင့်လဲသောက်ခဲ့တော့ကား ကျွန်ုပ်သာဆိုလျှင် သင်းကို ဂုတ်ထိပ်တံတားပေါ်မှ ချောက်ထဲသို့ကျအောင် ကန်ချပစ်မည့်သည်တည်း။

အခုဇာတ်တိုက်တော့ ခမျာ ချွေးသီးချွေးပေါက်ကျ ကြိုးစားရှာ၏။ ဒီအော်ပရာကား နှစ်ပါးခွင်ရော ဇာတ်လမ်းခွင်ပါ ရောယှက်ထား၏။ သန်လျင်သူ (တညင်ကျွန်း) က ရှင်မွေ့နွန်းမင်းသမီးနှင့် ဥက္ကလာပမင်းသားလေး မင်းနန္ဒာတို့ ကျေးစေတမန် အကူအညီဖြင့် ချစ်သူများဘဝရောက်ပြီး ချိန်းတွေ့ကြသည်ကို အချစ်နှစ်ပါးသွား သစ္စာထားနှင့် အကစင် ရှယ်လုပ်ထား၏။

အချစ်နှင့်ရောမွှေထားသည့် ဇာတ်ကြမ်း။ပြီးတော့ အလွမ်း။ မင်းနန္ဒာကိုယ်တော်လေးက ငမိုးရိပ်မိကျောင်းကိုစီးပြီး သန်လျင်ဒဂုံမြစ်သုံးဆိုင်ကိုကူးလို့ ချစ်သူနှင့် ချိန်းတွေ့ကြသည်။

တစ်ခါ -

ဥက္ကလာပမင်းကြီးကလည်း သူ့သားတော် (မင်းနန္ဒာ)သည် ရေဘေး သတ္တဝါဘေးနှင့် သေကိန်းရှိသည်ကို ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများ ကြိုဟောချက်ကို သိထားတော့ ရေလမ်းခရီးကို သွားခွင့်မပြုဘူး။

အဲဒါ ခမည်းတော်ကို သိကြားမင်းဆက်ထားသည့်ကြိမ်စကြာအား တိတ်တဆိတ်ခိုးယူပြီး ရေပြင်ကိုရိုက်၍ ငမိုးရိပ်နတ်မိကျောင်းကိုခေါ်လို့ သန်လျင်သူ ချစ်သူ ရှင်မွေ့နွန်းတို့ကို အရဲစွန့်

www.burmeseclassic.com



၍အသွား အဲဒီမှာ မလက်တိုမိကျောင်းမနှင့်အဖွဲ့က ငမိုးရိပ်ကောင်းစားနေတာကို မနာလိုဝန်တိုဖြစ်ပြီး ဝိုင်းဝန်းလုပ်ကြံသည့် ဇာတ်ကြမ်း။

ဒါ့အပြင်- မိကျောင်းမ မလက်တိုက လူယောင်ဖန်ဆင်းပြီး ရှင်မွေ့နွန်းထံမှာ ဝင်ရောက်ခစား၍ မင်းနန္ဒာရဲ့ညာလက်ရုံးကို ရှင်မွေ့နွန်းအားခေါင်းအုံးအိပ်စက်စေပြီး မင်းသားဘုန်းကံနိမ့်အောင်ကြံစည်. . .။

အဲဒီမှာ မင်းနန္ဒာက ချစ်သူကိုချစ်လွန်းလွန်းလို့ သူ့ညာလက်ရုံးကို ခေါင်းအုံးအိပ်စက်ခွင့်ပေး။ ဘုန်းကံများအနိမ့်၊ မလက်တိုက ငါ့အကြံအောင်ပြီဟော့လို့ ကြွေးကြော်ပြီး မင်းသားသန်လျင်က အပြန်မှာ မြစ်သုံးဆိုင်ရေဝဲကနေ အုပ်ဖွဲ့အင်အားနဲ့ ဝိုင်းဝန်းလုပ်ကြံတိုက်ခိုက်။

ငမိုးရိပ်မိကျောင်းရဲ့ ကျောပေါ်စီးလာတဲ့ မင်းနန္ဒာက ရန်သူများကို သန်လျက်နဲ့အပြင်းအထန် ခုခံတိုက်ခိုက်ချိန် -

"ကိုယ်တော်လေး ရန်သူတွေ အင်အားများပြားနေပါပြီ ဘုရား။ ကျွန်တော့်မျိုးရဲ့ အာခံတွင်းမှာ ဝင်ခိုနေပါဘုရား။ ကျွန်တော်မျိုး ရန်သူများကို အသက်နှင့်လဲ၍ ခုခံပါမည်ဘုရား"

လို့ ငမိုးရိပ်က သစ္စာကြီးစွာအလျှောက်။

ဒါကြောင့် ငယ်ကျွန်ငမိုးရိပ်ရဲ့ပါးစပ်အာခံတွင်းမှာ မင်းသားဝင်အပုန်း၊ ကျွန်ရင်းငမိုးရိပ်ကလည်း ရန်သူအုပ်စုများကို အပြင်းအထန်ခုခံတိုက်ခိုက်။ ဒီမှာပဲ မင်းနန္ဒာကိုယ်တော် မင်းသားလေး မိကျောင်းရဲ့ပါးစပ်ထဲမှာ အချိန်လွန်လို့ အသက်ချုပ်ပြီး ကွယ်လွန်သွားတဲ့ ကြေကွဲစရာအဖြစ်ဆိုး။ ဒီလို ကွယ်လွန်ကြောင်း သန်လျင်သူ ချစ်သူရှင်မွေ့နွန်းကြားရော ဒဂုံဆိပ်ကမ်းမှာချစ်သူရဲ့အလောင်းကို မီးသင်္ဂြိုဟ်ပြီး ရင်ကွဲနာကျသည့် ဇာတ်လမ်းရယ်။

အကြမ်း၊ အရမ်း၊ အချစ်၊ အကာနဲ့ ရောသမမွှေထားသမို့ ဇာတ်တိုက်ကတည်းက အောင်ရွှေက အားရပါးရ ကြိုးစားနေတာ။





အချစ်နှစ်ပါးခွင်အခန်းအတွက် ကျွန်ုပ်တို့ရဲ့ မူလပထမ ခွေးတံဆိပ်လက်ဟောင်း အကသင်ဆရာကြီး ဦးစိန်အောင်ဂွီကိုခေါ်ပြီး လက်ထပ်သင်ပေးထားတာ။ အကသင်ပေးဖို့အတွက် ဆရာကြီးကို အရက်သုံးပုလင်းလှူဒါန်းရ၏။ မင်းသမီးကား ကျွန်ုပ်နှင့်လည်း ကျောင်းနေဖက်၊ အနုပညာလုပ်ဖော်ကိုင်ဖက်၊ ယခုတော့ ကျွန်ုပ်ရဲ့ ချစ်သူရည်းစားဖြစ်နေသည့် မင်းသမီးမြမျက်ချယ်။

ကျွန်ုပ်နှင့် မြမျက်ချယ် ချစ်သူဘဝ ရောက်နေသည်ကို မည်သူမျှမသိကြ။ အမှန်တော့ -

ကျွန်ုပ်က သားတပည့်အောင်ရွှေကြီးကို မင်းသမီးမြမျက်ချယ်နှင့် နှစ်ပါးခွင်ကလို့ရအောင် အထူးသင်ပေးခိုင်းခြင်းဖြစ်သည်။

သို့သော် -

ကျွန်ုပ်တို့၏ ဆရာသခင်ကျေးဇူးရှင်ဆရာကြီး စိန်အောင်ဂွီက အရက်မူးမူးနှင့် အောင်ရွှေကြီးကို သိပ်မသင်ဘဲ သူချည်းမင်းသမီးနှင့် တွဲတွဲက ဟန်ရေးပြကောင်းနေသည်ကလည်း အရေးထဲ တစ်မျှောင့်။

လုပ်ပုံကိုကြည့် -

"ဒီမှာ မောင်အောင်ရွှေရဲ့"

"အမိန့်ရှိပါ ဆရာကြီးခင်ဗျား"

"သစ္စာထားမှာ မင်းသမီးရဲ့ပါးကို၊ နဖူးကို ငုံ့နမ်းမလို့လုပ်တဲ့ဟန်က အရေးကြီးသကွယ့်။ ဒီမှာကြည့်၊ ဆရာကြီးနမူနာလုပ်ပြမယ်။ ဟောဒီလိုကွယ့်"

သို့ကလိုပြောရင်း မင်းသမီးမြမျက်ချယ်(ရှင်မွေ့နွန်း)ရဲ့ နဖူးကိုငုံ့နမ်းသလိုလုပ်သည့် ကကြိုးကိုပြ၏။ မူးနေတော့ အရှိန်လွန်ပြီး မင်းသမီးပါးပေါ် သူ့နှာခေါင်းကြီးက မိုးကြိုးပစ်သလိုကျလာ၍ မင်းသမီးက အမယ်လေး အော်ပြီး အမြန်ရှောင်လိုက်ရာ ဆရာကြီးနှာခေါင်းနှင့် သမံတလင်း နှစ်ခေါင်းဂဟေဆက်ပြီး နှာခေါင်းထဲမှ သွေးဝေါက်တောက်ကျတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နှာခေါင်းကြီး ညှော်မိပြီး ရောင်ကိုင်းကာ ယင်တလောင်းလောင်း။ ထိုအခန်းကို ဆရာကြီးက နေ့စဉ်ညစဉ် မကြာခဏလုပ်ပြီး မင်းသမီးပါးကို ကစ်(စ်) ပေးဖို့ အတန်တန် ကြံစည်နေ၍ နောက်ဆုံး မဖြစ်ချေဘူးဟုဆိုကာ ဆရာကြီးကတော် ဒေါ်နက်ထည်ကို အနီးမှာခေါ်ထားရ၏။

ဒီကြားထဲ ဆရာကြီးဦးစိန်အောင်ဂွီက လုပ်လိုက်သေး၏။ မင်းနန္ဒာနေရာမှာ အောင်ရွှေကြီးကို အကသင်ရတာ လက်ဝင်ပင်ပန်းလွန်းလို့ သူပဲ မင်းနန္ဒာလုပ်ပါရစေတဲ့ ခင်ဗျား။ ကျွန်ုပ်ချစ်သူ မင်းသမီး မြမျက်ချယ်ကလည်း ဖြူဖြူချောချော၊ တောင့်တောင့်ဖွံ့ဖွံ့အိအိကြီးဆိုတော့ ဆရာကြီးစိတ်တွေ ကယောင်ချောက်ချား ဖြစ်ရှာပြီပေါ့။

သို့နှင့် အားလုံးက ဆရာကြီးကို ဝိုင်းဝန်းဖျောင်းဖျကြရ၏။ အောင်ရွှေကြီးကလည်း ဒီစကားကြားပြီးကတည်းက ဒေါ်များပွကာ ဆရာကြီးဦးစိန်အောင်ဂွီသောက်မည့် အရက်ပုလင်းထဲသို့ ကြွက်သတ်ဆေးခတ်ပါမည် တကဲကဲလုပ်နေ၍ အောင်ရွှေလည်း ထိန်းရ၊ ဒီလိုမှ မလုပ်ရလျှင် မှတ်လောက်သားလောက်အောင် အုတ်ခဲကျိုးဖြင့် ထုမည်လုပ်ပြန်၍ ချော့လည်းချော့ရ။ အလစ်လည်း မပေးရဲ။

"ဆရာကြီး ခင်ဗျား၊ မင်းနန္ဒာနေရာတော့ မလုပ်ပါနဲ့ခင်ဗျား။ လူနေရာ ဇာတ်ရုပ်ချပြီးပါပြီ။ လုပ်ချင်ရင် ဥက္ကလာပမင်းကြီးနဲ့ သန်လျင်မင်းတရားကြီး ကြိုက်တဲ့နေရာ လုပ်ပါခင်ဗျား"

"ဖွီး - ဘာလုပ်ရမှာလဲ၊ တော်"တဲ့။

သူကား အဲဒီလို လူ့ဂွစာ အောင်ဇေယျတု ကတိုးနှာဘူးကြီးတည်း။ နောက်ပိုင်းအကသင်ချင်သည်ရှိသော် ဆရာကြီးမိန်းမ ဒေါ်နက်ထည်က တစ်ချက်တစ်ချက် (ဆရာကြီး မင်းသမီးပခုံးကိုဖက်တိုင်း) လက်ဝါးထောင်ပြ၊ အဟမ်း အဟမ်း ချောင်းဟန့်သံပေးရ၊ သစ်တိုသားခုံဖိနပ် ထောင်ပြရလုပ်နေရ၏။





ဒီကြားထဲကတောင် လစ်ရင်လစ်သလို မင်းသမီးဖက်ခန်းသင်ရင်း အရှိန်နှင့်လဲကျသလိုလိုလုပ်ပြီး အသားလွတ်ဖက်နေ၍ အောင်ရွှေကလည်း တောက်တခတ်ခတ် ကြည့်မရဖန်များလာသောအခါ ကျွန်ုပ်ကို အကသင်ဆရာ ပြောင်းပေးရန် အရေးဆိုတော့၏။

"သည်းခံပါ မောင်ရွှေရာ။ မတော်မဆဖြစ်သွားလို့ပါကွာ"

"ဘယ်က မတော်မဆရမှာလဲ ဆရာမှိုင်းရဲ၊ သက်သက်ကိုလုပ်နေတာ။ ကျွန်တော့်ကို ကလိနေတာ။ တစ်နေ့တည်းမဟုတ်ဘူး နေ့တိုင်းဗျ။ ကုန်ချင်ကုန်ပစေဗျာ၊ ကျွန်တော် အိတ်စိုက်မယ်"

"ငါကြည့်ပြောပါ့မယ် တပည့်ကြီးရာ။ သည်းခံပါကွာ"

ဒီကိစ္စကား အောင်ရွှေတင်ပြောသည်မဟုတ်။ မြမျက်ချယ်ကလည်း ပြောလာတော့၏။

"အစ်ကို"

"ဘာလဲ ချယ်"

"ဒီအဘိုးကြီးက အကသင်ဆရာလား။ ဟိုဒင်းကြီးလား ဟင်ဟင်"

"အကသင်ဆရာပါ ချယ်ရယ်။ ရာမဇာတ်ထောင်နိုင်သူကြီးပါ။ ဘာ ဘာဖြစ်လို့လဲဟင်"

"နှာခေါင်းကြီး ရောင်ကိုင်းပြီး ငရုတ်ကျည်ပွေ့လောက် ဖြစ်နေတာတောင် အရှိန်ကမသေဘူး။ လူတစ်ကိုယ်လုံး သူဖက်နေတာနဲ့ ညတိုင်း ပါရာစီတမော့ သောက်အိပ်နေရတယ်။ ဒီတစ်ခါဆို ကျွန်မ သူ့နှာခေါင်းကို ခေါင်းနဲ့တိုက်ပစ်လိုက်မယ်"

"မလုပ်ကြပါနဲ့ကွာ၊ အစ်ကိုတောင်းပန်ပါတယ် ချယ်ချယ်။ သူ့မိန်းမကြီးလည်း အနားမှာရှိနေဉစ္စာ"

"ဟွန်း-သူ့မိန်းမကြီးအနီးမှာရှိနေလို့ပေါ့။ နို့မို့ရင် သူနဲ့ကျွန်မ ညားသွားနိုင်ပြီ ကိုချစ်ကိုကိုမှိုင်းရေ ငနဲကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား ကယ်တော်မူပါဘုရား"

*

ကျွန်ုပ်တို့ ဇာတ်ခွင်များဖြင့် အလုပ်ရှုပ်နေစဉ် တစ်နေ့ နိုင်ဝင်းဂျီဖခင် ဦးလေးရွှေကျိုး ရောက်ချလာ၏။

"မောင်မှိုင်း"

"ဟော - ဦးလေး ရွှေကျိုးပါလား။ ဘယ်ကလှည့်လာတာတုံးဗျ"

"လုပ်ပါဦး မောင်မှိုင်းရာ"

"ဘာလုပ်ရမှာလဲဗျ၊ ဦးလေးကလည်း အရင်းမရှိအဖျားမရှိကြီး"

"မင်းကောင် ဆေးရုံရောက်နေတယ်ကွ"

"ဗျာ - နိုင်ဝင်းဂျီ ဆေးရုံရောက်နေတယ်၊ ဘာဖြစ်လို့"

"ဘာဖြစ်မှန်းလဲ မသိပါဘူးကွာ။ တစ်နေ့တခြား ပိန်ပိန်လိုက်လာပြီး လုံးဝ လမ်းမလျှောက်နိုင်တာနဲ့ ဆေးရုံတင်လိုက်ရတယ်"

"သူ့မိန်းမကော"

"သင်းကတော့ ဝစိုပြီး လုံးအစ်နေတာပဲ"

"ဘုရား ဘုရား. . . အခြေအနေဘယ်လိုရှိလဲ ဦးလေးရယ်။ ကြားရတာ စိတ်မကောင်းလိုက်တာဗျာ"

"ဒီကောင့်ပုံစံကြည့်ရတာ ဒီတောင်ကကျော်မယ် မထင်ပါဘူး ငါ့တူရယ်။ အဲဒါ မင်းကိုခေါ်ပေးပါဆိုလို့ လာပြောရတာ"

သို့နှင့် ကျွန်ုပ် ဆေးရုံကြီးသို့ရောက်ခဲ့၏။

ရောက်တော့ ခုတင်ပေါ်မှာ နိုင်ဝင်းဂျီကို ဂလူးကို့စ်ပုလင်းပိုက်များတန်းလန်းနှင့်တွေ့ရ၏။လူကလည်း ပိန်လိုက်တာ ငါးဖောင်ရိုးဖြစ်နေ၏။ သူနှင့်မလှမ်းမကမ်း ခုံပေါ်မှာတော့ သူ့မိန်းမ ဂေါ်ဇီ လာနီလာမြင့်ကို အခန့်သားတွေ့ရ၏။ ပါးစုံ့ကြီးများတွဲ၍





တင်ပါးဆုံကြီးများ ဖုကားထွက်နေ၏။

သူမသည် လင်တော်မောင်၏ သေအံ့မူးမူးအဖြစ်ကို မကြည့်ရက်လို့ထင့်၊ ဝမ်းဒါးပေါင်မုန့်ငါးချပ်ကိုထပ်ပြီး အချိုရည်နှင့် ပလုတ်ပလောင်းစားနေ၏။

နိုင်ဝင်းဂျီ၏ နံဘေးမှာတော့. . . ။

ရန်ကုန်မြို့မှ သူနှင့်ရေးဖော် မော်ဒန်စာရေးဆရာအချို့ရောက်နေ၏။ ဒါနှင့်အတူ ခွက်ခွက်လန်ဂျာနယ်နှင့် ခဲမိုးဖြိုင်ဖြိုင်ရွာဂျာနယ်မှ ဂျာနယ်လစ်ကောင်မလေးနှစ်ယောက်က သေအံ့မူးမူးဖြစ်နေသည့် မော်ဒန်နိုင်ဝင်းဂျီကို အသံဖမ်းကက်ဆက်ထိုး၍ အင်တာဗျူးနေကြ၏။ မှတ်တမ်းတင်ဓာတ်ပုံလည်းရိုက်ကြ၏။

"ဘာရောဂါလို့ ဆရာဝန်က ပြောပါသလဲ ဆရာ နိုင်ဝင်းဂျီ"

သုံးကြိမ်လောက်မေးတော့မှ ငနဲသား ပါးစပ်လှုပ်လာ၏။

"အားနည်းလို့ တဲ့ တဲ့"

"ဘာကြောင့် အားနည်းရတာပါလဲ ဆရာရှင့်"

"အဲ အဲ ဟို ဟို"

သို့ကလို ထစ်ငေါ့နေရင်းမှ ဦးခေါင်းကိုလှည့်ပြီး သူ့မိန်းမဂေါ်ဇီလာနီလာမြင့် ရှိရာသို့ လက်ညှိုးထိုးပြ၏။

"ရှင် - ဆရာကတော်ကြောင့် ဟုတ်လား"

"မ မဟုတ်ဘူး။ ရေ ရေသောက်ချင်လို့"

"ဟူး"

ဂျာနယ်လစ်မလေးများ အကြီးအကျယ်စိတ်ညစ်သွားသည်။ နိုင်ဝင်းဂျီကား သေခါနီးဆဲဆဲမှာပင် ပညာရှင်များကို စိတ်ရောကိုယ်ပါဆင်းရဲအောင် လုပ်လိုက်သေး၏။

ဒီမှာ နောက်ထပ်ဂျာနယ်လစ်မလေး (ခဲမိုးဖြိုင်ဖြိုင်ရွာဂျာနယ်မှဟုသိရ၏) တစ်ယောက်က ကက်ဆက်ထိုး၍ မေးကြည့်၏။

"ဆရာ ဒီတောင်ကကျော်မယ်လို့ ထင်ပါသလားရှင်"

"ဂစ် ဂစ်ဂစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဆရာ၊ ကျွန်မမေးတာကြားရဲ့လားဟင် ဟင်"

"အင်း"

"ကြားရင် အမြန်ဖြေပေးပါလားဆရာ။ ကျွန်မတို့ အသုဘ ပို့သွားစရာရှိလို့ပါ"

"ဂီး ဂစ် ဂစ် ဂစ် အစ် အစ် ကျော် ကျော်နိုင်ပါတယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်မတို့ဂျာနယ်တိုက်အနေ နဲ့ ဆရာ့လို မော်ဒန်စာရေးဆရာတစ်ဦးကို လူ့လောကက စောစောစီးစီးထွက်သွားမှာကို အလွန်ဝမ်းသာ အဲလေ- ယောင်လို့ အလွန်ဝမ်းနည်းမိမှာပေါ့ ဆရာ။ ဆရာဒီလို သေအံ့မူးမူးတောင်က ဘယ်လိုကျော်လွှားနိုင်မယ်လို့ အမိ ဋ္ဌာန်ပြုထားပါသလဲရှင့်"

ဒီမှာ သူက ဇက်ကြီးကိုလိမ်ပြီး ပေါင်မုန့်နဲ့ အချိုရည်အုပ် တီးနေတဲ့ သူ့မိန်းမကို လက်ညှိုးထိုးပြီး -

"ရေ ရေလားဆရာ"

"မ မဟုတ်ဘူး။ အဲ အဲဒီဟာမကြီး မြန်မြန်သေရင် ကျွန် တော် မြန်မြန်နာလန်ထူပြီး ရှင်ပါလိမ့်မယ် အယ် အယ် အယ်"

ဘုရား ဘုရား အာဂကောင်ပါလား။ သူ့ရောဂါဇာစ်မြစ်ကား ဤသို့ပါကလား။

"နောက်ဆုံးမေးခွန်းတစ်ခုမေးပါရစေ ဆရာ"

"မေး မေး၊ အမ်မယ်လေး မောလိုက်တာ"

"အကယ်၍များ ဆရာသေဖြစ်မယ်ဆိုရင် မသေခင်ဘာ များ ပြောစရာရှိပါသလဲဆရာ"

ကောင်းလိုက်သည့်မေးခွန်း။ မေးတတ်လိုက်ပါဘိ။ တော် လိုက်ကြတာရယ်။ လူနာနိုင်ဝင်းဂျိကား ၎င်းမေးခွန်းကြောင့် မျက် ဖြူအပေါ်လန်သွား၏။ မည်းတူးတူးသွားများပေါ်လာ၏။ အသက် ကိုဖုတ်လိုက်ဖုတ်လိုက်ရှူနေ၏။ ဒီမှာ ကောင်မလေးက သူ့နှာခေါင်း



ကို ကိုင်လှုပ်၍မေးလိုက်ပြန်၏။

"ဆရာ ဆရာ သေပြီလား။ မသိဘူးလား ဆရာ"

"အင် ဟင်ဟင်"

"ဒီမေးခွန်းကို အားယူကြိုးစားပြီး ပြောပေးပါလားဆရာ။ ဖောင်မပိတ်ခင် သတင်းပို့ချင်လို့ပါ ဆရာ"

"ကျွန်တော်ပြောခဲ့ မှာခဲ့ချင်တာကတော့ အကယ်၍ ကျွန် တော်သေသွားခဲ့ရင် ကျွန်တော့်အရိုးကို ဧဝရက်တောင်ထိပ် မှာ ဂူသွင်းပေးကြပါ"

အဲဒါပဲ ကြည့်တော့အရပ်ကတို့။

"ပြီးပြီးတော့ရော ဆရာ။ ပြောပါ"

"ပြီးပြီးတော့ . . . "

သူက ပါးစပ်ကို ငါးကဲ့သို့ ဟစိ,ဟစိလုပ် အသက်ရှူရှင်းမှ ဇက်ကြီးကိုလိမ်၍ သူ့မိန်းမဂေါ်ဇီလာကြီးကို တတိယအကြိမ်လက် ညှိုးထိုးပြပြန်၏။ ဩော်-သေခါနီးတောင် သံယောဇဉ်ကြီးရှာသား။

"ရေလား ဆရာ"

"ဟင့် အင်း သူ့ကို သူ့ကို"

"ဆရာကတော်ကို ပြောတာလားဟင်"

"အင်း အင်း"

"ဆရာကတော် ဘာဖြစ်လဲဟင်"

"ကျုပ် ကျုပ်သေ သေသွားရင် သင်းသင်းဂေါ်ဇီလာမကြီးကို ဂမ္ဘီရစာရေးဆရာ မောင်မှိုင်းနဲ့ ရာသက်ပန် ပေးစားခဲ့တယ် လို့ ပြော ပြောချင်၊ ဂစ် ဂစ်ဂစ်"

သူ ပြောရင်း ဦးခေါင်းလည်ကျသွား၏။

မကြာခင် သူနာပြုဆရာမများနှင့် ဆရာဝန်တစ်ဦး အပြေး ရောက်လာ၏။ ထိုအချိန်၌ ပေါင်မုန့်ငါးချပ်ကို အချိုရည်နှင့်မျှောချ နေသော သူ့မိန်းမဂေါ်ဇီလာကြီးသည် ကျွန်ုပ်အား မခို့တရို့မျက်လုံး နှင့်ကြည့်၍ လက်ယပ်ခေါ်လိုက်သည်ရှိသော် -

www.burmeseclassic.com

www.burmeseclassic.com



သေသလား၊ ရှင်သလား မသိရသေးသည့် မော်ဒန်စာရေးဆရာကြီး နိုင်ဝင်းဂျီကိုမျှ လှည့်မကြည့်ရဲတော့ဘဲ တစ္ဆေအခြောက်ခံရသူပမာလန့်ပြီး ဆေးရုံထဲမှ အပြေးထွက်ခွာလာခဲ့လိုက်လေသည်။

ဤ မသာလောင်းကား။ ကိုယ့်သချိုင်းကိုယ်သွားရာမှာ တောင် ကောင်းကောင်းမသွားချင်။ ဂေါ်ဇီလာနှင့် နာဂဥာဂီရိဆင် စပ်ကျ၍ မွေးလာသည့် သူ့မိန်းမအယ်စတုံ၊ ဂွယ်စတုံ မဟာပြိတ္တာမကြီးအား ကျွန်ုပ်နှင့်ကြို၍ လူသိရှင်ကြားပေးစားသွားရကား ဂျာနယ်ထဲမှာ အဲဒီစကားလုံးများ၊ ဓာတ်ပုံများပါလာခဲ့လျှင် ကျွန်ုပ် မြန်မာပြည်မှာ မနေတော့။

အီသီယိုပီးယားနိုင်ငံသို့ပြောင်း၍ ဆင်ပစ်သေနတ်နှင့် အတော့ကြီးရှိရာသို့ ပြောင်းကိုချိန်ပြီး မတော်လို့လိုက်လာလျှင် ပွဲချင်းပြီး ပစ်ခတ်ရန် သံန္နိဋ္ဌာန်ချလိုက်လေသည်။

*

ဒီနေရာမှာတော့ အောင်ရွှေကြီးက သိပ်တော်သွားတာလေး တစ်ခုရှိပြန်၏။

ကြည့်စမ်း၊ ငမိုးရိပ်မိကျောင်းရုပ်ကြီးကို သူကိုယ်တိုင်တီထွင်ပြုလုပ်ထား၏။ သုံးထပ်သားကို ဧရာမမိကျောင်းလုပ်ထွင်းပြီး ပန်းချီဆရာ လူပျိုကြီးကိုမြင့်ကြည်ကို ဆေးခြယ်ခိုင်းထားတော့ ကိုးတောင်ပြည့်မိကျောင်းရုပ်ကြီးအတိုင်း ဖြစ်နေ၏။ ဖြုန်းခနဲ မြင်လိုက်ရလျှင် အရုပ်လို့မထင်ရ၊ ရေစပ်မှာများ အသာချထားလိုက်ပါက တကယ့်သက်ရှိ မိကျောင်းကြီးအတိုင်း။

အဲဒီမှာ မိကျောင်းအောက်မေးရိုးက ပုံသေ(အသေ) အပေါ်မေးရိုးက အရှင်ခင်ဗျား။ မေးရိုးနှစ်ခုဆက်သည့် လည်ကုပ်လိုနေရာမှာ ဝက်အူမှူလီနှင့် ညှပ်ထားတာ။ ပြီး-မိကျောင်းရဲ့အပေါ်မေးရိုး (ခေါင်းရိုး)ကို ကောင်းကင်နိုင်လွန်ကြိုးအမည်းနှင့် ဆက်သွယ်ချိတ်ဆွဲထားတော့ကားတိုင်ဖုံးကြားကနေ ကောင်းကင်စက်ဘီးကြိုးကို အတိုးအလျှော့လုပ် ကစားလုပ်ပေးလိုက်လျှင် ဧရာမမိကျောင်းကြီး





က ပါးစပ်ကို ဖွင့်လိုက်ပိတ်လိုက်လုပ်သလိုရှိ၏။ အစွယ်ဖွေးဖွေး ချွန်ချွန်များနှင့် ကြောက်စရာကောင်းအောင် အသက်ဝင်မာန်ပါလှ၏။

ခပ်လှမ်းလှမ်းကများ ကြည့်လိုက်လျှင် မိကျောင်းစွယ် ချွန်ချွန်ဖွေးဖွေးများနှင့် မိကျောင်းကြီး ပါးစပ်ဖြဲပြီး ရေကူးနေပုံက အသည်းယားစရာကြီး။

အဲဒီ သုံးထပ်သားမိကျောင်းကြီးကို ထရော်လီဘီးတပ်ဇာတ်သေတ္တာမှာကပ်ရိုက်ပြီး ရှေ့ကြိုးနောက်ကြိုးဆွဲကစားလိုက်သည်ရှိသော် မီးရောင်နောက်ခံ၊ ရေပြင်အောက်ခံရှေ့မှာ နာမည်ကျော်သမိုင်းဝင် ငမိုးရိပ်မိကျောင်း ကူးခတ်နေသည်ကို အားလုံးအံ့မခန်း တွေ့ကြရတော့၏။

မိကျောင်းဦးခေါင်းကလည်း လူဝင်လို့ရအောင် ပါးစပ်ကြီးကိုလုပ်ထားရကား ခေါင်းတင်လေးပေကျော်ရှည်သည်။ အစွယ်များသွင်ပြင်ကား ငါးမန်းသွားနှစ်ချောင်း အပေါ်နဲ့အောက်မျက်နှာချင်းဆိုင် ထောင်ထားသကဲ့သို့ ရှိနေ၏။

အောင်ရွှေကား၊ သူ့လက်ဖြစ် မိကျောင်းနှင့်အလွန်ဟန်ရေးပြကောင်းပါ့။

မလက်တို မိကျောင်းမနှင့်အဖွဲ့က ဝိုင်းဝန်းတိုက်ခိုက်ခန်းမှာ မိကျောင်းကိုယ်ပေါ် ခွစီးထိုင်စီးရင်း သန်လျက်နှင့်ပြန်တိုက်သည့်အခန်းများ သိုင်းကစားသကဲ့သို့ လုပ်ပြလိုက်တော့ သူ့အဖေဦးအောင်သန်းက ဘာပြောမှတ်ပါသလဲခင်ဗျာ။

"ငါ့သား အဲဒီလောက်တော်တာကို ရွှေမန်းတင်မောင်တို့၊ စိန်အောင်မင်းတို့၊ ကက်နက်စိန်တို့ကိုခေါ်ပြီး အထူးပွဲ ပြလိုက်ချင်ပါဘိကွာ"

"ခေါ်ပြလေ၊ ဘယ်နေ့ပြမှာလဲ"

ပုသိမ်မောင်သောင်းဂွင်က အမြင်ကတ်၍ ရွဲ့မေးလိုက်သော်. . .



www.burmeseclassic.com

www.burmeseclassic.com

"အင်း- ကားစရိတ်၊ စားစရိတ်ကလည်း နည်းမှာမဟုတ်ဘူး။ ဗွီဒီယို ခါတ်ပုံရိုက်ပြီး ပို့လိုက်တာပဲကောင်းပါတယ်" ဟုအဖွားရှုံးသွားရော။

လိုက်လည်းလိုက်တဲ့ သားအဖပါခင်ဗျ။

နောက်ဆုံး သန်လျက် ရေထဲလွှတ်ကျသည့်အခန်း။

ပြီးနောက် ငမိုးရိပ်မိကျောင်းရဲ့ အလိုအရ ငမိုးရိပ်ရဲ့ချွန်မြနေတဲ့ အစွယ်ဖွေးဖွေး ပါးစပ်ထဲကို ခေါင်းငုံ့ဝင်တဲ့အခန်း။

ဘုန်းကြီးကျောင်းမမွာရုံထဲ ဇာတ်တိုက်ရင်း ကြည့်နေတာတောင် ရင်တမမ အသည်းယားစရာကြီး။

ဇာတ်တိုက်ရက်သားလေးရလာတော့ အောင်ရွှေ(မင်းနန္ဒာ)နှင့် မြမျက်ချယ် (ရှင်မွေ့နွန်း) တို့ရဲ့သစ္စာထားနှစ်ပါးခွင်အကလည်း ကကြိုးကကွက်များ အတော်ပီပြင်လာခဲ့၏။

နှစ်ပါးခွင်နှင့် အလွမ်းသီချင်းများကိုလည်း ကျွန်ုပ်က အိပ်ရေးပျက်ခံ၍ သေသေချာချာရေးစပ်ထား၏။ မုံရွာဦးလေးခန့်တို့၊ ကိုငြိမ်းမင်းတို့လောက် နည်းနည်းလုပ်ထားတာလေ။ အဟတ် အဟတ်-သိပ်ကောင်း၊ အရမ်းကောင်း။

လွမ်းခန်းကို ကြည့်ပါခင်ဗျာ။

မင်းနန္ဒာ မိကျောင်းပါးစပ်ထဲမှာ အသက်ရှူကျပ် ကွယ်လွန်ပြီး ကမ်းစပ်မှာပြန်အန်ထုတ်သည့်အခန်း။

အဲဒါ ငမိုးရဲ့အလွမ်းလေး။

ဒါကို ဘက်ဂရောင်းကနေ မင်းသားဟောင်းကြီး ဦးစိန်အောင်ဂွီက အရက်သံမူးမူးနဲ့ ဆိုပေးထားတာ။ ဆရာကြီးကတော်ဒေါ်နက်ထည်တောင် နားထောင်ရင်း မျက်ရည်ကျသတဲ့။

မေးကြည့်တော့။

သီချင်းကောင်းလို့၊ သူမရဲ့ယောကျ်ား အဆိုကောင်းလို့ မဟုတ်ပါဘူး။ မျက်လုံးထဲ ပလူဝင်သွားလို့ပါတဲ့။

ဖွီ - တကယ့်ကို မကောင်းတဲ့မိန်းမကြီးခင်ဗျား။





ဒါကြောင့်လည်း ဟို 'ဂွီ' သူရာအိုးကြီးရဲ့ မယားဖြစ်နေတာ။ ပြီး - ရှင်မွေ့နွန်းကလည်း ချစ်သူအလောင်းကိုပိုက်ပြီး ရင်ကွဲနာကျ သတိလစ်သွားတဲ့အခန်း။ ဇာတ်တိုက်ရင်းတောင် ဝိုင်းကြည့်နေသူများ မျက်ရည်ကျကြတယ်။

ဒါကြောင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးကျော်သောင်းနဲ့ အတွင်းရေးမှူးဦးဘွတ်စွပ် (ဦးဘစု) တို့က ပြောတာဗျ။

"ဒီနှစ်တော့ မနှစ်ကဒေဝဒတ်မီးမြှိုက်ခံရတဲ့ အကြွေးကို အောင်ရွှေအကျေဆပ်ပြီး နာမည်ကြီးမှာပဲဟေ့"

"ကိုအောင်သန်း၊ ခင်ဗျားသားကတော့ တကယ့်ကိုတော်တာပဲဗျာ"

"ကျုပ်သားပဲကိုးဗျ။ ဖအေတော်သလို သားလည်းတော်မှာပေါ့။ အဟဲဟဲဟဲ"

"ခင်ဗျားကိုယ်တိုင်များ ဥက္ကလာပမင်းနေရာ ဝင်လိုက်ရင် ဇာတ်ကဒီထက်ကောင်းမှာ ကိုအောင်သန်းရ"

"အဟဲ လုပ်တော့ လုပ်ချင်သားဗျ ကိုဘွတ်စွပ်ရ"

"ဘာလို့ မလုပ်တာလဲဗျ။ လုပ်လိုက်ရင် ဖအေရောသားရောကျော်ရော"

"ဟို -. မင်းသားကြီး စိန်အောင်ဂွီနဲ့ သတ်ရမှာစိုးလို့ဗျို့. အဟို့ဟို"

"ဟားဟား. . . ကြည့်လည်း လုပ်ဦးကိုအောင်သန်းရေ့ ဇာတ်လည်းကပြီးရော ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာနဲ့ မသေဘဲ ညားနေဦးမယ်"

"ဟား ဟား ဟားဟား ပိုကောင်းတာပေါ့ ကိုဘွတ်စွပ် အဲ အဲလေ ကိုဘစုရာ။ မင်္ဂလာဆောင်မှာ စိုးသိမ်းတို့ ဇာ မလောက်တီး ဝိုင်းကို တီးပစ်မှာဗျ။ ဟားဟားဟားဟား"

ဦးအောင်သန်းကလည်း သူ့သားကိုမြှောက်ပေးသည်။ ငါ့ သား ခုမှ မင်းသားစစ်စစ်ရုပ်ပေါက်တော့တယ်တဲ့။ ကုန်ချင်သ



www.burmeseclassic.com

www.burmeseclassic.com



သောက်ကုန်ပစေ၊ ဝယ်စရာရှိဝယ်မယ်ဆိုပြီး သားလုပ်သူ အောင်ရွှေကို ငွေထုတ်ပေးသည်။

အောင်ရွှေကလည်း နှစ်ပါးခွင်အတွက် အချိတ်ပုဆိုးကို မငှား။ မန္တလေးတက်၍ အမရပူရတောင်ရှည် ရွှေချည်ထိုးငွေချည်ထိုးကို ဈေးကြီးပေး၍ ဝယ်ပစ်၏။ မင်းသားခေါင်းပေါင်းကား ရွှေချည်ငွေချည်ဘော်ကြယ်များနှင့် ဖိတ်ဖိတ်လက်နေရကား စိန်မာဒင်တို့၊ ရဲစိန်တို့၊ ညိုဝင်းစိန်တို့၊ မန္တလေးသိန်းဇော်တို့များ အောင်ရွှေသုံးပုံ ဆင်ပုံကိုမြင်လျှင် ဖျားသွားနိုင်၏။

သိတယ်မဟုတ်လားလေ။

အောင်ရွှေအရှူးအနီးမှာလည်း ငချွန်၊ ငပို့၊ ငမြှောက်တွေက မနည်းဥစ္စာ။ ပုသိမ်မောင်သောင်းဂွင် ကဒ္ဒပွနသား အလွမ်းသမားလေး မင်းကြောင်၊ စိန်အေးကြူ၊ မင်းကြည်လှိုင်၊ ဝင်းမောင်၊ ဆန်နီစသည့် အောင်ရွှေကို ကြည့်မရလို့ ချောက်ကျအောင်၊ မွဲအောင် ထာဝစဉ်ကြံသူနေသူတွေက ဝိုင်းဝိုင်းလည်လို့၊

အရင်က အောင်ရွှေကြီးကို ဒေဝဒတ်လို့ခေါ်ကြတာ။ အခုကိုယ်တော်လေးတဲ့။ မင်းသားတဲ့။ မင်းနန္ဒာတဲ့။ ဒါဒါတဲ့။ ဝိုင်းပို့ကြသည်။

ဟိုကောင် ဝမ်းတွင်းရူးကလည်း လူတောသူတောကြားသူ့ကို ဒါဒါကိုယ်တော်လေး မင်းသားတို့ခေါ်တော့ အူကလီစာများဖြောင်းဖြောင်းမြည်အောင် ဝမ်းသာလုံးဆို့ပြီး ချေးခြောက်ကောက်စားမလို ဖြစ်ရော။

ညညဇာတ်တိုက်ပြီးလျှင် ပုသိမ်မောင်သောင်းဂွင်တို့ လူစုကိုတိုက်ရသည့် အရက်ဖိုးချည်းမနည်း။ ဆိုက်ကားနှစ်စီးဝယ်လို့ရနိုင်သည်။ အဲဒီမှာ မိကျောင်းပါးစပ် ကောင်းကင်ကြိုးဆွဲက ကဒ္ဒပွနသာအလွမ်းသမား မင်းကြောင်။ ဒီကောင် စင်ပေါ်မှာဒုက္ခပေးမှာစိုးလို့သူ့ကို အရက်အမြည်း ကောင်းကောင်းတိုက်ကျွေးပြီး ချော့ပေါင်းထားရသည်။



မတော် ဇာတ်ခုံပေါ်မှာ မိကျောင်းပါးစပ်ကြိုးကို မဆွဲဘဲပိတ်ထား၊ စေ့ထားလျှင် ဒုက္ခရောက်မည် မဟုတ်ပါလား။

ပါးစပ်ပြနေအောင် ကောင်းကင်ကြိုးကိုဆွဲချမှ မိကျောင်းကမိကျောင်းနှင့်တူလိမ့်မည်။ နို့မို့က သုံးထပ်သားက သုံးထပ်သားပဲဖြစ်နေသော် မင်းနန္ဒာ အကြီးအကျယ် ဈေးကျသွားပြီ။ ပြဿနာကတမျှောင့်။

သိတဲ့အတိုင်း ပုသိမ်တို့၊ မင်းကြည်လှိုင်တို့အုပ်စုက မလက်တို မိကျောင်းအုပ်စုမှာ လူကြမ်းများအဖြစ် သရုပ်ဆောင်ရသည်ကိုး။

သင်းတို့အုပ်စုကလည်း ညစဉ်ညတိုင်း အောင်ရွှေတိုက်တဲ့အရက်နှင့်အမြည်းမျိုးစုံကို အန်ဖတ်ဆို့၊ ချေးပန်းအောင် သောက်ကြသေးရဲ့။ လူလစ်ရင် ကွယ်ရာကျရင် ကြိမ်းဝါးကြရောခင်ဗျ။

ဇာတ်ခုံပေါ်ရောက်ရင် အဲဒီ မင်းနန္ဒာအောင်ရွှေကို ဇွတ်ဖွတ်ညက်ညက်ကြေအောင် လုပ်မည်တဲ့။

အမိကအကြောင်းရင်းကား -

မင်းသမီးမြမျက်ချယ် (ရှင်မွေ့နွန်း) နှင့်အောင်ရွှေရဲ့ အချစ်နှစ်ပါးခွင်မှာ လုံးလုံးလျားလျား မျက်စိစပါးမွေးစူးနေခြင်းဖြစ်၏။

နှစ်ပါးခွင်ရောက်လျှင် အောင်ရွှေကြီးကလည်း သူ့ဆရာအရင်း ဦးစိန်အောင်ဂွမှုအတိုင်း သွား (၃၂)ချောင်းကို အအေးပတ်အောင်ဖော်လို့ ပြုံးနေလိုက်သည်။ ပါးစပ်ကိုပြန်မပိတ်တော့။

တစ်ည သင်းပါးစပ်ထဲသို့ ပိတုန်းတစ်ကောင်ဝင်သွား၏။

ဒီမှာ ငနဲသား အသက်ရှူကျပ်ပြီး သေမလိုလိုဖြစ်တော့သည်။ တော်သေးရဲ့၊ ဦးပဥ္စင်းအောင်စိန်က ရေမန်းတိုက်ပြီး လည်စိကို အစ်ထုတ်ပေးလိုက်မှ ပိတုန်းကြီးက ဝီခနဲအသံပြုပြီး ပါးစပ်ထဲမှပြန်ထွက်လာ၏။

အဲဒီတုန်းက ပုသိမ်မောင်သောင်းဂွင် တို့အုပ်စုက ဦးဝင်းအောင်စိန်ကို ဝိုင်း၍စိတ်ဆိုးကြလေရဲ့။

"ဘာလို့ ပိတုန်းကို သူ့ပါးစပ်ထဲက ထုတ်ပေးရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းကြီးရ"

"မင်းသားအသက်ကိုကယ်ရမှာ၊ ကုသိုလ်ကိုးဒကာကြီးရဲ့"

"ကိုယ်တော် အဲဒီလိုလုပ်ဖို့ လုံးဝမသင့်ဘူး ဘုရား"

"နို့- ဘယ်လိုလုပ်ရမှာတုံး"

"အမှန်က ပိတုန်းကိုသူ့လည်ချောင်းထဲ ဝင်သွားအောင်လုပ်ရမှာ။ ဒါမှ ပိတုန်းက သူ့လည်ချောင်းအတွင်းသားနဲ့ အူနံ့ရဲကို စားပြီး ဇေယျတုသဗ္ဗမင်္ဂလာသီချင်းနဲ့ က,နေမှာ။ အရေးကြီးတာက ဒီကောင်ကိစ္စချောဖို့ ဦးပဥ္စင်းကြီးရ"

ဟုတ်တော့လည်း ဟုတ်ပါပေ၏။ ကျွန်ုပ်ပင် ညတိုင်းရင်ခုန်သံမြန်နေ၏။ နှစ်ပါးခွင်ရောက်လျှင် အောင်ရွှေကလည်း အလကားနေ လက်ကအငြိမ်မနေ (အချို့မာတ်သိများကတော့ သူ့အဖေဦးအောင်သန်းလည်း ငယ်စဉ်က ဒီလိုပဲဟုပြောကြ၏။) မင်းသမီးပခုံး ကိုင်လိုက်။မေးကိုကိုင်လိုက်၊ ရင်ခွင်ထဲဆွဲသွင်းလိုက် (ကျွန်ုပ်ပင်ချစ်သူရည်းစားဖြစ်လျက် မထိရက်၊ မကိုင်ရက်ခဲ့) ပြီး တင်ပါးချင်းပေါက်လိုက်၊ တစ်ခါတစ်ခါ နဖူးချင်းထိလိုက်။

(ကျွန်ုပ်မှာ မြင်ရလျက်ကြောင့် အူကလီစာများ ပြောင်းပြန်လန်သလို ဖြစ်ခဲ့ရကာ တစ်ခါမှာ ချယ်အား တိုးတိုးတိတ်တိတ်အကြံပြုခဲ့ရာ တစ်ချီ အောင်ရွှေ သွား(၃၂) ချောင်းဖော်ပြီး သွားဖုံးလေသလပ်ခံ၍ တင်ပါးချင်းလာပေါက်စဉ် ချယ်က ကျွန်ုပ်အကြံပြုချက်အတိုင်း အသာရှောင်လိုက်ရာ ဖင်ထိုင်လျက်ပစ်ကျပြီး ခါးစောင်းသွားသဖြင့် အနိုပ်သည်နှင့် အရေးပေါ်ကုလိုက်ရ၏။)

ဆိုရလျှင် အောင်ရွှေ သိပ်ကဲနေသည့် မြင်ကွင်းကို ပုသိမ်တို့အုပ်စု လုံးဝမရှုဆိတ် မနာလိုကြ။ အောင်ရွှေအဖေ ဦးအောင်သန်းကား တဟဲဟဲ။ သူ့သားသည် သူငယ်စဉ်ကအချိုးအတိုင်း တစ်သဝေမတိမ်းတူနေ၍ ရှေ့လျှောက်ဒီကောင် ကောင်းစားတော့မည်ဟု ဦးဘစုတို့အုပ်စုကို တီးတိုးပြောသတဲ့။

အောင်ရွှေမျောက်ဖိုးစိန် ဖြစ်နေသည့်ကိစ္စကို အေးကြူက





မကျေနပ်လွန်းသောအခါ ကျွန်ုပ်ထံရင်ဖွင့်တော့သည်။

"ဆရာမှိုင်း"

"ဘာလဲ စိန်အေးကြူ"

"ဟိုကောင် - ဒေဝဒတ်၊ နှစ်ပါးခွင်မှာ ကိုင်တာထိတာတွေက အိုဗာ (over) ဖြစ်မနေဘူးလား ဆရာမှိုင်း"

"ဘယ်လို အိုဗာ(over) ဖြစ်နေလို့လဲ"

ကျွန်ုပ်ကား ရင်တုန်ပန်းတုန်နှင့် မေးလိုက်၏။

"မောင်နဲ့နှမ၊ သားနဲ့အမိ ကြည့်ကောင်းရုံဆို တော်သေးတာပေါ့ဆရာ။ ခုဟာက လင်မယားကျနေတာပဲ။ ယိုသူ့မရှက်မြင်သူ့ရှက်"

"မင်းသမီးကျေနပ်လို့လိုက်လျောနိုင်ရင် ပြီးဥစ္စာကွာ။ မင်းတို့ကလည်း"

တစ်ဖက်ကကြည့်တော့ ကြေးပေး၍ငှားထားရသည့်ကိစ္စ၊ အခွင့်အရေးတော့ အနည်းနှင့်အများ ယူကြမည်မှာ သဘာဝဖြစ်၍ ဤသို့ပြောလိုက်ရသော် ဒီမောင်များအုပ်စုက လုံးဝ မကျေနပ်ကြတော့။ ကျွန်ုပ်ကို သူ့တပည့်ဘက်လိုက်သည်ဟု ကွယ်ရာမှာဝေဖန်ကြတော့၏။ ဒီမှာ စိန်အေးကြူက ကြိမ်းဝါးတော့၏။

"နေနှင့်ဦးပေါ့ အောင်ရွှေရာ။ မြစ်သုံးဆိုင် တိုက်ပွဲခွင်ကျမှ စိန်အေးကြူ ဘာလဲ၊ ပုသိမ်မောင်သောင်းဂွင်ဘာလဲဆိုတာ နဖူးတွေ့ဒူးတွေ့ တွေ့ကြသေးတာပေါ့"

စိန်အေးကြူ ကြွေးကြော်တော့ ကုလားမည်း မင်းကြည်လှိုင်ကလည်း မငြိမ်။

"အဲဒီခွင်ကိုရောက်ရင် သင်းမျက်ခွက်ကို သံလက်သီးနဲ့ထိုးမယ်။ ခေါင်းကို ငါ့အဖေလက်သမားတူနဲ့ထုတယ်။ ပုသိမ်မောင်ရင်ကကော"

"ဒီကောင်ကို နံနိမ့်သွားအောင် ငါ့လက်သီးနဲ့ ဓားချက်ငါးဆယ်ကျော် တီးပစ်မယ်။ အခြေအနေပေးရင် ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို အပ်ပါရိုက်သွင်းမယ်"

သို့ကလို ကြိမ်းဝါးသံများကို အောင်ရွှေနားစွန်နားဖျားကြားသော် ညဘက်အိပ်မပျော်ခဲ့။ တစ်နေ့ ကျွန်ုပ်ထံရောက်ချလာသည်။

ဒါနှင့်အတူ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ပုသိမ်မောင်သောင်းဂွင်တို့အုပ်စုနှင့် စိတ်ဓာတ်မြသန်းကြီး တိုးတိုးတိတ်တိတ်ကျိတ်တိုင်ပင်နေသည့်သတင်းကိုလည်း ကြားလိုက်ရသည်။ စိတ်ဓာတ်မြသန်းရောက်လာလျှင် တစ်ခုခုတော့ ဖြစ်ကြဦးလိမ့်မည်။ ဒီ အသုဘကြီး မသေသေးပါကလား။

"ဆရာမှိုင်း"

"ဘာလဲ"

"ည ည အိမ်မက်တွေ မကောင်းဘူး ဆရာမှိုင်းရယ်"

"ဘယ်လိုမက်လို့လဲကွ"

"ဘုန်းကြီးငါးပါး ကျွန်တော်တို့အိမ်ဘုရားခန်းမှာ တရားဟောနေတယ်လို့ မက်မက်နေတယ်"

"အဲဒါလာဘ်ပေါ့ကွ"

"မလာဘ်ဘူးဆရာ"

"ဟ - ဘာလို့မလာဘ်ရမှာလဲ"

"ဘုန်းကြီးတွေ ရွတ်နေတာ ဘာလဲသိလား"

"ပြောပါဦးကွ"

"ရက်လည် သပိတ်သွတ် ရေစက်ချတရား ဆရာ"

"ဟေ - ဘုရား ဘုရား၊ ဒါ ဒါပဲလားဟင်"

"ရှိသေးတယ်ဆရာရဲ့ ဟီး"

"ရှိရင်လုပ်ကွာ။ အကာအကွယ်လုပ်ထားရအောင်"

"ဗိုလ်ချုပ်ကျေးရွာ သင်္ချိုင်းက သုဘရာဇာ ကိုဗွက်ပြီး သိတယ်မဟုတ်လား"

"အေး - သိတယ်"

"အိပ်မက်ထဲမှာ သုဘရာဇာကိုဗွက်ကြီး ပေါက်တူးကြီးထမ်းပြီး ကျွန်တော်ရှေ့ရောက်လာတယ် ဆ ဆရာ။ ပြီးတော့ မေးသေးတယ်ဗျ"

"ဘာမေးလို့တုံး အောင်ရွှေရာ"

"အောင်ရွှေတဲ့၊ ငါကျင်းနက်နက်တူးထားရမလား။ ကျင်းတိမ် တိမ်တူးထားရမလားတဲ့"

"မြတ်စွာဘုရား-ကြောက်စရာကြီးပါလား အောင်ရွှေရာ၊ ဒါနဲ့ မင်းကဘာပြန်ပြောလိုက်လဲဟ။ ဒါ အရေးကြီးတယ်"

"အဲဒီမှာ ကျွန်တော်ကလည်း အယောင်ယောင်အမှားမှားနဲ့ ဝမ်းသာအားရ ပြောမိလိုက်တယ် ဆရာရယ်"

"ဘယ် ဘယ်လို ပြောလိုက်တုံး အောင်ရွှေရာ ဟင်ဟင်"

"အဝီစိရောက်အောင်တူးပေးပါ ဦးဗွက်ကြီးရာလို့ ပြောမိလိုက်တယ်ဆရာ"

"ဟာ သွားပြီ သွားပြီ။ ဒါဆို မင်း မင်း နေ့လား၊ ညလားပဲ"

"ကျွန် ကျွန်တော် ဘယ်လိုလုပ်ရမလဲဟင်"

"မင်းလုပ်ရမှာ နှစ်ချက်ရှိတယ် အောင်ရွှေ"

"ပြောပြောပါဆရာ၊ အားကိုးပါရစေ ဆရာရယ်"

"တစ်အချက် ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးမမေ့နဲ့"

"ဟုတ် ဟုတ်ကဲ့ဆရာ၊ ပြီး ပြီးတော့ကော"

"နှစ်အချက် သုဘရာဇာဦးဗွက်ကြီးဆီကို အမြန်သွား"

"ဘာ ဘာသွားလုပ်ရမှာလဲ ခင်ဗျ"

"ဒီတစ်ပွဲတော့ အချိုးကျကျ ပီအောင်၊ ပြီးအောင် ကပါရစေ။ ပွဲပြီး နောက်နေ့မိုးလင်းတာနဲ့ ကျွန်တော့်ကို လာခေါ်ပါတော့လို့ပြောကွာ. . ."

"အောင်မယ်လေး-အမေ မကုလားမရဲ့ ဟီး ဟီးဟီး"

*

ရှင်မွေ့နွန်းနှင့် မင်းနန္ဒာအော်ပရာဇာတ်အိမ်ကြီးကတဲ့







www.burmeseclassic.com

www.burmeseclassic.com



ညကိုရောက်ပါပြီခင်ဗျား။

မြို့ပရိသတ်ကလည်း နာမည်ကြီးဘုရား ရန်ပုံငွေဖြစ်သမို့ ကြိတ်ကြိတ်တိုးစည်ကားပါ၏။ စိန်ဘဖော့တို့ မဂ်လာဆိုင်းဝိုင်းကြီးကလည်း မြို့မတောင် ကိုအေးသိန်းတို့ ခေတ်ပေါ်တီးဝိုင်းနှင့် ဘယ်ညာတွဲဖက်၍ အသားကုန်နှက်နေ၏။

ပတ်မသံ တခြိမ်းခြိမ်းနှင့် ကလဲဒီနက်သံ တဂေါ်ဂေါ် တဂွီးဂွီးတို့ကာ ကျွက်ကျွက်ညံလို့ -

ဇာတ်လမ်းစပါပြီ။

အောင်ရွှေ (မင်းနန္ဒာ)က ကြိမ်စကြာနှင့် ရေပြင်ကိုရိုက်လိုက်၍ ငမိုးရိပ်မိကျောင်း ရေပြင်က ခေါင်းထောင်ပါးစပ်ပြဲပြီး ပေါ်လာသည့်အခန်းကို မီးဆလိုက်ရောင်စုံနှင့် ကစားလိုက်သည်ရှိသော် တိုင်ဖုံးကြားမှ ကဒပ္ပနသား အလွမ်းသမားမင်းကြောင်ကလည်း မိကျောင်းခေါင်းကြီးကို လျှော့ချည်တင်းချည်လုပ်၍ မင်းနန္ဒာ (အောင်ရွှေ)ကိုလက်ထောင်ပြလိုက်၏။ အောင်ရွှေက ကောင်းတယ်ဟု ခေါင်းညိတ်ပြလိုက်၏။

မိကျောင်းကြီး၏ ရှည်လျားကြီးမားလှသော ပါးစပ်ဟာစိ,ဟာစိလုပ်နေတာကိုကြည့်ပြီး များလှစွာသော ပရိသတ်များ အံ့သြနေကြ၏။

ဒီမှာ ရှေ့ဆုံးတန်းမှ ကလေးအုပ်များက မတ်တတ်ရပ်၍ ထကြည့်ကြသော် -

"ဟဲ့ - ကလေးတွေ ထိုင်ကြပါဟဲ့"

"ဟို- မသာလေး မိကျောင်းကိုက်မယ်၊ ရှေ့သိပ်မတိုးနဲ့"

"အဲဒါ ရေမြွေလား အမေ"

"မိကျောင်းဟဲ့ မိကျောင်း၊ နင့်နှမလင် မိကျောင်း ငမိုးရိပ်တဲ့၊ နောက်ဆုတ်နေ။ မတော် လှမ်းဟပ်ရင် ခေါင်းပါသွားမယ်"

"မိကျောင်း၊ တကယ့်မိကျောင်းလား ဟင်"





"ဟဲ့-အနာကျ ဝမ်းတော်လားရဲ့၊ တကယ့်မိကျောင်းမို့ ပါးစပ်ဖြဲပြီး ဇာတ်ခုံပေါ် လျှောက်သွားနေတာပေါ့။ သာကေတ မိကျောင်းမွေးကန်က ငှားလာတာလို့ ဦးလေးဘစုပြောတယ်။ အနားမတိုးနဲ့။ ဟဲ့ရွှေမိ၊ ဟိုကောင်ကုလားပုဝေးဝေးနေ။သမ္ဘုဒ္ဓေ ရွတ်ပြီးကြည့်"

ကလေးပညာရှိ လူကြီးပညာရှိများကလည်း တစ်ဦးကိုတစ်ဦး ဆရာလုပ်ကြ၊ ဝေဖန်ကြ၊ သတိပေးကြ။

မင်းနန္ဒာက မိကျောင်းကြီးကျောပေါ် စီးပြီး သန်လျင် (တညင်ကျွန်း)ကို သွားတဲ့အခန်း။ ရေကင်းတီးပြီး စာချိုးစာပိတ်နှင့် လုပ်ချလိုက်ရာ ပရိသတ်များက သဘောကျလွန်း၍ လက်ခုပ်တဖြောင်းဖြောင်း -

"အောင်ရွှေကွ"

"ဒေဝဒတ်ကွ"

"ကျားကြီး အောင်ရွှေကွ"

"ကိုအောင်ရွှေ၊ မိကျောင်းဈေးရရင် ငါးဆယ်သားလောက် သိမ်းထားပါဗျို့။ ပီယဆေးဖော်ချင်လို့"

ဇာတ်ခုံအောက် ပရိသတ်ထဲမှာ အောင်ရွှေသူငယ်ချင်းများက လက်ခုပ်တီးပြီး အော်ဟစ်အားပေးကြ။ အောင်ရွှေကလည်း တရိပ်ရိပ်သွားနေသည့် မိကျောင်းကျောကုန်းပေါ်မှ သန်လျက်ကို မြှောက်၍ လက်တပြပြ. . .

စပေါ့လိုက်မီးဝိုင်းကြီးက မှိန်၍ကျ။

ဒီမှာ မောင်ရွှေရဲ့ ငယ်ရည်းစား ကုလားမ မိပိန်က သူ့ကို လက်ပြတယ်မှတ်ပြီး အဖော်များကြားမှ ထရပ်ပြလို့။ ဩော်-အဲဒါ ကလည်း တမျှော့။

"အစ်ကိုအောင်ရွှေရေညီမ ဒီ ဒီမှာတော့"

အဲဒါဘုတ်ခွက်တို့၊ ကြွက်မ၊ ဝက်မတို့က ကုလားမမိပိန်ကို မနည်းဆွဲချထိုင်ခိုင်းရ၏။ ပြီးနောက်ဘက်သို့လှည့်၍ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးနဲ့။

"အဲဒါ ကျွန်မရည်းစား ကိုအောင်ရွှေလေ၊ ရှေ့လလက်ထပ်တော့မှာ"

လုပ်လိုက်ဟ မိပိန်ရ။

နှစ်ပါးခွင်သို့ ရောက်သည်ရှိသော် ကုလားမမိပိန်၏ရင်သည် ကုလားဗုံတီးသလို မြည်နေ၏။ ၎င်း အခန်းကို သူမ ရဲရဲမကြည့်ရဲ။ ကုလားမမိပိန်ရည်းစား အောင်ရွှေ (မင်းနန္ဒာ)ကလည်း မင်းသမီး (ရှင်မွေ့နွန်း)၏ မေးစေ့ကိုကိုင်၏။ ပခုံးအားဖက်၏။ လက်ကိုဖျစ်ညှစ်၏။ ရင်ချင်းအပ်၏။ နမ်းမလိုပြု၏။

ကြည့်နေရင်း ကုလားမမိပိန် နံရိုးအောက် အူနံရံများတုန်ခါလာ၏။ ရင်ဝမှာ ဘီှုင်လာအိုးကြီး ပွက်ပွက်ဆူနေ၏။ ဘုရား ဘုရား သူမနှင့်မညားဘဲ ရှင်မွေ့နွန်းနှင့် ဇာတ်ကအပြီး လိုက်ပြေးကြလျှင် သူမအသည်း ပြုတ်ကြော်ဖြစ်၊ အဲလေ အက်တက်ကွဲရချေတော့မည်။

သို့ဖြစ်၍ ပွဲခင်းထဲကနေ တစ်ချက်တစ်ချက်ကျူးအော်တော့၏။ ဒီနှယ် အော်သံကို ဇာတ်ခုံပေါ်မှ မင်းသားအောင်ရွှေကြားရသောအခါ လူတစ်ကိုယ်လုံး ဓာတ်လိုက်သလိုလို၊ လမ်းကြိတ်စက်နှင့် အနင်းခံရသလိုဖြစ်ပြီး စတွန့်ပလွန့်လိုက်သွား၏။

"အစ်ကို အောင်ရွှေ၊ ကျွန်မဖို့ ချန်ထားဦးတော့"

"မြတ်စွာဘုရား"

ဒီမှာ လူယောင်ဖန်ဆင်းထားသည့် မလက်တိုမိကျောင်းမက ရှင်မွေ့နွန်းကို ချွန်တွန်းပေးသည့်အခန်း။

"သခင်မကို မင်းနန္ဒာကိုယ်တော်လေး တကယ်ချစ်ရိုးမှန်ရင် သူ့ညာလက်ရုံးကို ခေါင်းအုံးအိပ်ခွင့်တောင်းကြည့်ပါ။ သခင်မလို့" ချွန်သည့်အခန်း။

မလက်တိုလုပ်သည့် လူကြမ်းမင်းသမီး မတောကြီးကလည်း တော်လှပေ၏။





ရှင်မွေ့နွန်းက အဲဒီကိစ္စ မင်းနန္ဒာကိုပြောပြီး ပူဆာတော့ မင်းနန္ဒာက ချစ်လွန်းလှ၍ သူ့ညာလက်ရုံးပေါ်မှာ ချစ်သူကို ခေါင်းအုံး၍အိပ်သောအခါ အဲဒီမှာပဲ ဆိုင်းကမိုးခြိမ်းသံ အလူးအဆုကိုတီး။ စပေါ့လိုက်မီးနှင့် အောက်မီး၊ ဘေးမီး၊ အပေါ်မီးများကို မွှေ့ကစား။

"ဟော့-အောင်ပြီဟော့၊အောင်ပြီ။ မင်းနန္ဒာကိုယ်တော်လေး သူ့ညာလက်ရုံးခေါင်းအုံးအအိပ်ခံခဲ့လို့ ဘုန်းကံတွေနိမ့်ပါးကုန်ပြီ။ ငမိုးရိပ်ရေ၊ နင့်အရှင်သခင်မှာ ဘုန်းကံတွေမရှိတော့ဘူး။ မရှိတော့ဘူး။ ဒီနေ့ မြစ်သုံးဆိုင်ရေဝဲမှာ နင်တို့အသည်းကွဲရတော့မှာမို့ မြစ်သုံးဆိုင်ရေကင်းက သေမင်းမမိလက်တို သင်းတို့ဆရာ တပည့်တို့ ရန်ငြိုးနဲ့ အသက်တိုအောင်တိုက်မှာမို့ စိန်လက်ျာဝိုင်းတော်တီးတို့က ဝတီထက်ဖြာအောင် ဆိုင်းတော်တီးပြီလားဟဲ့။ မြစ်မရဏာသံ လှိုင်းတော်ကြီးဖွင့်"

ဆိုင်းကမြစ်ပြင်မှာ တော်လည်းနေသံ၊ ရေကြီးလှိုင်းကြီးအဆူတီး။ မြစ်ပြင်ကောင်းကင်မှာ လျှပ်စီးများလက် မိုးခြိမ်း၊ မိုးကြိုးများပစ်။ ဒီမှာ စပေါ့လိုက်မီးကို ရောင်စုံကစား။ နောက်ခံဘက်ကရောင်း ကားချပ်များကလည်း လှိုင်းလုံးများလူးလိမ့်ပုံကို အကွက်အမျိုးမျိုး ပြောင်း၍ပြ။

ရေလှိုင်းလုံးများအကြားမှ ငမိုးရိပ်မိကျောင်းကိုစီးပြီး မင်းနန္ဒာမြစ်ကို ဖြတ်၍ပြန်ချိန်။

"ရေသချိုင်းမှာ နင်တို့ဆရာတပည့် ဇိဝိန်ခြွေဝိညာဉ်ဆက်ရမည့်အချိန် ရောက်နေပြီ ငမိုးရိပ်ရဲ့။ ငါ့လက်တံချောင်းပြုတ်ခဲ့ရသလို ဒီနေ့ နင်တို့အသက်နှစ်ချောင်းကို သတ်ရတော့မယ်။ ဟဲ့-နောက်တော်ပါးများ . . ."

"အသင့်ရှိပါတယ် မလက်တိုခင်ဗျား"

ပုသိမ်မောင်သောင်းဂွင်တို့ကို မလက်တိုနောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်း အုပ်စုများကလည်း တီးချင်လွန်းလို့ သွေးကြွနေ၏။ ပုသိမ် မောင်သောင်းဂွင်ကား (မဆီမဆိုင်) ကျိုက်ထီးရိုးလုပ် ဂျီသရီး သေနတ်ကြီးကို လွယ်ထား၏။ မိကျောင်း မင်းကြည်လှိုင်ကလည်း လေဟာနယ်ပြောင်းကို ပါးစပ်နှင့်မှုတ်၍ ပရိသတ်ကိုမြှောက်ပြနေ၏။ စိန်အေးကြူကား ဘယ်ကဘယ်လိုရှာလာသလဲ မသိ။ ပြည် ဝင်အိုးခန့်ရှိသော မှို့သားတင်းပုတ်ကြီးကိုကိုင်၍ တင်းပုတ်သိုင်း ကစားပြနေ၏။

အားလုံး အံတကြိတ်ကြိတ် လက်ရေးတပြင်ပြင်နှင့်။

"ကိုင်း - နောက်တော်ပါးတို့ရေ။ ငမိုးရိပ်တို့ ဆရာတပည့်တို့ ရေသချိုင်းမှာ နစ်မှာမို့ (ရွာစား) လေပြင်းလှိုင်းထပြီး သေခင်းဆိုင်းပြ"

မိကျောင်းခေါင်းဆောင်းထားသည့် မိန်းမကြမ်း မတောကြီးနှင့် ပုသိမ်တို့မိကျောင်းလူကြမ်းအုပ်စုဟာ ငမိုးရိပ်ကျောပေါ်မှ အောင်ရွှေ (မင်းနန္ဒာ) ကိုလည်းကောင်း၊ ငမိုးရိပ်ကိုလည်းကောင်း လက်နက်မျိုးစုံနှင့် ဝိုင်းတိုက်ကြတော့သည်။

မင်းနန္ဒာကိုယ်တော် (အောင်ရွှေ) ကလည်း တစ်တောင်ခန့်ရှည်သည့် သန်လျက်နှင့်ပြန်လည်ခုခံ။ အဲဒီမှာ သန်လျက်က ရေထဲလွတ်အကျ။ မောင်သောင်းဂွင်၊ စိန်အေးကြူနှင့် မင်းကြည်လှိုင်တို့ အုပ်စုက မိကျောင်းကျောပေါ်က အောင်ရွှေကို ဝိုင်းသမလိုက်ကြသည်မှာ -

စိန်အေးကြူက မင်းနန္ဒာကျောကုန်းကို မှို့သားတင်းပုတ်ကြီးနှင့်ပြေး၍ထုလိုက်ရာ မင်းနန္ဒာကျောကော့၍ ယိုင်သွား၏။

ပုသိမ်မောင်သောင်းဂွင်က တစ်သောင်းကျော်တန် မန္တလေးလုပ် ရှယ်မင်းသားခေါင်းပေါင်းကို လုဖြုတ်ပြီး တစ်စစီဆွဲဖြဲ၍ ကောင်းကင်သို့ မြှောက်တင်ပြီး အော်ဟစ်၏။

မင်းကြည်လှိုင်နှင့် မလက်တိုတို့က ဘော်ကြယ်ထိုးအကျႌကို ဆွဲဆုတ်၏။ ဇာတ်ခုံပေါ်မှာ နွားသိုးကိုသတ်နေသည့်အတိုင်း





ပြောင်းဆန်နေ၏။ နားအုံ နားပန်များကိုပါ ဝိုင်းကျင်းကြ၍ အောင်ရွှေ(မင်းနန္ဒာ) ပါးနှစ်ဖက်ရဲတွတ်ကာ နှဖူးမှာဖုထွက်လာ၏။

အောင်ရွှေကား သူ့အဖိုးတန်ခေါင်းပေါင်းနှင့် ရွှေချည်ထိုးဘော်ကြယ်ထိုးအကျႌ စုတ်ပြဲကုန်၍ ဇာတ်ဆရာကျွန်ုပ်ရှိရာသို့ အားကိုးတကြီး အလန့်တကြားလှည့်ကြည့်၍ အသနားခံနေ၏။

ကျွန်ုပ်ကလည်း ဖြည်းဖြည်းလုပ်ကြပါဟု အော်ပါသော်လည်း လမိုင်းဝင်နေသလား အငြိုးကြီးနေလို့လားမသိ။ ပုသိမ်တို့လက်သံကား ဇာတ်ကနေသည့်နှင့်မတူ။ အောင်ရွှေကို ကြည့်မရတော့ ခွင့်ကြုံခိုက်မှာ ဆံပင်ကိုဆောင့်ဆောင့်ဆွဲပြီး ပါးကိုဘယ်ပြန်ညာပြန်နှက်တော့၊ ဗျင်းတော့သည်။

အောင်ရွှေရဲ့မျက်နှာကား မိကျောင်းပေါ်မှာ ပလုတ်တုတ်လိုဘယ်ညာလူးလိမ့် ချာချာလည်လျက် -

ဒီမှာ ငမိုးရိပ်မိကျောင်းရဲ့အသံ ပေါ်လာခဲ့သည်။

"ကိုယ်တော်လေး၊ ကိုယ်တော်လေး"

"အင်း အင့်အား ကျွတ်ကျွတ် ဘာလဲ ငယ်ကျွန်အွန်"

"ဖောင်း"

"အမယ်လေးဗျ"

"ဖျန်း"

"အမေရေ သေပါပြီ အမေရဲ့"

"ကိုယ်တော်လေး၊ ရန်သူများ များပြားကြမ်းကြုတ်နေပါပြီဘုရား။ ကိုယ်တော်လေးဘုရား၊ ကျွန်တော်မျိုး ငယ်ကျွန်ကြီးရဲ့ အာခံတွင်းမှာ ဝင်ခိုတော်မူပါဘုရား"

"ဖြစ်ပါ့မလား ငမိုးရိပ်ရဲ့။ ဟီး အီး ကျွတ်ကျွတ်ကျွတ်"

"ဘာမှ မစိုးရိမ်ပါနဲ့ဘုရား။ ကျွန်တော်မျိုး သူတို့ကို ခုခံတိုက်နိုင်ပါသည်ဘုရား။ ကိုယ်တော်က အာခံတွင်းသို့ အမြန်ဝင်ပါ ဘုရား"

အောင်ရွှေကား ဒိထက်မြန်မြန်ပင် မိကျောင်းအာခံတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ချင်လှပါပြီ။ အကြောင်းကား ပုသိမ်မောင်သောင်းဂွင်တို့ လေးဦး၏ စိန်ဗေဒါလက်သံကား လူကို ကြိုးဝိုင်းထောင့်မှာညှပ်၍ အသားကုန်တီးသကဲ့သို့ ရှိနေရကား တစ်ကိုယ်လုံးလည်း အသားကြေသလို ဖြစ်နေပြီ။

ဒီနောက် မင်းနန္ဒာ(အောင်ရွှေ)က အစုတ်စုတ်အပြတ်ပြတ် ရုပ်သွင် (လင်းတကို ခွေးအ,များကိုက်ထား၍ လင်းတမှန်း မသိတော့သည့် အခြေအနေမျိုး)နှင့် မိကျောင်းကိုယ်ပေါ်မှ ခုန်ဆင်းပြီး ငမိုးရိပ်နတ်မိကျောင်းရဲ့ ကောင်းကင်စက်သီးကြိုး ဆွဲထားလို့ တင်းပွင့်ပြဲနေသည့် ပါးစပ်ခံတွင်းအစွယ်များအကြား ဇာတ်လမ်းအရ ဦးခေါင်းငုံ့၍အဝင်. . .

ဒီမှာလည်း စိန်အေးကြူက အသင့်ဖွက်ယူလာသည့် မုတ်ဆိတ်ရိတ်ဘလိပ်ဓားဖြင့် တင်းနေသည့် ငမိုးရိပ်ရဲ့ အပေါ်ပါးစပ်မေးရိုး (ကောင်းကင်ကြိုး)ကို ဖြတ်ချလိုက်ရာ။

"ဝုန်း"

"အမယ်ရေးဗျ၊ အစ် အစ် ဂစ်ဂစ်"

ငါးမန်းလွှကဲ့သို့ အစွယ်ဖွေးဖွေးနှင့် မိကျောင်းပါးစပ်မေးရိုးကြီးက ဦးခေါင်းလျှိုဝင်နေသည့် အောင်ရွှေ(မင်းနန္ဒာ)ဇက်ပိုးပေါ်သို့ အရှိန်နှင့်ကြိုးပြတ်ကျလေရာ. . .။

အောင်ရွှေ မိကျောင်းပါးစပ်အစွယ်များကြားမှာ လည်ပင်းနှင့် ခေါင်းညှပ်ပြီး လျှာတန်းလန်းထွက်နေတော့သည်။ သို့ကလိုတွယ်ရင်းမှ တဂစ်ဂစ်ဖြစ်နေချိန် ပုသိမ်မောင်သောင်းဂွင်နှင့် စိန်အေးကြူက ပွဲကြည့်ပရိသတ်ဘက်သို့ ဖင်ပေးလျက် ခြေနှစ်ချောင်းတန်းလန်းဖြစ်နေသည့် အောင်ရွှေ (မင်းနန္ဒာ)ရဲ့ တင်ပါးကို ခြေနဲ့ချည်း အချက်ပေါင်းများစွာ ပိတ်ကန်လိုက်ရာ -

"ရွှီ. . . ရွှီ"

"ဖြောင်း ဖြောင်း ဖြောင်း။ ဘဲရီးဂွတ်၊ ဘဲမဂွတ် ဝါးဆစ်ရွှီ"

ပွဲခင်းထောင့်မှ လက်ခေါက်မှုတ်သံနှင့် လက်ခုပ်တီးအော်





ဟစ်အားပေးနေပုံကို စူးစူးဝါးဝါးကြား၍ ကွန်ုပ်လှမ်းကြည့်လိုက်သောအခါ လားလား။

အ,ကုသိုလ်ကောင်၊ စိတ်ဓာတ်မြသန်းကြီးပါကလား။

"ချပေး ချပေး၊ ခြေထောက်ကိုလိမ်ချိုးပစ်"

"အေးကြူ ခေါင်းကိုတူနဲ့ထုပါကွ။ ချ ချ ချ"

သို့နှင့် ကွန်ုပ်က တိုင်ဖုံးကြားခေါင်းပြူကြည့်လိုက်သော် စိတ်ဓာတ်မြသန်းကြီးသည် ကွန်ုပ်ကိုမြင်သွားပြီး လူအုပ်ကြားသို့ ခေါင်းလျှို၍ ဝင်သွားခဲ့လေသည်။

"ဒါ ဒါ မသက်ာစရာဘဲ"

ဒီကောင် ဝင်နှောင့်ပေးပြီနဲ့တူရဲ့၊ ဘုရားကယ်တော်မူပါ။

ပွဲခင်းထဲက ကုလားမ မိပိန်ကလည်း သူ့ရည်းစားသေပါပြီ တော့်ဆိုပြီး ထခုန်၍အော်ငို။

အောင်ရွှေအဖေ ဦးအောင်သန်းကလည်း သူ့သား ရက်ရက်စက်စက်ပယ်ပယ်နယ်နယ် အနှိပ်စက်ခံနေရတာကို ကြည့်ပြီး ကိုးမုခ်ရှင် ဘုန်းကြီးကျောင်းနှင့် မဖြိုမာရုံကျောင်းမှ ဘုန်းကြီးငါးပါးယပ်တောင်ကိုယ်စီကိုင်ပြီး သပိတ်သွတ်ဖို့ကြွလာသည်ကို မျက်စိထဲမြင်ပြီး ရင်ကိုဖိ. . .။

ဦးဘစုနှင့် ဦးကျော်သောင်းတို့ ဂေါပကလူကြီးများနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ငြိမ်းနှင့် ဦးလှထွန်းတို့ လူကြီးအုပ်စုကလည်း သရုပ်ပါလိုက်တာ၊ ကောင်းလိုက်တာ၊ ရုပ်ရှင်ကြည့်နေရသလိုပဲ၊ တကယ်သေသွားရင် စိတ်မကောင်းစရာကြီး စသည်ဖြင့် ဝေဖန်ချီးကျူး. . .။

မင်းသားချော ထပ်ဆင့်အကယ်ဒမီ အောင်ရွှေကတော့ လေးပေခန့်ရှည်သော မိကျောင်းပါးစပ်ထဲမှာ လည်ပင်းညှစ်ပြီး ရုန်းလို့မရ တဂစ်ဂစ်. . .။

တောင်ရှည်ချိတ်ပုဆိုးပါကျွတ်၍ အတွင်းခံ ဘောင်းဘီတိုပေါ်စပြုနေပြီ။ ခြေသလုံးကွဲမွေးများလည်း ပေါ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲမလက်တို (မတောကြီး)နှင့် စိန်အေးကြူတို့က တိုင်ပင်ထားကြသည့်အတိုင်း ငမိုးရိပ်သစ်သားမိကျောင်းရဲ့ ပါးစပ်အပေါ်မေးရိုးကို လက်နှင့်ဖိထားလိုက်ရာ ဟိုတောင်အောင်ရွှေ ဖင်ဗူးထောင်လျက်မှ ယက်ကန်ယက်ကန်ဖြစ်ကာ ကျွန်ုပ်ကို လက်ယပ်ခေါ်တော့သည်။ ပါးစပ်က အသံမထွက်နိုင်ရှာ။

သူ့ပုံစံကား ခွေးအ,ကြီးလည်ပင်း သံညှပ်တန်းလန်းဖိနေသည့်ပုံမျိုး။

"အောင်ပြီဟေ့၊ အောင်ပြီ အောင်ပြီ"

"အောင်ပြီကွ၊ အဲဒါ ပုသိမ်မောင်သောင်းဂွင်နဲ့ စိန်အေးကြူတဲ့ကွ။ အဲလေ မလက်တိုတဲ့ဟေ့"

မလက်တိုမိကျောင်းမနဲ့အဖွဲ့ဟာ အောင်ပြီ အောင်ပြီလို့ အော်ဟစ်ရင်း ရေပြင်မှာကကြပါရော။ က,တာတောင် ဘယ်သီချင်းနှင့်က မှတ်လို့လဲ။

ကျွန်ုပ်ရေးပေးသည့် ဇာတ်ဝင်သီချင်းနဲ့မဟုတ်ဘူး။

သူတို့ဘာသာ ရေးစပ်ထားသည့် သီချင်း။

ကြည့်စမ်း - ဝင်းဦးရဲ့ အပျော်ဆုံးနေ့မို့ကွယ်သီချင်း အော်ဟစ်ကြနေကြတာ။

'အပျော်ဆုံးနေ့မို့ကွယ် ×××မော်မဆုံးနိုင်ဘူးကွယ် ×××မင်းနန္ဒာသေရှာပြီ ဘဲရီးဂွတ်'တဲ့ဗျာ။

ပြီး-နောက်တစ်ယောက်က မီးပုံပွဲသီချင်းအလိုက်နဲ့ ကပြန်ပါရော။

'မြစ်ပြင်ထဲမှာ ×××မင်းနန္ဒာရှောတာ ×××မလက်တိုအဖွဲ့
က ×××ပျော်ပါတယ် ×××မိကျောင်းပါးစပ်ထဲက ကန့်လန့်
ကြီးကို ဆောင့်ကာပိတ်လို့ ×××ကန်ပါမယ်'

အဲဒီလိုဆိုပြီးရော ဝိုင်းကစ်လိုက်ကြတာ ဂျပန်ဂျူဒိုကစ်၊ ကိုရီးယားတိုက်ကွမ်ဒိုကစ် သိုင်းပြောင်းပြန်ကစ် စုံရော။နောက်ဆုံး ဘယ်လိုမှ ဟန့်လို့အော်လို့မရသည့်အဆုံး ထရော်လီကြိုးကို ဇာတ်ခုံ



BURMESE CLASSIC .com



အတွင်းဘက်ကနေ၍ လူအားနှင့်အမြန် ဆောင့်ဆွဲလိုက်မှ အောင်ရွှေ သူ့လက်ဖြစ် မိကျောင်းကြီးကိုင်လျက် တန်းတန်း အထဲသို့ ရောက်လာတော့သည်။

အကျိုးနည်းဗျာ။

လူသုံး၊ လေးယောက် မိကျောင်းပါးစပ်ကြီးကို မဖြဲပြီး အောင်ရွှေကို ဆွဲပွေ့ လှုပ်နိုးအော်မေးရသည်။

အောင်ရွှေကား လျှာတန်းလန်းထွက်၍ မျက်လုံးနှစ်လုံးပြူးလို့။

"အောင်ရွှေ-အောင်ရွှေ၊ ဟေ့ကောင် အောင်ရွှေ"

"ကိုယ်တော်လေး၊ ကိုယ်တော်လေး"

"ကိုယ်တော်ရွှေကြီး နန္ဒာ၊ ဒါဒါ ဒါဒါ"

"အင် အင်"

"ဟာ ဟာ မသေသေးဘူးဟ၊ အင် အင်တဲ့ လှုပ်လှုပ်"

"သတိရရဲ့လား အောင်ရွှေ၊ ဟင် ဟင်"

"အင်း အင်း ရတယ် ဂစ်ဂစ်"

ရတယ်လို့ပြောရင်းက မျက်ဖြူလန်ပြီး သတိလစ်သွားတာနဲ့ ကားတစ်စီးခေါ်ပြီး ဆေးရုံကြီးကို အားချင်းပို့လိုက်ရတယ်။ မပို့လို့ကလည်း မဖြစ်ဘူးလေ သူကိုယ်တိုင် တီထွင်ထားသည့် မိကျောင်းပါးစပ်အစွယ်အချို့က သူ့ဇက်ပိုင်းကို နစ်ဝင်စူးပြီး သွေးမည်းမည်းများပန်းထွက်နေတာကိုး။

တော်ပါသေးရဲ့ ခင်ဗျ၊ မင်းနန္ဒာကိုယ်တော်လေး အလောင်းတော်ကို ရှင်မွေ့နွန်းကဖက်ငိုပြီး သိမ်းရမည့်ဇာတ်သိမ်း။

အဲဒီမှာ ကျွန်ုပ်က အညာစောင်ကြီးကိုခြုံပြီး မင်းနန္ဒာလည်း နေရာမှာ အစားထိုးဝင်ပေးရမယ်။ ကံကောင်းလေစွ မင်းသမီးနှင့် တွဲရလေပြီ။

အမှန်က ကျွန်ုပ်သည် ချစ်ရသူ ချယ်နှင့်တွဲ၍ ဇာတ်ခုံပေါ်မှာ မင်းနန္ဒာအမှန်အကန်လုပ်ချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ့်ဇာတ်ညွှန်း၊ ကိုယ့်ဒါရိုက်တာ၊ ကိုယ်ပဲမင်းသား ဆိုလျှင် အားလုံးက ကဲ့ရဲ့ရှုတ်ချကြမည်။

သို့ဖြစ်၍ အဓိကဇာတ်တည်နေရာအား သူတစ်ပါးကိုပေးခဲ့ရ၏။ ယခု ကံပေါ်ချေပြီ။

အဲဒီမှာ မင်းသမီး မြမျက်ချယ် (ရှင်မွေ့နွန်း)က ကျွန်ုပ်ကို ဖက်၍ လွမ်းသည့်အခန်း (ကံကောင်းပုံများ ပြောပါတယ်၊ ဘုရားစူးပါ့ဗျာ)

"အမယ်လေး မောင်ဘုရားရဲ့၊ နန္ဒာရေ နန္ဒာရဲ့။မပြန်ပါနဲ့လို့ နှမတော် အတန်တန်တားသည့်ကြားက ငှက်အတင်းပြန်တော့ ထွင့်မင်းစံ မလွတ်ကင်းကံကြမ္မာနဲ့ မိကျောင်းခံတွင်းမှာ အသက်ရှူရပ်ပြီး ဆေးရုံရောက် အဲလေ သေပွဲဝင် ဂန့်ရလေခြင်း ဟင်း ဟင်း၊ အမယ်လေး သေရလေခြင်း ဟင်း ဟင်း ဟင်းဟင်း"

အဲဒီမှာ ဆိုင်းကင်ိုချင်းချကို အတီး

'ချယ်' ရယ်ဗျာ။ သေနာ လုပ်ပုံနှယ်။

သေရလေခြင်းကို 'ဂန့်' ရလေခြင်းတဲ့။ ပြီး-ဆေးရုံရောက်လို့လည်း ပြောလိုက်သေးရဲ့။ တစ်ခါ လွမ်းချင်းချရင်းက သင်းကလေးက မင်းနန္ဒာ (အောင်ရွှေ)မဟုတ်တဲ့ ကျွန်ုပ်ရဲ့ နှာခေါင်းကို အသားလွတ်ဆွဲလိမ်ပြီး ဘယ်လိုလွမ်းမှတ်လို့လဲ. . .။

"အမယ်လေး မောင်ဘုရားရဲ့"

"ဗုန်း. . . ဗုန်း. . . ဗုန်း"

"အင့်"

အမယ်လေးမောင်ဘုရားရဲ့ဆိုပြီး ကျွန်ုပ်ရဲ့ရင်ဝကို လက်ဝါးနှင့်သုံးလေးချက်ပုတ်၏။ ကျွန်ုပ်ကား လှုပ်လည်းလှုပ်လို့မရ၊ အင့်ခနဲ အင့်ခနဲဖြစ်၍ အံ့ကြိတ်နေရ၏။

'မောင်ဘုရားရဲ့၊ မောင်ဘုရားမရှိရင် နှမတော်လည်း အသက်ရှင်လျက် မနေချင်တော့ဘူး။ မောင်ဘုရားနဲ့အတူ အမြဲမခွဲ





ယှဉ်တူ အသည်းကွဲပြီး မောင့်ဘုရားနောက်ကို တစ်ပါတည်းလိုက်ခဲ့မယ် အမယ်လေး' ဆိုပြီး တက်သွားသည့်အခန်း။

တက်ရင်လည်း ရိုးရိုးတက်ပြီး သတိလစ်ပေ့၊ သေပေ့။ အခုတော့. . . စန့်နေရသည့် ကျွန်ုပ် မင်းနန္ဒာကိုယ်စားပြု အသုဘရုပ်ကလာပ်ရဲ့ နှာခေါင်းကို ဒုတိယအကြိမ် ဆွဲလိမ်ပြီး မှောက်ချကာ ကျွန်ုပ်ချိုင်းကြားကို ကလိထိုးတော့၏။ ကျွန်ုပ်မနေနိုင်တော့။

တစ်ခါ သူမ၏ညာလက်ညှိုးက ကျွန်ုပ်နှာခေါင်းအပေါက်ထဲသို့သွင်း၍ ကလိနေပြန်သောအခါ ကျွန်ုပ် ချေဆတ်ချင်လာတော့၏။ သို့နှင့် -

"ဟတ် အပ် အပ် ဖူးဖူး"

ဒီမှာ သူမက ချေတော့မည့် ကျွန်ုပ်၏ပါးစပ်ကို လက်ဝါးနှင့်အမြန်ပိတ်လိုက်၍ တော်တော့၏။

နို့မို့ မသာကြီးက ချေတယ်ဟဟု ကလေးများဝိုင်းအော်ကြတော့မည်။ ဒီမှာပဲ စလိုက်မီးများကို တရွှေ့ရွှေ့မှောင်၍ ပြည်ဖုံးကားကို တဖြည်းဖြည်းချလိုက်သောအခါ ကျွန်ုပ်သည် သူမကိုယ်လုံးကို မလွှတ်တော့။

အညာစောင်ကြီး ဖယ်လိုက်ပြီး ခါးတစ်ချက် လည်ပင်းတစ်ချက်သိုင်း၍ တအားဖက်ထားလိုက်၏။

"အို - အစ်ကို၊ လွှတ်လေ လွှတ် လွှတ်"

"လွှတ်ဖူး၊ လွှတ်ဖူး"

"ဟို ဟို ပြီးသွားပြီ အစ်ကိုရဲ့ လွှတ်ပါ အို. . ."

"အို- ဒုက္ခပါပဲ၊ ဟိုမှာ အစ်ကို့တပည့်တွေ လာနေကြပြီရှင့်"

"လာလာကွာ ငါ့ကိုနှာခေါင်းပိတ်ထားတာ မင်းပါးကို ကို. . . ပြန်နမ်း. . ."

"အာ အာစရိ"

"ဆ ဆရာ သေ သေပြီလားဟင်"

"ငါတို့ဆရာအတွက် နောက်ကားတစ်စီးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ကျွန်ုပ်က မင်းသမီးမြမျက်ချယ်ကို ဖက်၍ထလိုက်ပြီး ပါးချင်းကပ်ထားလိုက်သောအခါ. . .။

"အမယ်လေး ကုန်ပါပြီဗျ"

အသံနက်ကြီးနှင့် အလန့်တကြား အော်လိုက်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ စိတ်ဓာတ်မြသန်း . . .။

"ဟင်-မြသန်း. . ."

"ကုန်ပါပြီ အမေရေ၊ တားတားဖို့ မကျန်တော့. . ."

"မြသန်း. . ."

"ဝုန်း"

"အမရေး-သောင်းယဉ်တို့၊ အေးကြူတို့ လုပ်ကြပါဦး"

ကျွန်ုပ်ချစ်သူ မြမျက်ချယ်ကို နံဘေးသို့တွန်းလိုက်ပြီး ဝုန်းခနဲ ကုန်းထကာ ကြမ်းပြင်ပေါ်မှ သန်လျက်ကြီးကောက်ကိုင်၍ စိတ်ဓာတ်မြသန်းရှိရာသို့ ပြေးသွားလိုက်၏။

ငနဲကား အော်ပရာအပြီးမှာ မြမျက်ချယ်ကို ဘာလာကြံမလို့လဲမသိ။ ဓာတ်ခွင်လည်း ဒီငနဲသားကြီးနှောက်တာ ကျိန်းသေပြီ။ ကျွန်ုပ် သန်လျက်နှင့် ပြေးလိုက်မှန်းသိသောအခါ သူ ဓာတ်ပေါ်မှ အမြန်ခုန်ချ၍ ပြေးတော့၏။

"ဟော့ကောင် မြသန်း၊ မပြေးနဲ့ရပ်"

"အဖေကယ်ပါ၊ အမေကယ်ပါ၊ အမေရေ အမေရေ"

"မြသန်း၊ မင်း ငါ့ကိုဒုက္ခပေးပေါင်းများလှပြီ။ ရပ်နော်"

သူသည် ပုဆိုးကွင်းသိုင်းနှင့်ပြေးရင်းမှ အော်ပြော၏။

"တားတား တောင်းပန်ပါတယ် ညီဘွားရဲ့၊ နောင်ကို တားတားကြီး မမိုက်တော့. . ."

"ကိုင်းဟာ ဂြိုဟ်ဆိုးကောင်ကြီး"

"ဒုန်း"

"အမယ်လေး"

"အမေ မဖွက်ချက် အား. . ."





ကျွန်ုပ်သည် ဒေါသထွက်ထွက်ဖြင့် လက်ထဲရှိ ဓာတ်သုံးသန်လျက်ကို အဖျားမှပြောင်းပြန်ကိုင်ပြီး ပစ်လိုက်ရာ သန်လျက်အရိုးအနောင့်သည် ပုဆိုးကွင်းသိုင်းနှင့် အသားကုန်ပြေးနေသော သူ့ခိုးခေါင်းကိုမှန်လေသော် -

ကျိုးကန်းခေါင်း ခွမှန်သည့်နှယ်၊

လင်းတခေါင်းပေါ် မိုးကြိုးမှန်သည့်နှယ် ခွာလပတ်လည်ပြီး လဲကျရာမှ ပုဆိုးကိုချွတ်ချခဲ့ပြီး ဘောင်းဘီတိုနှင့် ဟို ပရိသတ်နောက်ပိုင်းသို့ ဝင်ပြေးလေတော့သတည်း။

(ကမ္ဘာအေးဘုရားမှ လူပျော်လူနောက်ကြီး ချစ်စရာ အစ်ကို စာရေးဆရာ စိတ်ဓာတ်မြသန်းသို့ အမှတ်တရ)

အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ
မောင်ညိုမှိုင်း (သန်လျင်)

❖ ❖ ❖



www.burmeseclassic.com